၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၄) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် ၊ ကြာသပတေး၊ (မတ် ၂၉ ၊ ၂၀၁၂)

## ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးအခြေအနေကြောင့် အနားယူနေရ

### ရက်ပေါင်း ၅၇ ရက်အတွင်း ရှမ်းနှင့်ကချင်ပြည်နယ်တို့အပါအဝင် စည်းရုံးရေးခရီးစဉ် ၁၆နေရာဆက်တိုက်သွားခဲ့

**ငြိမ်းငြိမ်းနိုင်၊ အေးမြကျော်**

**ရန်ကုန်၊ မတ် - ၂၆**

မြိတ်မြို့ပါတီစည်းရုံးရေးခရီးစဉ်အပြီး ကျန်းမာရေးအခြေအနေကြောင့်ဒေါ်အောင်ဆန်းစုကြည်သည်မတ်လ ၂၅ရက်မှစ၍ သုံးရက်ခန့်နေအိမ်၌ပင် အနားယူရမည်ဖြစ်ကြောင်း ၎င်း၏မိသားစုဆရာဝန်က 7Day Newsသို့ပြောကြားသည်။

"အခုတော့ ကောင်းလာပါပြီ။ အိပ်ရာပေါ်မှာ လှဲပြီးအနား ယူနေရပါတယ်။ ခရီးမှာ အမြန်ယာဉ်ငှားတာ မရလို့ စက်လှေနဲ့ဆိုတော့ ပင်လယ်ထဲမှာ သောင်တွေက ခဏခဏတင်၊ လှိုင်းလည်းမူးတတ်တော့ တော်တော်လေး အန်လိုက်တယ်။ ဒါ့ကြောင့် အခု အနားယူနေပါတယ်"ဟု ဒေါက်တာတင်မျိုးဝင်းကပြောကြားသည်။

စာ(၁၂)သို့

## မဲဆန္ဒနယ်အများစုတွင် နောက်တိုးမဲများ တိုးလာ

**အားမာန်**

**ရန်ကုန်၊ မတ် - ၂၆**

ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းကွာဟနေမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြန်လည်ပြင်ဆင်ခွင့်ပြုခဲ့ရာ မဲဆန္ဒနယ်အသီးသီး၌ ထပ်တိုးပြင်ဆင်ချက်မဲများရှိလာပြီး အချို့မဲဆန္ဒနယ်၌ ထပ်တိုးလာသောပြင်ဆင်ချက်မဲ ထောင်နှင့်ချီ၍ ရှိနေကြောင်း နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကပြောသည်။

မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်တွင် မဲစာရင်းများ ပြန်လည်ပြင်ဆင်ခဲ့ရာ ထပ်တိုးလာသောမဲ ၃၆,၀၀၀ကျော်ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ်တွင်လည်း နောက်တိုးမဲလေးထောင်ဝန်းကျင် ထပ်တိုးလာပြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင်လည်း ထပ်တိုးမဲတစ်ထောင်ကျော် တိုးလာကြောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)ဥက္ကဋ္ဌ ဦးသုဝေကပြောသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်က ထပ်တိုးမဲများကို ပါတီကိုယ်စားလှယ်များအား စိစစ်ရန်ခွင့်ပြုသော်လည်း ထပ်တိုးမဲများစွာကို မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးရန်မှာ ပါတီများအတွက်အခက်အခဲရှိကြောင်း၎င်းက ဆက်လက်ပြောသည်။

"ကော်မရှင်က တရားမျှတအောင် အစီအစဉ်တွေလုပ်ထားတာတွေ့တယ်။ ဒါ့ကြောင့် တရားမျှတလိမ့်မယ်လို့ထင်တယ်။ သို့သော်လည်းပဲ တကယ် လက်တွေ့မှာတော့ဘယ်လောက်တရားမျှတမယ်ဆိုတာ မပြောနိုင်သေးဘူး။ မပြောနိုင်ဘူးဆိုတာက အချက်အလက်တွေတော့ရှိတယ်။ ပြီးခဲ့တဲ့ သုံး၊လေးရက်မှာ ခရိုင်ကော်မရှင်က ကျွန်တော်တို့ကိုခေါ်တွေ့တယ်။

အချပ်ပို(IV)သို့



## တောင်သူလယ်သမားများ၏ စုဆောင်းငွေ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပြန်ထုတ်ပေးရန် မျှော်လင့်

**အားမာန်**

**ရန်ကုန်၊ မတ် - ၂၁**

တောင်သူလယ်သမားများ၏ စုငွေများကိုမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပြန်လည်ထုတ်ပေးစေလိုကြောင်း လယ်သမားများက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးကလည်း တောင်သူလယ်သမားများ၏ ဘဏ်၌ စုထားသောငွေများကို ထုတ်ပေးရန် စီစဉ်နေပြီဖြစ်ကြောင်းပြောသည်။

စပါးစိုက် လယ်သမားအများစုမှာ ယခုနှစ်ပိုင်းတွင် ရာသီဥတုဖောက်ပြန်ပြီး စပါးဈေးမကောင်းခြင်းနှင့် ပဲစိုက်သောအခါတွင်လည်း အထွက်လျော့၊ ဈေးကျ၍ အရှုံးပေါ်ခဲ့ကြသည်။

အချပ်ပို(IV)သို့



မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)တွင် မတ်လ ၂၆ရက် မွန်းတည့်ချိန်က စတင်လောင်ကျွမ်းခဲ့သောမီးကြောင့် သီလဝါဆိပ်ကမ်းသို့ ရောက်ရှိနေသော ပြည်ပမှ မှာယူတင်သွင်းသည့်ယာဉ်များ မီးကူးစက်မည်ကို ယာဉ်ပိုင်ရှင်များက စိုးရိမ်ပူပန်လျက်ရှိသည်။ **ဓာတ်ပုံ - ဝေယံ**

## ကချင်ပြည်နယ်တွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ ဒီချုပ်နှင့် ကေအိုင်အိုတို့ ကြေညာချက်အသီးသီးထုတ်ပြန်

**အေးမြကျော်**

**ရန်ကုန် - မတ် ၂၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ကချင်ပြည်နယ်တွင် ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်းမရှိဘဲ ပုံမှန်အတိုင်းကျင်းပသွားနိုင်ရန် ကေအိုင်အိုနှင့်ဆွေးနွေးညှိနှိုင်းရန် ဆန္ဒရှိကြောင်းမတ်လ ၂၆ရက်က ထုတ်ပြန်ကြေညာလိုက်ပြီး ကေအိုင်အိုဘက်ကလည်း မတ်လ ၂၅ရက်နေ့စွဲဖြင့် ထုတ်ပြန်သောကြေညာချက်တွင် ကြားဖြတ်ရွေးကောက်ပွဲကို အနှောင့်အယှက်ပေးမည်မဟုတ်ကြောင်း ပါရှိသည်။

စာ(၁၂)သို့

### မဲဆန္ဒရှင်လမ်းညွှန်
### VOTERS GUIDE

**ယခုတစ်ပတ်ထုတ် 7Day News ဂျာနယ်တွင် ဧပြီ၁ရက် ကျင်းပပြုလုပ်မည့်ကြားဖြတ်ရွေးကောက်ပွဲလမ်းညွှန်အဖြစ် "မဲဆန္ဒရှင်လမ်းညွှန်" အထူးအချပ်ပို ၁၆ မျက်နှာကို ထည့်သွင်းဖော်ပြထားပါသည်။**








# Amara Learning Center

Explore Yourself, Appreciate Your Different, Enjoy Your Uniqueness

**"Destination to USA and Singapore Within 6 months"**


**(၆)လသင်တန်းအတွင်း ရရှိမည့် အကျိုးကျေးဇူးများ -**

America, Singapore များတွင် ဖွင့်လှစ်ထားသည့် နာမည်ကြီးတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိနိုင်ရန် လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်ဖြစ်ပါသည်။ သင်တန်းကာလသည် ၆ လသာကြာမြင့်မည်ဖြစ်ပြီး၊ သင်တန်းကာလအတွင်း ကျောင်းလျှောက်ရာတွင် လိုအပ်သော စာမေးပွဲများ ဖြစ်သည့် TOEFL (listening, Structure, Reading),SAT 1, (Reading, Mathematics, Writing) တို့ကို သင်ကြားပေး မည့်အပြင် USA , Singapore ကျောင်းလျှောက်ရာတွင် လိုအပ်မည့် Scholar–ship, Financial Aid, Essays နှင့် Supplement Essays များကို စနစ်တကျဖြင့် အချိန်မကုန်ပဲ လေ့ကျင့် သင်ကြားပေးမည်ဖြစ်ပါသည်။ Program တက်ရောက်နေသည့် ကာလအတွင်းတွင်လည်း Personal Skills Development များဖြစ်သည့် Debate Skills, Presentation Skills, Vol–unteering အစရှိသည်များကို လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

စာသင်ကြားရာတွင် အထောက်အကူပြုစေရန် Study Guide များအဖြစ် SAT ဖြေဆိုပြီး အမှတ် ၁၉၀၀ နှင့် အမှတ် ၂၀၀၀ ကျော် ရရှိသောကျောင်းသားကျောင်းသူများမှ ကူညီ၍စာများ ကျက်မှတ်ပေးမည်ဖြစ်သည်။

ထို့အပြင် သင်တန်းကာလအတွင်း Community Services များကို အောင်ပန်း၊ သန်လျင်၊ ရွှေပြည်သာ အစရှိသည့် နေရာများသို့ သွားရောက်ကာ အကျိုးရှိစွာ ပြုလုပ်ကြမည်ဖြစ်သည်။

သင်တန်းကာလ ပြီးဆုံးချိန်တွင် စာမေးပွဲအမှတ်များ ဖြစ်သည့် TOEFL, SAT အမှတ်များ အဆင်သင့်ဖြစ်နေမည့်အပြင် Community Services များကိုလည်း တစ်ချိန်တည်း ပြီးဆုံးမည်ဖြစ်သည်။ ထို့အပြင် ကျောင်းလျှောက်ရာတွင်လည်း အဆင်သင့်ဖြစ်နေမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။




## Includes :

- SAT-I ( Eng, Maths )
- TOEFL
- Community Services
- Presentation Skills, Debate Skills, Volunteering Skills.

## Contact us!

**Main Office**
No(15), Ngar Htat Gyi Pagoda Street
Ngar Htat Gyi North Quarter
Bahan Township, Yangon.

**Branch Office**
No(188), (A/B)1st Floor, 28th Street
Pabedan Township.

**Tel : 09 50 60376, 01-549201**

Only 20 People

Intake May 2 June 1

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရန်ကုန်မြို့ရှိ ဟိုတယ်ခန်းများ ဧပြီလဆန်းထိ ရောင်းကုန်

**အောင်သူရ၊ နေလင်းထွန်း**
**ရန်ကုန်၊ မတ်- ၂၆**

ကြားဖြတ်ရွေးကောက်ပွဲ နှင့် နိုင်ငံတကာမှ စီးပွားရေးရင်းနှီးမြှုပ်နှံရန် လာရောက်လေ့လာသူများကြောင့် ဟိုတယ်အခန်းခဈေးနှုန်းများ မြင့်တက်နေပြီး ရန်ကုန်မြို့တွင် ဟိုတယ်အခန်းနေရာများ ရရှိရန် နိုင်ငံခြား ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူများ အခက်ကြုံနေကြရသည်။

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ သတင်းရယူမည့် နိုင်ငံတကာ သတင်းမီဒီယာများ၊ လာရောက် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ လာရောက်မှု မြင့်တက်နေချိန်တွင် ဟိုတယ်အခန်းခများ ယခင်နှစ်ထက် သိသိသာသာတိုးမြင့်သွားခဲ့သလို ဧပြီလဆန်းထိ အခန်းများ လူပြည့်နေကြောင်း ဟိုတယ်အချို့မှ တာဝန်ရှိသူများက ဆိုသည်။



ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ် ဧည့်ကြိုကောင်တာ ဓာတ်ပုံ-ဝေယံ

ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများ ရောင်းချရန် ကြိုတင်ပြင်ဆင်ထားသော ဟိုတယ်အခန်းများ ရောင်းကုန်သွားသော်လည်း အင်တာနက်မှတစ်ဆင့် ဝယ်ယူမည့်သူများအတွက် စီစဉ်ထားသောအခန်းအချို့ ကျန်နေသေးခြင်းကြောင့် ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများကို ၁၀ ရာခိုင်နှုန်း လျှော့၍ ရောင်းချပေးမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများ သတင်းအချက်အလက်မျှဝေနိုင်ရန် ရည်ရွယ်ထားသော Travel Myanmar Group အင်တာနက်စာမျက်နှာတွင် ရေးသားထားသည်။

"မနှစ်က အဲ့ဒီအခန်းတွေက ဒေါ်လာ ၈၀၊ ၉၀ လောက်ပဲရှိတယ်။ အခု ၂၂၈ ဒေါ်လာဆိုတော့ တော်တော်လေး လန့်သွားတယ်။ value for money ဖြစ်ရဲ့လားစဉ်းစားရတော့မယ်" ဟု 7Day Travel and Tour ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ မဒါလီက ဆိုသည်။

ပြီးခဲ့သည့်နှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည်သုံးသိန်းကျော် လာရောက်လည်ပတ်ခဲ့ပြီးနောက် ပြည်တွင်းရှိ ဟိုတယ် အရေအတွက်နှင့် ဈေးကွက်လိုအပ်ချက် ကွာဟမှုကြီးထွားလာခဲ့ပြီး အခန်းခဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေခြင်းဖြစ်သည်။

လက်ရှိ ဈေးကွက်ဖြစ်တည်မှုအခြေအနေအရ ဟိုတယ်အခန်းခများ ဈေးနှုန်းပြောင်းလဲနေခြင်းဖြစ်ပြီး ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများကို အခန်းရောင်းချနိုင်မှုနည်းပါးသွားခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ် ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မားကက်တောင်းဆိုချက်အတိုင်း တခြားဟိုတယ်တွေလည်း ပြောင်းလဲနေပါတယ်။ မနှစ်က ဒီအချိန်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် ၃၀ ရာခိုင်နှုန်းလောက်(အခန်းခ) တက်နေပါတယ်။ ဧပြီလဆန်းထိ အခန်းကျပ်နေတယ်။ ရွေးကောက်ပွဲနောက်ပိုင်းဆိုရင်တော့ အခန်းရှိမှာပါ" ဟု ၎င်းကဆိုသည်။

Nature Dream ခရီးသွားဝန်ဆောင်မှုကုမ္ပဏီမှ လေ့လာထားသော အရှေ့တောင်အာရှနိုင်ငံများ၏ ၂၀၁၂-၂၀၁၃ ဟိုတယ်အခန်းဈေးနှုန်းများတွင် ကြယ်သုံးပွင့်အဆင့်ရှိဟိုတယ်အနေဖြင့် မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၆၅ မှ ၁၅၆ ဒေါ်လာထိ

စာ(၁၂)သို့







CRIME မှုခင်းသတင်း CORNER

## အများသုံးရေချိုးခန်းတွင် သတ်သေမှုဖြစ်

မေဝင်းမွန်

ရန်ကုန်၊ မတ် – ၂၃

ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက် ပန်းဆိုးတန်းလမ်းနှင့် ဘဏ်လမ်းထောင့်ရှိမြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)ရှိအိမ်သာနှင့်တွဲလျက်ရေချိုးခန်းအတွင်း လူတစ်ဦး ကိုယ့်ကိုယ်ကိုယ်သတ်သေမှုတစ်ရပ် ယခုလ ၂၀ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါနေ့ ညနေ ၄နာရီအချိန်တွင် အမျိုးသားတစ်ဦးမှာ ရေချိုးခန်းအတွင်း မှောက်လျက်အနေအထားဖြင့် သေဆုံးနေပြီး အနီးပတ်ဝန်းကျင်အား စစ်ဆေးရှာဖွေရာ ရေချိုးခန်းမှအိမ်သာဘက်သို့စီးသည့်ရေဆင်းမြောင်းအတွင်းလိမ္မော်ရောင်ခဲချွန်ခေါက်ဓား ၁ချောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုကို တွေ့ရှိခဲ့သည်။

သေဆုံးသူမှာနေပြည်တော် ပျဉ်းမနားမြို့၊ ဥယျာဉ်စုကျေးရွာနေ ကျူရှင်ဆရာတစ်ဦးဖြစ်သူဦးအောင်စိုး(၄၆နှစ်)ဆိုသူဖြစ်ပြီး လည်ပင်းတွင် ၃လက်မခန့်ရှိ ပြတ်ရှဒဏ်ရာနှစ်ချက်၊ ယာဘက်လက်ကောက်ဝတ်တွင် ၁ လက်မခန့်ရှိ ပြတ်ရှဒဏ်ရာ ၁ချက်တို့နှင့်အတူ သေဆုံးနေခြင်းဖြစ်ကာ ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်စစ်ဆေးခဲ့သည်။

## ဆိုင်ကယ်နှင့် မီးရထားတိုက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသားတစ်ဦး သေဆုံး

နိုင်ကြီး

ကသာ၊ မတ်- ၂၂

ယခုလ ၁၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ အချိန်က ကသာမြို့တွင်းရှိအမှတ်(၆)ရပ်ကွက်နှင့်အမှတ်(၇)ရပ်ကွက်ကြားလူသွားလမ်းနှင့် မီးရထားလမ်းဖြတ်ကူးရာနေရာတွင် ဆိုင်ကယ်နှင့် မီးရထားတိုက်မှုဖြစ်ပွားခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေကြသည့် ကျောင်းသားတစ်ဦးသေဆုံးပြီး ကျောင်းသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာယခုလ၁၆ရက်ကကသာမြို့(တောင်ဘူတာ)မှ ထွက်ခွာလာသော ကသာ-မိုးတားကြီး မီးရထားနှင့် စာသင်ဝိုင်းသို့ သွားရောက်စာသင်ကြားသူကျောင်းသားနှစ်ဦး၏ ဆိုင်ကယ်နှင့် မီးရထားတိုက်မိခဲ့ခြင်းဖြစ်သည်။

ဆိုင်ကယ်စီးနှင်းမောင်းနှင်သောတက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသူ မောင်ဟိန်းဝေယံကျော်မိုး(၁၉ နှစ်)မှာ ဦးခေါင်းနောက်စေ့၌ ၇လက်မခန့်ကွဲအက်ဒဏ်ရာရရှိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ဆိုက်ကယ်နောက်မှစီးနင်းလိုက်ပါလာသော မောင်စိုင်းသီဟစိုး (၁၇နှစ်)မှာ ယာဘက်ဦးခေါင်းနောက်တွင်၄လက်မခန့်ပေါက်ပြဲဒဏ်ရာရရှိခဲ့၍ တာဝန်ရှိသူများမှ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပေးခဲ့သဖြင့် စိုးရိမ်ဖွယ်ရာ မရှိတော့ကြောင်း သိရသည်။

## နောက်ပြောင်ကျီစယ်ရာမှ အသက်သေဆုံး

ဆန်းညွန့်

ရေနံချောင်း၊ မတ်- ၁၉

သူငယ်ချင်း အချင်းချင်း နောက်ပြောင်ကျီစယ်ရာမှ ဒေါသအလျောက်တစ်ဖက်လူ၏နောက်ပြောင်မှုကိုမခံမရပ်နိုင်ဖြစ်ကာ ဓားမြှောင်ဖြင့်ထိုးမှုရေနံချောင်းမြို့နယ်တွင်ဖြစ်ပွားခဲ့သည်။

ယခုလ ၁၇ ရက် မွန်းလွဲ ၂နာရီတွင် ရေနံချောင်းမြို့နယ် ချန်ကန်မြောက်ကျေးရွာ သမဝါယမဆိုင်ဟောင်းအနီး၌ မြိုင်ညို(၃၆နှစ်)နှင့် တစ်ရွာတည်းနေတယ်စိ(ခ)တင်မောင်ထွန်း(၃၂နှစ်)တို့စကားများရန်ဖြစ်ခဲ့ကြပြီး တယ်စိ(ခ)တင်မောင်ထွန်းက မြိုင်ညိုကို ဓားဖြင့်ထိုး၍ ညာဘက်ရင်ညွန့်အောက်ထိုးထွင်း ဒဏ်ရာနှစ်ချက်၊ ဘယ်ညာရင် ညွန့်အောက်တို့တွင် ထိုးသွင်းဒဏ်ရာတစ်ချက်အသီးသီးရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။ တရားခံနှင့် သေဆုံးသူတို့မှာ တစ်ရွာတည်းနေသူများဖြစ်ကြပြီး မကြာခဏ စကားများရန်ဖြစ်လေ့ရှိကာ အခင်းဖြစ်ချိန်တွင် မြိုင်ညိုက တယ်စီအား နောက်ပြောင်နေသဖြင့် မခံမရပ်ဖြစ်ကာ ကျူးလွန်ခြင်းဖြစ်ကြောင်း ရဲစစ်ဆေးချက်အရ သတင်းရရှိသည်။

# တရုတ်နယ်စပ်မြို့များတွင် မြန်မာလုပ်သား ၇၀၀ကျော် ဖမ်းဆီးခံရ

မြတ်စုမွန်

ရန်ကုန်၊ မတ်- ၂၁

**တရုတ်-မြန်မာနယ်စပ် ရွှေလီနှင့် ကျယ်ဂေါင်မြို့များတွင် နေထိုင်ခွင့်ကတ်မရှိသော မြန်မာအလုပ်သမားများကို တရုတ်ရဲများက အလုပ်ရုံများအထိ ဝင်ရောက်ကာ ပိုက်စိပ်တိုက်ဖမ်းဆီးနေကြောင်း အလုပ်သမားကူညီရေးလုပ်ကိုင်နေသူများထံမှ သတင်းရရှိသည်။**

ဖမ်းဆီးခံရသူများတွင် အလုပ်သမားများသာမက အရောင်းအဝယ်သမားများလည်း ပါဝင်ပြီး စုစုပေါင်း ၇၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ စီမံချက်ဖြင့် ဖမ်းဆီးနေခြင်းဖြစ်နိုင်ကြောင်း မြန်မာ့အမျိုးသမီးများသမဂ္ဂ (ရွှေလီရုံးခွဲ) တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီတစ်ခါက လုပ်ရုံတွေထဲရော၊ အိမ်တွေမှာပါ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ဖမ်းတာ။ ဒီနှစ်ပတ်ထဲမှာ ဖမ်းနေတာတော့ ခဏခဏပဲ။ နေထိုင်ခွင့်စာအုပ်မရှိလို့ ဖမ်းတာဆိုပေမယ့် မနေ့ကတော့ ကောင်လေးငါးယောက်ကို စာအုပ်ရှိပေမယ့် ဖမ်းခေါ်သွားတယ်"ဟုမြန်မာ့အမျိုးသမီးသမဂ္ဂရှိ အမျိုးသမီးရေးရာ တာဝန်ခံတစ်ဦးက 7 Day News သို့ ပြောသည်။

ယခုလ ၁၁ ရက်မှစတင်ကာ ယခုကဲ့သို့ ဖမ်းဆီးနေခြင်းဖြစ်ပြီး ဆဲဆိုရိုက်နှက်မှုများလည်းရှိကြောင်း ၎င်းကဆက်ပြောသည်။

နေထိုင်ခွင့် လက်မှတ်လုပ်ကိုင်နိုင်ရန် ယွမ် ၃၀၀၊ အိမ်ရှင်၏ မှတ်ပုံတင်မိတ္တူနှင့် ထောက်ခံချက်အပြင် မိမိတွင်မြန်မာမှတ်ပုံတင်ရှိရမည်ဖြစ်ပြီး ယင်းမှတ်ပုံတင်ကို တရုတ်ဘာသာပြန်ရုံး၌ ဘာသာပြန်ဆိုရမည်ဖြစ်သည်။

နေထိုင်ခွင့်လုပ်ရန်အတွက် မြန်မာလုပ်သားများ အဓိကအခက်အခဲမှာ မှတ်ပုံတင်မရှိခြင်း၊ မှတ်ပုံတင်လုပ်ရန် မလွယ်ကူခြင်း ဖြစ်သည်။

အဖမ်းအဆီးများနေသည့် ကိစ္စနှင့်ပတ်သက်၍ "ပြဿနာရဲ့ ကွင်းဆက်ကပြီးခဲ့တဲ့လက တရုတ်အမျိုးသမီးတစ်ယောက်နဲ့ ရဲတစ်ယောက်ကို မြန်မာနှစ်ယောက်က သတ်လိုက်တယ်။ လူသတ်မှုနဲ့ ထောင်ကလွတ်လာတဲ့တစ်ယောက်နဲ့ မြန်မာပြည်က တရုတ်တစ်ယောက်က သတ်လိုက်တာ။ အဲဒီနောက်ပိုင်း စဖမ်းတာ။ ကျွန်တော် ဒီမှာ နေလာတာ အနှစ် ၂၀ ကျော်ပြီ။ ဒီလောက် ဖမ်းတာမျိုး တစ်ခါမှ မကြုံဖူးသေးဘူး"ဟုတရုတ်-မြန်မာနယ်စပ်တွင် နေထိုင်သည့် စစ်ရေးနှင့် နိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောက 7 Day News အား ပြောသည်။

ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းများတွင် နေထိုင်ခွင့်ကတ်မရှိ၍ အဖမ်းခံရခြင်းအပြင်၊ လုပ်ခလစာမပေးလိုသော တရုတ်အလုပ်ရှင်များက တရုတ်ရဲများအား ညွှန်ကြား ဖမ်းစေခြင်းများလည်းရှိကြောင်း ၎င်းကဆက်ပြောသည်။

အဖမ်းခံရသူများကို အချုပ်ခန်းတွင် သွားရွေးပါက ယွမ် ၅၀၀ မှ ၁၀၀၀ (မြန်မာငွေကျပ် ခြောက်သောင်းဝန်းကျင်မှ တစ်သိန်းကျော်)အထိ ပေးရပြီး

စာ(၁၂)သို့

# ငွေလဲနှုန်း နှုန်းရှင်သတ်မှတ်လိုက်ပါက သွင်းကုန်အချို့ ဈေးမြင့်လာနိုင်

ပြည်သိမ်း

ရန်ကုန်၊ မတ်- ၂၂

ငွေလဲနှုန်းကို နှုန်းရှင်သတ်မှတ်လိုက်ပြီး လက်ရှိအကောက်အခွန်နှုန်း သတ်မှတ်ချက်အတိုင်းဆိုပါက သွင်းကုန်အချို့ဈေးနှုန်း အနည်းငယ် မြင့်တက်လာနိုင်ကြောင်း သွင်းကုန်လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

စက်သုံးဆီနှင့်စားအုန်းဆီများ အပါအဝင်သွင်းကုန်လုပ်ငန်း အချို့ကို တစ်ဒေါ်လာလျှင် ၄၅၀ ကျပ်နှုန်းဖြင့်သတ်မှတ်၍ အကောက်ခွန်ကို ကျပ်ငွေဖြင့် ကြိုတင်အခွန်ကောက်ခံသည်။ ငွေလဲနှုန်း တစ်ဒေါ်လာလျှင်အခြေခံဈေးကျပ်၈၀၀ နှုန်းရှင်သတ်မှတ်လျှင် အကောက်ခွန်နှုန်းထားမှာလည်း နှစ်ဆနီးပါး မြင့်တက်လာနိုင်ကြောင်း သွင်းကုန်လုပ်ငန်းရှင်များက ဆိုသည်။

"ယာယီအနေနဲ့ဈေးနှုန်းတွေ အနည်းငယ်တော့တက်နိုင်တယ်။ ရေရှည်မှာတော့ သူဟာနဲ့သူ ပြန်ထိန်းသွားမှာပါ" ဟု စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခ(ငြိမ်း) ဦးမော်သန်းက သူ့အမြင်ကို ရှင်းပြသည်။

သွင်းကုန်များအပေါ် ကောက်ခံသည့် အခွန်နှုန်းထားများမှာ အမျိုးမျိုးကွဲပြားလျက် ရှိသည်။ သွင်းကုန်လုပ်ငန်းများတွင် အများစုပေးရသည့်အခွန်မှာကုန်သွယ်လုပ်ငန်းခွန်ဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

လက်ရှိ သွင်းကုန်များပေါ်တွင် အီလက်ထရွန်နစ်ပစ္စည်းများအတွက်ကုန်သွယ်လုပ်ငန်းခွန် ၂၅ ရာခိုင်နှုန်း၊ အကောက်အခွန် ၁၅ ရာခိုင်နှုန်း၊ သံနှင့်သက်ဆိုင်သည့် ပစ္စည်းအတွက် ကုန်သွယ်လုပ်ငန်းခွန်မှာ ပစ္စည်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းနှင့် အကောက်ခွန်မှာ ၁ ရာခိုင်နှုန်း၊ ပလတ်စတစ်ပစ္စည်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ၁၀ ရာခိုင်နှုန်းနှင့် အကောက်ခွန် ၂ ရာခိုင်နှုန်း ပေးဆောင်ရကြောင်း လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။



# ရုပ်ရှင်အစည်းအရုံး အများဆန္ဒဖြင့် ရွေးကောက်

အေးသူစံ

ရန်ကုန်၊ မတ် ၂၄

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို အများဆန္ဒဖြင့် ပြန်လည်ရွေးကောက်တင်မြှောက်ပွဲကို မတ် ၂၃ ရက်က မဲစနစ်ဖြင့် ရွေးချယ်ပြုလုပ်ခဲ့ရာ သရုပ်ဆောင် အကယ်ဒမီဇင်ဝိုင်းမှာ အမိကပြိုင်ဘက် ဦးကျော်ဝဏ္ဏအား ၁၇ မဲ၊ ၃မဲ ဖြင့် အနိုင်ရရှိသွားသောကြောင့် ဥက္ကဋ္ဌရာထူးကို ရရှိသွားသည်။**

ဒုဥက္ကဋ္ဌ(၁)အဖြစ် ဒါရိုက်တာညီညီထွန်းလွင်က ရွေးချယ်ခံရပြီး ၄င်း၏အမိက ပြိုင်ဘက် မင်္ဂလာရုပ်ရှင်ရုံပိုင်ရှင် ဦးဇော်မင်းကို ၁၂ မဲ၊ ၉ မဲဖြင့် အနိုင်ရရှိခဲ့သည်။ ဒုဥက္ကဋ္ဌ(၂)အဖြစ် သရုပ်ဆောင် လူမင်းက ပြိုင်ဘက်မရှိ ရရှိခဲ့ပြီး အတွင်းရေးမှူးအဖြစ် စိန်ဌေး ထုတ်လုပ်ရေးမှ ဦးဝင်းကြည်၊ တွဲဖက်အတွင်းရေးမှူး(၁) အဖြစ် ဒါရိုက်တာ ဦးမျိုးဇော်အောင်၊ တွဲဖက်အတွင်းရေးမှူး (၂) အဖြစ် ဦးပြုံး၊ ဘဏ္ဍာရေးမှူး ဦးဇော်မင်း၊ စာရင်းစစ် ဇော်မင်း (ဟံသာမြေ)၊ ဦးဖုန်းမော်၊ ပြန်ကြားရေးမှူးအဖြစ် ဦးအေးကြူလေးနှင့် ဦးကျော်ညွန့်၊ စည်းရုံးရေးမှူးအဖြစ် အရိုင်းနှင့် မတူးတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

"အခု အသစ်ပြန်ဖွဲ့လိုက်တဲ့ ရုပ်ရှင်အစည်းအရုံးရဲ့ လူစာရင်းကိုကြည့်ပြီး ပြောရမယ်ဆိုရင် ဒီလူတွေကိုသာ တကယ်ပဲ လုပ်ကိုင်ခွင့်လွှဲပြောင်းပေးမယ်၊ လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ပေးမယ်ဆိုလို့ကတော့ မြန်မာ့ရုပ်ရှင်လောကကြီး တိုးတက်ကောင်းမွန်လာမယ်လို့ ထင်ပါတယ်။ ကိုဇင်ဝိုင်းကလည်း ရုပ်ရှင်လောကကောင်းကျိုးအတွက် တက်တက်ကြွကြွနဲ့ ကြိုးစားနေတဲ့ လူတစ်ယောက်ပါ။ ဒါကြောင့် အခု ရုပ်ရှင်အစည်းအရုံးဟာ အများဆန္ဒနဲ့ ပြန်လည်ဖွဲ့စည်းခွင့်ရတဲ့ အင်န်ဂျီအိုစစ်စစ်ဖြစ်ပါတယ်" ဟု ဗီဒီယိုအခြေခံအဖွဲ့ဝင်လည်းဖြစ်၊ ဒါရိုက်တာလည်းဖြစ်သူ ဒါရိုက်တာရီဇော်က ပြောသည်။

"ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရတော့ တာဝန်တော့အရမ်းကြီးသွားပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ်ပေးလာတဲ့ တာဝန်ကို အတတ်နိုင်ဆုံးကျေပွန်အောင် လုပ်ဆောင်သွားမှာပါ။ လောလောဆယ် ကျွန်တော့်အနေနဲ့ ဦးစားပေးဖြေရှင်းရမှာက ရုပ်ရှင်နဲ့ ဗီဒီယိုလောကမှာ အမျိုးမျိုးသောပျက်စီးမှုတွေနဲ့ ကြုံတွေ့နေရတယ်။ ဒါကြောင့် ဗီဒီယိုအခြေခံအဖွဲ့ကို အမြန်ဆုံး ပြန်လည်ဖွဲ့စည်းရမယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြုံတွေ့နေရတဲ့ ခိုးကူးပြဿနာကိုလည်း ကြိုးစား၊ နည်းလမ်းရှာပြီး နှိမ်နင်းရမယ်။ ဒါ့အပြင် ရိုက်ကူးရေးတွေ ရပ်ဆိုင်းနေတဲ့အတွက် ရုပ်ရှင်နဲ့ပတ်သက်တဲ့ အခြေခံလူတန်းစားတွေ စားဝတ်နေရေးကို အစည်းအရုံးက ပံ့ပိုးဖြေရှင်းပေးတာတွေကို လုပ်ဆောင်ပါမယ်" ဥက္ကဋ္ဌအဖြစ် အရွေးချယ်ခံခဲ့ရသူ အကယ်ဒမီဇင်ဝိုင်းက ပြောသည်။

ယခု ပြန်လည်ရွေးကောက်တင်မြှောက်လိုက်သည့် ရုပ်ရှင်အစည်းအရုံးအသစ်ကို ယခင်အဖွဲ့မှ လုပ်ငန်းဆောင်တာများ ပြန်လည်လွှဲပြောင်းပေးမည့် နေ့ရက်ကိုမူ မသိရသေးပေ။

## ရေဝေးသုသာန် ဈေ့ာ်နှံ့မျှား ပတ်ဝန်းကျင်နေအိမ်များကို ထိခိုက်သဖြင့် ခေါင်းတိုင်ကို မြှင့်တင်မည်

ကျော်သီဟ

ရန်ကုန်၊ မတ် - ၂၄



ရေဝေးသုသာန်မှ အညော်နံ့များကြောင့် မီးခိုးထုတ်လွှတ်သော ခေါင်းတိုင်အား ပေ ၁၀၀ အထိ ထပ်မြှင့်တည်ဆောက်ရမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရေဝေးသုသာန်မှ အညော်နံ့များမှာ ပတ်ဝန်းကျင်လေထုအတွင်းနှင့် အနီးအနားရှိရပ်ကွက်များသို့ပျံ့လွင့်နေကြောင်း စုံစမ်းသိရသည်။ ယင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးအားမေးမြန်းရာတွင် "အခုဘဏ္ဍာနှစ်မှ မီးခိုးထုတ်လွှတ်တဲ့ ခေါင်းတိုင်ကို ၇၅ ပေအထိ ထပ်တင်ထားတယ်။ လာမယ့် ဘဏ္ဍာနှစ်မှာပဲ ပေ ၁၀၀ အထိ ထပ်တင်မယ်" ဟုတာဝန်ရှိသူတစ်ဦးကဆိုသည်။

ရေဝေးသုသာန်စတင်တည်ဆောက်စဉ်က ရုပ်အလောင်းများအား မီးရှို့သည့် မီးခိုးခေါင်းတိုင်မှာ ပေ ၅၀ သာရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် အနည်းဆုံးအမြင့်ကိုပေ ၁၀၀ ထပ်ဆင့်မှသာဖြစ်နိုင်တော့မည်ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။ ယခင်က ရေဝေးသုသာန်တွင် လူသေများအအေးခန်းအား အလောင်း ၆၀ သာဆံ့ရာမှ ယခုနောက်ပိုင်းတွင် ၈၀ အထိ တိုးချဲ့ခဲ့ကြောင်း မြို့တော်စည်ပင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

ရန်ကုန်မြို့၌ ရေဝေး၊ ထိန်ပင်၊ ကြည်စု သုသာန်များအား အဆင့်မြှင့်တင်ထားကြောင်းနှင့် ထိန်ပင် Cold Box (လူသေများအအေးခန်း) ယခင်က Hall Type အနေအထားဖြင့် ထားခဲ့ရာ အလောင်းပိုင်ရှင်များ၏ မနှစ်မြို့မှုကြောင့် လူသေများထားရှိရာ အအေးခန်းကို အယောက် ၄၀ အထိထပ်တိုးခဲ့ကြောင်းနှင့် ကြည်စုသုသာန် လူသေများအအေးခန်းကိုအယောက် ၂၀ ဆံ့အထိတိုးထားကြောင်း စုံစမ်းသိရသည်။



# ဖေဖော်ဝါရီလ၏ အရောင်းကိုယ်စားလှယ် ကံထူးရှင်များစာရင်း

## 42" LCD TV (၁၀)လုံး



| | ကူပွန်နံပါတ် | ဆိုင်အမည် | မြို့ |
|---|---|---|---|
| ၁။ | ၀၀၀၀၇၀ | ပန်းသဇင် | တာမွေ |
| ၂။ | ၀၀၀၉၈၉ | ပန်းဘုရင် | သဃ်န်းကျွန်း |
| ၃။ | ၀၃၀၀၇၇ | ဒေါ်နန်းဝင်း | တောင်ကြီး |
| ၄။ | ၀၄၉၁၈၇ | မတင်လေးမြင့် | ဟသ်ာတ |
| ၅။ | ၀၅၂၄၅၀ | ဂျာမေစတိုး | ညောင်လေးပင် |
| ၆။ | ၀၅၇၅၄၆ | ရွှေနဂါး | ကျိုက်ထို(သထုံ) |
| ၇။ | ၀၆၃၁၅၀ | ကိုဝင်းအောင် | ပင်လောင်း(ကလော) |
| ၈။ | ၀၆၅၇၈၁ | မသက် | ရမည်းသင်း |
| ၉။ | ၀၆၇၉၇၁ | မရှိုးတီ | ဗန်းမော် |
| ၁၀။ | ၀၇၀၆၄၉ | မဝါဝါအောင် | သာစည် |

## ရွှေဆွဲပြား(၁)မတ်သား (၃၀)ပြား



| | ကူပွန်နံပါတ် | ဆိုင်အမည် | မြို့ |
|---|---|---|---|
| ၁။ | ၀၀၃၃၃၁ | ကိုစံထွန်း | လှိုင် |
| ၂။ | ၀၀၃၇၇၃ | La Min Store | မရမ်းကုန်း |
| ၃။ | ၀၁၂၃၆၉ | ဇာနည်စတိုး | မော်ဘီ |
| ၄။ | ၀၁၂၄၄၃ | သိန်းသန်းအောင် | တိုက်ကြီး(မော်ဘီ) |
| ၅။ | ၀၁၆၃၉၁ | လွယ်နီ | ပုသိမ် |
| ၆။ | ၀၁၈၉၅၀ | မဂျူလိုင် | တောင်ကုတ် |
| ၇။ | ၀၁၉၀၄၂ | မမီးမီး | တောင်ငူ |
| ၈။ | ၀၁၉၇၀၅ | မမိုးမိုး | သန်လျင်ဈေး |
| ၉။ | ၀၁၉၇၁၆ | စိန်ဇင်ယော် | သန်လျင်ဈေး |
| ၁၀။ | ၀၂၅၁၃၂ | ဦးလူးကဒ် | မြစ်ကြီးနား |
| ၁၁။ | ၀၂၇၈၉၁ | မစီရင် | မူဆယ် |
| ၁၂။ | ၀၃၁၀၃၄ | စိုးစံ | ဗန်းမော်(ရွှေကူ) |
| ၁၃။ | ၀၄၁၉၁၁ | အောင်လံတော်ဆိုင် | ဒဂုံဆိပ်ကမ်း |
| ၁၄။ | ၀၄၂၁၄၁ | Seven day | တာမွေ |
| ၁၅။ | ၀၄၆၀၉၀ | ဒေါ်ရင် | ဘိုကလေး |
| ၁၆။ | ၀၄၉၆၂၄ | ပန်းကမ္ဘာ | တိုက်ကြီး |
| ၁၇။ | ၀၅၅၁၁၃ | လှလှမြင့် | စစ်တွေ |
| ၁၈။ | ၀၅၅၁၉၆ | ဦးဦးမောင် | စစ်တွေ |
| ၁၉။ | ၀၅၅၂၀၈ | ကိုမောင်ညွန့် | စစ်တွေ |
| ၂၀။ | ၀၅၅၃၄၄ | Family Store | စစ်တွေ |
| ၂၁။ | ၀၅၇၄၇၁ | ဦးကျင်သိန်း | သထုံ |
| ၂၂။ | ၀၅၇၈၅၀ | ကိုညီညီ | တွံတေး(ဒေးဒရဲ) |
| ၂၃။ | ၀၆၁၃၂၇ | ယမင်း | မန္တလေး |
| ၂၄။ | ၀၆၁၅၈၄ | ရွှေမြန်မာ | မန္တလေး |
| ၂၅။ | ၀၆၂၂၀၃ | ဟိန်းဇာ | ဖားကန့် |
| ၂၆။ | ၀၆၃၀၃၉ | ဒေါ်နန်းခင် | ပင်းတယ |
| ၂၇။ | ၀၆၄၅၃၅ | ရွှေလမင်း | မိုးကုတ် |
| ၂၈။ | ၀၆၉၆၁၄ | ဒေါ်မြင့်ကြည် | မြင်းခြံ |
| ၂၉။ | ၀၆၉၈၃၇ | A.T | ညောင်ဦး(မြင်းခြံ) |
| ၃၀။ | ၀၇၀၃၄၆ | Summer (I) | မိတ္ထီလာ |

## တိုင်ကပ်နာရီ အလုံး(၂၀၀)



| | ကူပွန်နံပါတ် |
|---|---|
| ၁။ | ၀၀၀၁၁၇ |
| ၂။ | ၀၀၀၆၄၂ |
| ၃။ | ၀၀၀၇၀၈ |
| ၄။ | ၀၀၀၈၂၂ |
| ၅။ | ၀၀၀၈၂၃ |
| ၆။ | ၀၀၀၈၄၃ |
| ၇။ | ၀၀၃၀၂၀ |
| ၈။ | ၀၀၃၄၁၀ |
| ၉။ | ၀၀၃၄၂၈ |
| ၁၀။ | ၀၀၃၅၆၈ |
| ၁၁။ | ၀၀၉၄၄၄ |
| ၁၂။ | ၀၀၉၈၇၂ |
| ၁၃။ | ၀၀၉၈၈၆ |
| ၁၄။ | ၀၁၀၇၆၆ |
| ၁၅။ | ၀၁၀၇၉၄ |
| ၁၆။ | ၀၁၀၇၉၈ |
| ၁၇။ | ၀၁၀၉၅၆ |
| ၁၈။ | ၀၁၂၈၅၉ |
| ၁၉။ | ၀၁၂၈၈၄ |
| ၂၀။ | ၀၁၂၈၈၅ |
| ၂၁။ | ၀၁၄၀၆၁ |
| ၂၂။ | ၀၁၄၄၀၄ |
| ၂၃။ | ၀၁၄၄၄၄ |
| ၂၄။ | ၀၁၄၅၀၆ |
| ၂၅။ | ၀၁၄၅၁၉ |
| ၂၆။ | ၀၁၄၅၅၃ |
| ၂၇။ | ၀၁၅၀၅၄ |
| ၂၈။ | ၀၁၆၅၀၅ |
| ၂၉။ | ၀၁၇၀၄၄ |
| ၃၀။ | ၀၁၇၁၄၃ |
| ၃၁။ | ၀၁၈၂၈၆ |
| ၃၂။ | ၀၁၈၇၅၁ |
| ၃၃။ | ၀၁၈၇၆၈ |
| ၃၄။ | ၀၁၈၈၇၇ |
| ၃၅။ | ၀၁၉၂၈၄ |
| ၃၆။ | ၀၁၉၃၂၆ |
| ၃၇။ | ၀၁၉၅၅၇ |
| ၃၈။ | ၀၁၉၇၄၅ |
| ၃၉။ | ၀၁၉၇၅၂ |
| ၄၀။ | ၀၁၉၇၉၄ |
| ၄၁။ | ၀၂၃၉၅၄ |
| ၄၂။ | ၀၂၃၉၅၅ |
| ၄၃။ | ၀၂၃၉၅၆ |
| ၄၄။ | ၀၂၄၈၃၂ |
| ၄၅။ | ၀၂၅၀၁၈ |
| ၄၆။ | ၀၂၅၁၁၂ |
| ၄၇။ | ၀၂၅၁၄၂ |
| ၄၈။ | ၀၂၆၁၄၃ |
| ၄၉။ | ၀၂၆၁၄၉ |
| ၅၀။ | ၀၂၆၂၄၃ |
| ၅၁။ | ၀၂၇၂၁၄ |
| ၅၂။ | ၀၂၇၇၅၃ |
| ၅၃။ | ၀၂၇၇၈၉ |
| ၅၄။ | ၀၂၇၇၉၃ |
| ၅၅။ | ၀၂၇၇၉၉ |
| ၅၆။ | ၀၂၈၀၈၆ |
| ၅၇။ | ၀၂၈၇၅၁ |
| ၅၈။ | ၀၂၈၇၇၆ |
| ၅၉။ | ၀၂၉၁၈၂ |
| ၆၀။ | ၀၂၉၄၉၈ |
| ၆၁။ | ၀၃၀၁၅၈ |
| ၆၂။ | ၀၃၀၂၈၀ |
| ၆၃။ | ၀၃၁၃၂၉ |
| ၆၄။ | ၀၃၁၇၁၀ |
| ၆၅။ | ၀၃၁၇၂၆ |
| ၆၆။ | ၀၃၁၈၂၂ |
| ၆၇။ | ၀၃၂၂၁၀ |
| ၆၈။ | ၀၃၂၂၃၅ |
| ၆၉။ | ၀၃၂၂၃၇ |
| ၇၀။ | ၀၃၂၃၀၇ |
| ၇၁။ | ၀၃၂၃၁၀ |
| ၇၂။ | ၀၃၂၆၀၂ |
| ၇၃။ | ၀၃၂၆၀၃ |
| ၇၄။ | ၀၃၂၆၀၄ |
| ၇၅။ | ၀၃၂၆၀၅ |
| ၇၆။ | ၀၃၂၆၀၆ |
| ၇၇။ | ၀၃၂၆၀၇ |
| ၇၈။ | ၀၃၂၆၀၈ |
| ၇၉။ | ၀၃၂၆၂၄ |
| ၈၀။ | ၀၃၂၆၃၂ |
| ၈၁။ | ၀၃၃၁၄၉ |
| ၈၂။ | ၀၃၃၁၇၉ |
| ၈၃။ | ၀၃၃၃၈၅ |
| ၈၄။ | ၀၃၄၃၈၀ |
| ၈၅။ | ၀၃၄၈၂၁ |
| ၈၆။ | ၀၃၄၈၅၄ |
| ၈၇။ | ၀၃၄၈၇၈ |
| ၈၈။ | ၀၃၄၉၀၄ |
| ၈၉။ | ၀၃၆၀၉၃ |
| ၉၀။ | ၀၃၆၀၉၄ |
| ၉၁။ | ၀၃၆၂၁၄ |
| ၉၂။ | ၀၃၆၂၃၃ |
| ၉၃။ | ၀၃၆၃၀၂ |
| ၉၄။ | ၀၃၆၉၀၆ |
| ၉၅။ | ၀၃၇၂၀၀ |
| ၉၆။ | ၀၃၇၂၉၈ |
| ၉၇။ | ၀၄၁၉၁၀ |
| ၉၈။ | ၀၄၁၉၂၀ |
| ၉၉။ | ၀၄၂၁၉၈ |
| ၁၀၀။ | ၀၄၂၂၀၀ |
| ၁၀၁။ | ၀၄၃၃၁၆ |
| ၁၀၂။ | ၀၄၃၅၁၅ |
| ၁၀၃။ | ၀၄၃၆၀၈ |
| ၁၀၄။ | ၀၄၃၆၄၇ |
| ၁၀၅။ | ၀၄၃၆၅၅ |
| ၁၀၆။ | ၀၄၃၈၇၃ |
| ၁၀၇။ | ၀၄၃၉၀၇ |
| ၁၀၈။ | ၀၄၃၉၁၅ |
| ၁၀၉။ | ၀၄၃၉၆၃ |
| ၁၁၀။ | ၀၄၅၃၄၈ |
| ၁၁၁။ | ၀၄၅၈၆၈ |
| ၁၁၂။ | ၀၄၆၄၀၆ |
| ၁၁၃။ | ၀၄၆၄၂၁ |
| ၁၁၄။ | ၀၄၆၄၂၂ |
| ၁၁၅။ | ၀၄၆၅၈၆ |
| ၁၁၆။ | ၀၄၇၃၄၁ |
| ၁၁၇။ | ၀၄၇၈၆၄ |
| ၁၁၈။ | ၀၄၈၄၉၁ |
| ၁၁၉။ | ၀၄၈၅၁၀ |
| ၁၂၀။ | ၀၄၈၆၂၂ |
| ၁၂၁။ | ၀၄၉၁၇၀ |
| ၁၂၂။ | ၀၄၉၂၄၉ |
| ၁၂၃။ | ၀၄၉၂၈၂ |
| ၁၂၄။ | ၀၄၉၂၉၉ |
| ၁၂၅။ | ၀၄၉၃၁၀ |
| ၁၂၆။ | ၀၄၉၆၁၆ |
| ၁၂၇။ | ၀၄၉၆၈၇ |
| ၁၂၈။ | ၀၄၉၇၂၇ |
| ၁၂၉။ | ၀၄၉၈၅၆ |
| ၁၃၀။ | ၀၄၉၉၉၅ |
| ၁၃၁။ | ၀၅၀၀၅၀ |
| ၁၃၂။ | ၀၅၀၈၃၃ |
| ၁၃၃။ | ၀၅၁၀၉၄ |
| ၁၃၄။ | ၀၅၁၁၅၈ |
| ၁၃၅။ | ၀၅၁၃၆၉ |
| ၁၃၆။ | ၀၅၁၄၀၈ |
| ၁၃၇။ | ၀၅၁၄၄၀ |
| ၁၃၈။ | ၀၅၁၅၅၂ |
| ၁၃၉။ | ၀၅၁၆၀၅ |
| ၁၄၀။ | ၀၅၂၃၀၂ |
| ၁၄၁။ | ၀၅၂၃၀၆ |
| ၁၄၂။ | ၀၅၂၃၁၀ |
| ၁၄၃။ | ၀၅၂၃၂၁ |
| ၁၄၄။ | ၀၅၂၅၁၃ |
| ၁၄၅။ | ၀၅၂၇၁၆ |
| ၁၄၆။ | ၀၅၂၉၇၈ |
| ၁၄၇။ | ၀၅၂၉၇၉ |
| ၁၄၈။ | ၀၅၅၁၂၄ |
| ၁၄၉။ | ၀၅၅၅၆၆ |
| ၁၅၀။ | ၀၅၅၆၃၃ |
| ၁၅၁။ | ၀၅၅၉၇၂ |
| ၁၅၂။ | ၀၅၆၃၁၄ |
| ၁၅၃။ | ၀၅၆၃၂၈ |
| ၁၅၄။ | ၀၅၇၂၅၃ |
| ၁၅၅။ | ၀၅၇၅၆၉ |
| ၁၅၆။ | ၀၅၇၇၁၂ |
| ၁၅၇။ | ၀၅၇၇၄၇ |
| ၁၅၈။ | ၀၅၈၃၉၁ |
| ၁၅၉။ | ၀၆၁၅၆၀ |
| ၁၆၀။ | ၀၆၂၁၂၃ |
| ၁၆၁။ | ၀၆၂၁၆၇ |
| ၁၆၂။ | ၀၆၂၂၀၉ |
| ၁၆၃။ | ၀၆၂၄၇၈ |
| ၁၆၄။ | ၀၆၂၅၀၀ |
| ၁၆၅။ | ၀၆၂၉၇၄ |
| ၁၆၆။ | ၀၆၃၀၀၂ |
| ၁၆၇။ | ၀၆၃၀၈၆ |
| ၁၆၈။ | ၀၆၃၁၇၈ |
| ၁၆၉။ | ၀၆၃၅၃၅ |
| ၁၇၀။ | ၀၆၃၈၄၄ |
| ၁၇၁။ | ၀၆၃၉၄၅ |
| ၁၇၂။ | ၀၆၃၉၆၉ |
| ၁၇၃။ | ၀၆၄၆၀၆ |
| ၁၇၄။ | ၀၆၅၀၅၃ |
| ၁၇၅။ | ၀၆၅၂၆၃ |
| ၁၇၆။ | ၀၆၅၃၁၂ |
| ၁၇၇။ | ၀၆၅၄၈၅ |
| ၁၇၈။ | ၀၆၅၄၈၇ |
| ၁၇၉။ | ၀၆၅၄၉၀ |
| ၁၈၀။ | ၀၆၅၄၉၁ |
| ၁၈၁။ | ၀၆၅၅၉၃ |
| ၁၈၂။ | ၀၆၆၆၆၄ |
| ၁၈၃။ | ၀၆၇၆၃၆ |
| ၁၈၄။ | ၀၆၇၉၄၀ |
| ၁၈၅။ | ၀၆၈၀၃၉ |
| ၁၈၆။ | ၀၆၈၆၁၉ |
| ၁၈၇။ | ၀၆၈၇၆၅ |
| ၁၈၈။ | ၀၆၉၅၁၅ |
| ၁၈၉။ | ၀၆၉၅၁၉ |
| ၁၉၀။ | ၀၆၉၆၂၇ |
| ၁၉၁။ | ၀၆၉၇၁၀ |
| ၁၉၂။ | ၀၇၀၁၁၁ |
| ၁၉၃။ | ၀၇၀၄၀၇ |
| ၁၉၄။ | ၀၇၀၅၇၇ |
| ၁၉၅။ | ၀၇၀၆၄၈ |
| ၁၉၆။ | ၀၇၀၇၃၉ |
| ၁၉၇။ | ၀၇၀၉၇၃ |
| ၁၉၈။ | ၀၇၁၀၇၄ |
| ၁၉၉။ | ၀၇၃၉၃၁ |
| ၂၀၀။ | ၀၉၄၃၀၅ |

Ovaltine မှ အရောင်းကိုယ်စားလှယ်တော်ကြီးများအတွက် ကံထူးရှင်ရွေးချယ်ပွဲကို ဇန်နဝါရီလမှ မတ်လအထိ လစဉ် ရွေးချယ်ချီးမြှင့်ပေးနေပါပြီ။

**အရောင်းကိုယ်စားလှယ်တော်ကြီးများ ပါဝင်ဆင်နွှဲကြပါနို့ !**

# မြေမြှုပ်မိုင်းရှင်းလင်းရေး အမြန်လုပ်သင့်ကြောင်း ကေအင်န်ယူဆို

မြတ်စုမွန်

ရန်ကုန်၊ မတ်- ၂၀

ကရင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ် မဆုံးခင်ကပင်စတင်သင့်ကြောင်းကရင်အမျိုးသားအစည်းအရုံး (KNU) က ပြောကြားလိုက်သည်။

အစိုးရနှင့် လာမည့်ပြေတွင်ငြိမ်းချမ်းရေး ထပ်မံဆွေးနွေးပြီးပါက စစ်ဘေးသင့်ဒေသခံပြည်သူများထံမှ မိုင်းအန္တရာယ်နှင့် သက်ဆိုင်သော သဘောထား စစ်တမ်းကောက်ယူခြင်းများကိုစတင်လုပ်ဆောင်သွားမည်ဟု ကေအင်န်ယူဗဟိုကော်မတီဝင် ဖဒိုစောဒေးဗစ်ထောက 7 Day News သို့ ပြောသည်။

"မိုင်းရှင်းလင်းရေး လုပ်ငန်းတွေ လုပ်ဖို့ နှစ်ဖက်လုံးမှာ တာဝန်ရှိတယ်။ ယုံကြည်မှုတည်ဆောက်နေချိန်မှာလည်း လုပ်ရမယ်။ ငြိမ်းချမ်းရေးဆွေးနွေးပြီးမှ ဆို ရင် နောက်ကျသွားမယ်။ ရွာသားတွေပြန်လာနေမယ့်နေရာတွေမှာမိုင်းတွေကို ကြိုတင်ရှင်းလင်းထားရမယ်" ဟု ဖဒိုစောဒေးဗစ်ထောက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၁၂ ရက်က အစိုးရနှင့်KNUတို့ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ဒေးဗစ်ထောက "ရွာသားတွေက မိုင်းအန္တရာယ်ရှိနေရင်တော့ သွားရဲလာရဲမှာ မဟုတ်ဘူး။ အဓိက သွားလာနေထိုင်တဲ့ နေရာတွေမှာ မိုင်းတွေရှိရင် အမှတ်အသားတွေလုပ်တာ၊ ရှင်းလင်းရေးတွေ လုပ်တာမျိုးတွေ လုပ်မယ်။ တချို့ တောင်ယာလုပ်ငန်းတွေက မိုင်းရှိတဲ့နေရာတွေနားမှာ ဖြစ်နေတယ်"ဟု ဆက်ပြောသည်။

KNU ဗဟိုအလုပ်အမှုဆောင် ဖဒိုမန်းငြိမ်းမောင်အား နိုင်ငံရေးအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းသည် အစိုးရနှင့်ယုံကြည်မှုတည်ဆောက်ရေးကို အထောက်အကူပြုစေကြောင်းနှင့် ပိုမိုတိကျသေချာသည့် အဆင့်တစ်ခုသို့ ရောက်သွားမည့် တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်လာတော့မည်ဖြစ်ကြောင်းလည်း ယင်းက ဆိုသည်။ KNU ၏ ပံ့ပိုးမှုဖြင့် ထိုင်းနိုင်ငံတွင် ပညာသင်ယူခဲ့ပြီး လက်ရှိထိုင်းနယ်စပ်တွင် နေထိုင်လျက်ရှိသည့် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးက "ဒီမှာရောက်နေတဲ့လူတွေပြန်မယ်ဆိုရင် သူတို့ ဘယ်မှာသွားနေရမလဲ။ ပြန်ရောက်ရင်ဘာလုပ်ကိုင်စားသောက်ရမလဲ။ ကျွန်မတို့အတွက်ပြန်လည်နေရာချထားရေး၊ ဘဝလုံခြုံရေးနဲ့ အသက်မွေးဝမ်းကျောင်းတွေ လုပ်ပေးဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ဒေသတွေမှာ ထောင်ထားတဲ့ မိုင်းတွေက ခုထိရှိနေတုန်းပဲ"ဟု 7Day News သို့ ပြောသည်။



အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကေအင်န်ယူတို့ ၂၀၁၁ နှစ်ကုန်ပိုင်းက ဆွေးနွေးနေစဉ်

ကရင်ပြည်နယ်ရှိ စစ်ပွဲများဖြစ်ပွားသည့် ဒေသခံများအနေဖြင့်စစ်ဒဏ်မှ ပုန်းရှောင်ကာ ထိုင်းနယ်စပ်သို့ တောလမ်းမှတစ်ဆင့်ခြေလျင်ခရီးဖြင့်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေထွက်ပြေးပုန်းရှောင်၍ အခြေချနေထိုင်သူများမှာ နှစ်ပေါင်း ၂၀ ပင်ကျော်နေပြီဖြစ်သည်။

ဖဒိုစောဒေးဗစ်ထောက စစ်ပွဲများကြောင့် ရွာပုန်းရွာရှောင်ဖြစ်နေသော ဒေသခံများအတွက် ပြန်လည်လုပ်ကိုင်စားသောက်ရမည့် အခြေအနေများ ဖြစ်ပေါ်စေရန် ဆန္ဒရှိကြောင်း ဆက်ပြောသည်။

"ရွာပုန်းရွာ ရှောင်သမားတွေ ပြန်လာနေထိုင်နိုင်ပြီး ကျေးရွာအုပ်ချုပ်ရေးတွေလည်း ရွာသားတွေကို ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်စေချင်တယ်" ဟု ၎င်းက ဆက်ပြောသည်။

ထို့ပြင် ငြိမ်းချမ်းရေးဆွေးနွေးမှု၏ ရလဒ်တစ်ခုအဖြစ် ယခင်က သွားရေးလာရေး အန္တရာယ်စိုးရိမ်ရသော ကရင်ပြည်နယ်၊ ဒူးပလာယာနယ်မြေရှိကျေးရွာအချို့တွင် ယခုနောက်ပိုင်း နေ့ရောညပါ သွားလာရေး အဆင်ပြေလာသည်ကိုတွေ့ရကြောင်း ဆက်လက်ပြောဆိုသည်။

# နိုင်ငံတကာ မျိုးချစ်ဂုဏ်ရည်ဆု ၈၈ ကျောင်းသားခေါင်းဆောင်များနှင့် ဒေါ်မြင့်မြင့်ခင်ဖေတို့ ရရှိ

အေးသူစံ

ရန်ကုန်၊ မတ် – ၂၆

အမေရိကန်နိုင်ငံ၊ အိုင်အိုဝါအခြေ စိုက် Patriotic Award အဖွဲ့မှ ပေးအပ်သော ၂၀၁၂ ခုနှစ်အတွက် မျိုးချစ်ဂုဏ်ရည်ဆုကို ၈၈ မျိုးဆက်သစ်ကျောင်းသားအဖွဲ့နှင့် နာရေးကူညီမှုအသင်း အတွင်းရေးမှူးဒေါ်မြင့်မြင့်ခင်ဖေတို့ ရရှိခဲ့သည်။

ယင်းဆုမှာ ၈၈ ကျောင်းသားခေါင်းဆောင်များလွတ်မြောက်လာပြီးနောက် ၎င်းတို့အား မည်သို့ ကူညီလျှင် ကောင်းမလဲဟု စဉ်းစားရာမှ အစပြုခဲ့ခြင်းဖြစ်ပြီး ပြည်ပရောက် မျိုးချစ်မြန်မာများက အွန်လိုင်းရှိ လူမှုကွန်ရက်များမှတစ်ဆင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့၏ အဓိကတာဝန်ရှိသူ အရှင်မေတ္တာစာရကမိန့်ကြားသည်။ ယခုဆုမှာ တိုင်းပြည်အတွက် အသက်၊ သွေး၊ချွေး စတေးခဲ့ကြသူများအတွက် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ဒီဆုရတဲ့အတွက် ကျွန်မဂုဏ်ယူပါတယ်။ မြန်မာပြည်မှာ ကျွန်မအလေးထားရဆုံး ၈၈ မျိုးဆက်သစ်ကျောင်းသားတွေနဲ့အတူ ယှဉ်တွဲပေးခံရတဲ့အတွက် ဂုဏ်ယူပါတယ်။ အားလည်းနာပါတယ်။ ကျွန်မ စွန့်လွှတ်အနစ်နာခံထားတယ်ဆိုတာ သူတို့ အိပ်နေသလောက်ပဲရှိပါတယ်။ ကျွန်မထက် သူတို့လိုပဲ တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံခဲ့တဲ့သူတွေရှိပါတယ်။ ဒီထဲကမှ ကျွန်မရရှိခဲ့တဲ့အတွက် အားနာတယ်လို့ ဆိုလိုတာပါ။ ကျွန်မရတဲ့ ဆုငွေထဲက ငါးသိန်းကို ၈၈ ကျောင်းသားအဖွဲ့ကို ပြန်လှူလိုက်ပါတယ်" ဟု ဒေါ်မြင့်မြင့်ခင်ဖေက ပြောသည်။

စာ(၁၂)သို့



Life
7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



# ညလုံးပေါက်စမ်းချောင်း

**ချမ်းငြိမ်း**

(၁)

"ဂိုး. . ဂိုး. . မန်ယူကွ. . မန်ယူ မန်ယူ"

ဘီယာဆိုင်များဆီမှ ဝေါခနဲ လွင့်ထွက်လာသောအသံတွေ စမ်းချောင်းလမ်းမပေါ် ခုန်ပေါက်ကျဆင်းလာသည်။ တစ်ဆက်တည်း နောက်ဆက်တွဲ ထောမနာပြုလိုက်သည့်အသံများ အုတ်အုတ်ကျက်ကျက်ပေါ်ထွက်လာပြန်သည်။ လူတွေ လူတွေ ဘီယာဆိုင်တွေထဲ အပြည့်၊ ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် ဂိုးတွေတစ်ဂိုးပြီး တစ်ဂိုး၊ အယုတ္တအနတ္တအသံတွေလည်း တစ်ချက်တစ်ချက်ပေါ်ထွက်လာ၊ စားသောက်ဆိုင်မီးဖိုများဆီက တငွေ့ငွေ့အူထွက်လာသော မီးခိုးများနဲ့အတူ အသားကင်၊ ငါးကင် ညှော်နံ့တို့ဖြင့် စမ်းချောင်းလမ်းသည် အသားကျ၍နေလေပြီ။ မြေနီကုန်းဘက်မှာတော့ အင်းစိန်၊ ဖော့ကန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာပြန်မည့်သူများ လိုင်းကားစောင့်ဆိုင်းနေသည်မှာနီယွန်မီးရောင်အောက် ပွတ်ခဲကျပ်တည်းနေတော့သည်။ မြို့ထဲဘက်ဆီမှ လိုင်းကားတစ်စီး ထိုးဆိုက်လိုက်တော့ လူတွေ တုတ်ဖြင့်အထိုးခံရသလို တဖွားဖွားပြိုကွဲသွားကြသည်။

ကားတံခါးဝ အလုအယက်တိုးတက်ကြသည်မှာ အပေါက်သေးသေးလေးထဲ ရေတွေတစ်ရှိန်ထိုး စီးဝင်သွားသည်နှင့်ပင် တူပါသည်။

မြေနီကုန်း လမ်းဆုံလေးဘက်လေးတန်မှာ လူတွေ နည်းနည်းနောနောမဟုတ်၊ ကားတွေဆိုက်ကားတွေမီးပွိုင့်လွတ်အောင် အလုအယက်မောင်းကြ၊ ဒဂုံစင်တာအသစ်ကျပ်ချွတ်ကြီးထဲလူငယ်စုံတွဲတစ်တွဲ ခါးချင်းဖက်ဝင်သွားကြသည်။ မြေနီကုန်းပန်းခြံဘေး ကားဂိတ်နေရာမှာတော့ အမှိုက်ပုံကြီးဟည်းထနေသည်။ စည်ပင်ကား မရောက်သေး။ "တာမွေကို တာမွေကို"၊ "ရန်ကင်း. . တောင်ဥက္ကလာ. . ဒဂုံကို" လိုင်းကားတွေ ထိုးဆိုက်လာတော့ ခရီးသည်တွေ အမှိုက်ပုံကို ရှောင်ကွင်းကာ ပြေးကြသည်။ သည်အချိန်မှာပဲ ပန်းခြံထဲမှာစုံတွဲတစ်တွဲ အေးအေးလူလူ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားတွတ်ထိုးနေကြသည်။ တစ်နေကုန် ဂျာနယ်ရောင်းသော အိန္ဒိယအမျိုးသားကြီးကား ဆူညံသံတွေကြား ငုတ်တုတ်ကြီးငိုက်နေလေသည်။ ညလုံးပေါက်ဖွင့်သော ထမင်းကြော်ဆိုင်က ကောင်လေး မီးမွှေးနေသည်။ တက္ကစီသမားတွေက လိုင်းကားဂိတ်ထဲ ထိုးရပ်ကာ ခရီးသည်ကိုမျှော်နေကြသည်။ ဝက်သားတုတ်ထိုးဆိုင်မှာ ကောင်မလေးနှစ်ယောက် တုတ်ထိုးဗန်းထဲ အငမ်းမရကြည့်ရင်း တစ်ချောင်းပြီး တစ်ချောင်း ယူစားနေသလို ခပ်လှမ်းလှမ်းမှ ဈေးဦးမပေါက်သေးသော စာအုပ်အဟောင်း ရောင်းသူက ရှေ့မှဖြတ်သွားသော ခြေထောက်တွေကို ငေးကြည့်နေလေသည်။ မြေနီကုန်း စီးတီးမတ်ထဲမှ မိန်းမဝဝကြီးတစ်ယောက် အထုပ်အပိုးတွေ မနိုင်မနင်းဆွဲကာ ၂ဃ နံပါတ် ရွှေငါးကားထဲ စွေ့ခနဲ ဝင်ထိုင်လိုက်ပြီး တံခါးကို ဂျိုင်းခနဲမြည်အောင် ပိတ်လိုက်သည်။

မတူညီမှုများဖြင့် ပေါင်းစပ်ထားသော မြေနီကုန်းစမ်းချောင်း ညသည် ခါတိုင်းညများလိုပင် သက်ဝင်လှုပ်ရှားလာတော့သည်။

(၂)

ကုန်းဘောင်ခေတ်ဦး စမ်းချောင်းရပ်သည် ချုံနွယ်ပိတ်ပေါင်းများထူပြောပြီး တောင်ကုန်းချိုင့်ဝှမ်းများ ပေါများရာအရပ်ဖြစ်သည်။ ရန်ကုန်ရာဇဝင်သမိုင်းအရ ထိုစဉ်က စမ်းချောင်းရပ်သို့သွားရာ လူသွားလမ်းလေးသည် တစ်ကိုယ်စာ မြေလမ်းလေးသာဖြစ်ခဲ့ပြီး ပတ်ဝန်းကျင်၌ သစ်ပင်ချုံနွယ်များ ပြည့်ကျပ်ကာ ကျားများပင် ခိုအောင်းရာဖြစ်ခဲ့၏။ မြေနီကုန်းစမ်းချောင်းဝန်းကျင်သည် မြေနိမ့်ချိုင့်ထဲတည်ရှိသော မြေပြန့်ဖြစ်၍ အမြင့်မှ စီးဆင်းလာသော စမ်းချောင်းလေးများသည် ယခု ပဒုမ္မာဇာတ်ရုံအနီး စီးဝင်လေ့ရှိခဲ့သည်။ စမ်းချောင်းရပ်တွင် ရှေးဦးစွာ အခြေစိုက် နေထိုင်ကြသူများမှာ ရှမ်းတိုင်းရင်းသားများဖြစ်ပြီး ယခုကျွန်းတောလမ်းတစ်လျှောက် မုန့်လက်ဆောင်းကုန်းဝန်းကျင်၌ အခြေချခဲ့ကြသည်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ၁၈၅၄ ခုနှစ်တွင် လူနေများလာကာ စမ်းချောင်းအရပ်ဟူ၍ပေါ်ထွက်လာသည်။ ၁၈၅၈ တွင် စမ်းချောင်းရွာအဖြစ် တည်ရှိနေပြီဖြစ်ပြီး ၁၈၆၈ ခုနှစ်တွင် ရန်ကုန်မဟာဝန်ရှင်တော်မင်းကြီးက မြေဧက ၄၀ ကို တိုင်းရင်းသားများအား ဝယ်ယူခွင့်ပေးရာမှ တစ်စထက်တစ်စ စည်ကားသိုက်မြိုက်လာပြီး လူနေရပ်ကွက်များပေါ်ထွန်းလာခြင်းဖြစ်သည်။ သီပေါမင်းဆက် မင်းဆွေမင်းမျိုးများနေ၍ မင်းလမ်းဟူ၍လည်းကောင်း၊ မြင်းအရောင်းအဝယ်ပြုလုပ်သော ရှမ်းတိုင်းရင်းသားများနေ၍ ရှမ်းလမ်း (ယခု ဗဟိုလမ်း) ဟူ၍လည်းကောင်း ပေါ်ထွက်လာပြီး ဆရာတော်ဦးအရိယဝံသ ကျောင်းထိုင်သော ဗားကရာကျောင်းကို မွန်ဘာသာဖြင့် ဖယ်ကရား(နောင် ဘားကရား) 'မြစ်ကမ်း၊ချောက်ကမ်းပါးက ကျောင်း' ဟူ၍ အမည်တွင်လာခြင်းဖြစ်သည်။

၁၉၃၆ တွင်စမ်းချောင်းရပ်သည် နိုင်ငံရေးမျိုးချစ်စိတ်နိုးကြားရာအရပ် ဖြစ်လာသည်။ ဒို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ လျှို့ဝှက်တွေ့ဆုံဆွေးနွေး

စာ(၁၁)သို့

---

ဈေးဝယ် ထွက်မယ်






**အိဖြူလွင်**

**ရန်ကုန်၊ မတ် - ၂၃**

စာမေးပွဲတွေအားလုံး ပြီးဆုံးတဲ့ကာလ၊ အားလပ်ရက်ကာလ ရောက်ရှိလာပြန်ပါပြီ။ တစ်နှစ်ပတ်လုံး ပင်ပန်းခဲ့သမျှ အားလုံးအတိုးချပြီး ပျော်ကြတဲ့အချိန်လည်း ဖြစ်ပါတယ်။ တစ်နှစ်လုံးအတွက် အပျော်ရွှင်ဆုံး နှစ်သစ်ကူးပိတ်ရက်ရှည်လည်း ဖြစ်ပါတယ်။

ရာသီဥတုကလည်း အရမ်းပူလာတော့ ပျော်ချင်သူတွေရဲ့ အပန်းဖြေနေရာက ကမ်းခြေတွေ ဖြစ်လာပါတယ်။

ဒီတစ်ပတ်မှာတော့ ပူအိုက်တဲ့ရာသီနဲ့ ကိုက်ညီဖက်ရှင်ကျ လှပလိုသူများနဲ့ သင်္ကြန်မှာ ရှိုးထုတ်ချင်သူများအတွက်ပါ အဆင်ပြေစေမယ့်နေရာတစ်ခုကို ညွှန်ပေးလိုက်ပါတယ်။

ရာသီနဲ့ လိုက်စေတဲ့ အမြင်လည်းမရိုင်းစေတဲ့ ပုံစံဘောင်းဘီတို၊ စကတ်တိုလေးတွေကို သူတို့နဲ့လိုက်ဖက်တဲ့ ပုံစံဖြစ်တဲ့ ကြိုးတစ်ချောင်း အင်္ကျီပုံဆန်းဆန်းလေးတွေကို အရောင်စုံတွေနဲ့ တစ်ဆက်တည်းဝတ်လို့ရတဲ့ ခပ်မိုက်မိုက်အင်္ကျီလေးတွေကိုလည်း ဒီဆိုင်မှာရနိုင်ပါသေးတယ်။

ထိုင်းနိုင်ငံကတင်သွင်းတဲ့ အရည်အသွေးကောင်းတဲ့အဝတ်အထည်တွေကိုပဲ ဒီဆိုင်မှာ တင်ထားတာဖြစ်လို့ သပ်ရပ်တဲ့ ဖက်ရှင်ကျတဲ့ ဒီဇိုင်းတွေကို ဝတ်ချင်သူမိန်းကလေးတွေအတွက်တော့ အကြိုက်တွေ့စေနိုင်မှာပါ။

ဈေးနှုန်းအနေနဲ့လည်း ပုံမှန်ဈေးနှုန်းအတိုင်းသာဖြစ်လို့ သပ်သပ်ရပ်ရပ်နဲ့ စတိုင်ကျတာကိုမှ နှစ်သက်သူ အကောင်းကြိုက်သူတွေအတွက် ပေါ့ပေါ့ပါးပါးဘောင်းဘီတိုစကတ်တိုတွေနဲ့အတူ ကမ်းခြေစတိုင် စကတ်၊ ဂါဝန်အကားလေးတွေကိုပါ ဒီဆိုင်မှာ ရရှိနိုင်ပါသေးတယ်ဆိုတာ လက်တို့လိုက်ပါတယ်နော်။

အလန်းဆုံး၊ အပေါ့ပါးဆုံး စတိုင်တွေနဲ့ အားလပ်ရက်ပိတ်ရက်ကို ဆင်နွှဲဖို့ စီစဉ်ထားသူတွေ အားလုံး တော်ဝင်စင်တာ ပထမထပ်က Theme Fashion ကို သွားကြည့်ဖို့ တိုက်တွန်းလိုက်ပါတယ်။


---



## ဒီညလေး ချက်ကြရအောင်

ဝိုက်ဖီ

## ခွေးတောက်ရွက်ကြော်



ဒီတစ်ပတ်တော့ ဝိုက်ဖီက အလွယ်စာတစ်ခုကို စီစဉ်ထားပါတယ်။ မနက်စာ စားရင်ပဲဖြစ်ဖြစ်၊ ညနေ အဆာပြေစားတဲ့အခါမျိုးမှာပဲဖြစ်ဖြစ် အဆင်ပြေမယ့် အကြော်တစ်မျိုးပါ။

ဒီဟင်းလျာအတွက် ခွေးတောက်ရွက်နဲ့ ဘယာကြော်လည်းလိုအပ်ပါတယ်။ ပထမဆုံး ခွေးတောက်ရွက်နုနုလေးတွေကို ပါးပါးလှီးပါ။ ဘယာကြော်လုံးလေးတွေကို ကတ်ကြေးနဲ့ အနေတော်လေးတွေ ညှပ်ပါမယ်။

ပထမဆုံး ပါးပါးလှီးထားတဲ့ ကြက်သွန်နီကို ဆီထည့်သတ်ပါမယ်။ ပြီးရင် လှီးထားတဲ့ခွေးတောက်ရွက်ထည့်ပါ။

ခွေးတောက်ရွက်တွေ နွမ်းသွားရင်ညှပ်ထားတဲ့ ဘယာကြော်လေးတွေထည့်ပြီး အရသာထည့်ကာ မီးဖိုပေါ်က ချလို့ရပါပြီ။

အညာမှာ နံနက်စာထမင်းကြမ်းနဲ့ တွဲဖက်စားသုံးစရာအဖြစ် စားသုံးလေ့ရှိတဲ့ ခွေးတောက်ရွက်ကြော်ကို မြည်းစမ်းကြည့်ပါဦးလို့။

7DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012




# အယ်ဒီတာ့ထံ ပေးစာ

## ဆရာတစ်ဦး၏ ပြောစကား

မတ်လ ၁၅ ရက်နေ့ထုတ် 7Day News ဂျာနယ်အတွဲ(၁၁)၊ အမှတ်(၂)တွင် ပါခဲ့သော မုံရွာမှ တက္ကသိုလ်ဆရာတစ်ဦး၏ ရင်ဖွင့်သံကိုဖတ်မိလို့ ဒီစာကိုရေးလိုက်ရပါတယ်။ အနန္တောအနန္တငါးပါး ထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ ဆရာတစ်ဦးရဲ့ပြောစကားဟာ ပစ္စုပ္ပန်ရော၊ သံသရာမှာပါ ဝန်လေးစရာ စကားတစ်ခွန်းဖြစ်နေလို့ ကျောင်းသားမိဘတစ်ဦးအနေနဲ့ရော ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ပါ အယ်ဒီတာမှတစ်ဆင့် ပြောကြားလိုက်ပါရစေ။

လစာနဲ့ မလုံလောက်လို့ ကျူရှင်ပေးရတာပါဆိုခဲ့ရင် အခြားအစိုးရလခစားဝန်ထမ်းတွေ (ရာထူး ရှိသော်လည်း ဌာနန္တရမကောင်းသော)အနေဖြင့် အပိုဝင်ငွေရစရာမရှိသော်လည်း မယူမနေရကျူရှင်များ နှိပ်စက်သဖြင့် ဒုက္ခရောက်နေကြရသော မူလတန်းအစ တက္ကသိုလ်အဆုံး ကျောင်းသားမိဘများကို ကိုယ်ချင်းစာငဲ့ညှာကြပါဦးဟူ၍သာ ပဏာမပြောလိုက်ပါရစေ။ ယခု ခေတ်တွင် အများစုသော ဆရာ၊ ဆရာမများ ကျူရှင်ဖြင့်လုပ်စားနေကြသည်ကို မဟုတ်ပါဟုဆိုလာသည်မှာ ပြောင်ပြောင်တင်းတင်း ငြင်းဆန်ရာကျပါသည်။ အားနာပါးနာ ရာခိုင်နှုန်းအရ ပြောရပါလျှင် ၇၅ ရာခိုင်နှုန်းထက်မနည်းသော ဆရာများ လုပ်စားနေကြသည်မှာ ကျူရှင်ဝင်ငွေကြွေးပေးဆပ်နေရသော ကျောင်းသားမိဘအများစု အသိဖြစ်ပါသည်။

ပြဿနာ၏ ဇာစ်မြစ်မှာ ကျောင်းတွင် စာကောင်းစွာမသင်ကြား၍ ကျူရှင်ယူကြရခြင်းဖြစ်ပါသည်။ ဆရာများဘက်က ပြောလာကြပါသည်။ ကျောင်းတွင် အတန်းထဲ၌ ကျောင်းသားများ မရှိ၍ ဟု။ သို့ဖြစ်ပါလျှင် ကျောင်းသားမရှိ၍ စာမသင်တာလား၊ စာမသင်၍ ကျောင်းသားမရှိတာလား၊ သက်ဆိုင်ရာ ကျောင်းအုပ်များ၊ ပါမောက္ခများ၊ ပါမောက္ခချုပ် များအသိဖြစ်ပါမည်။ ယခုအဖြစ် မှာ ဂျာအေးကို သူ့အမေရိုက်တာလား၊ ကြက်ဥနှင့် ကြက်မ အစရှာ မရတာလား မည်သူမျှ အတပ်မပြောနိုင်ပါ။

**တစ်ဖက်သို့**






## စာ-၁၀၊ အယ်ဒီတာ့ထံပေးစာ မှ

နောက်ဆုံးအနေဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မများတွင် သမ္မာအာဇီဝဖြင့် အသက်မွေးမှု မှန်သမျှ ခဲယဉ်းပင်ပန်းပါသည်ဟု သာဟောကြားခဲ့ပါသည်။ မိစ္ဆာဇီဝမှန်သမျှ အသက်မွေးမှုလွယ်ကူသော်လည်း သရဏဂုံပျက်ရာပျက်ကြောင်းဖြစ်သည့်အပြင်ဥပသကာအဖြစ် မည်သည့်အခါမျှ မတည်နိုင်သော ဓမ္မန္တရာယ်ဘေးဆိုးကြီးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်ကောင်းများ မိစ္ဆာဇီဝနည်းဖြင့် အသက်မွေးရန် ခဲယဉ်းလှပါသည်။

သို့ဖြစ်ပါ၍ အနန္တဂိုဏ်းဝင် ဆရာတစ်ဦး ပစ္စုပ္ပန် အန္တရာယ်ကင်းဝေး၍ အသက်မွေးမှုလွယ်ကူသောနည်းကိုသုံးရန် စဉ်းစားပြီ ဆိုလျှင် ထိုသို့သော ဆရာ၊ဆရာမများ၏သင်ကြားပို့ချမှုအောက်တွင် ရှိနေမည့်ကျောင်းသားများ၏ ပစ္စုပ္ပန်နှင့်သံသရာအရေးကိုတွေးတောကြောက်ရွံ့မိပါကြောင်း ဗုဒ္ဓဘာသာဝင်ဝန်ထမ်းမိဘတစ်ဦးအနေဖြင့် ရင်ဖွင့်လိုက်ရပါသည်။

**ကျောင်းသားမိဘတစ်ဦး**

# စာ-၉၊ ညလုံးပေါက်စမ်းချောင်း မှ

နယ်ချဲ့အား မောင်းထုတ်ရန်၊လွတ်လပ်ရေးအရယူရန်တွေ့ဆုံဆွေးနွေးရာ အရပ်ဖြစ်လာသည်။ စမ်းချောင်း အရပ်သည် သစ်ရိပ်ဝါးရိပ်ကောင်းပြီး အပင်ကြီးများပေါများ၍ ရာသီဥတုသမမျှတသောအရပ်ဖြစ်ခဲ့သည်။ ရှေးအခါက ရှမ်းတိုင်းရင်းသားများသာနေခဲ့သော်လည်း ကြည့်မြင်တိုင်နှင့်ဆက်စပ်၍ မြန်မာနှင့်မွန်လူမျိုးများ အခြေချကြရာမှ လုံးချင်းပျဉ်ထောင်သွပ်မိုးအိမ်လေးများ၊ တိုက်ခံပျဉ်ထောင်အိမ်လေးများဖြင့် တစ်စတစ်စစည်ကားလာပြီး အလှူအတန်းရက်ရောရာအရပ်လည်းဖြစ်လာ၏။ ထိုစဉ်က စမ်းချောင်းသူ၊စမ်းချောင်းသားများ အလှူအတန်း၌ မည်မျှရက်ရောသည်ကို ဘာမင်ဂန်ဆရာတော်ကြီး ဒေါက်တာရေဝတဓမ္မ ကိုယ်ရင်ဘဝက ရှမ်းလမ်းပေါ်ရှိ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၌ စာပေသင်ကြားစဉ် ဆွမ်းကွမ်းရှားပါး၍ ကျောင်းရှိသံဃာများအားလုံး ဆွမ်းခံထွက်ရာ၌ အပါးတစ်ရာကျော်မျှရှိသောသံဃာတန်းကြီးကို ကြည်ညိုသဒ္ဓါပေါက်လွန်း၍ ပုသိမ်လမ်း၊ ဖျာပုံလမ်း၊ ဝါးခယ်မလမ်း၊ ညောင်တုန်းလမ်း အစရှိသည်တို့မှ ရပ်ကွက်သူ၊ ရပ်ကွက်သားများ ဆွမ်းထွက်လောင်းရာ တစ်နေ့မျှ ဆွမ်းခံရုံဖြင့် တစ်နှစ်တာပတ်လုံး စားလောက်အောင်ရရှိခဲ့ကြောင်း မှတ်တမ်းတစ်ခုအရသိရသည်။

အမြဲလိုလို စိမ်းစိုစိုဖြင့် သစ်ပင်ကြီးများအုံ့ဆိုင်းနေသော၊ လုံးချင်းအိမ်လေးများ စီစီရီရီတည်ရှိခဲ့သော စမ်းချောင်းဝန်းကျင်သည် ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ အပြောင်းလဲကြီးပြောင်းလဲလာသည်။ မြေနီကုန်းညဈေးကို ဖျက်၍ ဒဂုံစင်တာနှင့် မြေနီကုန်းပလာဇာဟူ၍ အထပ်မြင့်အဆောက်အအုံကြီးဆောက်လိုက်ကြသည်။ ရုပ်ရှင်ရုံတွေဖျက်လိုက်ကြသည်။ လမ်းတိုင်းလိုလိုမှာ အိမ်အိုအိမ်ဟောင်းများသာမက အတန်ငယ် သစ်လွင်သေးသော တစ်ထပ်၊နှစ်ထပ်တိုက်ငယ်လေးများကို ဖျက်ချကာ ကန်ထရိုက်တိုက်တွေ ဆောက်ကြသည်။ မလွတ်ကင်းသောသစ်ပင်တွေကို ခုတ်ပစ်သည်။ မြို့ပြဖွံ့ထွားလာမှုနှင့်အတူ ကန်ထရိုက်တိုက်သစ်များ အပြိုင်းအရိုင်းပေါ်လာပြီး မျက်နှာစိမ်းတွေ ဝင်ရောက်လာကြသည်။ ဟိုဘက်ခန်း သည်ဘက်ခန်းမသိကြတော့၊ ၉၄-၉၅ လောက်မှာ ပဒုမ္မာ ဘောလုံးကွင်းကြီး ပတ်ပတ်လည် သုံးထပ်တိုက်ခန်းများဆောက်လုပ်ခြင်းဖြင့်စတိုးဆိုင်၊ စားသောက်ဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊အလှပြင်ခန်းမစသဖြင့်ဆိုင်ခန်းတန်းကြီး နေ့ချင်းညချင်းအရှင်မွေးသလို ပေါ်ထွက်လာပါသည်။ လျှပ်စစ်မီး တစ်ခါပျက်လေတိုင်း ထိုဆိုင်ခန်းများဆီမှ မီးစက်သံ 'တဖုန်းဖုန်း' နဲ့အတူ ညှော်နံ့ကအနီးဝန်းကျင်တစ်ခုလုံးရိုက်ခတ်သွားတော့သည်။

လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေပေါက်ကံ၊ ပုလဲမြို့သစ်၊ ဒဂုံမြို့သစ်စသည့်မြို့သစ်များ ပေါ်ထွန်းလာခြင်း၊ အစိုးရရုံးများ ရန်ကုန်မြို့လယ်အခြေစိုက်ရာမှ နေပြည်တော် ပြောင်းရွှေ့သွားခြင်းဖြင့်မြေနီကုန်း၊ လှည်းတန်း၊ ရွှေဂုံတိုင်၊ တာမွေအရပ်တို့သည် ပါရာဒိုင်းပြောင်းလဲသွားပြီး မြို့တော်၏ အချက်အချာကျရာ ဇဟိုဖြစ်လာသည်။ မြေနီကုန်းလမ်းဆုံမှ ရန်ကုန်တစ်မြို့လုံးသာမက မြန်မာပြည်အရပ်ရပ်သို့ ထွက်ပေါက်အဖြစ် အသုံးပြုနိုင်၍ စမ်းချောင်းအိမ်၊ခြံ၊မြေဈေး တရိပ်ရိပ်တက်လာသည်။ အိမ်ငှားခတွေ တစ်ဟုန်ထိုးတက်သွားသည်။ အချို့မြို့ပြင်ရောက်သူရောက်၊ မြို့သစ်ရွှေ့သူရွှေ့ဖြစ်ကုန်သည်။ နှစ်ဆယ့်လေးနာရီပတ်လုံး အသံဗလံများဖြင့် ညံစီနေသောအရပ်မှာ စမ်းချောင်းဖြစ်လာပါ၏။

(၃)

ယင်းသို့ ညံစီနေသော စမ်းချောင်းရပ်တွင် ရှေးယခင်ကမူနိုင်ငံရေးနှင့် အနုပညာနယ်ပယ်၌ ဦးဆောင်ဦးရွက်ပြုခဲ့ကြသည့် ပုဂ္ဂိုလ်အချို့နေထိုင်သွားပါ၏။ စမ်းချောင်းသည် ထင်ရှားသည့် လူပုဂ္ဂိုလ်များ နေထိုင်ခဲ့ရာ မြို့နယ်တစ်မြို့နယ်ဆိုလျှင်လည်း မှားမည်မဟုတ်၊ မြန်မာ့နိုင်ငံရေးနှင့်စာပေနယ်ပယ်တွင်ဩဇာအညောင်းဆုံးဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် စမ်းချောင်း ချမ်းသာလမ်း အိမ်အမှတ်(၅)၌ သမက်ဖြစ်သူစာရေးဆရာကြီးဇေယျနှင့်နေထိုင်သွားသည်။ စမ်းရေတွင်းလမ်းမှာ သခင်သန်းထွန်း နေထိုင်ခဲ့သည်။ ဆီဆုံလမ်းမှာ ဗိုလ်ရဲထွဋ်(ရဲဘော်သုံးကျိပ်)နှင့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော နေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကိုတာဝန်ခံပြုစုခဲ့သည့် ဗိုလ်သိမ်းဆွေ လက်ပံလမ်းမှာနေခဲ့သည်။ မဟာမြိုင်ဆေးရုံအနီး မြေနုလမ်းတွင်'မြင်းခွာတစ်ချက်ပေါက်လျှင် မီးဟုန်းဟုန်းတောက်စေရမည်' သခင်ဗဟိန်းနှင့် မင်းသားကြီးကျော်ဆွေနေခဲ့သည်။ ပဒုမ္မာလမ်းမှာစာရေးဆရာကြီး ဦးဉာဏနှင့် ဦးသိန်းဖေမြင့်နေခဲ့သလို မင်းလမ်းမှာ ဝန်ကြီးချုပ်ဟောင်းဦးကျော်ငြိမ်း အကောက်တော်အရာရှိဘဝက နေခဲ့သည်။ ခတ္တာလမ်းမှာ သံမဏိဗိုလ်ခင်မောင်နေခဲ့သည်။ ရှမ်းလမ်းမှာ သတင်းစာဆရာကြီး ဗမာ့ခေတ် ဦးအုန်းခင်နေထိုင်သွားသလို ဆန်းသီရိရုပ်ရှင်ရုံနေရာတွင်ဒို့ဗမာအစည်းအရုံးဝင် သခင်မောင်မောင်နေခဲ့သည်။ ညောင်တုန်းလမ်းမှာ ဆရာသော်တာဆွေ၊ မင်းကျော်နှင့် နိုင်ငံကျော်အဆိုတော်တွံတေးသိန်းတန်နေထိုင်သွားပါသည်။ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင်နှင့်ဇန်းမော်တင်အောင်တို့ အောင်သပြေလမ်းမှာနေခဲ့ဖူးသလိုစာရေးဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ပုသိမ်လမ်းမှာနေခဲ့သည်။ မြေနီကုန်းဈေးလမ်းအနီးဒို့ဗမာ အစည်းအရုံးဝင် သခင်အောင်ဖေ (မိုးဂျာနယ်)နေခဲ့သလိုယခုစီးတီးမတ်နားမှာသခင်အောင်ကြီး(ပေါင်းတည်)နေခဲ့သည်။ ရန်ကင်းလမ်းမှာ ဒို့ဗမာအစည်းအရုံးဝင် သခင်လှကွန်း(မိုးညို) နေခဲ့သလို ဗိုလ်မိုးလမ်းမှာ လွတ်လပ်ရေးတိုက်ပွဲတွင် အသက်စွန့်ခဲ့သူ ဗိုလ်မိုးနှင့် ပြည်မြို့ဖွား အဆိုတော်၊ ပန်းချီဆရာ ခင်ဝမ်းနေခဲ့သည်။ ဖျာပုံလမ်းမှာ ဆရာမြသန်းတင့်နေခဲ့သလို သီရိမင်္ဂလာလမ်းမှာ တေးရေးမောင်သစ်မင်းနေခဲ့သည်။ စာရေးဆရာများဖြစ်ကြသော သခင်မြသန်း၊ ကောက်လှိုင်းနှင့် ကဗျာဆရာ ငသိုင်းချောင်းဝံသာ၊ အညာတမာတို့စမ်းချောင်းမှာအခြေချကြသည်။ ဗေဒင်ပညာရှင်ဆရာစန္ဒြနှင့် တိုင်းရင်းဆေးဆရာကြီး ခရမ်းဦးချစ်တင် စမ်းချောင်းမှာပင် နေခဲ့သည်။ ကျွန်းတောလမ်းပေါ်မှာ ရုပ်ရှင်ပညာရှင်ကြီး ရွှေညာမောင်နေခဲ့ပါသည်။

ယနေ့အချိန်တွင် ဦးဝိစာရလမ်းဘလေဇွန်မျက်စောင်းထိုးမှာ သတင်းစာဆရာကြီးဂါးဒီးယန်းဦးစိန်ဝင်းနေသလို သီရိမင်္ဂလာလမ်းထဲမှာ အောင်ကိုလတ်နှင့်J-meရှိသည်။ ဝေဠုဝန်စမ်းချောင်းမှာ ကိုသန်း (ကြည့်မြင်တိုင်) ရှိသည်။ ရှမ်းကုန်းလမ်းမှာ ဇာဂနာနှင့် သက်မွန်မြင့်တို့နေကြသည်။ ဇေယျဝတီလမ်းမှာ ဟာသသရုပ်ဆောင် ကင်းကောင်နှင့် စာရေးဆရာသင်းရီနေသည်။ အင်န်ဒီအက်ဖ် ခမောက်ပါတီခေါင်းဆောင်ဦးခင်မောင်ဆွေနှင့် ကဗျာဆရာ သျှီသူအောင် ရွှေလဝင်းလမ်းမှာနေကြသည်။ မြေနီကုန်းပလာဇာမှာ စင်ရော်မောင်မောင်ရှိသလို ပဏ္ဍိတလမ်းမှာငြိမ်းအေးအိမ်နေပါသည်။ ဆီဆုံလမ်းမှာ စာရေးဆရာကြည်မင်း (ကျော်စောမင်း)နှင့်ဂျူးတို့၏ တိုက်ခန်းလေးတွေရှိသည်။ ဓမ္မိကဝတီလမ်းမှာ စာရေးဆရာကြီးဦးအောင်သင်းနေသလိုမြဝတီလမ်းမှာ The Voice ဂျာနယ် အယ်ဒီတာချုပ်(ဦး)ကျော်မင်းဆွေနေသည်။ စမ်းရေတွင်းလမ်းမှာ မသီတာ(စမ်းချောင်း)နှင့် ကဗျာဆရာမ ခင်ဝင်းသစ်နေသလို စမ်းချောင်းလမ်းပေါ်မှာ ကာတွန်းဆရာစိုးသော်တာ(ဆာသော်ဒိုး)ရှိသည်။ ဒေါက်တာဇော်သန်းက စမ်းချောင်းမီးသတ်ဘေး ကွန်ဒိုမှာနေသလိုဟာသပညာရှင်မေတ္တာ၏ တိုက်ခန်းလေး ကျွန်းတောလမ်းမှာရှိသည်။ စာရေးဆရာမောင်သာပြည့်၊ စာရေးဆရာမ နှင်းဝေငြိမ်း၊ ဂစ်တာကိုစိုင်း၊ ကဗျာဆရာလူဆန်း၊ အဆိုတော်နောနော်၊ အာတီချုပ်၊ အေသင်ချိုဆွေနှင့် မောင်ချောနွယ်၏ မမမြင့်တို့ စမ်းချောင်းမှာ အခြေချကြသည်။ ရွှေသံစဉ် ဂီတမှူးကိုဝင်းမော်နှင့် အဆိုတော်ဉာဏ်လင်းအောင် ပုသိမ်လမ်းမှာ နေပါသည်။

(၄)

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဆုံးတော့ ချမ်းသာလမ်းနေအိမ်တွင် သုံးရက်ထားပြီး အများပြည်သူ ဂါရဝပြုနိုင်ရန် ဈာပနကော်မတီက ကြီးမှူး၍ အိမ်ရှေ့မဏ္ဍပ်၌ လေးရက်ထားရှိကာ အစိုးရ၏စီစဉ်မှုဖြင့် စမ်းချောင်းပဒုမ္မာဘောလုံးကွင်းအတွင်းသို့ ရုပ်ကလာပ်အား သယ်ယူခဲ့ပြီး မြန်မာပြည်အနယ်နယ်အရပ်ရပ်မှရဟန်းရှင်လူပြည်သူများနောက်ဆုံးဂါရဝပြုနိုင်ရန် နိုင်ငံတော်မဏ္ဍပ်၌ ဆယ်ရက်တိုင်ထားရှိခဲ့ပါသည်။ နေအိမ်ရှေ့မဏ္ဍပ်မှပဒုမ္မာကွင်းသို့ ရုပ်ကလာပ်အား သယ်ဆောင်ရာတွင် မှန်ခေါင်းရှေ့၌ ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာဇေယျတို့လိုက်ပါခဲ့ပြီး ရွှေထီးလေးလက်မိုးကာ သယ်ဆောင်ခဲ့ကြသည်။ စမ်းချောင်း ပဒုမ္မာဘောလုံးကွင်းရှိ နိုင်ငံတော်အစိုးရမဏ္ဍပ်သို့ရောက်သောအခါ ရုပ်ကလာပ်မှန်ခေါင်းကို ဝါ၊ စိမ်း၊ နီသုံးရောင်ခြယ် ဆင့်ခံထားသည့် စင်မြင့်ပေါ်ရှိငွေသလွန်ထက်တွင် တင်ဆောင်ပြီး မင်းတပ်ထိပ်ခေါင်တပ်ဘုရားနှင့် ဆွေတော်မျိုးတော်တို့က ပေးပို့လှူဒါန်းသော ရွှေထီးလေးလက်မိုးကာ အလံဆယ့်နှစ်ခုအား စိုက်ထူထားရှိခဲ့သည်။ ယင်းအလံများမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘဝတစ်လျှောက် ဆက်စပ်သည့် လှုပ်ရှားမှုအလံများဖြစ်ပါသည်။ ထိုအလံများထဲတွင် ဂျီစီဘီအေ၊ သုံးရောင်ခြယ်ဒေါင်းအလံ၊ ဘီအိုင်အေ၊ ဘီဒီအေ၊ ဖက်ဆစ်တော်လှန်ရေးအလံများ၊ တူတံစဉ်အလံ၊ ပြည်ထောင်စုအလံ၊ ကမ္ဘာ့ငြိမ်းချမ်းရေးအလံ၊ပြည်တွင်းငြိမ်းချမ်းရေးအလံများပါဝင်ခဲ့သည်။ ယင်းသို့သော ဂုဏ်ပြုမှုမျိုး မြန်မာ့သမိုင်းတွင် ယခင်က မရှိခဲ့၊ နောင်လည်း ရှိလိမ့်မည်မဟုတ်ပေ။ သခင်ကိုယ်တော်မှိုင်းတည်းဟူသောပုဂ္ဂိုလ်မျိုးကား မြန်မာ့နိုင်ငံရေး သမိုင်းတွင် နှစ်ယောက်မရှိနိုင်သောပုဂ္ဂိုလ်အဖြစ် ယင်းအလံများက ပြသနေခဲ့သည်။

ဆရာကြီးရုပ်ကလာပ်အား အများပြည်သူဂါရဝပြုစဉ်အတွင်း ဈာပန ကော်မတီက ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ရှင်လူပုဂ္ဂိုလ်တို့အား ဆရာကြီး၏ ဘဝတစ်သက်တာကာလပတ်လုံး စွမ်းဆောင်ချက်များကို သိရှိနိုင်ရန် အတ္ထုပ္ပတ္တိပြခန်းပါ ဖွင့်လှစ်ပြသခဲ့သည်။ ထိုပြခန်းတွင် ဆရာကြီးရေးသားပြုစုခဲ့သည့် စာအုပ်စာတမ်းများ၊ ကိုင်တွယ်သုံးစွဲခဲ့သော အသုံးအဆောင်ပစ္စည်းများနှင့် စတာလင်ငြိမ်းချမ်းရေးဆု၊ အရှေ့ဂျာမနီနိုင်ငံ ဟမ်းဘတ်တက္ကသိုလ်မှ ချီးမြှင့်ခဲ့သည့် ပါရဂူဘွဲ့၊ ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်မဟာ(၁)တွင် အသုံးပြုခဲ့သော တပ်ဦးအောင်လံ၊ ပြည်တွင်းပြည်ပမှ ဆရာကြီးထံ အမှတ်တရပေးပို့ခဲ့သော ပစ္စည်းများပြသခဲ့ရာ နေ့စဉ် လူပေါင်းသောင်းကျော် လာရောက်ဂါရဝပြုလေ့လာခဲ့ကြသည်။ ထို့ပြင် ဆရာကြီး၏ ဘဝဖြစ်စဉ်နှင့် ကိုယ်ကျိုးမဖက်စွမ်းဆောင်ချက်များ အများပြည်သူ သဘောပေါက်နားလည်ကြစေရန်ရည်ရွယ်၍ ဟောပြောပွဲများ သုံးညတိုင်တိုင်ကျင်းပခဲ့ရာ ကြိတ်ကြိတ်တိုး လာရောက်နားထောင်ခဲ့ကြသည်။ ၁၉၆၄ ဩဂုတ် ၁ ရက်ညတွင် လူထုဦးလှ၊ နန်းညွန့်ဆွေ၊ ငွေဥဒေါင်း၊ ဆရာသုခနှင့် စာရေးဆရာ မင်းအောင်တို့က ဆရာကြီး၏ ဘဝဖြစ်စဉ်နှင့် လေးချိုးကြီးများကို အသံနေအသံထားအပြည့် ဟောပြောရွတ်ဆိုသွားကြသည်။ ဩဂုတ်လ ၃ ရက်ညတွင် အမျိုးသားစာဆို ဆရာဇော်ဂျီ၊ ကန္တီဦးလူညွန့်နှင့် ရွှေညာမောင်တို့က ဟောပြောရွတ်ဆိုခဲ့ကြသည်။ ဩဂုတ်လ ၅ ရက်ညတွင် ဘကြီးဘဘော၊ စောညိုစိမ့်၊ စောမုံညင်း၊ ဆရာသုခနှင့် ကဗျာဆရာကြီး မင်းသုဝဏ်တို့က ဟောပြောရွတ်ဆိုကြလေရာ ညစဉ်ညတိုင်း ပရိသတ်ထောင်ချီ တက်ရောက်နားထောင်ဂါရဝပြုခဲ့ကြသည်။ ထိုစဉ်က စမ်းချောင်း ပဒုမ္မာကွင်းဝန်းကျင်သည် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့်ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် လူထုသည် သဲသဲလှုပ် စိတ်လှုပ်ရှားနေခဲ့ကြသည်။ ၁၉၆၄ ဩဂုတ်လ ၈ ရက်နေ့တွင်ကား ဆရာကြီး၏ ရုပ်ကလာပ်ကိုရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီး မြေနေရာ၌ ဂူသွင်းမြှုပ်နှံရန် စီစဉ်ပို့ဆောင်ခဲ့ကြသည်။

ဆရာကြီး၏ ရုပ်ကလာပ်ပေါ်တွင်ကား ပင်နီအင်္ကျီနှင့်'ငြိမ်းချမ်းရေးချိုးဖြူရုပ်များ' ရေးထိုးထားသော ယောပုဆိုးက လွှမ်းခြုံထားလေသည်။

(၅)

ညဥ့်သည် နက်သထက်နက်လာသည်။ စမ်းချောင်းလမ်းတစ်လျှောက်ပဒုမ္မာကွင်းတစ်လျှောက်ကား ညကိုမေ့လျော့နေကြသည်။ စီးရီးအေ၊ ပရီးမီးယားလိဂ် ပွဲတွေက တစ်ပွဲပြီးတစ်ပွဲ၊ ဘီယာရည်တွေက သွန်ချလိုက်သည့် အလားဆိုင်တွေမှာ စည်တွေ တစ်စည်ပြီးတစ်စည်ဖွင့်နေရသည်။ ငါးတွေတစ်ကောင်ပြီး တစ်ကောင်၊ အကင်တွေ တစ်ကင်ပြီး တစ်ကင်၊ ဘီယာကုန်သွားတော့ ယမကာဝိုင်းကိုဆက်ကြသည်။ ပဒုမ္မာလမ်း၊ စမ်းချောင်းလမ်းတစ်လျှောက်ဖြတ်သွားဖြတ်လာ မိန်းမပျိုလေးများအား ယမကာထွေထွေနှင့်ကြည့်သူကကြည့်၊ မကြာခဏဆိုသလို မျက်နှာချင်းဆိုင်မောင်းလာသောကားတွေ ခေါင်းချင်းဆိုင်၍ ရှေ့တိုးမရ၊ နောက်ဆုတ် မရဟွန်းတွေ အဆက်မပြတ်တီးကြ၊ဆိုက်ကားတွေအဆက်မပြတ် ဘဲလ်သံပေးကြ၊ဘောလုံးပွဲတွေအရှိန်ကောင်းနေတုန်း လူငယ်တစ်စု ဘာဆိုင်းဘုတ်မှမရှိသော မှန်အမည်းနဲ့ အလှူမီနီယမ်တံခါးနောက်ဝင်သွား၊ အဝမှာ စောင့်ကြိုသူအချို့၊ ဘာလဲ. . ဘာလဲ တံခါးနောက်မှာ ဘယ်သူတွေလဲ။ ညဥ့်အတော်နက်လာတော့ ဘီယာဆိုင်တွေ သိမ်းလုပြီ။ သောက်ချင်ရင် အပေါ်တက်သောက်၊ဆိုင်တံခါးပိတ်တော့မည်။ ကိုယ်စီ ခွက်လေးများ ကိုင်ကာ အပေါ် ထပ်များသို့ ရွှေ့ စပိန်လာလီဂါပွဲတွေ ရှိသေးသည်။

အပြင်ဘက်မှာတော့ နွေလေပူကြီး တစ်ချက် ဝေ့ဝဲတိုက်လိုက်တိုင်း အကာအရံအချို့ ချီးချီးချွတ်ချွတ်မြည်သွားသည်။ ပဒုမ္မာထိပ်နှင့် စမ်းချောင်းလမ်းထိပ်မှာ တက္ကစီတွေ ညလုံးပေါက်ရှိသည်။ လက်ဖက်ရည်ဆိုင်တွေ ညလုံးပေါက်ဖွင့်ကြသည်။ စတိုးဆိုင်အချို့ညလုံးပေါက်ဖွင့်ကြသည်။ မနက်ကြီး သုံးနာရီ ဝယ်ချင်တာဝယ်၊ လမ်းပေါ်မှာ 'တဖုတ်ဖုတ်'နဲ့ ဆိုင်ကယ်အချို့ မောင်းလာကြ၊ မှန်တံခါးအမည်းပိတ်ထားသော အခန်းတွေရှေ့လာရပ်ကြ၊ ပျာပျာသလဲဖွင့်ပေးကြ၊ စကားတီးတိုးပြော၊ ဆိုင်ကယ်များ ပြန်ထွက်သွား၊ နှစ်ဦး နှစ်ဖက် အဆင်ပြေရင် ပြီးရော၊ ခုနက မှန်အမည်းနဲ့ အလူမီနီယမ်တံခါးနောက်ခပ်ကုပ်ကုပ်ဝင်သွားသည့် လူငယ်တစ်စု ခေါင်းမော့ရင်ကော့ကာပြန်ထွက်လာ၊ဖာတစ်လုံးခေါင်းကျားဇာတ်ကားထဲကလို "အို. . အသင်လောက. . "လို့သာ ဟစ်ကြွေးလိုက်ချင်သည်။

(၆)

အချိန်ကာလ၏ ရွေ့လျောခြင်းနှင့်အတူ တစ်ချိန်က စံချိန်စံညွှန်းထားခဲ့သမျှ မူလတန်ဖိုးတွေ ပျက်စီးကုန်တာကိုတော့ နှမြောလွန်းလှသည်။ ရုပ်ဝတ္ထုများ၏ ခြယ်လှယ်မှုအောက်၊ လူတို့၏ အလိုရမ္မက်ကြီးမှုအောက် ပျောက်ဆုံးသွားသော သဘာဝအလှတရားတွေ၊ ပျက်စီးသွားသော လူ့တန်ဖိုးတွေကို အလွန်နှမြောမိပါသည်။ အထူးသဖြင့် သမိုင်းတန်ဖိုးကို လုံးလုံးမသိသူများက သမိုင်းသစ်ရေးထိုးနေကြတော့ သက်ပြင်းကိုသာ အခါခါ ချမိလေတော့သည်။ အရှေ့အရုဏ်ကျင်းလုပြီ။

ညဥ့်ငှက်တွေ အိပ်တန်းပြန်တက်ချိန်မှာ နေ့သစ်သည် တစ်ကျော့ပြန်စတော့မည်။

ညလုံးပေါက် စမ်းချောင်းကတော့ မိုးလင်းမိုးချုပ် သူနဲ့မဆိုင်သလို ရာသီစက်ဝိုင်းထဲ အမြဲလှည့်လည်နေပေဦးတော့မည်။

7 DAY NEWS JOURNAL
Vol.11, No.4 · MARCH 29 , 2012

## မျက်နှာဖုံး—ကချင်ပြည်နယ်တွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ ဒီချုပ်နှင့်ကေအိုင်အိုတို့ ကြေညာချက်အသီးသီးထုတ်ပြန် မှ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကြေညာချက်တွင် ကေအိုင်အို (ကချင်လွတ်မြောက်ရေးအဖွဲ့)နှင့် ဆွေးနွေးညှိနှိုင်းရန်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသော်လည်းကောင်း၊ အစိုးရအနေနှင့်သော်လည်းကောင်း လုပ်ဆောင်ပေးလျှင်ဧပြီတစ်ရက်တွင် ကချင်ပြည်နယ်၌ ရွေးကောက်ပွဲများ ကျင်းပသွားနိုင်မည်ဟု ယုံကြည်ကြောင်းရေးသားထုတ်ပြန်ခဲ့သည်။ ဒီချုပ်၏ကြေညာချက်တွင် နိုဗယ်ငြိမ်းချမ်းရေးဆု ရရှိထားသော ဒေါ်အောင်ဆန်းစုကြည်အနေနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုလိုလားကြောင်းနှင့် ကူညီပံ့ပိုးရန်အဆင်သင့်ရှိကြောင်း ဖော်ပြထားသည်။

ကေအိုင်အိုဘက်ကလည်း မတ်လ ၂၅ရက်နေ့စွဲဖြင့်အချက် ၁၉ချက်ပါရှိသော 'ပြည်သူလူထုထံသို့အသိပေးထုတ်ပြန်ကြေညာချက်'ဟု အမည်တပ်ထားသော ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာ အချက်များမှ အမှတ်စဉ် ၁၃၌ ကေအိုင်အိုသည် ရွေးကောက်ပွဲအား အနှောင့်အယှက်ပေးမည် မဟုတ်ကြောင်း၊ ကချင်လူထုအနေဖြင့် ရွေးကောက်ပွဲတွင် မိမိတို့ ဆန္ဒအလျောက် ဆန္ဒမဲပေးကြပါရန် တိုက်တွန်းပါသည်ဟု ဖော်ပြပါရှိသည်။

ကချင်ပြည်နယ်အတွင်းရှိဗန်းမော်၊မိုးကောင်း၊ဖားကန့်မဲဆန္ဒနယ်များတွင်လုံခြုံရေးအရ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသဖြင့် ယင်းမဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကိုကျင်းပပေးမည်မဟုတ်ဘဲ ရွှေ့ဆိုင်းလိုက်ကြောင်း မတ်လ ၂၃ရက် ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။ ကချင်ပြည်နယ်တွင်ဗမာ့တပ်မတော်နှင့် ကေအိုင်အေ (ကချင်လွတ်မြောက်ရေးတပ်မတော်)တို့ အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ ၂၀၁၁ ခုနှစ်ဇွန်လ ၉ရက်ကတည်းကဖြစ်ပြီး ကိုးလကျော်ကြာမြင့်ခဲ့ပြီဖြစ်ကာ ယနေ့တိုင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခြင်းမရှိသေးပေ။

# အာဖရိကသို့ သင်္ကြန်မတိုင်မီ ဆန်တန်ချိန် လေးသောင်းတင်ပို့မည်

**ပြည်သိမ်း**

**ရန်ကုန်၊**

**မတ် - ၂၄**

သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းတွင်အာဖရိကဈေးကွက်သို့ ဆန်တန်ချိန်လေးသောင်းတင်ပို့ရန်ရှိကြောင်းမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှာ သိရသည်။

အိန္ဒိယမှ အာဖရိကဈေးကွက်သို့ဆန်တင်ပို့မှု လျော့ကျလာခြင်း၊ မြန်မာဆန်သည် နွေရာသီရောက်လာသဖြင့် ရေငွေ့ပါဝင်မှု သတ်မှတ်ချက်အတိုင်း ထိန်းချုပ်နိုင်ခြင်းတို့ကြောင့် အာဖရိကသို့ ပြန်လည်တင်ပို့နိုင်ခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆိုသည်။

အာဖရိကသို့တင်ပို့ရာတွင် လက်ရှိမြန်မာ့ဆန်ဈေးမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၃၅ သာ ရရှိသည်။ ပြည်တွင်းဈေးကွက်၌လည်းအာဖရိကမှ ဝယ်ယူမှုများ ရှိလာသော်လည်း ဈေးနှုန်းမပြောင်းလဲဘဲ ၂၅ မှတ်ဆန်တစ်အိတ်ကို ၁၁,၇၀၀ ကျပ်ဝန်းကျင်သာ ရှိသည်။

နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ဆန်တင်ပို့ရာတွင် မြန်မာနိုင်ငံဘက်မှ တရားဝင်ခွင့်ပြုထားသော်လည်း တရုတ်နိုင်ငံဘက်က ဒေသခံလယ်သမားများ အကျိုးကို ထိခိုက်မည်စိုး၍ ခွင့်ပြုပေးခြင်းမရှိပေ။ ယူနန်ပြည်နယ်တွင် ဒေသတွင်းဆန်ဈေးနှုန်း ကြီးသည့်အတွက် လုပ်ငန်းရှင်များက မြန်မာ့ဆန်ကိုသာ ဝယ်ယူခြင်းဖြစ်သည်။

ယူနန်ပြည်နယ်မှ ထွက်သည့်ဆန်သည်တစ်အိတ်ကိုယွမ် ၂၁၀ ဈေးရှိသည်။ မြန်မာနိုင်ငံမှ တင်ပို့သည့်ငစိန်ဆန်မှာတစ်အိတ်ကိုယွမ်၁၅၀ ဝန်းကျင်သာရှိသည်။ နယ်စပ်၌ တရုတ်-မြန်မာလက်ရှိငွေလဲနှုန်း ကျပ်၁၀၀၀ ကို ၇ ဒသမ ၇၈ ယွမ်ဖြင့်ဆိုလျှင် ငစိန် ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀ ကျော်ရှိသည်။ သယ်ယူစရိတ် စုစုပေါင်းမှာ ဆန်တစ်အိတ်ကိုကျပ် ၅၁၀၀၀ ကျော်ရှိသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်တင်ပို့မှုမှာ ၂၀၀၈ ဒီဇင်ဘာတွင် စတင်ခွင့်ပြုပြီး ၂၀၁၁ ဇန်နဝါရီတွင် ခေတ္တရပ်နားခဲ့သည်။

## စာ-၄၊ တရုတ်နယ်စပ်မြို့များတွင် မြန်မာလုပ်သား ၇၀၀ကျော် ဖမ်းဆီးခံရ မှ

လာရောက် ရွေးသူမရှိဘဲ တစ်လကျော်ကြာမြင့်ပါက တရုတ်နိုင်ငံဥပဒေ အရ ထောင် ၆လမှ ၁နှစ်အထိ ကျခံရလေ့ရှိကြောင်း အမျိုးသမီးအလုပ်သမားအား ကူညီဆောင်ရွက်ပေးနေသည့် မြန်မာအမျိုးသမီးသမဂ္ဂမှ တာဝန်ရှိသူကပြောသည်။

"ဖမ်းထားတဲ့လူတွေကို လာရွေးတဲ့ လူတွေတန်းစီနေတာ လူ ၁၀၀ကျော်လောက်ရှိတယ်။ အခုထုတ်လို့ မရသေးဘူး။ တနင်္လာနေ့မှ ထုတ်ပေးမယ်ပြောတယ်။ လူစာရင်းတွေ စစ်လို့မပြီးသေးလို့တဲ့။ လူရွေးဖို့အတွက် လုပ်ပေးတဲ့ ကြားပွဲစားတွေလည်း ရှိသေးတယ်။ သူတို့ကိုပွဲစားခ ယွမ် ၁၀၀ ကနေ၊ ၁၀၀၀အထိ ပေးရတယ်" ဟု တရုတ်နယ်စပ်တွင် ဆွေမျိုးတစ်ယောက် ဖမ်းဆီးခံထားရသည့် အမျိုးသမီးတစ်ဦးကပြောသည်။

"အဖမ်းခံရပြီးပြန်လွတ်လာတဲ့လူတွေကိုခေါင်းတုံးတုံးလွှတ်တယ်။ လွတ်လာတဲ့လူတွေဆီက ကြားတာက လာရွေးမယ့်သူမရှိရင် ထောင်ချပြီး တရုတ်-မြန်မာရထားလမ်းဖောက်နေတဲ့ နေရာကို အလုပ်လုပ်ဖို့ ပို့မယ်လို့ကြားတယ်"ဟု အထက်ပါအမျိုးသမီးက ပြော သည်။

ယခုအဖမ်းခံထားရသော အလုပ်သမားအများစုမှာ ရွှေလီနှင့် ကျယ်ဂေါင်မြို့များရှိအင်ကြင်းကျောက်စက်ရုံများမှ အလုပ်သမားများ၊ ပန်းရန်အလုပ်သမားများ၊ ဘာသာပြန်များ၊ တစ်ရှူးစက္ကူစက်ရုံနှင့် ဝါးတူစက်ရုံငယ်များမှ အလုပ်သမားများ ပါဝင်ကြောင်း သိရသည်။

မူဆယ်တွင်နေထိုင်ကာ ရွှေလီနှင့် ကျယ်ဂေါင်မြို့များသို့ နေ့စဉ်သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား ဦးရေမှာ ယခင်က ထောင်ဂဏန်းသာ ရရှိခဲ့ပြီး ယခု နှစ်သောင်းကျော် သုံးသောင်းအထိ ရှိလာကြောင်း ဦးအောင်ကျော်ဇောကပြောသည်။

မြန်မာအမျိုးသမီးသမဂ္ဂမှ ကောက်ယူထားသော စာရင်းအရ ရွှေလီနှင့် ကျယ်ဂေါင်တွင် နေထိုင်လုပ်ကိုင်နေသည့်မြန်မာအလုပ်သမား စုစုပေါင်းမှာ တစ်သိန်းဝန်းကျင်ရှိသည်။

## စာ-၃၊ ရန်ကုန်မြို့ရှိ ဟိုတယ်ခန်းများ ဧပြီလဆန်းထိ ရောင်းကုန် မှ

လာအိုနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၂၈မှ ၄၀ထိ၊ ကမ္ဘောဒီးယားနိုင်ငံ၌ ၃၃ မှ ၄၅ ထိ၊ အင်ဒိုနီးရှားနိုင်ငံ၌၄၅မှ၆၀ထိ၊ထိုင်းနိုင်ငံ၌၃၅ မှ ၄၅ ထိ၊ မလေးရှားနိုင်ငံ၌ ၂၅ မှ ၄၅ထိ၊ဗီယက်နမ်နိုင်ငံ၌၃၃မှ၄၅ ဒေါ်လာထိ အသီးသီးရှိနေကြောင်း သိရသည်။

ကြယ်လေးပွင့်ဟိုတယ်အနေဖြင့် မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၁၃၀ မှ ၂၅၀ ထိ၊ လာအိုနိုင်ငံ၌ ၆၅မှ ၇၅ ထိ၊ ကမ္ဘောဒီးယားနိုင်ငံ၌ ၅၄ မှ ၆၀ထိ၊ အင်ဒိုနီးရှားနိုင်ငံ၌ ၇၀မှ ၈၀ ထိ၊ ထိုင်းနိုင်ငံ၌ ၆၀မှ ၉၀ထိ၊ မလေးရှားနိုင်ငံ၌ ၂၈မှ ၉၀ထိ၊ ဗီယက်နမ်နိုင်ငံ၌ ၅၅မှ ၉၀ဒေါ်လာထိ အသီးသီးရှိနေကြောင်း ယင်းခရီးသွား လုပ်ငန်းက လေ့လာစစ်တမ်းပြုစုထားခြင်းဖြစ်သည်။

ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဟိုတယ်အခန်းခဈေးနှုန်းများ သိသိသာသာမြင့်တက်နေခြင်းသည် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ရေရှည်တွင် အခက်အခဲရင်ဆိုင်ရနိုင်ကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများကသုံးသပ်ကြသည်။

အိမ်နီးချင်း မလေးရှားနိုင်ငံသို့ ၂၀၁၀ပြည့်နှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂၄ ဒသမ ၆ သန်း အလည်အပတ်ရောက်ရှိခဲ့ကာ ခရီးသွားလုပ်ငန်းများမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၁၈ဒသမ ၈ ဘီလီယံရရှိခဲ့ပြီး ခရီးသွား အများစုသည် ဒေသတွင်းနိုင်ငံများမှဖြစ်ကြောင်း ပြည်တွင်း၌လာရောက်ကျင်းပသော မလေးရှားခရီးသွားလုပ်ငန်းပြပွဲတွင် တာဝန်ရှိသူများက ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားခရီးသွားဧည့်သည် သုံးသိန်းကျော် အလည်အပတ်ရောက်ချိန်တွင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေကြသူများအနေဖြင့် လုပ်ငန်းလည်ပတ်မှုနှင့်ပတ်သက်၍ အခက်အခဲ၊ အကျပ်အတည်းများ ရင်ဆိုင်နေရခြင်းဖြစ်သည်။

နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုကြောင့် နိုင်ငံတကာသတင်းစာမျက်နှာများတွင် ထည့်သွင်းဖော်ပြခံရမှုနှင့် CNN၊ Lonely Planet တို့၏ ဧည့်လမ်းညွှန်မှုတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ဝင်စားမှုရရှိနေသော မြန်မာနိုင်ငံအနေဖြင့် မီးခိုးမထွက်သော စက်ရုံလုပ်ငန်းအတွက် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုတို့တွင် အရည်အသွေးပြည့်မီစေရန် ဖြည့်ဆည်းရမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်နေကြသည်။

ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သော ခရီးသွားပြပွဲ သို့ တက်ရောက်ခဲ့သော တိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦးက "မြန်မာပြည်ကို အရမ်းစိတ်ဝင်စားကြတယ်။ ဒါပေမဲ့ ဘယ်အခန်းကို သွားရောင်းမလဲ။ မိတ်ဟောင်းတွေတောင် မိတ်မပျက်အောင် မနည်းလုပ်နေရတယ်"ဟုဆိုသည်။

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးအခြေအနေကြောင့် အနားယူနေရ မှ

ယခုလ ၁၃ ရက်၌ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခဲ့စဉ်က ကျန်းမာရေးအခြေအနေမှာ အကုန်ကောင်းမွန်ကြောင်း ၎င်းကဆိုသည်။ မတ်လ ၂၆ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရာ မိသားစုဆရာဝန်က ၄/၅ရက် အနားယူရန် အကြံပြုထားကြောင်း ဖော်ပြထားသည်။ မြိတ်ခရီးစဉ်အပြီး မတ်လ ၂၇ရက်၌ အညာဒေသဖြစ်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်သို့ သွားရန်စီစဉ်ထားပြီး ယင်းခရီးစဉ်တွင် ၎င်း၏ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ဇာတိ နတ်မောက်မြို့ကိုပါ သွားရန်စီစဉ်ထားခဲ့သည်။

ယခုအခါ အဆိုပါမကွေးခရီးစဉ်ကို ဖျက်သိမ်းလိုက်ရပြီး ယင်းခရီးစဉ်ဖျက်သိမ်းရခြင်းနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခရီးစဉ်ဖျက်သိမ်းခြင်းအတွက် ဒေသခံများကို တောင်းပန်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

"မကွေးခရီးစဉ်က တစ်နေ့တည်းနဲ့ ခြောက်နေရာကိုသွားမှာ။ ရာသီဥတုကအရမ်းပြင်းနေတယ်။ သူက ခရီးသွားလိုက်၊ သွေးပေါင်တွေကျလိုက်၊ဆေးသွင်းလိုက်၊ပြန်ထွက်လိုက်နဲ့ အထွေထွေအားနည်းမှုတွေဖြစ်လာတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

အသက် ၆၇ နှစ်ရှိပြီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည်ပါတီအောင်နိုင်ရေးအတွက်ဇန်နဝါရီ ၂၉ ရက်မှစတင်ကာ ယနေ့(မတ်လ ၂၅)အထိ ရက်ပေါင်း ၅၇ ရက်အတွင်း ခရီးစဉ် ၁၆ခုသွားရောက်ခဲ့သည်။

ပထမဆုံးခရီးစဉ်အဖြစ် ထားဝယ်ခရီးမှစတင်ခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီအထိ နောက်ဆုံးခရီးစဉ်ဖြစ်ခဲ့သော မြိတ်ကျွန်းစုခရီးစဉ်အထိ ခရီးစဉ်ပေါင်း ၁၆ခုသွားရောက်ခဲ့သည်။ သူမသွားရောက်ခဲ့သောမြို့မှာ မန္တလေး၊ နေပြည်တော်၊ မြစ်ကြီးနား စသည့်မြို့ကြီးများအပါအဝင် မြို့ပေါင်း ၂၀သို့ သွားရောက်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ဝင်ရောက်ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်ဖြစ်သော ကော့မှူးမြို့သို့မူ ၅၇ ရက်တာအတွင်း သုံးကြိမ်သွားရောက်ခဲ့ပြီး ဖေဖော်ဝါရီလတွင် နှစ်ကြိမ်၊ မတ်လတွင် တစ်ကြိမ်သွားရောက်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မဲဆွယ်စည်းရုံးရေးခရီးစဉ်မဟုတ်ဘဲ ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် မြိုင်မြို့နယ်အတွင်းမှ ကျေးရွာနှစ်ရွာသို့လည်း ဇန်နဝါရီ ၃၁ရက်က သွားရောက်ခဲ့သေးသည်။ ထိုခရီးစဉ်မှာ နိုင်ငံရေးခရီးစဉ်မဟုတ်ဘဲ ဒေသဖွံ့ဖြိုးရေး ခရီးစဉ်မျှသာဖြစ်သည်။

သွားရောက်ခဲ့သော ခရီးစဉ်များအနက် မန္တလေး၊ စစ်ကိုင်း ခရီးစဉ်မှာ ပရိသတ်အများဆုံးအားပေးသော ခရီးစဉ်ဖြစ်ခဲ့ပြီး ထိုခရီးစဉ်တွင်လည်း ကျန်းမာရေးအနည်းငယ်ချို့ယွင်းခဲ့ရာ မန္တလေးသို့အသွားလေယာဉ်ပေါ်တွင် ပျို့အန်ခဲ့ပြီး မန္တလေး လူထုသို့နှုတ်ဆက်စဉ်ကလည်း မိုးအနည်းငယ်ရွာသွန်းသဖြင့် အနည်းငယ် အအေးမိကာ မူးဝေခဲ့သည်။

ကချင်ပြည်နယ်ခရီးစဉ်အတွင်းမြစ်ကြီးနားမြို့တွင်လူထုသို့ပြောကြားသောမိန့်ခွန်းမှာ အရှည်ကြာဆုံးဖြစ်ခဲ့ပြီး အချိန်တစ်နာရီကျော်ကြာမြင့်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်များကိုကြည့်လျှင် တစ်ရက်၊ နှစ်ရက်သာနားကာ ဆက် တိုက်ထွက်ခဲ့သဖြင့် ထောက်ခံသူပြည်သူများက ၎င်း၏ကျန်းမာရေးကိုစိုးရိမ်နေခဲ့ကြသည်။

## စာ-၇၊ နိုင်ငံတကာမျိုးချစ်ဂုဏ်ရည်ဆု ၈၈ ကျောင်းသားခေါင်းဆောင်များနှင့် ဒေါ်မြင့်မြင့်ခင်ဖေတို့ ရရှိ မှ

"တကယ်တော့ မျိုးချစ်ဂုဏ်ရည်ဆုလို့ပြောရင် ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းမှာတောက်လျှောက် ရုန်းကန်လှုပ်ရှားခဲ့တဲ့ ဆုရသင့်တဲ့သူတွေအများကြီးပါ။ ဒီခေတ် ဒီအခါမှာတော့ ကျွန်တော်တို့ ရခဲ့ပေမယ့် ဒီဆုဟာ ခေတ်အဆက်ဆက်က တိုင်းပြည်အကျိုးကို လုပ်လာတဲ့နောင်တော်တွေ၊ ညီငယ်မျိုးဆက်တွေအားလုံးနဲ့ သက်ဆိုင်ပါတယ်" ဟု ဆုပေးပွဲတက်ရောက်လာသူ ၈၈ ကျောင်းသားအဖွဲ့မှ ကိုကိုကြီးကပြောသည်။

ယင်းဆုအတွက် ဆုတံဆိပ်နှင့်အတူ ၈၈ကျောင်းသားခေါင်းဆောင်များအတွက်ဆုငွေကျပ်၃,၈၈၂,၅၀၀နှင့်နာရေးကူညီမှုအသင်းအတွင်းရေးမှူးဒေါ်မြင့်မြင့်ခင်ဖေအတွက် ဆုငွေ ၇၇၆,၅၀၀ တို့ချီးမြှင့်ခြင်းခံရသည်။ ၈၈ ကျောင်းသားအဖွဲ့မှရရှိသည့်ဆုငွေများကိုလူမှုရေးလုပ်ငန်းများတွင် ပြန်လည်သုံးစွဲသွားမည်ဟု ကိုကိုကြီးကပြောကြားသည်။

# Health

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

## ဝက်သက်လူနာ တစ်နှစ်အတွင်း ၁၀ဆခန့် မြင့်တက်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မတ် - ၂၃**

မြန်မာနိုင်ငံတွင် ဝက်သက်လူနာဦးရေ တစ်နှစ်အတွင်း ၁၀ဆခန့်အထိ မြင့်တက်လာကြောင်း ယူနီဆက်ဖ်က ထုတ်ပြန်သည်။

၂၀၁၀ပြည့်နှစ်က ဝက်သက် လူနာဦးရေ၁၉၀ ဦးမှ ၂၀၁၁ တွင် ၁၇၀၀ ကျော်အထိမြင့်တက်လာခြင်းဖြစ်သည်။ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံသည့်အချိန်တွင် မြို့ပေါ် ရပ်ကွက်တစ်ခုလျှင် ကလေး ၇၅ဦးမှ ၁၀၀ဦးအထိနှင့် ရွာတစ်ရွာတွင် ကလေး ၅၀မှ ၇၅ ယောက်အား ဆောင်ရွက်နေစဉ်ကာလ နေ့စဉ်ကာကွယ်ဆေးထိုးပေးမည်ဖြစ်ကြောင်းသိရသည်။

တစ်ပုလင်းလျှင် ကလေး ၁၀ယောက်အားထိုးပေးနိုင်သည့် ကာကွယ်ဆေးပုလင်းပေါင်း ၇၇၂,၀၀၀ ပုလင်းကို အအေးထိန်းစနစ်များဖြင့် ကာကွယ်ဆေးထိုးစုရပ်များသို့ ပို့ဆောင်ပြီးဖြစ်ကြောင်း သိရသည်။

“ဒီအစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဟာ ငါးနှစ်အောက်ကလေးများ ဝက်သက်ရောဂါဖြစ်ပွားမှု လျော့ချရေးအတွက် အကျိုးသက်ရောက်မှုရှိမယ်လို့ ရည်မှန်းပါတယ်”ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ဌာနကိုယ်စားလှယ် မစ္စတာရာမက်ရှ်ရှရစသာကပြောသည်။


မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းကို ၁၉၈၇ ခုနှစ်တွင် စတင်ထိုးခဲ့ပြီး ဝက်သက်ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများသိသိသာသာလျော့နည်းကျဆင်းခဲ့ပြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းအား နေရာအချို့တွင် ၁၉၉၅ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစုလိုက်ကာကွယ်ဆေးထိုးခြင်းသည် ယခုတစ်ကြိမ်မှာ တတိယအကြိမ်ဖြစ်ပြီး ဝက်သက်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်း မြင့်မားသည့် နိုင်ငံများတွင် ဝက်သက်ရောဂါဖြစ်ပွားမှုလျော့ချရန် ပုံမှန်ဝက်သက်ကာကွယ်ဆေးထိုးခြင်းနှင့် အစုလိုက်ထိုးခြင်း နှစ်ရပ်ပေါင်းသည် ထိရောက်သောနည်းဗျူဟာဖြစ်ကြောင်းသိရသည်။

## ဦးစားပေး တိုက်ဖျက်ဆဲ တီဘီ

**တီဘီရောဂါသည် မြန်မာနိုင်ငံအတွက်ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပြီး အဓိက ဦးစားပေးတိုက်ဖျက်ဆဲဖြစ်သည့်ရောဂါတစ်ခုလည်း ဖြစ်သည်။**

ကမ္ဘာ့တီဘီအဖြစ်အများဆုံး ၂၁ နိုင်ငံ၊ ဆေးယဉ်တီဘီရောဂါအဖြစ်အများဆုံး ၂၇ နိုင်ငံ၊ TB/HIV အဖြစ်အများဆုံး ၄၁ နိုင်ငံများတွင် ပါဝင်သည့်မြန်မာနိုင်ငံသည်လွန်ခဲ့သော နှစ်သုံးဆယ်ခန့်နှင့်နှိုင်းယှဉ်လျှင် တဖြည်းဖြည်းကျဆင်းလာသော်လည်း ယခုအချိန်၌ လူ၁,၀၀၀တွင် သုံးဦးမှလေးဦးအထိ တီဘီရောဂါဖြစ်ပွားနေဆဲဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

ပြုလုပ်ထားသည့် စစ်တမ်းများအရ လူတစ်ယောက်သည် တီဘီရောဂါလက္ခဏာစတင်ခံစားရသည်နှင့် ချက်ချင်းရောဂါစစ်ဆေးခြင်းမရှိဘဲများသောအားဖြင့် တစ်လမှလေးလခန့်ကြာမြင့်မှသာ




**ဝတ်ရည်အောင်**

ဆေးကုသမှုခံယူကြခြင်း၊ ပိုဆိုးသည့်သူများတွင်ခြောက်လမှတစ်နှစ်ခန့်ကြာမှသာဆေးကုသခံယူကြခြင်းတို့ရှိပြီး ထိုဖြစ်စဉ်များသည် ရောဂါ ပိုမိုဆိုးရွားစေပြီး မလိုအပ်ဘဲအသက်သေဆုံးမှုများဖြစ်ပွားစေနိုင်ကြောင်း ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှမြင့်က မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။


“ဆေးကုသမှုမခံယူထားတဲ့အတွက် တခြားသူတစ်ဦးကိုကူးစက်တယ်။ တစ်နှစ်မှာ ၁၀ ယောက်လောက်ကိုပြန့်နေရင် လုပ်နေတဲ့ တီဘီပရိုဂရမ်တွေက ဘယ်လိုမှ အောင်မြင်နိုင်မှာ မဟုတ်ဘူး” ဟု ဒေါက်တာလှမြင့်က ဆက်လက်ပြောသည်။

တီဘီရောဂါကူးစက်မှုနည်းပါးစေရန် ဆောင်ရွက်ကြသည့်အခါကျန်းမာရေးစောင့်ရှောက်မှုပေးသည့်နေရာများသို့ရောက်ရှိလာသည့်လူနာများအား ပျောက်ကင်းရန်နှင့် အခြားသူများထံ မကူးစက်ရန်ပညာပေးမှုများအပြင် ရောဂါသံသယရှိသည့် လူနာများအားတွေ့ရှိရန်မှာလည်း အရေးကြီးသည့် အချက်ဖြစ်ကြောင်း သိရသည်။

ဆေးရုံ၊ ဆေးခန်းများသို့ ရောက်ရှိလာသူများအား ဆေးဝါးကုသမှုဖြင့်မကူးစက်စေရန်ဆောင်ရွက်နိုင်သော်လည်း ဆေးကုသရန်ရောက်မလာသူများမှ ရောဂါဖြန့်ဝေမှုများကြောင့် ကူးစက်မှုများ မထိန်းနိုင်ဖြစ်နေခြင်းသည်လည်း တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအတွက် အခက်အခဲများဖြစ်ကြောင်းသိရသည်။

ပြုလုပ်ထားသည့် စာရင်းများအရ ကျန်းမာရေးဝန်ကြီးဌာနသို့ရောက်ရှိလာသည့် လူနာများသည်သံသယရှိလူနာများ၏ ၄၀ ရာခိုင်နှုန်းခန့်သာရှိပြီး ကျန် ၆၀ ရာခိုင်နှုန်းသော လူနာများမှာ ဆေးကုသမှုမရှိဘဲ လူထုအတွင်းရှိနေ၍ ထိုသူများမှ အခြားသူများထံ ရောဂါပြန့်ပွားနိုင်သည့်အတွက် ထိုသူများအား ဆေးကုသမှုပေးနိုင်ခြင်းသည် အရေးကြီးသည့် အကြောင်းအရာတစ်ခုဖြစ်ကြောင်းအမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က ပြောကြားသည်။

**စာ(၁၄)သို့**



## ရင်သားကင်ဆာကြောင့် သေဆုံးနှုန်းများနေဆဲဖြစ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မတ်-၂၀**

အမျိုးသမီးများတွင် အဖြစ်အများဆုံးဖြစ်သည့်ရင်သားကင်ဆာဖြစ်ပွားမှုများပြားနေသကဲ့သို့ သေဆုံးမှုလည်း များပြားနေဆဲဖြစ်ကြောင်း ပါမောက္ခဒေါက်တာမြသိန်းဟန်က ပြောကြားသည်။

ရင်သားကင်ဆာသည် အနောက်နိုင်ငံများတွင်လည်း ဖြစ်ပွားမှု အများဆုံးကင်ဆာရောဂါဖြစ်ပြီး သေဆုံးနှုန်းမှာ တဖြည်းဖြည်း လျော့နည်းလာသော်လည်း မြန်မာနိုင်ငံတွင် ရောဂါအကြောင်း သေချာစွာ မသိကြခြင်း၊ ထိရောက်သောကုသမှုများအစား တတ်ကျွမ်းမှုမရှိသောသူများဖြင့် ကုသကြခြင်းစသည်တို့ကြောင့် သေဆုံးမှု များပြားနေခြင်းဖြစ်ကြောင်း New Star ရတနာဆိုင်မှ ပြုလုပ်သည့် ကျန်းမာရေးဟောပြောပွဲတွင် ဒေါက်တာမြသိန်းဟန်က ပြောကြားခဲ့သည်။

“ရင်သားကင်ဆာနဲ့ ပတ်သက်ပြီး အသိမှန်ရှိဖို့ အရမ်းအရေးကြီးပါတယ်”ဟု အဆိုပါဆရာဝန်ကပြောကြားသည်။

အဆိုပါ ကျန်းမာရေးဟောပြောပွဲတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၌ အဖြစ်အများဆုံး ဖြစ်သည့် သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်းကို ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်က ဟောပြောပြီး ဒုတိယအဖြစ်အများဆုံးဖြစ်သည့် ရင်သားကင်ဆာရောဂါအကြောင်းကို ပါမောက္ခ ဒေါက်တာမြသိန်းဟန်က ဟောပြောခဲ့သည်။

ထိုကျန်းမာရေးဟောပြောပွဲတွင် ရိုက်ကူးထားချက်များအား ထိုရောဂါများနှင့်ပတ်သက်၍ အများပြည်သူများပါ သိရှိသတိပြုမိစေရန် New Star ရတနာဆိုင်မှ လူထုထံ ဖြန့်ဝေပေးမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ရင်သားကင်ဆာရောဂါသည်မည်သည့်အကြောင်းရင်းများကြောင့် ဖြစ်ပွားသည်ကို သေချာမသိနိုင်သေးသော်လည်း မိမိကိုယ်တိုင် လစဉ်ရင်သားအား ပုံမှန်စစ်ဆေးခြင်းဖြင့် ရောဂါပြင်းထန်မှုမဖြစ်မီစောစီးစွာ သိရှိနိုင်သည့်ရောဂါတစ်ခုဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

## စာ - ၁၃၊ ဦးစားပေးတိုက်ဖျက်ဆဲတီဘီ မှ

"လူဦးရေတစ်သိန်းမှာလူနာသစ် ၄၀၀ ကျော်ရှိတယ်။ မြန်မာနိုင်ငံမှာ တီဘီလူနာ သုံးသိန်းခွဲရှိပေမယ့်ကျန်းမာရေးဌာနကိုရောက်လာတာ တစ်သိန်းလေးသောင်းလောက်ပဲရှိတယ်" ဟု ဒေါက်တာလှမြင့်ကပြောသည်။

တီဘီရောဂါဖြစ်ပွားနေသည်ဟု သိရှိသည့် လူတစ်ဦးထံမှ ရောဂါကူးစက်ခံရမည်အားကြောက်ရွံ့မှုများရှိသော်လည်း ရောဂါရှိပြီး ကုသမှုမရှိသည့်အတွက်တီဘီရောဂါဖြစ်ပွားနေသည့် လူတစ်ဦးမှ မိမိသို့ ရောဂါကူးစက်ရန်အခွင့်အလမ်းပိုများကြောင်းကို မူသိရှိမှုနည်းပါးကြသေးသည်။

တီဘီရောဂါဖြစ်ပွားနေသူသည် မှန်ကန်တိကျသော ဆေးဝါးကုသမှုရရှိနေပါက အများစုသည် နှစ်ပတ်မှနှစ်လအတွင်း သလိပ်ထဲ ပိုးပါဝင်မှုမရှိတော့သည့်အခါ အခြားသူတစ်ဦးကို ရောဂါကူးစက်ခြင်းမရှိနိုင်တော့သဖြင့် ရောဂါကူးစက်ခံရမည်ကို စိုးရိမ်စရာ မလိုကြောင်း သိရသည်။ တီဘီရောဂါကူးစက်မှုနည်းပါးစေရန်အတွက် တီဘီရောဂါသံသယရှိလူနာများပါ ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရှိလာပြီး ဆေးကုသမှုခံယူနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများကစီမံဆောင်ရွက်နေပြီး ဆေးဝါးအခမဲ့ ရရှိနိုင်သည့်နေရာများလည်း ထပ်မံတိုးချဲ့ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီးမှ တီဘီတာဝန်ခံ ဒေါက်တာဒေါ်တင်မိမိခိုင်ကပြောကြားသည်။

"တီဘီတိုက်ဖျက်ရေး လုပ်ငန်းတွေလုပ်တဲ့အခါ ကျန်းမာရေးဌာနတွေဘက်ကလည်းလူနာတွေမလာတာ ဝန်ထမ်းတွေဆက်ဆံရေးမကောင်းလို့လား၊ ရုံးချိန်တွေပဲဖွင့်တာဖြစ်တဲ့အတွက် လာဖို့အဆင်မပြေလို့လားဆိုတဲ့အချက်တွေကိုပြန်သုံးသပ်ရမှာပေါ့။ အဲဒါတွေမဖော်ထုတ်နိုင်ရင်တော့ တီဘီရောဂါရှင်မလာဘဲ တခြားသူတွေကိုပျံ့နှံ့နေဦးမှာပဲ။ ဆေးဝယ်သောက်တာကနေ ရောဂါပျောက်သွားတဲ့အထိမသောက်နိုင်ဘဲဆေးပြတ်သွားတာကနေ ဆေးယဉ်တီဘီတွေဖြစ်နေဦးမှာပဲ" ဟုဒေါက်တာဒေါ်တင်မိမိခိုင်က ပြောသည်။

ငွေကြေးတတ်နိုင်သူများအနေဖြင့် အပြင်ဆေးခန်းများတွင် ကုသမှုများရှိသော်လည်း အချို့သူများမှာ ဆေးဝါးများကို အခမဲ့ရယူနိုင်ကြောင်း မသိရှိကြသည့်အတွက်ပြင်ပတွင် ဆေးဝယ်သောက်ရခြင်းဖြစ်ကြောင်း သိရသည်။

"တချို့ဆရာဝန်တွေက အဲဒီသတင်းအချက်အလက်ကိုမပြောတာတွေလည်းရှိတယ်။ အပြင်မှာဝယ်သောက်ရင် ခဏတာ ပြဿနာမရှိပေမယ့် တီဘီဆေးက အချိန်ကြာသောက်ရတာဖြစ်တဲ့အပြင် ဖြစ်တဲ့ပုံစံပေါ် မူတည်ပြီး ဆေးအပြောင်းအလဲရှိသလို သောက်တဲ့အချိန်လည်းကွာခြားချက်ရှိတယ်" ဟုဒေါက်တာလှမြင့်က ပြောသည်။

နှစ်စဉ်မတ်လ ၂၄ ရက်ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ထားပြီး ထောင်စုနှစ်ရည်မှန်းချက်အဖြစ် တီဘီရောဂါအား ၂၀၁၅ ခုနှစ်တွင် ၁၉၉၀ ခုနှစ် တီဘီရောဂါလူဦးရေထက်ထက်ဝက် လျှော့ချစေနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

တီဘီရောဂါဖြစ်ပွားမှုများပြားသည့် နိုင်ငံများတွင်နေထိုင်သူများ၌ သုံးဦးတွင် တစ်ဦးမှာ တီဘီရောဂါပိုးဝင်ထားပြီးသူများဖြစ်ပြီး ဝင်ရောက်ထားသည့် လက္ခဏာမပြသော်လည်း ခုခံအားကျဆင်းနေသည့်အချိန်များ၊ ဆေးဝါးတစ်ခုခုသောက်သုံးရသည့်အချိန်များ၊ အအိပ်အစားမမှန်သည့်အချိန်များတွင် ရောဂါအဖြစ် ကူးပြောင်းသွားလေ့ရှိကြောင်း အဆုတ်နှင့် ရင်ခေါင်းအထူးကု ဆရာဝန်ပါမောက္ခဦးဝင်းနိုင်က နိုင်ငံပိုင်သတင်းစာများတွင် ပညာပေးဆောင်းပါးဖြင့် ဖော်ပြခဲ့သည်။

ရောဂါပိုးဝင်ရောက်ခြင်းမှ တစ်ဆင့်တီဘီရောဂါအဖြစ်ပြောင်းလဲခြင်းသည် အသက်ကြီးလာလေလေ၊ ကိုယ်ခံအားနည်းလာလေလေပိုမိုလျင်မြန်စွာပြောင်းလဲနိုင်သဖြင့် တီဘီရောဂါမဖြစ်ပွားစေရန် ကိုယ်ခံအားကျဆင်းစေမည့် အမူအကျင့်များကို ဆင်ခြင်သင့်ကြောင်းသိရသည်။

ချောင်းဆိုခြင်းနှစ်ပတ်ကျော်လာလျှင် တီဘီရောဂါရှိ၊ မရှိအား သလိပ်စစ်ဆေးသင့်ပြီ တီဘီရောဂါပိုးသည် လူဦးရေ သုံးပုံတစ်ပုံတွင် ဝင်ထားပြီးဖြစ်၍ အခြားစစ်ဆေးမှုများ၊ အခြားရောဂါလက္ခဏာများကြောင့် တီဘီရောဂါအဖြစ်သံသယရှိလာလျှင် တီဘီဆေးသည်ပေးသင့်၊ ပေးထိုက်သော ကုထုံးဖြစ်ကြောင်းလည်း ဒေါက်တာဝင်းနိုင်က ရေးသားထားသည်။

တီဘီရောဂါအဖြစ် သံသယရှိပါက ဆေးဝါးများကို အခမဲ့ရရှိနိုင်သည့်အတွက် စောစီးစွာကုသခြင်းဖြင့် အခြားသူများထံသို့ ကူးစက်ခြင်းမှ ကာကွယ်နိုင်သည့်အပြင် ရောဂါဆိုးသွားသည့်အတွက်အသက်အန္တရာယ်ထိခိုက်စေခြင်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**TRADEMARK CAUTION**

ConAgra Foods Inc, a Company incorporated in U.S.A, at One ConAgra Drive, Omaha, Nebraska 68102, U.S.A, is the Owner and Sole Proprietors of the following Trademark:-

ACT II

Reg: No. IV/1129/2000
Reg: No. IV/6038/2001
In respect of : "Int'l Class 30
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
Ph : 371990 29.March.2012

## ဆယ်ကျော်သက်အရွယ်များတွင် ဖြစ်ပွားသော ကူးစက်ဗိုင်းရပ်စ်ရောဂါသည် စိုးရိမ်ဖွယ်မရှိဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ မတ်- ၂၀**

မုံရွာခရိုင်အတွင်းပုလဲမြို့နယ်၊ဆားလင်းကြီးမြို့နယ်၊ကနီမြို့နယ်၊ဘုတလင်မြို့နယ်၊ချောင်းဦးမြို့နယ်၊အရာတော်မြို့နယ်များအတွင်း အသက်(၁၀)နှစ်မှအသက်(၂၀) ဝန်းကျင်လူငယ်များတွင် ဖြစ်ပွားနေသော ကူးစက်ဗိုင်းရပ်စ်ရောဂါတစ်မျိုးကြောင့် အရေပြား၌ အနီရောင်အကွက်အဖုလေးများဖြစ်ပေါ်ပြီး အဖျားရှိန်တက်သည့် ဝေဒနာခံစားရသူများတွေ့ရှိခဲ့ရသော်လည်း အချိန်မီကျန်းမာရေးဌာနများတွင်ကုသမှုခံယူပါက ချက်ချင်းပျောက်ကင်းစေသဖြင့် စိုးရိမ်ဖွယ်ရာ ရောဂါလက္ခဏာမဟုတ်ကြောင်း မုံရွာမြို့ဒေသခံ ဆရာဝန်များ၏ပြောကြားချက်အရ သိရသည်။

"အခုဖြစ်နေတာက ဆယ်ကျော်သက်အရွယ်တွေဆိုတော့ ဆယ်တန်းစာမေးပွဲဖြေဆိုချိန်နဲ့ တက္ကသိုလ်တွေရဲ့စာမေးပွဲဖြေဆိုချိန်နဲ့ အခုရောဂါဖြစ်ပွားတာဆုံနေတယ်။ အချို့ကလေးတွေဆို ကူးစက်ရောဂါကြောင့် စာမေးပွဲမဖြေနိုင်တဲ့အထိဖြစ်သွားတယ်။ ရာသီအပြောင်းအလဲနဲ့ပင်ပန်းပြီး ခုခံအားနည်းတဲ့အချိန်မှာကူးစက်ရောဂါဖြစ်တဲ့ဗိုင်းရပ်စ်ပိုးကဝင်ရောက်တယ်လို့ ဆိုနိုင်တယ်။ အရေပြားမှာဝက်သက်ရောဂါလိုအနီပြောက်ကလေးတွေဖြစ်ပြီး အဖျားသွေးတက်လာတာပါ။ အချိန်မီကျန်းမာရေးဌာနကိုကုသမှုခံယူမယ်ဆိုရင် Anti Virous ဆေးဝါးတွေနဲ့ ကုသပေးရင်ချက်ချင်းသက်သာသွားတာတွေ့ရတယ်။ အခုဖြစ်ပွားနေတဲ့ကူးစက်ရောဂါကြောင့် အသေအပျောက်မရှိသလိုစိုးရိမ်စရာလည်းမရှိပါဘူး" ဟု မုံရွာမြို့ဒေသခံအထွေထွေရောဂါကုဆရာဝန်တစ်ဦးကပြောသည်။

"ကလေးငယ်လေးတွေသာ ဝက်သက်ရောဂါဖြစ်တယ်လို့ထင်နေတာ။ အခုဆယ်ကျော်သက်အရွယ်တက္ကသိုလ်ကျောင်းသားတွေလည်း ဝက်သက်ရောဂါလိုအရေပြားမှာ အနီစက်လေးတွေဖြစ်ပွားခဲ့ပါတယ်။အဖျားကလည်းတက်လိုက်ကျလိုက်နဲ့ဆိုတော့ ကျောင်းသားတွေစာမေးပွဲဖြေဆိုချိန်မှာ အခက်အခဲတွေဖြစ်သွားတယ်။ ဆရာဝန်ကိုသွားပြတော့ စိုးရိမ်စရာမရှိပါဘူးဆိုပြီး ဆေးထိုးပေးလိုက်တယ်။ ဆေးထိုးပေးတဲ့နေ့မှာချက်ချင်း ရောဂါသက်သာသွားတယ်။ အများစုကတော့စာမေးပွဲဖြေတဲ့ကျောင်းသား၊ ကျောင်းသူတွေအဖြစ်များတယ်"ဟု ဆားလင်းကြီးမြို့နယ်ရွာသာကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

မုံရွာခရိုင်အတွင်းမတ်လဆန်းပိုင်းမှစ၍ပုလဲမြို့နယ်ရှိကျေးရွာများတွင်ကူးစက်ရောဂါကြောင့် ဆယ်ကျော်သက်အရွယ် ကလေးငယ်များ ဖျားနာခဲ့သည့် နောက်ပိုင်းယင်းမာပင်မြို့နယ်၊ မုံရွာမြို့နယ် အနီးတစ်ဝိုက်မြို့နယ်များတွင်လည်း အဆိုပါကူးစက်ရောဂါဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ကလေးသူငယ်များတွင် ဝက်သက်ရောဂါ တိုက်ဖျက်ရေးစီမံကိန်းအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အသက်ကိုးလမှ ငါးနှစ်အတွင်းကလေးငယ်များအား 'အစုလိုက်ဝက်သက် ရောဂါကာကွယ်ဆေးထိုးခြင်း ၂၀၁၂'ကို ယခုနှစ်မတ်လ ၂၂ ရက် မှ ၃၁ ရက်အထိကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

## အက်စပရင် နေ့စဉ်သောက်သုံးပါက ကင်ဆာဖြစ်နိုင်ခြေ လျှော့ချနိုင်

**အောက်စဖို့ဒ်၊ မတ် - ၂၁**

**အက်စပရင်ဆေးအားနေ့စဉ် အနည်းငယ်သောက်သုံးပါက ကင်ဆာရောဂါအများအပြားကို ကာကွယ်နိုင်ဖွယ်ရှိပြီး ကင်ဆာရောဂါ ပြန့်ပွားခြင်းကိုလည်း ရပ်တန့်စေနိုင်ကြောင်း ဗြိတိန်နိုင်ငံမှ သုတေသီများက ပြောသည်။**

အက်စပရင်၏ ဆိုးကျိုး၊ကောင်းကျိုးများကို ခွဲခြမ်းစိတ်ဖြာရာတွင် ကင်ဆာရောဂါကာကွယ်နိုင်သောသတ္တိကိုပါထည့်သွင်းလေ့လာရန် အချိန်တန်ပြီဖြစ်ကြောင်းအောက်စဖို့ဒ်တက္ကသိုလ်နှင့်ဂျွန်ရက်ကလစ်ဖ်ဆေးရုံမှ ဒေါက်တာပီတာရော့ဘ်ဝဲလ်နှင့် လုပ်ဖော်ကိုင်ဖက်များကပြောသည်။ ယခုအချိန်အထိ အက်စပရင်နှင့်ပတ်သက်သည့် လေ့လာမှုများကို လေဖြတ်ခြင်းနှင့် နှလုံးရောဂါကာကွယ်နိုင်ခြင်း စွမ်းရည်များကို အဓိကထားကြောင်း သိရသည်။

စမ်းသပ်မှုပေါင်း ၅၁ကြိမ်မှရရှိသည့် အချက်အလက်များကို စုပေါင်း၍ လေ့လာပြီးနောက် သုတေသီများက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ယင်းစမ်းသပ်မှုများအရ နှလုံးရောဂါနှင့် လေဖြတ်ခြင်းဖြစ်ရန် အန္တရာယ်ရှိသူများကို အက်စပရင်ဆေးပမာဏ အနည်းငယ်ပေး၍ လေ့လာခဲ့ခြင်းဖြစ်သည်။

ပထမလေ့လာမှုအရ အက်စပရင်ဆေးအနည်းငယ်ကို သုံးနှစ်ကြာနေ့စဉ်သုံးစွဲသူများတွင် ကင်ဆာဖြစ်နိုင်ခြေ ၂၃ ရာခိုင်နှုန်းခန့်လျော့ကျသွားပြီး ကင်ဆာကြောင့် သေဆုံးနိုင်ခြေ ၁၅ရာခိုင် နှုန်း လျော့ကျခဲ့ကြောင်းတွေ့ရှိခဲ့သည်။ ဒုတိယလေ့လာမှုအရ အက်စပရင်ဆေးသုံးစွဲပါက ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများသို့ ကင်ဆာပြန့်ပွားနိုင်ခြေ ၄၈ရာခိုင်နှုန်းလျော့ကျသွားစေကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ —Ref: UPI

**ဂန္ဓဝင်ရွှေပုဂံ Travels & Tours** *exploring to the edge of the globe*

| | | |
|---|---|---|
| အမေရိကန် (၅၄ သိန်း) | ဥရောပ (၃၉ သိန်း) | ဩစတြေးလျ (၃၈ သိန်း) |
| L A၊ နယူးယောက်၊ ဝါရှင်တန် | ဆက်၍ အင်္ဂလန် (၄၈ သိန်း) | မဲဘုန်း၊ ဆစ်ဒနီ၊ Gold Coast |
| ဂျပန် (၂၄ သိန်း) | ကိုရီးယား (၁၇ သိန်း) | ဒူဘိုင်း (၁၇ သိန်း) |
| ဟောင်ကောင် (၁၃ သိန်း) | ပီကင်း+ရှန်ဟိုင်း (၁၃ သိန်း) | ကမ္ဘောဒီးယား (၅.၅ သိန်း) |
| ဗန်ကောက် (၅.၅ သိန်း) | ဗန်ကောက်+ဖူးခက် (၇.၈ သိန်း) | ချင်းမိုင်+ဖူးခက် (၉.၈ သိန်း) |
| ဘာလီ (၁၀ သိန်း) | စင်္ကာပူ+မလေးရှား (၁၁ သိန်း) | သီရိလင်္ကာ (၁၁ သိန်း) |
| မလေးရှား (၆ သိန်း) | ဗန်ကောက်+စင်္ကာပူ+မလေးရှား (၁၃ သိန်း) | ရုရှား (၂၇ သိန်း) |
| အိန္ဒိယ သင်္ကြန် (၉ သိန်း) | အိန္ဒိယ ဟိုတယ်တည်း/စား (၁၂ သိန်း) | ဗီယက်နမ် (၆.၅ သိန်း) |

outboundgandawun@gmail.com,Hot Line:09-73003772
67, Baho Rd, Sanchaung. Ph : 519292,519293,519360,500191
87, 73 Rd,Bet 29&30 St, Mandalay. Ph:02-32020 web: myanmartraveal.org

**မွန်ဖြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်ဖြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွှယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၅၁၉၆၅၁၈

# Regional

7Day News Journal

Vol.11, No.4 • MARCH 29 , 2012


## ယခုနှစ် မန္တလေးတွင် သင်္ကြန်မဏ္ဍပ် ပိုမိုများပြား

**စိုင်းသာအောင်**

**မန္တလေး၊ မတ်-၂၂**

မကြာမီ ကျရောက်တော့မည့် မဟာသင်္ကြန်ပွဲတော်တွင် နန်းမြို့ကျုံးပတ်လည်၌ ရေကစားမဏ္ဍပ်၊ အလှပြမဏ္ဍပ်များ ယမန်နှစ်က ထက်ပိုမိုများပြားကြောင်း မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

ယမန်နှစ်က နန်းမြို့ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်၊ ဖြေဖျော်ရေးမဏ္ဍပ် ၅၁ ခုသာရှိရာမှ ယခုနှစ်တွင် ရေကစားမဏ္ဍပ်၊ ဖြေဖျော်ရေးမဏ္ဍပ် ၈၆ ခု ရှိကြောင်း၊ ၂၆ လမ်း၊ ၆၆ လမ်းနှင့် လမ်း ၈၀ ကြားသည် မဏ္ဍပ်အများဆုံးဖြစ်ကြောင်း ကျင်းပရေး ကော်မတီမှ သိရသည်။

၂၀၁၁ က ၆၆ လမ်း၊ ၁၂ လမ်းနှင့် ၂၆ လမ်းကြားတွင်မဏ္ဍပ် ၁၀ ခု၊ ၂၆ လမ်း၊ ၆၆ လမ်း×လမ်း ၈၀ ကြားတွင် မဏ္ဍပ် ၄၅ ခု၊ ၁၂ လမ်း၊ ၆၆ လမ်းနှင့်လမ်း ၈၀ ကြားတွင်သုံးခု၊ လမ်း ၈၀၊ ၁၂ လမ်းနှင့် ၂၆ လမ်းကြားတွင်သုံးခုသာ ရှိခဲ့သည်။

ယခုနှစ်တွင် ၂၆ လမ်း၊ ၆၆ လမ်း× လမ်း ၈၀ ၌ ယခင်နှစ်ကထက် ၂၂ ခုပိုများကာ မြို့တော်ဝန်ဗဟိုမဏ္ဍပ်အပါအဝင် ၇၇ ခု ရှိမည်ဖြစ်ကြောင်း မဏ္ဍပ်များ နေရာချထားရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




*Alpine မဏ္ဍပ်ကို ၂၀၁၀ ခုနှစ်ကတွေ့ရစဉ်၊ ယခုနှစ်တွင်လည်း Alpine မဏ္ဍပ်ကို ယခင်နှစ်များကထက် ပိုထူးခြားအောင် စီစဉ်လျက်ရှိသည်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြို့တော်ဝန်ဗဟိုမဏ္ဍပ်တွင် Metal Zone တေးဂီတ၊ မြို့တော် စည်ပင်မင်္ဂလာ ဆိုင်းဝိုင်းတော်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့၊ Music Boy, Green House တေးဂီတ၊ မြို့တော်စည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့များနှင့်အတူ သိန်းတန်(မြန်မာပြည်)၊ မာရဇ္ဇ၊ ဇော်ပိုင်၊ ရဲလေး၊ ပွင့်၊ ခင်မောင်ထူး၊ သန်းမြတ်စိုး၊ ကြည်သာ(ပွဲကြိုက်ခင်)၊ နန်းရွှေ့သားလူရွှင်တော်အဖွဲ့တို့ပါဝင် ဖြေဖျော်ကြမည်ဖြစ်သည်။

Alpine မဏ္ဍပ်တွင် The Three တေးဂီတအဖွဲ့နှင့်အတူ R ဇာနည်၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ခန့်စည်သူ၊ ခိုင်သင်းကြည်၊ ဟန်ထွန်း၊ ခင်လေးနွယ်တို့ပါဝင်ဖြေဖျော်ကြမည်ဖြစ်သည်။

## ဖုံးသီးအဟောင်းကိုယမ်းထုတ်ရန် ထုခွဲရာမှ ပေါက်ကွဲပြီး တစ်ဦးသေ တစ်ဦးဒဏ်ရာရ

**ညီညီဇော်**

**မန္တလေး၊ မတ်-၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့တွင်မတ်လ ၂၁ ရက်က သံတိုသံစရောင်းဝယ်ရေး ဆိုင်တစ်ဆိုင်တွင် ဖုံးသီးဟောင်းတစ်လုံးအား ထုခွဲမိရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ ဆိုင်ရှင်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ရပ်စောက်မြို့ ရွှေညောင်လမ်းရှိ ဦးပိန်သံတိုသံစ ရောင်းဝယ်ရေးဆိုင်၌ အာပီဂျီဖုံးသီးဟောင်းတစ်လုံးအား ထုခွဲ၍ ယမ်းများထုတ်ယူရန် ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ဆိုင်ရှင်ဦးပိန် (ခ) ဦးခင်မောင်ဝင်း(၃၈)နှစ် သေဆုံးခဲ့ပြီး အဆိုပါလုပ်ငန်းအနီး ရေခဲချောင်းလာရောက်ရောင်းနေသူ ဦးရေချမ်း(ခ) ဦးသက်ဦး (၄၈ နှစ်)မှာ ပြင်းထန်စွာဒဏ်ရာရရှိသဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရသည်။

"လုပ်ငန်းရှင်ကြီးများအနေနဲ့ ပေါက်ကွဲစေတတ်တဲ့ အရာဝတ္ထုပစ္စည်းတွေပေါ်လာရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၊ သက်ဆိုင်ရာ ရဲစခန်းတို့အပ်နှံနိုင်ပါတယ်။ အဲလိုအပ်နှံမယ်ဆိုရင်တော့ ဥပဒေကြောင်းအရ အရေးယူခံရစရာ မရှိပါဘူး" ဟု ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူးဦးသန်းဆင့်က ပြည်ကြီးတံခွန်မြို့နယ်ရှိ သံရည်ကျိုလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် မတ်လ ၁၉ ရက်က သံရည်ကျိုလုပ်ငန်းတစ်ခုမှ ဖုံးသီးဟောင်းတစ်ခုကို ထုရိုက်မိရာမှ နယ်မှအလုပ်လာလုပ်ကိုင်သည့် လူငယ်သုံးဦး သေဆုံးခဲ့သည်။

## မန္တလေးတွင် ယာဉ်စည်းကမ်းဖောက်ဖျက်သူများကို ပြစ်ဒဏ်အသစ်များ ချမှတ်အရေးယူ

**စိုင်းသာအောင်**

**မန္တလေး၊ မတ်-၂၁**

မန္တလေးမြို့တွင်းတွင် ယာဉ်စည်းကမ်းမလိုက်နာပါက ချမှတ်သောပြစ်ဒဏ်များကို တိုးမြှင့်လိုက်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

ယခင်က ယာဉ်တိုက်မှုဖြစ်ပွားလျှင် ဒဏ်ငွေ ၁၅၀၀ ကျပ်ဖြစ်ပြီး ယခုအခါ မြို့တော်စည်ပင်ဥပဒေသစ်အရ ဆိုင်ကယ်စီးရာ၌ ဦးထုပ်မဆောင်း။ လူသုံးယောက်စီးလျှင်ယာဉ်မောင်းလိုင်စင်မပါ၊ မီးနီပွိုင့် ဖြတ်ကူးလျှင်၊ ယာဉ်ကြောပြောင်းပြန်စီးပါကဒဏ်ငွေ (၁၀၀၀၀) ကျပ် (သို့မဟုတ်) ထောင်ဒဏ် သုံးလ၊ (သို့မဟုတ်) ထောင်ဒဏ်၊ ငွေဒဏ်နှစ်ခုချမှတ်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှသိရသည်။

ထိုသို့ ချမှတ်သော ပြစ်ဒဏ်များကို ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ကာ မြို့တော်စည်ပင်အထူးတရားရုံးက အရေးယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့ ၇ မြို့နယ်အတွင်း ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှု ၃၁၀ မှု၊ သေဆုံး ၁၃၃ ဦး၊ ဒဏ်ရာရရှိသူ ၄၀၂ ဦးရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မှ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ဖေဖော်ဝါရီ ၂၈ ရက်တွင် အတည်ပြုပြီးနောက် မြို့တော်စည်ပင်အထူးတရားရုံးမှ ယာဉ်စည်းကမ်းဖောက်ဖျက်သော အမှုများကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂၂ ရက်အထိ ပြစ်မှုပေါင်း ၁၀၀၀ ကျော်အား ဒဏ်ငွေနှုန်းထားအသစ်ဖြင့် အရေးယူအပြစ်ပေးဆောင်ရွက်ခဲ့ကြောင်း မြို့တော်စည်ပင်အထူးတရားရုံးတရားသူကြီးက 7Day News အား ပြောသည်။

၎င်းအပြင် မြို့တော်စည်ပင်ဧရိယာအတွင်း အသက် ၁၈ နှစ်မပြည့်ဘဲ ဆိုင်ကယ်စီးပါက မြို့တော်စည်ပင် အက်ဥပဒေပုဒ်မ ၁/၂၀၁၂ အရ ကလေးသာမက မိဘပါ အရေးယူမည်ဖြစ်ကြောင်း မြို့တော်စည်ပင်၏ တရားဝင်ထုတ်ပြန်သော ဥပဒေနည်းဥပဒေများအရ သိရသည်။




# ကန္နီမချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းတွင်ကျောက္ကာ-ဗောဓိတစ်ထောင် တမံလမ်းအဖြစ် တောင်သူများလိုလား

**မျိုးမင်းဦး**

**မုံရွာ၊**
**မတ်- ၂၀**

မုံရွာမြို့နယ်၊ ခတ္တက္ကန်ကျေးရွာနှင့် တောင်မတော ကျေးရွာအကြား ကန္နီမချောင်းအား တမံတည်ဆောက်၍ စိုက်ပျိုးရေးလုပ်ငန်းနှင့် သောက်သုံးရေအတွက်ရေလှောင်တမံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာစိုက်ပျိုးရေ အများဆုံးအသုံးပြုနိုင်သည့် ဗောဓိတစ်ထောင်-ကျောက္ကာတာ တမံလမ်းအဖြစ်တည်ဆောက်ရန် ဒေသခံတောင်သူများက လိုလားကြောင်းအဆိုပါဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရှိရသည်။

"ကန္နီမချောင်းကိုတမံတည်ဆောက်ဖို့ နေရာနှစ်နေရာကိုမြေတိုင်းတာခြင်းလုပ်ငန်းတွေဆောင်ရွက်နေပါပြီ။ ကန္နီမချောင်းအထက်ပိုင်းတောင်ကြားကျေးရွာနဲ့ ခတ္တက္ကန်မြောက်ရွာ အကြားမှာ တမံတိုင်းတာခြင်းတွေ လုပ်နေတယ်။ နောက်တစ်နေရာက ခတ္တက္ကန်မြောက်ရွာနဲ့ တောင်မတော ကျေးရွာအကြား ဗောဓိတစ်ထောင်-ကျောက္ကာလမ်းပိုင်းက လမ်းဖြစ်ဆည်ဖြစ်တည်ဆောက်ရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ တောင်ကြားနဲ့ ခတ္တက္ကန်မြောက်ရွာအကြားတည်ဆောက်မယ့်တမံဆိုရင် ကန္နီမချောင်းတစ်ချောင်းတည်းသာ ပိတ်ဆို့တဲ့အတွက်ရေဝင်နည်းပြီးစိုက်ပျိုးရေသိပ်မရဘူး။ အောက်ဘက် တောင်မတောနဲ့ ခတ္တက္ကန်မြောက်ရွာ အကြားတမံဆောက်ရင်ကန္နီမချောင်း၊လင်းနေမချောင်း အပါအဝင် ချောင်းမြောင်းတွေကိုတားဆီးတာဖြစ်တဲ့အတွက်စိုက်ပျိုးရေးဧက ထောင်ချီပေးဝေနိုင်တယ်။ ကန္နီမချောင်းက မိုးရေဆိုပေမယ့် မြေသားမှာဆားပေါက်နေတဲ့အတွက်ရေငန်တယ်။ သောက်ရေအတွက်တော့ သုံးမရဘူး။ စိုက်ပျိုးရေနဲ့သုံးရေအတွက်သာအသုံးဝင်နိုင်တယ်"ဟု ခတ္တက္ကန်ကျေးရွာဒေသခံတောင်သူတစ်ဦးကပြောသည်။

ကန္နီမချောင်းအထက်ပိုင်းဆည်တမံတည်ဆောက်မည်ဆိုပါကခတ္တက္ကန်မြောက်ရွာနှင့်တောင်ကြား ကျေးရွာသာ စိုက်ပျိုးရေအသုံးပြုနိုင်ပြီး ကန္နီမချောင်းအောက်ပိုင်း ဆည်တမံ တည်ဆောက်ပါက ခတ္တက္ကန်ကျေးရွာ၊ တောင်မတော ကျေးရွာ၊ဆည်ကြီးတောကျေးရွာ၊ မင်းရွာ၊ ကုန်းရွာ၊ မုံရွေးသိပ္ပံစိုက်ကွင်း၊ အောင်သာကျေးရွာ၊ လယ်ဇင်ကျေးရွာအထိ ရေပေးဝေနိုင်ကြောင်း အဆိုပါဒေသခံတောင်သူများ၏ ပြောကြားချက်အရသိရသည်။

အဆိုပါ တောင်တန်းကြီးများတွင် ကျောက္ကာဆည်၊ဗောဓိတစ်ထောင်တမံ၊ဘန်စီရေလှောင်တမံစသည့်ဆည်တမံများတည်ဆောက်ပြီးစီးချိန်မှစ၍ ဆည်တမံအောက်ဘက်ရှိကျေးရွာများ၌မြေအောက်ရေရှားပါးမှုမှမြေအောက်ရေအလွယ်တကူအသုံးပြုလာနိုင်သဖြင့် မိုးရေဖလာယာမြေစိုက်ပျိုးရေးသာမက ဥယျာဉ်ခြံမြေစိုက်ပျိုးရေး လုပ်ငန်းများကိုပါ တွင်ကျယ်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။




# စစ်တွေတွင် တန်ဖိုးနည်းဂျီအက်စ်အမ် မိုဘိုင်းဖုန်း နေရာခွဲရောင်းချ



**မာန်ယုကျော်**

**စစ်တွေ၊ မတ်- ၂၂**

စစ်တွေမြို့တွင် တန်ဖိုးနည်းဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို နေရာသုံးခုခွဲ၍ ရောင်းချခဲ့ကြောင်း သိရသည်။

"စစ်တွေမှာတော့ သုံးနေရာခွဲပြီးရောင်းတာကိုတွေ့ရတယ်။ စစ်တွေစာတိုက်ကြီး၊ ကြေးနန်းရုံးနဲ့ ရုပမြောက်စာတိုက်တို့မှာ One Stop Service စနစ်နဲ့ရောင်းတာဗျ။ ဒါကြောင့်အချိန်ကုန်ပြီးစောင့်ဆိုင်းရတာမျိုး၊ လူတိုးရတာမျိုးတွေလည်း သိပ်မရှိခဲ့ဘူး" ဟု ကျပ် နှစ်သိန်းတန်ဂျီအက်စ်အမ်မိုဘိုင်းဖုန်း သွားရောက်လျှောက်ထားခဲ့သူ စစ်တွေမြို့မှ ဒေသခံတစ်ဦးက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့်အဆိုပါတန်ဖိုးနည်းဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကိုယခုလ ၁၄ ရက်က ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ အမ်း၊ တောင်ကုတ်၊ သံတွဲ(ပေလီ) စသည့် မြို့ခုနစ်မြို့တို့တွင် One Stop Service ဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

ယခုလအတွင်းချထားပေးသည့်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများရောင်းချရာတွင်ဈေးနှုန်းကိုပထမအဆင့်အနေဖြင့် ကျပ်နှစ်သိန်းသတ်မှတ်ထားပြီး ပြည်တွင်းခေါ် ဆိုမှုအတွက် လက်ရှိနှုန်းထား၏ထက်ဝက်(တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်းဖြင့်) လျှော့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းအပြင် လာမည့်ဧပြီ ၉ ရက်တွင်လည်း WCDMA မိုဘိုင်းဖုန်းများကို ငွေကျပ်နှစ်သိန်းခွဲဖြင့် ထပ်မံရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။




# တိုင်ရီအလုပ်သမားများသမဂ္ဂဖွဲ့စည်းရန် မတ် ၂၁ ရက်တွင် စတင်လျှောက်ထားမည်

ကိုကိုကြီး

ရန်ကုန်၊ မတ်-၁၈

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်ရှိ တိုင်ရီစက်ရုံမှ အလုပ်သမား ၁၃၀၀ ကျော် ပါဝင်သည့် 'တိုင်ရီအလုပ်သမားများသမဂ္ဂ' အမည်ဖြင့် ဖွဲ့စည်းခွင့်ကို ယခုလ ၂၁ ရက်တွင်သက်ဆိုင်ရာသို့ စတင်လျှောက်ထားမည်ဖြစ်ကြောင်း ၎င်းသမဂ္ဂတွင် ခေါင်းဆောင်အဖြစ် ပါဝင်သည့် မမိုးမိုးဝေက ပြောသည်။

"ဥပဒေထဲမှာပါတဲ့စည်းမျဉ်းစည်းကမ်းတွေကလည်း အလွယ်ကူဆုံး လုပ်လို့ကိုင်လို့ရအောင် ပုံစံတွေနဲ့တကွ ပြထားတယ်။ အဲ့ဒီအတိုင်း ပုံစံဝင်အောင်ရော၊ စနစ်ကျအောင်ရော တတ်နိုင်သရွေ့ ပြည့်စုံအောင်ပြင်ဆင်ပြီး ဗုဒ္ဓဟူးနေ့မှာ မြို့နယ်ရုံးကိုတင်လိုက်မယ်" ဟု အလုပ်သမားဥပဒေအတိုင်ပင်ခံရှေ့နေဦးဖိုးဖြူက ပြောသည်။

"သကြ်န်မတိုင်ခင်မှတ်ပုံတင်ပြန်ကျမယ်လို့ မျှော်လင့်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေတွင် အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်ပြုရန် လာရောက်လျှောက်ထားသူများအား ခွင့်ပြုခြင်း၊ မပြုခြင်းကို တစ်လအတွင်း အကြောင်းပြန်ကြားရမည်ဟုသတ်မှတ်ထားကြောင်း ၎င်းက ပြောသည်။



*တိုင်ရီစက်ရုံမှ တာဝန်ရှိသူများနှင့် အလုပ်သမားများ ညှိနှိုင်းနေကြစဉ်* ဓာတ်ပုံ - အိဖြူမွန်

"စက်ရုံမှာ အင်အားအများဆုံးနဲ့ အများသဘောတူရေးဆွဲထားတဲ့ သင်းဖွဲ့စည်းမျဉ်းနဲ့ ပေါ်ပေါက်လာတဲ့ အဖွဲ့လို့ ပြောလို့ရတယ်။ အင်အား အများဆုံးအနေနဲ့လည်း ပထမဆုံးပဲ။ သင်းဖွဲ့စည်းမျဉ်း ဆိုရင်လည်း အများသဘောတူ ဝိုင်းပြီးရေးဆွဲပြီး ပထမဆုံး ပေါ်လာတဲ့ သမဂ္ဂလို့ ပြောလို့ရတယ်"ဟု ပြောသည်။

အလုပ်သမားသမဂ္ဂဖွဲ့စည်းရန် မှတ်ပုံတင်လျှောက်ထားရာတွင် အများကလေးစားပြီး လုပ်သက်ရင့်သည့် အလုပ်သမားများကို ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်ကြောင်း ဥက္ကဋ္ဌအတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို အများသဘောတူဆန္ဒဖြင့် ရေးဆွဲထားသည့် ရွေးကောက်တင်မြှောက်ခြင်း နည်းဖြင့် ရွေးချယ်သွားရန်ရှိကြောင်း ၎င်းရှေ့နေက ပြောသည်။

အဖွဲ့ခေါင်းဆောင် မမိုးမိုးဝေက "သမဂ္ဂရှိနေတယ် ဆိုရင်တော့ ဆန္ဒပြတာမဟုတ်ဘဲနဲ့ အလုပ်သမား ကိုယ်စားလှယ်၊ စက်ရုံတာဝန်ရှိသူတွေနဲ့ အစိုးရကိုယ်စားလှယ် စုပေါင်းပြီးတော့ အားလုံးညှိနှိုင်းတိုင်ပင်ပြီးတော့ အခွင့်အရေးတွေ တောင်းဆိုသွားမယ်။ အဖွဲ့ဝင်တွေ ထပ်တိုးသွားဖို့ရှိတယ်။ တစ်ဦးတစ်ယောက်ချင်း တောင်းတာထက်စာရင် အခုလိုဒီလိုအဖွဲ့အစည်း ဖြစ်လာရင် အားလုံးရဲ့သဘောတူညီတဲ့အရာတွေကို တောင်းဆိုသွားမှာဖြစ်တဲ့အတွက် အကျိုးသက်ရောက်မှုရှိလာနိုင်တယ်"ဟုပြောသည်။

---

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
1. Accountant မ (၂) ဦး
2. Marketing မ ဘွဲ့ရ (၅) ဦး (လိုက်ကာနှင့် Furniture)
3. Graphic Designer ကျား ဘွဲ့ရ (၂) ဦး
အမှတ် (၁၅)၊ ပြည်လမ်း၊ ၉ မိုင်၊ ပြည်လမ်းနှင့် ဝိဇ္ဇာညီနောင် လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။
**(Ocean Center) အနီး။**
**ဖုန်း- ၀၁-၆၆၄၆၇၅**

---

**ဝန်ထမ်းအလိုရှိသည်**
အိမ်အကူ မ (၂) ဦး အလိုရှိသည်။ အသက် (၂၀) မှ (၃၀) အတွင်း အမြန်အလိုရှိသည်။
**ဖုန်း - ၀၁-၅၄၁၂၆၇**

---

**ဝန်ထမ်းအလိုရှိသည်**
ဆိပ်ကမ်းစားသောက်ဆိုင်
Cashier မ (၂) ဦး
Waiter/ Waitress ကျား (၅) ဦး၊ မ (၅) ဦး
စည်ဘားကိုင် ကျား (၁) ဦး၊ မ (၁) ဦး
အကြော်ဆရာ ကျား (၂) ဦး
ဓားကိုင် ကျား (၁) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
ကားပါကင်စာရေး မ (၂) ဦး
အမှတ် (၆၄၇)၊ ရွှေဘုံသာလမ်းနှင့်ကုန်သည်လမ်းထောင့် (အောက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်။
**ဖုန်း - ၀၉၅၀၉၃၈၇၀**

---

**ဝန်ထမ်းအလိုရှိသည်**
Thar Ki Nwe Co.,Ltd (4U2 cosmetic)
(1) Marketing Staff ကျား/မ (၂) ဦး၊
(2) Sales Promotors မ (၅) ဦး၊ အမှတ်(၄၇/၅၁)A၊ သုမင်္ဂလာလမ်း၊ Junction Zawana နှင့် ကမ္ဘောဇဘဏ်အနီး၊ သဃ်န်းကျွန်းမြို့နယ်။
**ဖုန်း - ၀၁-၈၅၅၀၁၆၈**

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးကားမောင်းရန်အတွက် ကျွမ်းကျင်ယာဉ်မောင်း (၁) ဦးအလိုရှိသည်။
တိုက် (၂၂)၊ ဒုတိယထပ်၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။
(ရေကြောင်းကောလိပ်ရှေ့)။

---

**ဝန်ထမ်းအလိုရှိသည်**
Rising White Tiger Manufacturing Co.,Ltd
- Fashion Desinger (၂) ဦး
-Accountant (၁) ဦး
- Office Staff (International
- Marketing Officer) (၂) ဦး
- Sale Staff (၂) ဦး
- Graphic Designer (၁) ဦး
- Driver ကျား (၁) ဦး
အမှတ် (၂)၊ သဟာရလမ်း၊ သုခမြိုင်အိမ်ရာ၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်။ ရန်ကုန်။
**ဖုန်း - ၀၉၅၁၉၉၅၂၅**

---

**ဝန်ထမ်းအလိုရှိသည်**
OSLO အထည်ချုပ်စက်ရုံ
- Supervisor (စက်တန်းကြီးကြပ်ရေးမှူး) (၁) ဦး
- Office Staff (၁) ဦး
- Warehouse Keeper (၁) ဦး
- ကွန်ပျူတာပန်းထိုးကျွမ်းကျင် (၁) ဦး
- Silk Screen Printing (အထည်ဆေးရိုက်ကျွမ်းကျင်) ကျား (၁) ဦး
အမှတ် (၁၆၀)၊ မင်းကြီးမဟာခေါင်လမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။
**ဖုန်း - ၀၁-၆၁၃၅၃၂**

---

**ဝန်ထမ်းအလိုရှိသည်**
- (အိမ်၊ခြံ၊မြေ) ကျွမ်းကျင် ကျား/မ (၅) ဦး
- (အိမ်၊ခြံ၊မြေ) Marketing ကျား/မ (၅) ဦး
အမှတ် (၇၀)၊ ပထမထပ်၊ ရန်ကုန်-အင်းစိန်လမ်း၊ စံရိပ်ငြိမ် မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
**ဖုန်း - ၅၁၀၆၀၀၊ ၅၁၀၉၅၀**

---

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေရောင်းဝယ်ရေးလုပ်ငန်းတွင် တာဝန်ခံ (ရောင်း/ဝယ်) ၁၀ တန်းအောင်၊ ဘွဲ့ရ ကျား (၁) ဦး။ **ဖုန်း- ၀၉၄၉၃၄၁၄၈၁**

---

**ဝန်ထမ်းအလိုရှိသည်**
U & ME
အမျိုးသမီးဆံပင်ညှပ်၊ ကောက်ကျွမ်းကျင် မ (၅) ဦး
ခေါင်းနှိပ်လျှော်၊ မျက်နှာသစ်ကျွမ်းကျင် မ (၅) ဦး
ခြေသည်း၊ လက်သည်း ပန်းချီကျွမ်းကျင် မ (၃) ဦး
အမှတ် (၃၈၀)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်။
**ဖုန်း - ၀၉၇၃၀၉၆၅၇၂**

---

**ဝန်ထမ်းအလိုရှိသည်**
အိမ်ယာဉ်မောင်း ကျား(၂) ဦး
(ယာဉ်မျိုးစုံမောင်းနှင်နိုင်ရမည်။ Auto Gear နှင့် 4WD ကျွမ်းကျင်စွာမောင်းတတ်ရမည်)
**ဖုန်း - ၀၉၅၁၁၄၉၃၃**
**(ရုံးချိန် အတွင်း)**

---

**ဝန်ထမ်းအလိုရှိသည်**
(1) Manager (၃) ဦး
(2) Accountant မ (၃) ဦး
(3) Computer မ (၃) ဦး
(4) Office Staff မ (၅) ဦး
(5) Sale Girl မ (၅) ဦး
(6) Security ကျား (၃) ဦး
**Ph: 01-542111, 01-400805**

---

**ဝန်ထမ်းအလိုရှိသည်**
-Business Relation Executive ကျား၊ မ (၂) ဦး
၃၀-၃-၂၀၁၂ နောက်ဆုံးထားလျှောက်ထားရန်
No.151/A Ground Floor, Waizayatar Road, Thingangyun Township, Yangon.
**Ph: 951-562253**

---

**ဝန်ထမ်းအလိုရှိသည်**
ရေသန့်နှင့် အချိုရည်လုပ်ငန်း စက်ရုံတာဝန်ခံ ကျား (၁) ဦး
အရောင်းစာရေး ကျား/မ (၃) ဦး
ယာဉ်မောင်း ကျား (၂) ဦး
အထွေထွေလုပ်သား ကျား (၂၅) ဦး (နယ်မှလူ စားရိတ်ငြိမ်း)
၆. ၄. ၂၀၁၂ နောက်ဆုံးထားလျှောက်ထားရန်
အမှတ် ၄၂/၂၂၃၊ စက်မှု (၇) လမ်း၊ စက်မှုဇုန် (၁)၊ ရွှေပြည်သာမြို့နယ်။
**ဖုန်း - ၀၉၇၃၀၃၇၄၀၆**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၂) ဦး၊ ရုံးဝန်ထမ်း ကျား (၂) ဦး၊ အထွေထွေဝန်ထမ်း ကျား (၃) ဦး
**ဖုန်း - ၀၉၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
လုံခြုံရေးဝန်ထမ်း ကျား (၂) ဦး အမြန်အလိုရှိသည်။
အမှတ် (၃၁၅၊ ၃၁၇၊ ၃၁၉)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်။
**ဖုန်း - ၃၇၈၉၈၅၊ ၂၅၄၁၄၈**

---

**ဝန်ထမ်းအလိုရှိသည်**
စင်ကာပူနိုင်ငံ ရေနံဓာတုစက်ရုံတွင်လုပ်ရန် General Worker (General Fitter) ၃၀ ဦး
ကောင်းလာဘ်စံ
အမှတ် (၃၈၅/၃၈၉)၊ ၃-လွှာ (ညာ)၊ ပန်းဆိုးတန်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ **Global** တာဝါ၊ ကျောက်တံတား။
**ဖုန်း - ၃၉၈၂၉၉၊ ၃၇၇၁၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
SPEEDY AUTO
ကားအရောင်းပြခန်း
၁။ အရောင်းဝန်ထမ်း ကျား/မ (၃) ဦး
၂။ ရုံးဝန်ထမ်း ကျား/မ (၃) ဦး
၃။ ယာဉ်မောင်း (၅) ဦး
အမှတ် (၁၃၈)၊ အထက်ပန်းဆိုးတန်းလမ်း။
**ဖုန်း - ၃၉၃၂၀၂**

---

**ဝန်ထမ်းအလိုရှိသည်**
HR Executive ကျား (၁) ဦး
Assit;Showroom Supervisor ကျား/မ (၁) ဦး
Office Staff ကျား (၁) ဦး
**ဖုန်း - ၂၄၅၉၂၅၊ ၂၄၆၃၀၄**

---

**ဝန်ထမ်းအလိုရှိသည်**
Redlink Communications Co., Ltd
ဒရိုင်ဘာအလိုရှိသည်။ အမှတ် (၂၀)၊ ပုလဲလမ်း၊ မြရိပ်ညိုဟိုတယ်ဝင်း၊ ဗဟန်းမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
စာရင်းကိုင် မ (၂) ဦး
Marketing (၁) ဦး
အထွေထွေဝန်ထမ်း ကျား (၂) ဦး
A-4၊ မြေညီထပ်၊ ယုဇနပလာဇာ။
**ဖုန်း - ၀၉-၅၁၅၅၂၆၀**

---

**ဝန်ထမ်းအလိုရှိသည်**
Sales Man (၂) ဦး
Production (၂) ဦး
တိုက် (၁၂)၊ အခန်း (၆)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
PACIFIC PRIME MACHINERY Co., LTD
- Service Manager M (1) Post
- Sr.Asst Service Engineer (Electrical/Mechanical) M (3) Post
- Jr.Asst Service Engineer (Mechanical/ Electrical) M (2) Post
- Apprentice Mechanic (Mechanical/ Electrical) M (2) Post
- Sales Engineer (Mech/ Ele) M (2) Post
No.64(w) Thiri Mon Housing, Bayint Naung Road, Hlaing Township, Yangon.
**Ph: 680868,680878**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (၁) ဦးအလိုရှိသည်။
**ဖုန်း- ၀၁-၅၂၆၉၀၁**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

edexcel
Approved Centre No: 93081

# CHINDWIN COLLEGE
## SCHOOL OF BUSINESS



- ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
- ချင်းတွင်းကောလိပ်တွင် HND Engineering ရရှိပြီးသူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton, Conventry University တို့တွင် B.E (hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
- ချင်းတွင်းကောလိပ်မှ Business Management တန်းခွဲသစ်များကို မတ်လတွင်စတင်မည်။
- တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့်တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
- HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Conventry University တို့တွင် B.B.M Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။

**ဆက်သွယ်ရန်**
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း ၀၉-၇၃၀၆၈၃၇၄၆၊ ၀၁-၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း- ၀၉-၂၀၀၁၂၀၀၊ ၀၂-၇၄၁၇၉

OUR PARTNERS
AUSTON · TEG INTERNATIONAL COLLEGE · Coventry University · University of Wolverhampton · SOE SAN · edexcel advancing learning, changing lives · University of Sunderland



airBagan Treasure of Myanmar

airBagan ၏ ဝန်ဆောင်မှုအား
ဒိုင်းဝန်းအကြံဉာဏ်ပေးခဲ့သော
ခရီးသည်များထဲမှ ကံထူးရှင်(၉)ဦးအား
ရန်ကုန်-ချင်းမိုင်-ရန်ကုန် လက်မှတ်
ဂုဏ်ပြုချီးမြှင့်ခြင်း...

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် |
|---|---|---|---|
| ၁။ | ဒေါ်တင်တင်အေး | ၉/မရမ (နိုင်) ၀၇၂၁၇၁ | ချမ်းအေးသာဇံမြို့နယ် |
| ၂။ | ဦးထွန်းမြင့် | ၇/ဖမန (နိုင်) ၀၇၅၅၈၁ | ဇမ္ဗူသီရိမြို့ |
| ၃။ | ဦးရင်မောင်ညွန့် | ၁၂/မရက (နိုင်) ၀၅၄၄၅၆ | မရမ်းကုန်းမြို့နယ် |
| ၄။ | ဒေါ်ယဉ်ယဉ်မွန် | ၇/အမန (နိုင်) ၀၉၅၆၉၂ | တောင်ဥက္ကလာပမြို့နယ် |
| ၅။ | ဒေါ်သက်သက်ဝင်း | ၁၂/မဂတ (နိုင်) ၀၄၆၅၈၆ | လှိုင်မြို့နယ် |
| ၆။ | ဦးဇော်မင်းအေး | ၁၃/ကလန (နိုင်) ၀၀၃၆၉၆ | ကမာရွတ်မြို့နယ် |
| ၇။ | ဦးသန်းမင်းအောင် | ၁၂/မရက (နိုင်) ၁၂၉၈၂၉ | လှိုင်မြို့နယ် |
| ၈။ | ဒေါ်မူမူဝင်း | ၉/မထလ (နိုင်) ၂၂၁၈၉၉ | ရန်ကင်းမြို့နယ် |
| ၉။ | ဒေါ်သော်တာမြင့် | ၁၂/လမတ (နိုင်) ၀၃၁၀၇၂ | ကမာရွတ်မြို့နယ် |

www.airbagan.com





NIKKO KO KO
Computer & Electronics Sales Centre

* ဒိမ်းဆိုင်/ Internet & Computer School ဖွင့်ရန်
* စာစီစာရိုက်ဆိုင်ဖွင့်ရန်
* မိမိတို့အသိပညာ အတတ်ပညာတိုးတက်ဖို့အတွက်
* Computer လေ့လာရာမှာပဲသုံးသုံး
* ကျပ်75,000/- ရှိရုံနှင့်အဆင့်မြင့် P4 Desktop & 15"LCD 1စုံကိုပိုင်ဆိုင်နိုင်ပါပြီ...

| Brand | CPU | Memory | HDD | Drive | Price | With 15" LCD |
|---|---|---|---|---|---|---|
| FUJITSU | Celeron 2.6 | 512 MB | 40 GB | CD Rom | 48,000 | 75,000 |
| FUJITSU | Pentium 3.0 | 1 GB | 40 GB | CD Rom | 65,000 | 92,000 |
| NEC | Pentium 3.2 | 512 MB | 40 GB | DVD Combo | 75,000 | 102,000 |
| NEC | Celeron 2.5 | 1 GB | 80 GB | DVD Combo | 75,000 | 102,000 |
| NEC | Celeron 2.5 | 512 MB | 40 GB | CD Rom | 45,000 | 72,000 |
| DELL | Celeron D 2.8 | 1 GB DDRII | 80 GB(SATA) | CD Rom | 95,000 | 122,000 |
| DELL | Pentium 2.8 | 1 GB DDRII | 40 GB | CD Rom | 110,000 | 137,000 |
| HP | Pentium 3.2 | 1 GB DDRII | 80 GB(SATA) | CD Rom | 105,000 | 132,000 |
| HP | Celeron 2.8 | 512 MB | 80 GB | CD Rom | 55,000 | 82,000 |
| NEC | Celeron 2.6 | 512 MB | 40 GB | CD Rom | 48,000 | 75,000 |
| IBM | Pentium 2.9 | 512MB | 40 GB | CD Rom | 59,000 | 86,000 |
| TOSHIBA | Pentium 3.2 (2CPU) | 1 GB | 40 GB | DVD Combo | 85,000 | 112,000 |

Japan LCD Monitor
NEC
16"LCD Monitor
High Resolution 1280 x 1024
2 Speaker built in
170v to 220v
Warranty 2 Years
35,000/-Ks

Japan LCD Monitor
Compaq
15"LCD Monitor
High Resolution 1280 x 1024
170v to 220v
Warranty 2 Years
- 35,000/-Ks

ပျော်ရွှင်သောမိသားစုဘဝကို ပိုင်ဆိုင်လိုသူများအတွက်
ကျပ် ၃၈၀၀၀/- ရှိရုံနှင့် 14"TV+DVD (၁)စုံ
TV 14" + DVD =38,000/-
21" Flat TV 46,000/-

CD/Tape ခွေနဲ့လည်း အသုံးပြုနိုင်ပြီး FM အခနေနဲ့လည်းနားထောင်နိုင်တဲ့ Japan Portable CD Radio Cassette
BRAND NEW
Only - 15,000/-

ပစ္စည်းကောင်းနှင့် Brand ကောင်းသုံးလိုသူများအတွက် Made In Japan အစစ် Panasonic ရေခဲသေတ္တာနှင့် Toshiba အဝတ်လျှော်စက်များကို စျေးချိုချိုနှင့်ရောင်းချပေးနေပါပြီ။

- အဝတ်ကိုလျှော်ပြီးနှစ်ခြောက်သွေ့စေတဲ့စနစ် Airdry Function ပါဝင်ပါသည်။
- ရေစုပ်တဲ့စနစ် Punk System ပါဝင်သောကြောင့် အဝတ်လျှော်စက်ကို သယ်နေရာမှာပဲထားထား ရေကိုလွယ်ကူစွာ စုပ်ယူပေးနိုင်ပါသည်။

ရေခဲသေတ္တာ
1 Door 32000/-
2 Door (small) 60000/-
2 Door (medium) 99000/-
2 Door ရေခဲသေတ္တာ

20" Nikko LCD
BRAND NEW
Only 85,000/-

18.5" Nikko LED
BRAND NEW
Only 70,000/-

Computer နဲ့လည်း အသုံးပြုနိုင် TV အနေနဲ့လည်းကြည့်နိုင်တဲ့ 20",18.5" Nikko LCD/LED TV များ

Brand New Washing Machines
Toshiba AW- 42SJ (W) 195,000/Ks-
Toshiba AW- 60GF(W) 240,000/Ks-

ရုပ်သံကြည်လင်ပြတ်သားမှုအရှိဆုံး
MADE IN JAPAN
23" LCD TV Only 119,000/-
Japan LCD TV
20" - 89,000/-

* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊ ဖုန်း-၃၈၈၆၅၄၃၈၉၆၇၊၀၉-၅၁၃၈၉၃၂၊၀၉-၄၉၅၇၁၁၄၂၊၀၉-၅၁၃၇၈၄၀
* ရန်ကုန်(ကျောက်ကုန်း) အမှတ်(၇၆/က)၊ အောင်ဆေးလမ်း၊ ရန်ကင်းမြို့နယ်၊ (မီးရထားသံလမ်းအနီး) ဖုန်း- ၇၃၁၁၈၃၅၀
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုဓမ္မာလမ်း၊ (ရှ)ရပ်ကွက်(၆-ကွေ့ ကားမှတ်တိုင်အနီး)၊ ဖုန်း- ၉၆၉၀၁၇၅၊ ၀၉၅၁၂၄၁၄၁
* မန္တလေး အမှတ်(၂၁၈)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း- ၀၂-၇၁၇၆၈

# Education

7Day News Journal
Vol.11, No.4 • MARCH 29 , 2012

## တက္ကသိုလ်ဝင်တန်းများပြီးစီးချိန် ပညာရေးဝန်ဆောင်မှုများသက်ဝင်လှုပ်ရှားလာ

**နေလင်းထွန်း**

**အခြေခံပညာလေ့လာသင်ယူခဲ့သော ကျောင်းသားများတက္ကသိုလ်ဝင်တန်းစာမေးပွဲများပြီးဆုံးချိန်တွင် နိုင်ငံခြားပညာရေးဝန်ဆောင်မှုများနှင့် ပြည်တွင်းပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုသက်ဝင်လှုပ်ရှားလာပြီဖြစ်သည်။ နိုင်ငံရပ်ခြားတွင်ပညာသင်ယူလိုသော ကျောင်းသားများအတွက် ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ ပညာရေးဟောပြောပွဲများ၊ ပညာရေးပြပွဲများကို အရှိန်တိုးမြှင့်ဆောင်ရွက်လာကြသည်။ ပြည်တွင်းရှိ ဘာသာစကားသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ စာရင်းကိုင်သင်တန်းများကလည်း မိမိတို့သက်ဆိုင်ရာသင်တန်းများအလိုက် သင်တန်းကြေးလျှော့ချ၍ ဈေးကွက်မြှင့်တင်လာကြသည်။**



နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် အရည်အသွေးလိုအပ်ချက်မြင့်တက်လာသလို ပြိုင်ဆိုင်မှုပြင်းထန်လာသော အနာဂတ်ကြောင့် ပုဂ္ဂလိကသင်တန်းများက ကျောင်းသားများအတွက် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လာလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးတွင် ကိုယ်ပိုင်သင်တန်းကျောင်း ၁၂၀၀ ကျော်ရှိနေပြီး သင်တန်းကျောင်းများသည် အောင်မြင်ကျော်ကြားမှုအလိုက် ကျောင်းသားဈေးကွက်ဝေစုအများအပြား ရရှိနေကြသည်။

အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ပြင်သစ်စသည့်ဘာသာစကားသင်တန်းများနှင့် ကွန်ပျူတာသင်တန်းများကိုနိုင်ငံသားများသာမက နိုင်ငံခြားသားများပါ တည်ထောင်ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး ၎င်းသင်တန်းများက တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော ကျောင်းသားများအား အသင့်စောင့်ကြိုနေခြင်းဖြစ်သည်။

"နိုင်ငံတကာနဲ့ ဆက်သွယ်မယ်ဆိုရင် အင်္ဂလိပ်ဘာသာစကား အရမ်းအရေးကြီးပါတယ်။ ဘာသာစကားတစ်ခုက ကိုယ်ဘယ်လောက်သိနေတယ်၊ တတ်နေတယ်ဆိုတာ ပြောနိုင်ပါတယ်။ အဲတော့ အင်္ဂလိပ်ဘာသာစကားကျွမ်း ကျင်မှုတိုးတက်အောင်တော် တော်လေးကြိုးစားယူရမယ်။ နောက်တစ်ချက်က ကွန်ပျူတာကျွမ်းကျင်မှုပါ။ အရင်တုန်းက စာတတ်မြောက်ရေးဆို ရေးတာ၊ ဖတ်တာပဲပြောတယ်။ အခုကျတော့ နိုင်ငံတကာအဖွဲ့အစည်းမှာ အခြေခံစာတတ်မြောက်ရေးလို့ပြောရင်ကွန်ပျူတာကျွမ်းကျင်မှုက အရမ်းအရေးကြီးလာတယ်။ ကွန်ပျူတာကို ဘယ်လိုအသုံးချရမလဲ။ ကိုယ်လုပ်မယ့်လုပ်ငန်းနဲ့ ဆက်စပ်ပြီး ကွန်ပျူတာကို အသုံးချနိုင်ဖို့ အရေးကြီးတယ်။ တတိယအချက်အနေနဲ့ ကျွန်တော်တို့နိုင်ငံက ပညာရေးလေ့ကျင့်ပေးတဲ့ပုံစံနဲ့ နိုင်ငံတကာက လုံးဝမကိုက်ဘူးဗျ။ ကျွန်တော်တို့ဆီမှာက စာတွေကိုအရကျက်၊ ပြီးတော့ မေးတဲ့စာကိုတိုက်ရိုက်ပြန်ဖြေရတာကိုတော်တယ်၊ တတ်တယ်လို့ ပြောနေကြတယ်။ နိုင်ငံခြားသွားရင် အဲ့ဒီကိစ္စက အကြီးအကျယ်အခက်အခဲပဲ။ သူတို့ဆီမှာက ကိုယ့်ဘာသာ ဘယ်လောက်ထိစဉ်းစားနိုင်လဲ၊ သုံးသပ်နိုင်လဲ၊ အလုပ်လုပ်နိုင်လဲ၊ ပြဿနာကိုကိုယ့်ဘာသာဆုံးဖြတ်နိုင်မှုတွေကို ဦးစားပေးတယ်။ ကျွန်တော်တို့ဆီမှာ အဲ့ဒီလိုစနစ်ကိုအားမပေးဘူးဖြစ်နေတယ်။ ကိုယ့်အားကိုယ်ကိုးပြီး လုပ်နိုင်ဖို့က အများကြီးလေ့ကျင့်ဖို့လိုတယ်" ဟုပညာရေးကျွမ်းကျင်သူ ဒေါက်တာသိန်းလွင်က ပြောသည်။

ယနေ့ခေတ် ကျောင်းသားလူငယ်များအတွက် ရေပန်းစားသော သင်တန်းမှာ အင်္ဂလိပ်ဘာသာစကားသင်တန်းများဖြစ်ပြီး သင်တန်းကြေးများမှာလည်း သက်ဆိုင်ရာသင်တန်းကျောင်းများအလိုက် အမျိုးမျိုးကွဲပြားလျက်ရှိသည်။ သင်တန်းကြေးကျပ်ထောင်ဂဏန်းသာ ပေးသွင်းရသော ပညာဒါနသင်တန်းများမှ ကျပ်သိန်းဂဏန်းထိ ပေးသွင်းရသော သင်တန်းထိရှိနေပြီး မိမိငွေကြေးတတ်နိုင်မှုပေါ်မူတည်၍ တက်ရောက်လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

ကျောင်းသားများအနေဖြင့် တက္ကသိုလ်ပညာဆက်လက်မသင်ယူမီ နွေရာသီကာလတွင် ဘာသာစကားသင်တန်းများတက်ရောက်ခြင်း၊ အထွေထွေဗဟုသုတအတွက် စာအုပ်စာပေများဖတ်ရှုလေ့လာခြင်း၊ ပြည်တွင်း၊ ပြည်ပပညာရေးလမ်းကြောင်းများကို လေ့လာခြင်းများ ဆောင်ရွက်သင့်ကြောင်း ပညာရေးလေ့လာသူတစ်ဦးက အကြံပြုသည်။

"နိုင်ငံတကာအဆင့် အလုပ်အကိုင်တွေ ဆက်သွယ်လုပ်ကိုင်နိုင်ဖို့နဲ့ စာအုပ်အများစုမှာ အင်္ဂလိပ်လို ရေးသားထားတာ၊ နိုင်ငံတကာမှာ ပညာဆက်လက်သင်ယူမယ်ဆိုရင် တက္ကသိုလ်တွေမှာ အင်္ဂလိပ်ဘာသာစကားနဲ့ သင်ကြားပို့ချနေတာ စတဲ့အချက်တွေကြောင့် အင်္ဂလိပ်စာသင်ယူခြင်းဟာ အရေးပါသောအချက်ဖြစ်ပါတယ်။

စာ(၂၂)သို့

## Humphrey ဖဲလိုးရှစ် ဇွန် ၈ရက် နောက်ဆုံးလျှောက်ရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၄**



အမေရိကန်နိုင်ငံတွင် ပရော်ဖက်ရှင်နယ်အတွေ့အကြုံများကို တစ်နှစ်ကြာ လေ့လာသင်ယူနိုင်မည့် Hubert H.Humphrey Fellowship အစီအစဉ်အတွက် ဇွန် ၈ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း အမေရိကန်သံရုံးမှ သတင်းထုတ်ပြန်ထားသည်။

နိုင်ငံအတွက် ခေါင်းဆောင်နိုင်မှုနှင့် အစိုးရ(သို့မဟုတ်)ပုဂ္ဂလိကနယ်ပယ်တွင် ပြည်သူ့အတွက် အလုပ်အကျွေးပြုရန် စိတ်အားထက်သန်မှု အလားအလာကို အခြေခံ၍ ၎င်းအစီအစဉ်တွင် ရွေးချယ်သွားမည်ဖြစ်ကာ ပရော်ဖက်ရှင်နယ် အတွေ့အကြုံများကို တစ်နှစ်ကြာ လေ့လာခွင့်ရရှိမည်ဖြစ်သည်။

တက္ကသိုလ်မှ ဘွဲ့ရရှိထားသူ၊ ပြည်တွင်း၌ အနည်းဆုံးပရော်ဖက်ရှင်နယ် အတွေ့အကြုံ ငါးနှစ်ဆက်တိုက်ရှိသူ၊ လူထုအတွက် ခေါင်းဆောင်မှုစွမ်းရည်မှတ်တမ်းကောင်း ရရှိထားသူ၊ အဆိုပါ အစီအစဉ်အတွက် မိမိအလုပ်ရှင်ထံမှ ခွင့်ပြုချက်ရရှိသူ၊ တိုဖယ်ရမှတ် ၅၂၅ နှင့် ညီမျှသော အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုရှိထားသူနှင့် အမေရိကန်နိုင်ငံတွင် အချိန်အနည်းငယ်(သို့မဟုတ်)လုံးဝမနေထိုင် အလုပ်လုပ်ကိုင်၊ ပညာသင်ယူဖူးသူတို့သည် Hubert H.Humphrey Fellowship အစီအစဉ်အတွက် လျှောက်ထားနိုင်ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူထုဆက်သွယ်ရေး သတင်းမီဒီယာ၊ ကုန်ပစ္စည်းအလွဲသုံးစားပြုမှုကာကွယ်ရေးနှင့် ပပျောက်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးလေ့ကျင့်ရေး၊ စီမံကိန်းနှင့် စီမံခန့်ခွဲရေး၊ အဆင့်မြင့်ပညာရေးစီမံခန့်ခွဲမှု၊ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်စီမံချက်နှင့် ကာကွယ်ရေး၊ လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၊ ဥပဒေနှင့် လူ့အခွင့်အရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပြည်သူ့ကျန်းမာရေး မူဝါဒနှင့် စီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာ မူဝါဒနှင့် စီမံခန့်ခွဲမှု၊ အင်္ဂလိပ်ဘာသာစကား သင်ကြားပို့ချမှု၊ နည်းပညာစီမံခန့်ခွဲမှုနှင့် မူဝါဒ၊ လူကုန်ကူးမှု စီမံချက်နှင့်ကာကွယ်ရေးနှင့် မြို့ပြနှင့် ကျေးလက်ဒေသ စီမံကိန်းရေးဆွဲမှုတို့နှင့် ဆက်စပ်သော လုပ်ငန်းနယ်ပယ်တွင် အတွေ့အကြုံရှိထားသူများအနေဖြင့် အထက်ပါအစီအစဉ်ကို လျှောက်ထားနိုင်မည် ဖြစ်သည်။

Hubert H.Humphrey Fellowship အစီအစဉ်တွင် ရွေးချယ်ခံရပါက ပြည်တွင်း၊ ပြည်ပ ခရီးစရိတ်၊ သင်တန်းကြေးနှင့် ကျောင်းလခ၊ ကျန်းမာရေးအာမခံ၊ လစဉ်အသုံးစရိတ်၊ သင်ကြားရေး အထောက်အပံ့ပစ္စည်းများနှင့် လက်တွေ့လှုပ်ရှားမှုများအတွက် ပံ့ပိုးကူညီမှုများ ရှိမည်ဖြစ်သည်။ ပညာလေ့လာသင်ယူပြီးပါက မိမိနိုင်ငံသို့ပြန်၍ အနည်းဆုံး ၂နှစ် အလုပ်အကျွေးပြုရမည့် အစီအစဉ်အတွက် အသေးစိတ်အချက်အလက်ကို www.burma.usembassy.gov/scholarship.html တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

### ပညာရေးသတင်းတို

## အမေရိကန်စင်တာတွင် ပညာရေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ်-၂၃**

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်လိုသောကျောင်းသားများအတွက် "Finding the Right Fit and Navigating through the Collegiate Admission Process" အမည်ဖြင့် ပညာရေးဟောပြောပွဲကို အမေရိကန်စင်တာတွင် ပြုလုပ်မည်ဖြစ်သည်။ မတ် ၂၈ရက် ညနေ ၄နာရီခွဲတွင်မှ စတင်ကျင်းပမည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

## စင်ကာပူ ပညာရေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ်-၂၃**

စင်ကာပူနိုင်ငံတွင် Electrical၊ Electronicနှင့် Mechanical ဘာသာရပ်များ လေ့လာသင်ယူသောကျောင်းသားများအတွက် ပညာရေးဟောပြောပွဲကို မတ် ၃၁ရက်၊ နံနက် ၁၀ နာရီမှ နေ့လယ် ၁၂ နာရီတွင် ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ Management Development Institute of Singapore (MDIS) မှ တာဝန်ရှိသူများ လာရောက်ဟောပြောမည့်ပညာရေးဟောပြောပွဲသို့စိတ်ဝင်စားသူများတက်ရောက်လေ့လာနိုင်ကြောင်း Crown Education မှသိရသည်။

## အင်္ဂလိပ်စာ သင်တန်းအကြောင်း ဟောပြောမည်

**ရန်ကုန်၊ မတ်-၂၃**

ဗြိတိသျှကောင်စီမှ မန္တလေးမြို့တွင် ကလေးငယ်များအတွက် အင်္ဂလိပ်စာသင်တန်းအကြောင်း ရှင်းလင်းဟောပြောပွဲကို မတ်လ ၃၁ ရက် နံနက် ၁၀ နာရီမှ နေ့လယ် ၂နာရီထိ ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။ ဗြိတိသျှ ကောင်စီ မန္တလေးရုံးတွင် အင်္ဂလိပ်စာဆရာများနှင့် ကျောင်းသား မိဘများ တွေ့ဆုံနိုင်မည်ဖြစ်ပြီး သိလိုသည်များကို မေးမြန်းနိုင်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# စာရင်းကိုင်ဘာသာ ပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ မတ်-၂၁**

စင်ကာပူနိုင်ငံရှိ SAA Global Education တွင် စာရင်းကိုင်ဘာသာရပ် လေ့လာသင်ယူလိုသော ကျောင်းသားများအနေဖြင့် ဇူလိုင်လသင်တန်းအတွက် ပညာသင်ဆု စတင်လျှောက်ထားနိုင်ကြောင်း သိရသည်။

ACCA နှင့် CAT ဘာသာရပ်သင်တန်းများ အချိန်ပြည့်တက်ရောက်ကြမည့် ကျောင်းသားများကို ပညာသင်ဆုပေးအပ်မည်ဖြစ်ပြီး ACCA ဘာသာရပ်အတွက် အသက်(၂၁)နှစ်ပြည့်၍ ဘွဲ့ဒီဂရီတစ်ခုရရှိထားသူနှင့် CAT ဘာသာရပ်အတွက် အသက်(၁၆နှစ်)ပြည့်၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။ “အခုပေးမယ့် ပညာသင်ဆုက CAT, ACCA Part I, Part IIနှင့် Part III တက်ရောက်ဖို့ လျှောက်ထားမယ့်သူတွေ အားလုံးအကျုံးဝင်ပါတယ်။ B.C သာ ဘွဲ့ရထားတဲ့သူတွေအနေနဲ့ ACCA Level II ကို တိုက်ရိုက်တက်ရောက်နိုင်မှာပါ။ အခြားစီးပွားရေးဘွဲ့ရထားတဲ့သူတွေလည်း Exemption လျှောက်ထားနိုင်ပါတယ်”ဟု စင်ကာပူပညာရေး ဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးကပြောသည်။

ပညာသင်ဆုအတွက် ကျောင်းလခရာခိုင်နှုန်းပြည့်ရရှိမည်ဖြစ်ပြီး ဧပြီလကုန်နောက်ဆုံးထား၍ ပြည်တွင်းရှိ စင်ကာပူပညာရေးဝန်ဆောင်မှုလုပ်ငန်းများသို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်သည်။

## စာ-၂၁၊ တက္ကသိုလ်ဝင်တန်းများပြီးစီးချိန် ပညာရေးဝန်ဆောင်မှုများသက်ဝင်လှုပ်ရှားလာ မှ

အခြား နိုင်ငံတကာကျောင်းသားတွေနဲ့ နှိုင်းယှဉ်ရင် မြန်မာကျောင်းသားအများစုအတွက် နစ်နာတဲ့အချက်က အင်္ဂလိပ်စာကို သီးသန့်အချိန်ပေးသင်ယူနေရခြင်း ဖြစ်ပါတယ်။ကိုယ့်ဝါသနာကို မှန်ကန်စွာ ဆုံးဖြတ်နိုင်ဖို့ သင့်တင့်တဲ့ အထွေထွေဗဟုသုတရှိဖို့ လိုအပ်ပါတယ်။ အဲ့ဒီအချက်အလက်တွေကို အင်တာနက်နဲ့ စာအုပ်စာတမ်းတွေကနေ သိနိုင်ပါတယ်။ စာကြည့်တိုက်တွေကတော့ ကလေးတွေအတွက် အကောင်းဆုံးပတ်ဝန်းကျင်တစ်ခုပါပဲ”ဟု နိုင်ငံတကာ ပညာရေးအကြံပေး ဆောင်ရွက်နေသော ဦးအောင်ကျော်ဆန်းက ဆိုသည်။ ပြည်တွင်း၌ ပညာရေးအခွင့်အလမ်းများ ပိုမိုများပြားလာခြင်းကြောင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် ပြည်ပနိုင်ငံသို့ သွားရောက်ပညာသင်ကြားသော ကျောင်းသားဦးရေသည် ယခင်နှစ်များထက် လျော့နည်းသွားနိုင်ကြောင်း ၄င်းက သုံးသပ်သည်။

ထူးခြားချက်အနေဖြင့် နိုင်ငံရေးစနစ်ပြောင်းလဲလာမှုကြောင့် နိုင်ငံတကာ အစိုးရများမှ ပညာတော်သင်ဆုများ တိုးမြှင့်ချီးမြှင့်လာခြင်းဖြစ်ပြီး နိုင်ငံရပ်ခြားပညာတော်သင် သွားရောက်လိုသူများအနေဖြင့် ယခုချိန်မှ စတင်ပြင်ဆင်ရတော့မည်ဖြစ်သည်။

“အခုနောက်ပိုင်းတော့ပြင်ပအဖွဲ့အစည်းတွေကတော့ ပညာအခွင့်အလမ်းနဲ့ပတ်သက်ပြီးဆောင်ရွက်ပေးမယ်လို့ ပြောဆိုသံတွေကြားရတယ်။ အဲ့ဒီလို ပညာရေးလမ်းကြောင်းကို လိုက်တဲ့ကျောင်းသားတွေ များလာမယ်လို့ ထင်တယ်။ကျောင်းသားတွေ အတွက် အခွင့်အလမ်းသစ်ပေါ့”ဟု နိုင်ငံခြားပညာရေးအဖွဲ့အစည်းများနှင့် လုပ်ငန်း ဆောင်ရွက်နေသော ပညာရှင်တစ်ဦးကပြောသည်။

မြန်မာကျောင်းသားများအတွက် ပြည်တွင်းပညာရေးအခွင့်အလမ်း ပိုမိုများပြားလာသလို နိုင်ငံတကာပညာရေး အခွင့်အလမ်းများအတွက်လည်းအလားအလာကောင်းများဖြစ်တည်နေခြင်းဖြစ်သည်။ ယင်းကဲ့သို့ အခြေအနေတွင် ကျောင်းသားများအနေဖြင့် လိုအပ်သော ပညာအရည်အချင်းများကို ဖြည့်စွက်ထားရန်နှင့် မှန်ကန်သောပညာရေး လမ်းကြောင်းသို့ ရွေးချယ်နိုင်ရန် အရေးကြီးမည်ဖြစ်ကြောင်း ပညာရေး ကျွမ်းကျင်သူများကဆိုသည်။

“ဒီခေတ် ကျောင်းသားတွေမှာ တော်တဲ့ကလေးတွေလည်း အများကြီး တွေ့တယ်။ ကိုယ်ပညာရဖို့ကို တော်တော်ကြိုးကြိုးစားစား ဘယ်နေရာမှာရမလဲ ရှာနေကြတာကို တွေ့ရတယ်။ ဒါပေမဲ့ အများစုကို ဘဝမှာအချိန်ကိုတန်ဖိုး အရှိဆုံးလို့ မမြင်ဘဲ၊ ပေါ့ပေါ့နေတာလည်း တွေ့တယ်။ကလေးတွေ ပေါ်ပင်လိုက်ချင်တာလည်း တွေ့ရတယ်။ ကိုယ့်ဝါသနာကို သေသေချာချာဇောက်ချလုပ်တာဆိုရင် ကိုယ်လုပ်ချင်တဲ့ ရည်မှန်းချက်ကို အရင်တိတိကျကျ သိရမယ်”ဟု ဒေါက်တာသိန်းလွင်က သုံးသပ်သည်။

## ရုရှားပညာရေး အဖွဲ့တစ်ဖွဲ့ ပညာရေးအခွင့်အရေးများလာရောက်ရှင်းလင်း

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၄**

ရုရှားနိုင်ငံရှိတက္ကသိုလ်များတွင် မြန်မာကျောင်းသားများ ပညာသင်ယူရန်အတွက် ရုရှားပညာရေးအဖွဲ့အစည်းတစ်ခုမှ ၄င်းတို့၏ ပညာရေးအခွင့်အလမ်းကို ပထမဆုံးအကြိမ် လာရောက်ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။


ရုရှားတက္ကသိုလ်များတွင် ပညာသင်ကြားနိုင်ရန် ဝန်ဆောင်မှုပေးနေသော Russia-Africa Centre for University Studies (RACUS) သည် တပ်မတော်ခန်းမ၌ မတ် ၂၃ မှ ၂၄ ရက်ထိ ကျင်းပသော Global Education ပြပွဲတွင် ပြခန်းဖွင့်လှစ်ပြသခဲ့ခြင်း ဖြစ်သည်။

“မြန်မာနိုင်ငံကိုလာတာ ပထမဆုံး အကြိမ်ပါပဲ။ မြန်မာကျောင်းသားတွေက နိုင်ငံခြားမှာ ပညာသင်ချင်နေကြတာကို သိပါတယ်။ မြန်မာရဲ့ အိမ်နီးချင်းနိုင်ငံတွေမှာတော့ ရုံးခန်းတွေ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ မြန်မာကျောင်းသားတွေအတွက် ရုရှားနိုင်ငံက ကျောင်းလခအရမ်းသက်သာပါတယ်။ ရုရှားတက္ကသိုလ်တွေမှာမြန်မာကျောင်းသားတွေ အများကြီးပညာလာသင်မယ်လို့ မျှော်လင့်ပါတယ်”ဟု RACUS မှ အာရှဒေသ ကျောင်းသားရေးရာမန်နေဂျာ Ms Anastasiia Savanova ကဆိုသည်။

ရုရှားနိုင်ငံတွင် တက္ကသိုလ်တက်ရောက်နိုင်ရန်အတွက် ပြည်တွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားရမည်ဖြစ်ပြီး ကျောင်းသားပြည်ဝင်ခွင့်အတွက် ကျောင်းဝင်ခွင့် လက်မှတ်ပေးပို့မည်ဖြစ်ကာ ဘဏ်ငွေစာရင်းပြသရန် လိုအပ်မည်မဟုတ်ကြောင်း ၄င်းက ပြောသည်။ အရပ်ဘက်မဟုတ်သည့် စစ်ဘက်မှ ကျောင်းသားအများအပြား ပညာသင်ယူနေသော ရုရှားနိုင်ငံတွင် မြန်မာကျောင်းသားများအတွက် ရုရှားပညာရေးအဖွဲ့အစည်းက ပြည်တွင်း၌ ပထမဆုံးအကြိမ် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။








7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# ပြည်တွင်းဖုန်းနံပါတ်ဖြင့် ဂျီမေးလ် အကောင့်လုပ်နိုင်ပြီ




ယုဇနကိုကို
ရန်ကုန်၊ မတ်-၂၀

ဂျီမေးလ်အကောင့် အသစ်ပြုလုပ်လိုသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ဖုန်းနံပါတ်များကို အသုံးပြုကာ အီးမေးလ်အကောင့်သစ်များပြုလုပ်နိုင်ပြီဖြစ်ကြောင်းသတင်းရရှိသည်။

Google ကယင်း၏ Gmail Account သစ်ကိုပြုလုပ်သည့်အခါ မြန်မာပြည်တွင်းမှ ဖုန်းနံပါတ်များဖြင့် Code နံပါတ်အတည်ပြုခြင်းကို ခွင့်ပြုလိုက်ခြင်းဖြစ်သည်။


ယခင်က ပြည်တွင်းမှ အင်တာနက်အသုံးပြုသူများအနေဖြင့် Google ၏ ဂျီမေးလ် အကောင့်သစ်များကို ပြုလုပ်လိုပါက ကိုယ်ပိုင်ဖုန်းနံပါတ် (ပြည်တွင်းကုတ်နံပါတ်) များဖြင့် မပြုလုပ်နိုင်သဖြင့် ပြည်ပနိုင်ငံများတွင်နေထိုင်သည့် မိတ်ဆွေများ၏ ဖုန်းနံပါတ်များဖြင့်သာပြုလုပ်ပြီး Gmail Account သစ်များကို ရယူနိုင်ခဲ့ကြသည်။

"အခုလိုမျိုး ဂူဂဲလ်ကလုပ်ပေးတော့ ဒီနိုင်ငံရဲ့ ပြည်တွင်းဆက်သွယ်ရေးစနစ်ကို အသိအမှတ်ပြုလာတာဖြစ်နိုင်တယ်။ အရင်ကလို ဂျီမေးလ်အကောင့်သစ်လုပ်ချင်ရင် နိုင်ငံခြားက အသိမိတ်ဆွေတွေကို အကူအညီလှမ်းတောင်းရတဲ့ အခက်အခဲတွေနဲ့တော့ ကင်းဝေးသွားပြီပေါ့" ဟု ပုဂ္ဂလိကနည်းပညာကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသည့် သက်လတ်ပိုင်း အမျိုးသားဝန်ထမ်းတစ်ဦးကဆိုသည်။

ထိုကဲ့သို့ဂျီမေးလ်အကောင့်အသစ် ပြုလုပ်သူများအနေဖြင့် ပြည်တွင်းဖုန်းနံပါတ်များကိုအသုံးပြုရာတွင် Google မှ ပြုလုပ်သူ၏ ဖုန်းနံပါတ်သို့ Audio Message စနစ်ဖြင့် ပြန်လည်ပေးပို့မည်ဖြစ်ပြီး ယင်းနောက်တွင် အီးမေးလ်အကောင့်သစ်ကို အသုံးပြုနိုင်မည်ဖြစ်သည်ဟု Google ၏ အဆိုပါဝန်ဆောင်မှုကို စမ်းသပ်ပြုခဲ့ကြသည့် ရန်ကုန်မြို့တွင်း နေထိုင်သော အင်တာနက်ကျွမ်းကျင်သူများထံမှသိရသည်။

# မြေပုံဆော့ဖ်ဝဲ အခမဲ့ ဖြန့်ဝေ

ယုဇနကိုကို
ရန်ကုန်၊ မတ်-၁၈




သိလိုသည့်နေရာဒေသများကို Online မှ ကြည့်စရာမလိုဘဲ Offline ကြည့်ရှုနိုင်သောလမ်းညွှန်မြေပုံဆော့ဖ်ဝဲကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ဧပြီလဆန်းတွင် စတင်၍ အခမဲ့ဖြန့်ချိပေးသွားမည်ဟု သတင်းရရှိသည်။

အဆိုပါဆော့ဖ်ဝဲ၏ အမည်မှာ Map++Directory လမ်းညွှန်ဖြစ်ပြီး PC များနှင့် Android မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

စတင်ဖြန့်ချိသည့် အချိန်မှ လအနည်းငယ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လိပ်စာပေါင်းတစ်သိန်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိလိပ်စာပေါင်းသုံးသောင်းကို ထည့်သွင်းပေးထားသည်ဟု အထက်ပါကုမ္ပဏီမှ အခမဲ့ဖြန့်ချိသည့် ဆော့ဖ်ဝဲထုတ်လုပ်သည့်အဖွဲ့မှ ထုတ်လုပ်မှုဒါရိုက်တာ ဦးမိုးသန့်ဦးက ပြောသည်။

Myanmar Explore Map ++ Directory အမည်ရအဆိုပါဆော့ဖ်ဝဲတွင် မည်သည့်စီးပွားရေးလုပ်ငန်းအမျိုးအစားမဆို သက်ဆိုင်ရာလုပ်ငန်းများ၏ တည်နေရာများနှင့် လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းအကြောင်းအရာများကို အခမဲ့ထည့်သွင်းနိုင်မည်ဖြစ်သည်။

စာအုပ်မလိုဘဲကွန်ပျူတာနှင့် မိုဘိုင်းစနစ်များတွင်ပင် သိလိုသမျှ စီးပွားရေးလုပ်ငန်းများ၏ လိပ်စာများနှင့် တည်နေရာပြလမ်းညွှန်မြေပုံစနစ်များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် သုံးစွဲသူများက အခမဲ့အသုံးပြုနိုင်မည်ဖြစ်သည်။

ဘတ်စ်ကားမှတ်တိုင်များပါ ရှာဖွေသိရှိနိုင်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းပေါင်း ခုနစ်ထောင်ကျော်ကိုပါ တိတိကျကျ အလွယ်တကူရှာဖွေနိုင်မည်ဖြစ်သည်ဟု အထက်ပါတာဝန်ရှိသူကပြောသည်။


ယင်းလမ်းညွှန်မြေပုံဆော့ဖ်ဝဲအတွင်း မည်သူမဆိုလုပ်ငန်းကြော်ငြာများကို စိတ်ကြိုက်ညှိနှိုင်းထည့်သွင်းနိုင်မည်ဖြစ်သည်။

မည်သည့်နေရာတွင်မဆို အွန်လိုင်းချိတ်ဆက်ထားရန်မလိုဘဲအသုံးပြုနိုင်မည့်ယင်းလမ်းညွှန်မြေပုံဆော့ဖ်ဝဲကို www.myanmarexplore.com ပေါ်တွင် လစဉ်၁၆ရက်နှင့်လကုန်ရက်များတွင် သုံးစွဲသူကိုယ်တိုင် Update ပြုလုပ်နိုင်မည်ဖြစ်ပြီး ရေးဆွဲသည့်ကုမ္ပဏီအနေဖြင့်လည်း သုံးလတစ်ကြိမ် လိပ်စာများနှင့် အကြောင်းအရာများကိုပါပြန်လည်ဆန်းစစ်ပြီး ပြင်ဆင်ပေးသွားမည်ဟုသိရသည်။

လတ်တလောတွင် အဆိုပါဆော့ဖ်ဝဲကို ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးနှစ်ခုတည်းအတွက်သာ အသုံးပြုနိုင်သေးသော်လည်း လာမည့်မေလအတွင်း နေပြည်တော်ခရိုင်၏ လမ်းစနစ်များနှင့် လုပ်ငန်းများ၊ အစိုးရရုံးဌာနများ၏ တည်နေရာများကိုပါဖြည့်စွက်ပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံး၏ လမ်းညွှန်စနစ်ကို တစ်ဆင့်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

အင်မိုင်ခကုမ္ပဏီလီမိတက်မှထုတ်လုပ်သည့်Map++ Directory ကို အထက်ဖော်ပြပါဝက်ဘ်ဆိုက်တွင် အခမဲ့ဒေါင်းလော့ရယူသုံးစွဲနိုင်သည်။





APPETON®
Health For Life
Big Bite Promotion
Electric Car
ipad
ipod
Electric Motorcycle
Fork & Spoon
Skate
Promotion Period
25-Feb to 30-April 2012
APPETON Lysine(Tablet & Syrup)
Big Bite Promotion
Fair Deal Co.,Ltd.
Distributed & Marketed by :
FAIR DEAL Co., Ltd.
No. 39 (A)/40, Yan Naing Swe (2)nd Street, Thaketa Industrial Zone, Thaketa Township, Yangon, Myanmar.
Tel : 951-450002, 450010, 700959




mistral
AUSTRALIAN HERITAGE ... SINCE 1968
KHIND®
A World Brand...From Malaysia
Honeywell
Brand From USA
khaitan
Made In India
Air Cooler Design
(30%)
Customer Present
mistral Fan Series
Warranty(5)Year
KHIND Fan Series
khaitan Ceiling Fan
24" Industrial Stand Fan
MSF 2400
24" Industrial Wall Fan
MWF 2400
Industrial Exhaust Fan
18", 20", 24"
Remote Control Tower Fan
MFD 360R
MFD 303R
Digital Mist Fan
MMF 100R
16" Stand Fan
MSF 40-4R
Power Fan
MPF 9B
Exhaust Fan
8", 10", 12" 2 Ways
18" Wall Fan
WF 1803
16" Wall Fan
WF 1661
18" Stand Fan
SF 1802
16" Stand Fan
SF 1683
16" Stand Fan
SF 1625
Flamingo (White & Decoration Light)
FLOW 56" Power 72/ 80W
Air Flow Super (White / Off White)
AFOW 48" / 56" Power 72/ 80W
Zolta Dlx (White / Brown)
ZTBR 48" / 56" Power 50W
80% Honeycomb Filter Pressure Pump
mistral Air Cooler Series
MAC 70
MAC 1801
MAC 200
Gift Thermos Mug
Gift Thermos Mug
Gift Khind Electric Iron
MEDIA
PUMP
Honeywell Air Cooler Series
CS10XE
CL 20AE
CL 60PM
Gift Khind Electric Iron
Gift Khind Electric Iron
Gift Khind Electric Iron
Customer
Thermos mug
KHIND - mistral Digital World
Ph: 01-205130, 9000007, 9000255~256
KHIND Electro World (Mandalay)
Ph: 09-73036548

# ဒီမိုကရေစီပါတီများ ပူးပေါင်းမဲဆွယ်

အိဖြူလွင်

ရန်ကုန်၊ မတ် - ၂၃

ဒီမိုကရေစီမိတ်ဆွေပါတီ ၁၀ ပါတီစုပေါင်းပြုလုပ်သော မဲဆွယ်လှုပ်ရှားပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ယနေ့ကျင်းပပြုလုပ်ခဲ့သည်။

ဒီမိုကရေစီမိတ်ဆွေပါတီများသည် ယခု ကြားဖြတ်ရွေးကောက်ပွဲအတွက်မဲဆန္ဒနယ်တစ်နယ်တွင် ကိုယ်စားလှယ်လောင်းတစ်ဦးစီသာ ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။ ယခု မဲဆွယ်လှုပ်ရှားမှုများ ပြုလုပ်ရာတွင် ပါတီအားလုံးက သက်ဆိုင်ရာပါတီမှ ကိုယ်စားလှယ်လောင်းဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အသီးသီးတွင် ပြုလုပ်သည့် လှုပ်ရှားမှုများကိုဝန်းရံပေးကြခြင်းဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဦးသုဝေကပြောကြားသည်။

မဲဆွယ်လှုပ်ရှားပွဲကို ကားအစီးရေ ၁၅ စီးခန့်ဖြင့် သွားရောက်ကြပြီး လမ်းတစ်လျှောက်တွင် အသံချဲ့စက်ဖြင့်ဟောပြောခြင်း၊လက်ကမ်းစာစောင်များ ဝေငှခြင်း၊ လမ်းလျှောက်၍ ကြွေးကြော်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် မဲဆွယ်လှုပ်ရှားမှုတွင်မင်္ဂလာတောင်ညွန့်မြို့နယ်မှဝင်ရောက်ယှဉ်ပြိုင်မည့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ဦးသုဝေနှင့် မရမ်းကုန်းမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ ဒေါ်ခင်ဖြူဖြူငြိမ်းတို့အတွက် မဲဆွယ်ခဲ့ကြခြင်းဖြစ်သည်။

ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီတွင်ပါဝင်သော ပါတီများမှာ ချင်းအမျိုးသားပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၊ပြည်ထောင်စုဒီမိုကရေစီပါတီ၊ ဖလုံ-စပေါ်ဒီမိုကရက်တစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစု၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့ ဖြစ်သည်။



ဓာတ်ပုံ-ဝေယံ

*နိုင်ငံရေးပါတီများ မရမ်းကုန်းမြို့နယ်တွင် ပူးပေါင်းမဲဆွယ်သည်ကို မတ်လ ၂၃ ရက်က တွေ့ရစဉ်*

## ရွေးကောက်ပွဲ စောင့်ကြည့်ရေး ကွန်ရက်ဖွဲ့စည်းမည်

အိဖြူလွင်

ရန်ကုန်၊
မတ် - ၂၃

ကျင်းပတော့မည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ကွန်ရက်ဖွဲ့စည်းကာ ရွေးကောက်ပွဲလိုအပ်ချက်များကို အများပြည်သူနှင့် နိုင်ငံတကာသို့ ထုတ်ပြန်သွားမည်ဟု ကွန်ရက်အဖွဲ့ဝင်တစ်ဦးဖြစ်သော ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦး ဖြစ်သည့်ဦးကိုကိုကြီးက ယနေ့ပြုလုပ်သော ကွန်ရက်၏သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကွန်ရက်အနေဖြင့် ရွေးကောက်ပွဲမတိုင်မီနေ့များ၊ ရွေးကောက်ပွဲရက်နှင့် ရွေးကောက်ပွဲပြီးချိန်တွင် ဖြစ်ပေါ်သော လိုအပ်ချက်များကိုမီဒီယာများတွင်ပါဝင်သောအချက်အလက်များနှင့်ကွန်ရက်မှ ရရှိထားသော အချက်အလက်များအပေါ် အခြေခံ၍ အစီရင်ခံစာမူကြမ်းကိုတစ်ပတ်အတွင်း ထုတ်ပြန်သွားမည်ဖြစ်ကာ တစ်လအတွင်းအပြီးသတ် အစီရင်ခံစာကိုထုတ်ပြန်မည်ဟု သိရသည်။

ကွန်ရက်ကို ယခင် ၂၀၁၀ ပြည့်နှစ်တွင်ပါဝင်ခဲ့သည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များပါ ပါဝင်၍ ဖွဲ့စည်းထားပြီး မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာ အကူအညီများကိုသာ အားကိုးမနေဘဲ ပြည်တွင်းမှ နိုင်ငံသားများအနေဖြင့် မည်သည့်နေရာတွင် လိုအပ်ချက်များရှိသည်ကို သိရှိနိုင်ရန် ရည်ရွယ်၍လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဦးကိုကိုကြီးက ပြောကြားသည်။

ကွန်ရက်အနေဖြင့် နိုင်ငံတကာမှ နိုင်ငံအလိုက် ရွေးကောက်ပွဲစောင့်ကြည့်သည့်အဖွဲ့အစည်းများကို လေ့လာ၍ ကျင့်ဝတ်များ စောင့်ကြည့်သူများ လုပ်ဆောင်ရမည့်အချက်များကိုပါ သတ်မှတ်ထားပြီး လူမှုဆက်သွယ်ရေးကွန်ရက်တစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်လည်း ပြည်သူတို့၏ ရင်ဖွင့်လွှာအစီအစဉ် တစ်ခုထားရှိမည်ဟု သိရသည်။

ဧပြီလ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ နိုင်ငံတော်မှဖိတ်ခေါ်ချက်အရအမေရိကန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအပါအဝင်နိုင်ငံတကာမှလေ့လာစောင့်ကြည့်သူ ၉၀ ကျော်လာရောက်မည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်တွင် အာဆီယံဆိုင်ရာ ကော်မတီ ၃ ရပ် ထပ်မံဖွဲ့စည်း

ထူးသန့်

နေပြည်တော် မတ်- ၂၃

အမျိုးသားလွှတ်တော်တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာကော်မတီ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ကော်မတီတို့ကို ထပ်မံဖွဲ့စည်းလိုက်သည်။

အဆိုပါ ကော်မတီများ ဖွဲ့စည်းခြင်းကို ယခုလ ၂၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ကော်မတီဥက္ကဋ္ဌများအဖြစ် ဦးညွန့်တင်၊ ဒေါက်တာမြင့်ကြည်နှင့် ဦးဝင်းမောင်တို့အား အသီးသီးခန့်အပ်ကာ ကော်မတီများ၏ သက်တမ်းကိုလည်း တစ်နှစ်သတ်မှတ်ထားကြောင်း သိရသည်။

၎င်းအပြင် အမျိုးသားလွှတ်တော်၌ (ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်-၉ ကိုယ်စားလှယ်) ဦးနေဝင်းထွန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော သတ္တုနှင့်သယံဇာတရေးရာကော်မတီကိုလည်း ယခုလ ၂၂ ရက်စွဲဖြင့်ပင် ဖွဲ့စည်းခဲ့သည်။

ယခုဖွဲ့စည်းခဲ့သော ကော်မတီများအပါအဝင် အမျိုးသားလွှတ်တော်တွင် ကော်မတီ ၁၄ ရပ်ရှိမည်ဖြစ်ကြောင်းလည်း ထပ်မံသိရသည်။

အလားတူပင် အမျိုးသားလွှတ်တော်၌ ယခင်က ဖွဲ့စည်းထားခဲ့သော ကော်မတီ ၁၀ ရပ်၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၎င်းကော်မတီနှင့် ဥက္ကဋ္ဌများမှာ အောက်ပါအတိုင်းဖြစ်သည်။

| ဥက္ကဋ္ဌများ | ကော်မတီ |
|---|---|
| ၁။ဦးမြငြိမ်း | - လွှတ်တော်အခွင့်အရေးကော်မတီ |
| ၂။ဒေါက်တာအေးမောင် | - နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ |
| ၃။ဦးဇော်မြင့်ဖေ | - အမျိုးသားစီမံကိန်းရေးရာကော်မတီ |
| ၄။ဦးစံထွန်း | - ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ |
| ၅။ဒေါ်နန်းနီနီအေး | - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ |
| ၆။ဒေါက်တာခင်ရွှေ | - ပညာရေး၊ကျန်းမာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ |
| ၇။ပါမောက္ခဒေါက်တာမြဦး | - အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီ |
| ၈။ဗိုလ်မှူးကြီးမောင်မောင်ထူး | - နိုင်ငံတကာ ဆက်ဆံရေးရာကော်မတီ |
| ၉။ဒေါက်တာမြင့်ကြည် | - တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီ |
| ၁၀။ ဦးဝင်းနောင် | -အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ |

## သင်္ကြန်မတိုင်မီ အာဖရိကသို့ ဆန်တန်ချိန် ၄၀,၀၀၀ တင်ပို့မည်

ပြည်သိမ်း

ရန်ကုန်၊ မတ် - ၂၄

သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းတွင် အာဖရိကဈေးကွက်သို့ ဆန်တန်ချိန်လေးသောင်း တင်ပို့ရန်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှာ သိရသည်။

အိန္ဒိယမှအာဖရိကဈေးကွက်သို့ဆန်တင်ပို့မှု လျော့ကျလာခြင်း၊ မြန်မာဆန်သည် နွေရာသီရောက်လာသဖြင့်ရေငွေ့ပါဝင်မှုမှာသတ်မှတ်ချက်အတိုင်း ထိန်းချုပ်နိုင်ခြင်းတို့ကြောင့် အာဖရိကသို့ ပြန်လည်တင်ပို့နိုင်ခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆိုသည်။ "နှစ်စဉ်လည်း ဒီအချိန်ဆို အာဖရိကက ဝယ်နေကြပါ" ဟု ဦးရဲမင်းအောင်ကဆိုသည်။

အာဖရိကသို့တင်ပို့ရာတွင် လက်ရှိမြန်မာ့ဆန်ဈေးမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၃၅ သာ ရရှိသည်။ ပြည်တွင်းဈေးကွက်၌လည်းအာဖရိကမှ ဝယ်ယူမှုများရှိလာသော်လည်း ဈေးနှုန်းမပြောင်းလဲဘဲ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ၁၁,၇၀၀ ကျပ်ဝန်းကျင်သာ ရှိသည်။

ထို့အပြင် နယ်စပ်ကုန်သွယ်ရေးဖြင့်လည်း ၂၀၁၁ ခုနှစ်ဒီဇင်ဘာလမှ စတင်၍ တရုတ်နိုင်ငံသို့ဆန်တင်ပို့မှုကို ခွင့်ပြုခဲ့သည်။ ယင်းကြောင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ဖေဖော်ဝါရီတစ်လအတွင်း၌ပင် တန်ချိန် ၅၆,၀၀၀ ကျော်တင်ပို့နိုင်ခဲ့သည်။

"ဒီဘက်က အများဆုံးဝယ်တာကတော့ ငစိန်ဆန်ပဲ။ သူက မုန့်တွေဘာတွေလုပ်တာတို့၊ ကြာဆံ၊ ခေါက်ဆွဲလုပ်တာတို့ကောင်းတော့ တရုတ်က လုပ်ငန်းသုံးအနေနဲ့ဝယ်တာ" ဟု မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ဆန်တင်ပို့ရာတွင် မြန်မာနိုင်ငံဘက်မှ တရားဝင်ခွင့်ပြုထားသော်လည်း တရုတ်နိုင်ငံဘက်က ဒေသခံလယ်သမားများ အကျိုးကို ထိခိုက်မည်စိုး၍ ခွင့်ပြုပေးခြင်းမရှိပေ။ ယူနန်ပြည်နယ်တွင် ဒေသတွင်းဆန်ဈေးနှုန်း ကြီးသည့်အတွက် လုပ်ငန်းရှင်များက မြန်မာ့ဆန်ကိုသာ ဝယ်ယူခြင်းဖြစ်သည်။

ယူနန်ပြည်နယ်မှ ထွက်သည့်ဆန်သည်တစ်အိတ်လျှင်ယွမ် ၂၁၀ ဈေးရှိသည်။ မြန်မာနိုင်ငံမှ တင်ပို့သည့် ငစိန်ဆန်မှာ တစ်အိတ်လျှင် ယွမ် ၁၅၀ ဝန်းကျင်သာရှိသည်။ နယ်စပ်၌ တရုတ်-မြန်မာလက်ရှိငွေလဲနှုန်းကျပ် ၁,၀၀၀ ကို ၇ ဒသမ ၇၈ ယွမ်ဖြင့် ဆိုလျှင် ငစိန်ဆန်တစ်အိတ်လျှင်ကျပ် ၁၉၀,၀၀၀ ကျော်ရှိသည်။ သယ်ယူစရိတ် စုစုပေါင်းမှာ ဆန်တစ်အိတ်လျှင်ကျပ် ၅၁,၀၀၀ ကျော်ရှိသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်တင်ပို့မှုမှာ ၂၀၀၈ ဒီဇင်ဘာလတွင် စတင်ခွင့်ပြုပြီး ၂၀၁၁ ဇန်နဝါရီလတွင် ခေတ္တရပ်နားခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



ဗိသနိုးမြို့ရှိ ရှေးစေတီ

# ပျူယဉ်ကျေးမှုနှင့် ပျူမြို့ပြများ

ဒေါက်တာကျော်လတ်

မြန်မာပြည်တွင် ရှေးလူများနေထိုင်သွားကြသောမြို့အချို့တို့တွေ့ရှိရပြီး ယင်းတို့နေထိုင်သွားသော မြို့များတွင် ဆောက်လုပ်ပုံ၊ ဗိသုကာလက်ရာများ၊ စာပေနှင့် ယင်းတို့၏ အသုံးအဆောင်ပစ္စည်းများကို အခြေခံ၍ ဤမြို့များနှင့် နေထိုင်သွားကြသော သူများကို ပျူယဉ်ကျေးမှုနှင့် ပျူလူမျိုးများဟု သတ်မှတ်ကြသည်။ ယင်းပျူလူမျိုးတို့နေထိုင်သွားသော မြို့ပြဒေသများမှာ မြန်မာပြည်အနောက်ပိုင်းတွင် ဟန်လင်းမြို့၊ မြန်မာပြည် အလယ်ပိုင်းတွင် တကောင်းမြို့၊ ပင်လည်မြို့၊ ဘန္ဓကမြို့တို့နှင့် မြေလတ်ပိုင်းဟု ခေါ်ဆိုသော နတ်မောက်မြို့အနီးတွင် ဗိသနိုးမြို့နှင့် ပဲခူးတိုင်းရှိပြည်မြို့အနီးတွင် သရေခေတ္တရာမြို့တို့ဖြစ်ကြသည်။ တင်ပြခဲ့သော မြို့များမှာ အဓိကအရေးကြီးသော မြို့များသာဖြစ်ပြီး အခြားသေးငယ်သော မြို့များနှင့် မြို့ပြများလည်း ရှိသေးသည့်အပြင် ယင်းလူမျိုးတို့၏ လက်ရာများနှင့်အဆောက်အအုံများမှာလည်း ထပ်မံတွေ့ရှိရန် အလားအလာရှိပေသည်။

ယင်းလူမျိုးတို့ မည်သည့်အချိန်အခါမှစ၍ မြို့ပြများတည်ဆောက်နေထိုင်ခဲ့ကြခြင်းနှင့်ပတ်သက်၍ ယခင်နှစ်ပေါင်း ၅၀ ခန့်က ယူဆချက်အမျိုးမျိုးရှိခဲ့ကြသည်။

ယူဆချက်အမျိုးမျိုးကွဲပြားရခြင်း အကြောင်းအရင်းတို့မှာပြည်၊ သရေခေတ္တရာမြို့တွင် သက္ကရာဇ်များပါရှိသော အရိုးအိုးများတွင် ရေးထားသော စာများတွေ့ရှိရ၍ ယင်းသက္ကရာဇ်သည် မြန်မာများယူဆသောပျူသက္ကရာဇ်နှင့် ပတ်သက်သည်လား (သို့မဟုတ်)အခြားသော သက္ကရာဇ်များနှင့်ပတ်သက်သည်လားစသောအချက်များပေါ်တွင် မူတည်၍ ယူဆချက်အမျိုးမျိုးတို့ ရှိခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ နိုင်ငံခြားပညာရှင်များက ၁၉၅၉ ခုနှစ်ခန့်အထိ သရေခေတ္တရာမြို့ စတင်သော အချိန်ကာလ AD-၄ ရာစုနှစ်ထက်မစောနိုင်ဟု ယူဆခဲ့ကြသည်။


၁၉၅၈ ခုနှစ်ခန့်တွင် ရှေးဟောင်းသုတေသနဌာနမှဗိသနိုးမြို့ကို တူးဖော်လေ့လာခဲ့ပြီး ယင်းမှ ရသော အစိတ်အပိုင်းအချို့ကို ထိုခေတ်က Carbon Dating ခေါ် နည်းစနစ်ဖြင့် စမ်းသပ်ခဲ့ကြရာ ဗိသနိုးမြို့သည် BC-၁ ရာစုနှင့် AD-၁ ရာစုနှစ်ပတ်ဝန်းကျင်မှ စတင်နိုင်ခဲ့သည်ဟု တွေ့ရှိခဲ့ကြသည်။ ယခုများ မကြာမီအချိန်မှစ၍ သိပ္ပံနည်းကျ ရှေးဟောင်းပစ္စည်း၏ သက်တမ်းကို တွက်ချက်သော နည်းပညာများအရ ဤမြို့များသည် BC-၂ ရာစုခန့်တွင်ကောင်းမွန်စွာတည်ရှိခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ ထိုတွေ့ရှိချက်များကြောင့် မှန်နန်းရာဇဝင်အပါအဝင်မြန်မာတို့၏ မှတ်တမ်းမှတ်ရာများအရ တကောင်းမြို့သည် ပထမဦးဆုံးသော မင်းနေပြည်တော်ဖြစ်ခြင်း၊ တကောင်းမြို့နှင့်ယှဉ်၍ သရေခေတ္တရာပြည်ကိုတည်ထောင်ခြင်း၊ တကောင်းမြို့မှ စူဠသမ္ဘဝ၊ မဟာသမ္ဘဝ ညီအစ်ကိုတို့၏ သမီးဖြစ်သူ ပန်ထွာမင်းသမီးသည် ဗိသနိုးမြို့ကို တည်ထောင်ခြင်း အစရှိသည်တို့သည် လုံးဝဒဏ္ဍာရီသက်သက်ဟု ဆိုနိုင်ခြင်း မရှိတော့ဘဲ Legendary History ခေါ် သမိုင်းနှင့် ဒဏ္ဍာရီတို့ ရော၍နေသော ဖြစ်ရပ်များဟု ပညာရှင်အများစုတို့က လက်ခံလာကြရသည်။ ဤသို့ မြန်မာ့သမိုင်းယူဆချက်နှင့် ခံယူချက်များကို ပြောင်းလဲစေရန် (သို့မဟုတ်) မြန်မာတို့၏ မှတ်တမ်းများမှာ အမှန်ဖြစ်ရပ်များနှင့် နီးစပ်ကြောင်း သက်သေထူနိုင်ရန် ကူညီထောက်ပံ့သော အဖွဲ့အစည်းမှာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်၊ ရှေးဟောင်း သုတေသနဌာနမှ ပါမောက္ခများဖြစ်သည့် P.Gutman နှင့် B.Hudson နှင့် ယင်းတို့၏ တပည့်များနှင့်မြန်မာပညာရှင်များကို ကျေးဇူးတင်ရမည်ဖြစ်သည်။ ယင်းတက္ကသိုလ်မှ အဖွဲ့သည် မြန်မာပြည်သို့ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင်လာရောက်ခဲ့ကြ၍ ရှေးဟောင်းပစ္စည်းများ၏ သက်တမ်းကိုသိပ္ပံနည်းကျဆန်းစစ်ဖော်ထုတ်ခဲ့ရာ ယခုအခါ ပျူမြို့ပြများသည် -၂ ရာစုခန့်မှ AD-၈ ရာစု- ၉ ရာစုခန့်အတွင်း နှစ်ပေါင်း ၁၀၀၀ ခန့် ဖွံ့ဖြိုးတည်ရှိခဲ့ကြောင်းကို သက်သေပြနိုင်ခဲ့သည်။

ပျူလူမျိုးနှင့် ပျူယဉ်ကျေးမှုတို့၏ မြန်မာ့သမိုင်းနှင့် အရှေ့တောင်အာရှတိုက်သမိုင်းတို့အတွက် အရေးကြီးပုံကို ဆက်လက်တင်ပြပါမည်။ မိမိတို့ အရှေ့တောင်အာရှတိုက်တွင် အဓိကကျ၍ သီးခြားပေါ်ထွန်းခဲ့သော ယဉ်ကျေးမှုကြီး(၂)ရပ်မှာ အိန္ဒိယယဉ်ကျေးမှုနှင့် တရုတ်ယဉ်ကျေးမှုတို့ဖြစ်ကြသည်။ အိန္ဒိယယဉ်ကျေးမှုတွင် Indus Valley Civilization သည် BC-၂၅၀၀ ခန့်ကစတင်ခဲ့ပြီး Hindu-Buddhist Civilization ခေါ် ဟိန္ဒူဗုဒ္ဓဘာသာယဉ်ကျေးမှုသည် BC-၇ ရာစု ခန့်က စတင်ခဲ့သည်။ တရုတ်ယဉ်ကျေးမှုမှာလည်း လွန်စွာရှေးကျသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပြီး BC-၁၅ ရာစုခန့်မှစ၍ သက်သေခံ ပစ္စည်းအထောက်အထားများနှင့် တည်ရှိခဲ့သည်။ မိမိတို့ အရှေ့တောင်အာရှနိုင်ငံများသည် ထိုအဓိကကျသော အရှေ့အာရှတိုက်ရှိယဉ်ကျေးမှုကြီး(၂) ရပ်မှ ယဉ်ကျေးမှုအမွေအနှစ်များကို ရရှိခဲ့ကြသည်။ မိမိတို့ ASEAN တိုင်းပြည်များတွင် ဗီယက်နမ်နိုင်ငံသည် တရုတ်ယဉ်ကျေးမှုကို ရရှိခဲ့၍ အခြားသော တိုင်းပြည်ရှိနိုင်ငံအများစုမှာ ပထမဦးစွာ ဟိန္ဒူဗုဒ္ဓဘာသာယဉ်ကျေးမှုကို ရရှိခဲ့ကြ၍ နောင် ၁၂ရာစုနှစ် နောက်ပိုင်းမှ အရှေ့အလယ်ပိုင်း (သို့မဟုတ်) ဥရောပတိုက် ယဉ်ကျေးမှုများကို ရရှိခဲ့ကြသည်။

ပျူလူမျိုးများသည် ထိုဟိန္ဒူဗုဒ္ဓဘာသာ ယဉ်ကျေးမှုရရှိသော နိုင်ငံအားလုံးတို့တွင် ပထမဦးစွာ Urban Culture ခေါ် မြို့ပြယဉ်ကျေးမှုကို စတင်တည်ဆောက်ခဲ့ကြသူများဖြစ်သည့်အတွက် ပျူယဉ်ကျေးမှုသည် အရှေ့တောင်အာရှ သမိုင်းအတွက် အရေးကြီး၍ စိတ်ပါဝင်စားစရာ အကောင်းဆုံးသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ထို့အပြင် ဟန်လင်းမြို့ကိုလက်ရှိ တူးဖော်တွေ့ရှိချက်များအရ ထိုဒေသတွင်နေခဲ့သော သူများသည် ကြေးပစ္စည်းများကို စတင်သုံးစွဲသော ကာလ၊ သံပစ္စည်းများကို စတင်သုံးစွဲသော ကာလတို့တွင်လည်း ထိုဒေသတွင်ပင် နေထိုင်ခဲ့ကြသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများကို စတင်တတ်မြောက် အသုံးချလာသည့်နောက်ပိုင်းတွင် မြို့ပြများကို တည်ဆောက်နေထိုင်ခဲ့ကြသည်။ ပျူလူမျိုးတို့နှင့် ပျူမြို့ပြဒေသများတွင် စိတ်ဝင်စားရာကောင်းသော အချက်များမှာ ယင်းတို့၏ Funeral Rites ခေါ် သင်္ဂြိုဟ်သော အလေ့အထများပင်ဖြစ်သည်။ ယင်းလူမျိုးတို့သည် သေဆုံးသွားသော သူများကို မီးရှို့ပြီး အရိုးအိုးများတွင် ထည့်သွင်းပြီး မြေကြီးတွင် မြှုပ်နှံကြသည်။ ဤသည်မှာ ယင်းတို့၏ ယဉ်ကျေးမှုအဆင့်မြင့်မားခြင်းကို ဖော်ပြပေသည်။

ပျူမြို့ပြဒေသများတွင် မြို့ရိုးများနှင့် ကျုံးများကို စနစ်တကျတည်ဆောက်ခဲ့ကြ၍ အရေးကြီးသော အဆောက်အအုံများဖြစ်သည့် နန်းတော်များကို အလယ်ဗဟိုတွင် ထားရှိတည်ဆောက်ခဲ့ကြသည်။ ယင်းလူမျိုးတို့သည် အုတ်များကို စနစ်တကျဖုတ်၍ နန်းတော်များနှင့် ဘာသာရေး အဆောက်အအုံများကိုလည်း တည်ဆောက်ခဲ့ကြသည်။ ပျူလူမျိုးတို့၏ ဘာသာအယူအဆမှာ ယခုခေတ် မြန်မာဗုဒ္ဓဘာသာများ၏ ယူဆချက်နှင့် များစွာကွာခြားခြင်းမရှိဘဲ ယင်းတို့ ယဉ်ကျေးမှုအစပိုင်းခန့်မှစ၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို ရရှိခဲ့ကြသည်။ ဗိသနိုးမြို့နှင့် အခြားပျူမြို့များတွင် စေတီပုထိုးများနှင့် သံဃာများနေထိုင်ရာ ဘုန်းကြီးကျောင်းများ တည်ဆောက်ထားခဲ့ကြောင်း တွေ့ရှိရပါသည်။

ပျူလူမျိုးတို့၏ စာပေမှာ ယခု မြန်မာတို့သုံးစွဲလျက်ရှိသော အက္ခရာစာပေနှင့် များစွာကွာခြားမှု မရှိဘဲ အိန္ဒိယပြည်တောင်ပိုင်းမှာ အက္ခရာများကို သုံး၍ ယင်းတို့အတွက် သီးသန့်စာပေအဖြစ် ပေါ်ပေါက်ခဲ့သည်။ ပျူတို့၏ ဘာသာစကားမှာ မြန်မာစကားနှင့် အလွန်နီးစပ်သောကြောင့် အချို့သော ပညာရှင်များက ပျူနှင့် မြန်မာအတူတူပင်ဖြစ်ကြောင်း ၊ ပျူဟာဆိုသော စကားမှ မြန်မာဆိုသော စကားသို့ ကူးပြောင်းသွားသည်ဟု ယူဆကြသည်။ ထို့အပြင် ပျူတို့တည်ဆောက်သွားသော ဗိသုကာလက်ရာများ၊ အနုပညာလက်ရာများနှင့်စာပေတို့မှာလည်း ပုဂံမြို့တွင် တွေ့ရှိရ၍ ပုဂံယဉ်ကျေးမှုသည် ပျူယဉ်ကျေးမှု၏ အဆက်ပင်ဖြစ်ကြောင်း ပညာရှင်များက လက်ခံသဘောတူကြရသည်။ တင်ပြခဲ့သော အချက်အလက်များကြောင့် ဒုတိယကမ္ဘာစစ်မတိုင်မီ ပါမောက္ခ Luce အစရှိသော ပညာရှင်များ၏ ယူဆချက်ဖြစ်သော မြန်မာလူမျိုးများသည် ပုဂံခေတ်မတိုင်မီ ၉ ရာစုနှစ်ကြမှ မြင်းများစီး၍ မြန်မာနိုင်ငံ အတွင်းသို့ ကျောက်ဆည်နယ်မှ ဝင်ရောက်လာကြပြီး ပုဂံနယ်မြေကို အုပ်စိုးခဲ့ပြီး ပုဂံမြို့ကို စတင်တည်ဆောက်ခဲ့သည်ဆိုသော အယူအဆမှာ အခြေအမြစ်မရှိခြင်းကို သက်သေပြပေသည်။ အမှန်စင်စစ် မြန်မာလူမျိုးများသည် ၉ ရာစုနှစ်မှ မြန်မာပြည်သို့ စတင်ရောက်ရှိလာကြသည်ဆိုသော ယူ ဆချက်မှာလည်း ခိုင်မာသော မည်သည့် အချက်ကိုမှ အခြေခံခဲ့ခြင်း မရှိဘဲ စိတ်ကူးယဉ်သက်သက်ဖြင့် မြန်မာနှင့် အခြားတိုင်းရင်းသားများ ခွဲခြားလိုသော ကိုလိုနီစစ်ကိုသာ အခြေခံခဲ့သည်။ ဤအကြောင်းနှင့်ပတ်သက်၍ နောက်ရေးမည့် ဆောင်းပါးများတွင်ပြပါမည်။ **ယခုရှေးဟောင်းသုတေသန ပညာရှင်များ၏ အရေးတကြီးလုပ်ဆောင်ရမည့် တာဝန်မှာ မြန်မာတို့၏ မင်းနေပြည်တော်အစဟု မှတ်သားထားခဲ့သော အချက်ကို သက်သေပြရန် တကောင်းမြို့ကို ဆက်လက်တူးဖော်ကြရန် ဖြစ်သည်။** ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ဖော်ပြခဲ့သော ပျူမြို့များကို UNESCO အဖွဲ့ကြီးမှ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်များ စာရင်းဝင်ဖြစ်ရန် ကြိုးစားလျက်ရှိပြီး ဘက်ပေါင်းစုံမှ ပညာရှင်များကလည်း ဝိုင်းဝန်းပံ့ပိုးကူညီလျက်ရှိကြသည်။ ။



*ဗိသနိုးမြို့၊ မြို့ရိုးများနှင့် စနစ်တကျတည်ဆောက်ခဲ့ကြ၍ အရေးကြီးသော အဆောက်အအုံများဖြစ်သည့် နန်းတော်များကို အလယ်ဗဟိုတွင် ထားရှိတည်ဆောက်ခဲ့ကြသည်*


7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



# လမ်းခွဲခြင်းရဲ့ လက်ဆောင်

အိန်ဂျယ်လင်း

သင့်မှာ ရန်သူရှိတယ်လား။ ရှိတာကောင်းတာပေါ့။
ရန်သူရှိတာက ဘာကိုဆိုလိုသလဲဆိုတော့
သင့်ဘဝတစ်ချိန်ချိန်မှာ အကြောင်းတစ်ခုခုအတွက်
ခုခံရပ်တည်ခဲ့ဖူးတယ်ဆိုတာကိုပြနေတာပဲလေ။
- ဝင်စတန်ချာချီ



လူ အများစုကတော့ သူတို့ရဲ့ အလယ်တန်း၊အထက်တန်းကျောင်းသားဘဝကို ပြန်ပြောင်းအမှတ်ရရင် သူတို့ချစ်တဲ့ ဆရာဆရာမတွေ၊ သူတို့ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေကို သတိရကြမှာပေါ့။ ဒါပေမဲ့ ကျွန်မအတွက်ကတော့အမှတ်ရစရာအကောင်းဆုံးလူတစ်ယောက်က သူငယ်ချင်းအဖြစ်ဆက်ရှိမနေတော့တဲ့ လူတစ်ယောက်ဖြစ်နေတာ နည်းနည်းထူးဆန်းနေတယ်။ တကယ့်မိတ်ဆွေကောင်းတွေနဲ့သူငယ်ချင်းဖြစ်ခွင့်ရတာ တကယ့်ကိုဘဝအတွက်တာလက်ဆောင်မွန်တွေရခဲ့သလိုပဲလေ။ ဒါပေမဲ့ အခု ကျွန်မပြောမယ့် တစ်ယောက်ကတော့ သူပေးခဲ့တဲ့ လက်ဆောင်ကပိုကြီးတယ်လို့ ထင်ရတယ်။ သူကျွန်မသူငယ်ချင်းအဖြစ်ဆက်မရှိတော့တာဟာ ကျွန်မအတွက် တန်ဖိုးအကြီးမားဆုံးလက်ဆောင်ဖြစ်နေတယ်လေ။ ကြားရတာ နည်းနည်းထူးဆန်းနေတယ် ဆိုရင်လည်း ကျွန်မရှင်းပြပါ့မယ်။

ကျွန်မအလယ်တန်းကျောင်းစတက်တဲ့နေ့က ကျောင်းကားပေါ်တက်လိုက်တာနဲ့ ကျွန်မရင်ကခုန်နေတယ်လေ။ ကားပေါ်ရောက်တော့ ကျောပိုးအိတ်ကိုနေသားတကျဖြစ်အောင်ပြင်လွယ်ရင်း ထိုင်ဖို့ ခုံနေရာအလွတ်ကို လိုက်ရှာရတယ်။ ကျွန်မရဲ့မျက်လုံးတွေကနှစ်ယောက်ခုံမှာထိုင်နေတဲ့ကောင်မကလေးနှစ်ယောက်နဲ့ သွားဆုံတယ်။ သူတို့က ကျွန်မကိုပြုံးပြပြီး သူတို့မျက်စောင်းထိုးက လွတ်နေတဲ့ ခုံမှာထိုင်ဖို့ လက်ညှိုးထိုးပြတယ်။

ဆံပင်ရွှေရောင်နဲ့ကောင်မကလေးကစပြီး 'ဟေး၊ ငါ့နာမည်ဟီသာလို့ခေါ်တယ်။ နင့်နာမည်ကရော'လို့စပြီးမိတ်ဆက်လာတယ်။ 'ရေချယ်' လို့ ခပ်တွံ့တွံ့ ပြန်ဖြေမိတယ်။ကျွန်မကအရှက်အကြောက်ကြီးတဲ့သူတစ်ယောက် မဟုတ်ပေမယ့် ဒီကျောင်းမှာတော့ သူငယ်ချင်းတစ်ယောက်မှ မရှိသေးလို့ နည်းနည်း စိတ်မလုံခြုံသလို ဖြစ်နေတာကိုး။ နောက်တစ်ယောက်ကလည်း ဂျက်ဆီကာလို့ သူ့ကိုယ်သူမိတ်ဆက်ပေးတယ်။ ပိုပြီးသဘောကောင်းပုံရတဲ့သူက ကျွန်မကိုရင်းရင်းနှီးနှီးလက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ သူတို့ရဲ့ရှေ့ကထိုင်ခုံမှာထိုင်ဖို့ညွှန်ပြလို့ ဝင်ထိုင်လိုက်တယ်။ ထိုင်ခုံက မာမာပူပူကြီးပဲ။ ကျွန်မလည်းထိုင်ခုံနေရာရပြီးတာနဲ့ဘေးဘီကိုမျက်လုံးကစားကြည့်ရင်း ကျွန်မစီးလာတဲ့အောလ်စတားဖိနပ်ကလေးတွေကို စိတ်ပျက်လက်ပျက်ပြန်ကြည့်မိတယ်။ ကောင်မလေးတွေ အားလုံးကစတိုင်ကျကျရှုံးဖိနပ်ကလေးတွေကိုယ်စီကို စီးထားကြတယ်လေ။

“နင်တို့ ဒီနားမှာ နေကြတာလား ” လို့ ကျွန်မက သူတို့နှစ်ယောက်ကိုမေးတော့ဟီသာက သူနေတဲ့နေရာနားဘက်ကိုလက်ညှိုးလှမ်းညွှန်ပြတယ်။ ဂျက်ဆီကာကတော့ အနီးအနားမြို့ကလေးကနေသူပြောင်းလာတာ မကြာသေးဖူးလို့ ရှင်းပြတယ်။

ကျွန်မတို့သုံးယောက်ဟာ သိပ်မကြာခင်မှာပဲ တကယ့်ငယ်ပေါင်းသူငယ်ချင်းတွေလိုဖြစ်သွားကြတယ်။ ကျောင်းမှာထမင်းစားလည်းအတူတူ၊ ကျောင်းပိတ်ချိန်လျှောက်လည်ကြတော့လည်းအတူတူ၊ ပိတ်ရက်တွေမှာဆိုရင် ဂျက်ဆီကာ့ အခန်းထဲသွားပြီး ကစားနည်းမျိုးစုံနဲ့ ပွဲကျနေတတ်တယ်လေ။ ကျွန်မတို့သုံးယောက်ကအလက်ဇန်းဒါးဒူးမားရဲ့ ဝတ္ထုထဲကလို သူရဲဖော်သုံးယောက်လိုတောင် ဖြစ်နေကြပါပြီ။ ဒါပေမဲ့ ကျွန်မတို့ရဲ့ မိတ်ဆွေဖြစ်မှုကခြွင်းချက်မရှိအပြစ်ကင်းစင်တာတော့ မဟုတ်ဘူးလေ။

ဂျက်ဆီကာက ကျွန်မတို့နှစ်ယောက်စလုံးကို ရယ်စရာတွေပြောပြီးမပျင်းရအောင် လုပ်ပေးတယ်။ ပြီးတော့ သူကဖက်ရှင်မျက်စိရှိတော့ အဝတ်အစားတို့၊ မိတ်ကပ်တို့နဲ့ပတ်သက်ရင်လည်း သူ့ကိုပဲ အားကိုးရတယ်။ ဒါပေမဲ့ သူက ဘယ်နေရာမှာမဆို သူဦးဆောင်လိုက်ရမှ၊ သူ့ကိုအားလုံးကဂရုစိုက်နေမှ ကြိုက်တာလေ။

ကျွန်မတို့ ကျောင်းပိတ်ရက်ရှော့ပင်ထွက်တဲ့အခါမျိုးတွေမှာ သူ့ရဲ့ ငါတကောကောမှုက အမြဲပြဿနာတက်လေ့ရှိတယ်။ ကျွန်မတို့သွားချင်တဲ့ ဆိုင်တွေ၊ ကစားကွင်းတွေဆိုရင် သူက ကလေးကလားတွေဆိုပြီးကန့်ကွက်တယ်။ သူသွားချင်တဲ့ နေရာတွေကိုချည်းပဲ ကျွန်မတို့က လိုက်ရတယ်။ နောက်ပြီး ကျွန်မတို့မကြိုက်တဲ့ ပစ္စည်းတွေကိုလည်း သူကအကြိုက်တွေ့ရင် အတင်းဝယ်ခိုင်းတာမျိုးတွေ အမြဲလုပ်တတ်တယ်။ ကျွန်မတို့က မကြိုက်လို့ ငြင်းရင်လည်း သူက စိတ်အကြီးအကျယ်ဆိုးတတ်သေးတယ်။

ငါးတန်းအောင်လို့ ခြောက်တန်းနှစ်ရောက်တော့လည်းအတူတူပါပဲ။ ကျွန်မတို့သုံးယောက်ဟာ မခွဲမခွာနိုင် တပူးပူးတတွဲတွဲဆက်လုပ်နေကြတယ်။ ဒါပေမဲ့ ဂျက်ဆီကာရဲ့ ဆရာကြီးလုပ်လွန်းမှုကိုတော့ အားလုံးကစိတ်ပျက်နေပါပြီ။ ဒီလိုရှိပေမယ့် ကျွန်မတို့အချင်းချင်း အကြီးအကျယ် ရန်ဖြစ်တာမျိုးတော့မရှိကြပါဘူး။ ခြုံပြီးပြောရရင်တော့ ခြောက်တန်းတစ်နှစ်ကို ပျော်ပျော်ရွှင်ရွှင်ပဲ ဖြတ်သန်းနိုင်ခဲ့ကြတယ်။

ခုနစ်တန်းရောက်တော့ အခြေအနေတွေက အတော်ပြောင်းလဲလာတယ်။ ကျွန်မတို့က သူ့သူငယ်ချင်းတွေဘဝကနေ မင်းသမီးကလေးနားက ရံရွှေတော်တွေလိုဖြစ်ဖြစ်လာတယ်။ သူဘယ်ပဲသွားချင်ချင်၊ ဘာပဲလုပ်ချင်ချင်ကျွန်မတို့က သူ့သဘောအတိုင်းလိုက်လုပ်ပေးရတယ်။ တကယ်လို့ကျွန်မတို့က ကိုယ့်ကိုယ်ရေးကိုယ်တာကြောင့် မအားဘူးဆိုရင် သူကအကြီးအကျယ်စိတ်ဆိုးဒေါသထွက်တယ်။ 'ဒါသူငယ်ချင်းအချင်းချင်းသစ္စာဖောက်တာပဲ' ဘာညာနဲ့ကြီးကြီးကျယ်ကျယ်တွေ စွပ်စွဲတော့တာပဲ။ နောက်ပြီး ထူးဆန်းတာတစ်ခုက ကျွန်မနဲ့ဂျက်ဆီကာ သဘောကွဲလွဲတိုင်း ဟီသာက ဂျက်ဆီကာဘက်ကနေလိုက်နေတယ်။ ကျွန်မလည်းအတူတူပဲ။ သူတို့နှစ်ယောက်ရန်ဖြစ်တိုင်း ကျွန်မက အမြဲတမ်း ဂျက်ဆီကာဘက်ကပဲလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူငြိုငြင်မှာကို ကျွန်မတို့နှစ်ယောက်စလုံး ကြောက်ကြလို့ပဲ။ ဘယ်သူပဲ မှားမှားမှန်မှန်နောက်ဆုံးမှာ အမြဲတောင်းပန်ရတာ၊ အမြဲပြန်ချော့ရတာက ကျွန်မတို့နှစ်ယောက်ပဲဖြစ်နေတယ်။

ဒီအခြေအနေကိုကျွန်မလည်း ဘဝင်မကျလွန်းမကမကျတဲ့ အတွက် ပြန်ပြီးသုံးသပ်မိတယ်။ တကယ်တော့ကျွန်မဟာဂျက်ဆီကာရဲ့ အငြိုငြင်ကိုခံရမှာစိုးတဲ့အတွက် ကျွန်မရဲ့ပင်ကိုအရှိအတိုင်းမဟုတ်ဘဲ ဟန်ဆောင်ပြီးနေခဲ့ရတာလေ။ နောက်ပြီးကိုယ့်စိတ်ထဲမှာရှိတဲ့ အတိုင်းမပြောရဲတာ၊ မလုပ်ရဲတာတွေအားလုံးဟာလည်း သူငြိုငြင်သွားမှာကိုကြောက်လို့လေ။ ကျွန်မကတော့ ကိုယ်သဘောမတူဘဲနဲ့ သူ့အလိုအတိုင်း အမြဲတမ်းလိုက်လုပ်နေရတာကြီးကို အတော်ငြီးငွေ့စက်ဆုပ်လာပါပြီ။

တစ်ခါမှာ ဂျက်ဆီကာနဲ့အတန်းထဲကနောက် ကောင်မလေးတစ်ယောက်တို့ရန်ဖြစ်ကြတယ်။ ဂျက်ဆီကာကကျွန်မကိုသူ့ဘက်ကနေပြီး ဝိုင်းရန်ဖြစ်ပေးစေချင်တယ်။ ဟိုကောင်မလေးကိုလည်း အခေါ်အပြောမလုပ်ဖို့ပြောတယ်။ ဒါပေမဲ့ အဲဒီကောင်မကလေးကလည်း ကျွန်မရဲ့ သူငယ်ချင်းပဲဆိုတော့ကျွန်မက သူပြောတဲ့အတိုင်းလုပ်စရာ အကြောင်းမရှိဘူးလို့ ခပ်ပြတ်ပြတ်ပဲငြင်းလိုက်ပါတယ်။ အဲဒီမှာ ဂျက်ဆီကာက တစ်ခါတည်းဒေါသအိုးပေါက်ကွဲပြီး ကျွန်မကို သုံးရက်လောက်စကားမပြောတော့ဘူး။

အဲဒီနှစ် ကျောင်းပိတ်ရက်မှာ ဂျက်ဆီကာက ကျွန်မတို့ကို သူနဲ့အားလပ်ရက် ခရီးထွက်ဖို့ ခေါ်တယ်။ ဒါပေမဲ့ ကျွန်မက နောက်သူငယ်ချင်းတစ်ယောက်နဲ့ ခရီးထွက်ဖို့ ချိန်းထားပြီးသားဖြစ်နေပြီလေ။ ဂျက်ဆီကာကတော့ အကြီးအကျယ်ဒေါသထွက်တာပေါ့။ ဒါပေမဲ့ ကျွန်မတို့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်သွားဖြစ်ခဲ့ကြတယ်။

သူနဲ့ကျွန်မကာလအတော်ကြီး တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ကြဘူး။ ပူပြင်းတဲ့နွေတစ်နေ့မှာတော့ ကျွန်မဆီကိုဂျက်ဆီကာဆီကနေဖုန်းဝင်လာတယ်။ ဖုန်းကို မကိုင်ခင်စဉ်းစားမိတယ်။ တကယ်လို့ကိုင်လိုက်ရင်သူ့အပြစ်တင်တာကိုခံရမယ်။ မကိုင်ပြန်ရင် ပိုဆိုးမယ် ဆိုပြီးတော့ ဖုန်းကို ကောက်ကိုင်လိုက်တယ်။ “ဟော့သူငယ်ချင်း၊ နေကောင်းရဲ့လား” လို့ ကျွန်မနှုတ်ဆက်လိုက်တယ်။ “အင်း၊ ကောင်းပါတယ်လို့” ပြောတဲ့ သူ့အသံကခပ်ဆတ်ဆတ်ဖြစ်နေတယ်။ နင်အဆင်ပြေရဲ့လားလို့ကျွန်မကမေးတော့ 'ဒီမှာ၊ ကျန်တဲ့သူငယ်ချင်းအားလုံးက ငါ့ဆီကိုဖုန်းဆက်ကြတယ်။နင်ကဘာဖြစ်လို့မဆက်တာလည်း' လို့သူကမကျေမချမ်းမေးတယ်။ “အေးလေ၊ ငါက ခရီးထွက်နေတာကိုးဟ။ တကယ်လို့ နင်ငါ့ကို အထွေအထူးပြောစရာရှိရင် ငါ့ဖုန်းကို ဆက်လိုက်လို့ရတာပဲ” လို့ကျွန်မပြန်ပြောလိုက်တယ်။ “အေး၊ နင်ငါ့ကို ဖုန်းမဆက်ဘူးဆိုရင်တော့ ငါနင့်ကို သူငယ်ချင်းဆက်မတော်ချင်တော့ဘူး” လို့ သူထင်ရာကိုတစ်ဖက်သတ်ပြောနေတယ်။ ကျွန်မလည်း သူ့ကို ရင်ထဲရှိတဲ့အတိုင်းထုတ်ပြောလိုက်တော့မယ်လို့တွေးမိတယ်။“ဂျက်ဆီကာ နင့်ကိုငါ ပြောချင်တယ်။ ငါနင့်ကိုခင်ပါတယ်။ နင်နဲ့ ပေါင်းရတာလည်းပျော်စရာကောင်းတယ်။ ဒါပေမဲ့ ငါနင့်ကို အတော်ကြောက်နေပြီ။ နင်ဘယ်တော့ စိတ်ဆိုးမယ်မှန်းငါတို့မသိတော့ နင့်အရိပ်အကဲကိုကြည့်ရတာနဲ့တင်ပင်ပန်းလွန်းနေပြီ” ပြောရင်း ကျွန်မအသံတွေတုန်ယင်လာတယ်။ “နင့်လိုအမြဲဒေါသထွက်နေတဲ့ သူတစ်ယောက်ကို ဘယ်လိုလုပ်အပေါင်းအသင်းဆက်လုပ်မလဲ” လို့ ပြောလိုက်တယ်။ ကျွန်မစကားမဆုံးခင် သူ့ဘက်ကဖုန်းကိုချသွားတယ်။ နောက်သိပ်မကြာခင် ဟီသာ့ဆီကလည်း အလားတူသတင်းမျိုးကြားလိုက်ရတယ်။

သူနဲ့ ကျွန်မအဆက်ပြတ်ပြီးတဲ့နောက်မှာ ကျွန်မ အတိတ်အကြောင်းတွေကို ပြန်ပြီးတွေးနေမိတယ်။ တကယ်လို့ ကျွန်မရင်ထဲမှာ ခံစားရတဲ့အတိုင်း အမှန်အတိုင်းသာထုတ်မပြောခဲ့ရင် ဘယ်လို ဆက်ဖြစ်မလဲဆိုတာ ကျွန်မ မပြောတတ်ဘူး။ ဒါပေမဲ့ ကိုယ့်ရင်ထဲက အမှန်တရားကို ထုတ်ဖော်ပြောတာဟာ ဘယ်တော့မှ မမှားဘူးဆိုတာကိုတော့ ကျွန်မ ကောင်းကောင်းနားလည်လိုက်ရတယ်။

တကယ်တော့ ကျွန်မဂျက်ဆီကာဆီကနေ သင်ခန်းစာတွေ အများကြီးရခဲ့တယ်။ တကယ့် သူငယ်ချင်းကောင်းဆိုတာ ကိုယ့်ခံစားတာကို စာနာနားလည်ပေးမယ့်လူ၊ ကိုယ့်ကို ဂရုစိုက်ပေးမယ့် လူမျိုးဖြစ်ရမယ်ဆိုတာကို သူ့ဆီကနေ ဆန့်ကျင်ဘက်သင်ခန်းစာရခဲ့တယ်လေ။ မိတ်ဆွေကောင်းက အခက်အခဲဆုံး အချိန်တွေမှာ ကိုယ်နဲ့ရှိနေတယ်။ ဒီလိုမျိုးအခက်အခဲကြုံအောင်လည်း ဘယ်တော့မှ မလုပ်ဘူးဆိုတဲ့ လူမျိုးလေ။ နောက်ပြီးတကယ့်မိတ်ဆွေကောင်းက ကိုယ့်ရဲ့ နဂိုရှိပြီးသား ပုံစံအတိုင်းလက်ခံတယ်၊ ကိုယ့်အရှိအတိုင်းပဲ ဆက်နေဖို့ကို အားပေးတယ်။ မိတ်ဆွေစစ်မဟုတ်တဲ့သူတွေကတော့ ကိုယ့်ကို သူတို့လိုချင်တဲ့ပုံစံမျိုးဖြစ်စေချင်ကြတယ်။

လူပေါင်းများစွာဟာ ကိုယ့်ကိုမိတ်ဆွေကောင်းတစ်ယောက်ရခြင်းရဲ့ တန်ဖိုးကို ပေးကြတယ်။ ဒါပေမဲ့ ကြုံတောင့်ကြုံခဲတစ်ခါတလေမှာ တစ်ယောက်ယောက်နဲ့ မိတ်ဆွေဆက်ဆံရေးပြတ်စဲသွားတာကလည်း ဆုလာဘ်တစ်ပါးလို ဖြစ်နေတတ်ပါသေးတယ်။။

> သူနဲ့ ကျွန်မအဆက်ပြတ်ပြီးတဲ့နောက်မှာ ကျွန်မ အတိတ်အကြောင်းတွေကိုပြန်ပြီးတွေးနေမိတယ်။ တကယ်လို့ ကျွန်မရင်ထဲမှာ ခံစားရတဲ့အတိုင်း အမှန်အတိုင်းသာ ထုတ်မပြောခဲ့ရင် ဘယ်လို ဆက်ဖြစ်မလဲဆိုတာ ကျွန်မ မပြောတတ်ဘူး။ ဒါပေမဲ့ ကိုယ့်ရင်ထဲက အမှန်တရားကို ထုတ်ဖော်ပြောတာဟာ ဘယ်တော့မှ မမှားဘူးဆိုတာကို တော့ ကျွန်မကောင်းကောင်း နားလည်လိုက်ရတယ် . .

Ref: 'The Gift of Lost Friendship' by Rachel Joyce

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

“ထမင်းတစ်လုတ်အတွက် ထင်းခုတ်စားလည်း ရပါတယ်ကွာ”ဟု ဆိုခဲ့သည့် အဘိုးသခင်ကိုယ်တော်မှိုင်း၏ စကားကိုကြားယောင်မိတိုင်း ဘဝရပ်တည်ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သည့် ဝမ်းရေးရိက္ခာနှင့် ကျင့်သုံးခံယူလိုက်သည့် သိက္ခာအကြောင်းတို့က မကြာခဏ ခေါင်းထဲရောက်လာ တတ်ပါသည်။ လူတိုင်းသည် သမုဒ္ဒရာဝမ်းတစ်ထွာကို ဖြည့်တင်းနိုင်ဖို့တော့ အလုပ်လုပ်ကြရသည်ချည်းဖြစ်သည်။ တချို့ကတော့ လွယ်လွယ်ကူကူ အေးအေးချမ်းချမ်း။ တချို့ကတော့ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း။



# သိက္ခာ၊ လိပ်ပြာနှင့် ရိက္ခာ

**စိုးညွန့်ဝေ(လှိုင်ကော်)**

မည်သို့ဆိုစေထိုဝမ်းတစ်ထွာကို ဖြည့်တင်းနိုင်ရန်အတွက် ပွန်းပဲ့ကျိုးကြေသွားသော လူတို့၏ ယုံကြည်ချက်၊ ခံယူချက်တွေ၊ သိက္ခာတရားတွေ ဘယ်လောက်များပြားခဲ့ကြပြီလဲဟု တွေးနေမိပါသည်။

“ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်” တဲ့။ လူအများစုကတော့ ငတ်လောက်၊ သေလောက်တဲ့အထိတော့ မိမိကိုယ်ကျင့်မာနကို လက်ကိုင်မထားနိုင်ကြဘူး ထင်ပါသည်။ အငြိမ်ထောင်ဆရာတစ်ယောက်နှင့် ဆုံစဉ်ကပြောဖူးသည်။ “ပွဲငှားလာတဲ့ လူတွေကို မင်းသမီး လှမလှဆိုတာ အရင်ခေါ်ပြရတယ်ဗျ”တဲ့။ အငြိမ့်မင်းသမီးဆိုတာ အနုပညာသည် ဖြစ်သည်။ သို့သော် ဝမ်းရေးနှင့်ဆိုင်လာတော့ ပွဲမကရသေးခင် လူရှေ့ထွက်ပြနေရသည်ကတော့ သိပ်မနိပ်လှဟုထင်မိပါသည်။ တစ်နည်းဆိုရသော်ရိက္ခာတစ်လုတ်အတွက် ကျဆုံးသွားသော သိက္ခာတစ်ဆုပ်ပင် မဟုတ်ပါဘူး။

နေရာတော်တော်များများမှာတော့ ထိုအဖြစ်မျိုးတွေ ရှိနေတတ်ပါသည်။ မိတ်ဆွေကျူရှင်ဆရာတစ်ယောက်ကလည်းညည်းဖူးသည်။ “တချို့ဆို ကျုပ်တို့ ဆရာတွေကို ကိုယ့်အိမ်လာအလုပ်လုပ်တဲ့ အလုပ်သမားသာသာ လောက်သဘောထားတာကလား။ မိဘရော၊ ကျောင်းသားရော ဆရာဆိုပြီး လေးလေးစားစား ရှိမယ်မထင်နဲ့။ တစ်ခါတလေ ဆရာကရောက်သွားရင် ကျောင်းသားကအိပ်ရာမထသေးလို့ ထိုင်စောင့်ပါဦးတဲ့။ ကျူရှင်လခဆိုလည်း ကိုယ်တိုင်တောင် လာမပေးဘူး။ လကုန်ရင် စားပွဲပေါ်မှာ စာအိတ်မပါ၊ ဘာမပါဘဲ သည်အတိုင်းတင်လို့။ ဝမ်းရေးဆိုတော့ ဗျာ။ အောင့်သက်သက်နဲ့ ယူခဲ့ရတာပဲပေါ့”။ ထိုကျူရှင်ဆရာ၏ လေသံကလည်း အောင့်သက်သက် လေသံနှင့်ဖြစ်သည်။ သူက သူသင်ပြသော ဘာသာရပ်မှာ တကယ့်ကို ထူးချွန်ကျွမ်းကျင်သော ဆရာတစ်ယောက်ဖြစ်ပါသည်။ လုပ်သက်နုလူငယ်ဆရာ ဘဝတုန်းကတော့ ပညာမာန်ကြီးသူဟု သတ်မှတ်ခံရလောက်အောင် သူ့ပညာ၊ သူ့သိက္ခာနှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိ မခံသူဖြစ်ပါသည်။ ခုတော့ သားတွေ၊ သမီးတွေနှင့် အိမ်ထောင်တစ်ခုစည်စည်ပင်ပင် တည်ထောင်ပြီးသောအခါတွင်မူ ရိက္ခာပင်လယ်ကြောထဲ မာနတွေ မျောပါသွားပုံရပါသည်။

ထိုသူတွေကို အပြစ်မဆိုချင်ပါ။ ဆိုလည်း မဆိုသင့်ပါ။ ဝမ်းတစ်ထွာအတွက် သူတို့ပေးဆပ်လိုက်ရသော သိက္ခာအချို့သည် အများကိုတစ်စုံတစ်ရာထိခိုက်စေခြင်း မရှိပါ။ သူတို့ကို မှီခိုရပ်တည်နေရသည့်သူတွေအတွက် အပွန်းပဲ့ခံလိုက်ခြင်းသာဖြစ်ပါသည်။ ဤသို့ဆို၍လည်း မိမိ၏ကိုယ်ကျင့်သိက္ခာကို ရောင်းချပြီး ဝမ်းစာရိက္ခာဖူလုံဖို့ လုပ်နေသူများကို ချီးကျူးထိုက်သည်ဟုလည်း မဆိုသာပါ။ တစ်ခါတစ်ရံ အခက်အခဲ၊ အကျပ်အတည်းများကြားထဲမှ ရုန်းမထွက်နိုင်ဘဲရှိနေခိုက် ထွက်ပေါက်အဖြစ် သိက္ခာအပွန်းပဲ့ခံလိုက်ရခြင်းတို့ကို ခွင့်လွှတ်နားလည်သင့်သည်ဟုဆိုခြင်းသာ ဖြစ်ပါသည်။ ဥပမာ-ပန်းချီဆရာတစ်ယောက် ပန်းချီရေးဆွဲခြင်း သက်သက်ဖြင့် ဝမ်းရေးမလောက်ငတော့သောအခါ ဆိုင်းဘုတ်ရေးစားရခြင်းသည် သူခံယူထားသော အနုပညာသိက္ခာ ပွန်းပဲ့သွားရသော်လည်း စာဖွဲ့အပ်သော အပြစ်ကြီးတစ်ခုမဟုတ်နိုင်ပါ။ သို့ရာတွင် ဝမ်းစာအတွက် သိက္ခာအဆုံးရှုံးခံပြီး ခိုးစားရပါသည်ဆိုသော သူကိုတော့ ခွင့်လွှတ်၍ မရနိုင်ပြန်ပါ။ မိမိ၏ သိက္ခာပွန်းပဲ့မှုကြောင့် တစ်ပါးသူ နစ်နာဆင်းရဲမှု မရှိစေရေးသည်သာ အဓိကဖြစ်ပါသည်။

ရိက္ခာမဝလျှင် နေပါစေ။ သိက္ခာနှင့် လိပ်ပြာလုံဖို့ အငတ်ခံရဲ၊ အသေခံရဲသည့် စိတ်ဓာတ်ပိုင်ရှင်များလည်း ရှိကြပါသည်။ ရှိတော့ ရှိသည်။ ရှားသည်ပေါ့။ မင်းသမီး လေဘာတီမမြရင်ကို အင်္ဂလိပ်အရေးပိုင်က ခြေသလုံးသားလေးမြင်ချင်၍ ခြေအိတ်ချွတ်ကလျှင် ရွှေဒင်္ဂါးဆုချမည်ဟု ပြောသည်ကို မမြရင်က ခြေအိတ်မချွတ်သည့်အပြင် အငြိမ့်ပွဲပါ သိမ်းပစ်သည်ဟု ကြားဖူးသည်။ သခင်ကိုယ်တော်မှိုင်းကျပြန်တော့ အင်္ဂလိပ်အစိုးရက အခကြေးငွေပေး၍ ဘုန်းတော်ဘွဲ့ ရေးခိုင်းသည်ကို အိမ်တွင် အသုံးစရိတ်ဘာမှ မကျန်တော့သည့်အထဲက ခပ်တင်းတင်းငြင်းလွှတ်ခဲ့သည်။ တိုင်းပြည်ခေါင်းဆောင်ကြီးတစ်ယောက်လုပ်နေပြီး မိသားစုဝမ်းရေးချို့တဲ့ရှာသည့်ဗိုလ်ချုပ်အောင်ဆန်းလို အာဇာနည်ကြီးကျတော့လည်း မိမိကိုကြည်ညို၍ လာလှူသော ရှမ်းအမျိုးသားကြီး၏ ရွှေချောင်းတွေကို ဖဆပလအဖွဲ့ချုပ်ထံ လွှဲပြောင်းလှူဒါန်းပေးခဲ့သည်။ ထိုပုဂ္ဂိုလ်မျိုးတွေအတွက်တော့ ရိက္ခာသည်သာမည။ သိက္ခာလုဖို့နှင့် လိပ်ပြာသန့်ဖို့သည် ပဓာနဖြစ်၍ နေပါသည်။

ဝမ်းတစ်ထွာရေယာဉ်ကြောမျောပါနေကြသူ မိမိတို့ကတော့ ထိုရှားပါးပုဂ္ဂိုလ်ထူးများ စာရင်းတွင် မပါဝင်နိုင်သေးသည်ကိုတော့ ဝန်ခံရပါလိမ့်မည်။ ရိက္ခာအတွက် တစ်စစပွန်းပဲ့ကြေမွသွားသော သိက္ခာတွေကတော့ အနည်းနှင့် အများသာ ကွာခြားပါလိမ့်မည်။ အမှန်ကတော့ အငြိမ့်မင်းသမီးသည် စင်ပေါ်မှာ မဟုတ်ဘဲ ပွဲငှားကို လူလုံးထွက်ပြလိုမည် မဟုတ်ပါ။ ကျောင်းဆရာသည်လည်း တပည့်ထံမှ ဂါရဝ၊ နိဝါတတရားတွေမပါဘဲ စာသင်သည့် အလုပ်လုပ်ချင်မည် မဟုတ်ပါ။ ရှုခင်းတွေရေးသော ပန်းချီဆရာသည်လည်း ဆိုင်းဘုတ်တွေရေးချင်မည်မဟုတ်ပါ။ ဝတ္ထုရေးသော စာရေးဆရာသည်လည်း ကြော်ငြာဆောင်းပါးတွေ ရေးချင်မည် မဟုတ်ပါ။ သို့သော် မိမိကြောင့် တစ်ပါးသူ မထိခိုက်၊ မနစ်နာဘူးဆိုလျှင် မျက်ရည်ပေါက်ကြီးငယ်မကျဘူးဆိုလျှင်၊ ထိုမှတစ်ဆင့်တက်၍ မိမိ၏ သိက္ခာပွန်းပဲ့မှုကြောင့် မိမိကို မှီခိုသူတို့ အကျိုးသက်ရောက်မှုရှိသွားသည်ဆိုလျှင်ပင် ထိုသိက္ခာပွန်းပဲ့မှုသည် သန့်ရှင်းသော ပွန်းပဲ့မှုဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

တစ်သက်တာဘဝခရီးသည် သိပ်ပြီး မရှည်လှပါ။ သံသရာခရီးကတော့ ရုပ်နှင့်နာမ်ဒွန်တွဲနေသမျှ ထွေပြားရှည်လျားနေဦးမည်သာ ဖြစ်ပါသည်။ ထိုခရီးလမ်းထဲ အသက်ရှင်နေနိုင်ဖို့ ရထားသည့်နေရာလေးခိုင်မာဖို့ ရုန်းကန်ကြိုးစားရင်း တစ်ခါတစ်ရံမိမိတို့သတ်မှတ်ထားသော သိက္ခာစံနှုန်း၊ လိပ်ပြာစံနှုန်းများကို လျှော့ချလိုက်ရသည့်အခါမျိုး ကြုံတွေ့ရဦးမည်မှာ မုချဖြစ်ပါသည်။ သို့သော် ထိုလျှော့ချလိုက်ရခြင်းသည် သန့်ရှင်းသော အပြစ်ကင်းသော လျှော့ချမှုမျိုးဖြစ်နိုင်ဖို့တော့ သတိပြုကြရပါလိမ့်ဦးမည်။ ။

## JOKE

### ဘာလူမျိုးလဲ

အာဒမ်နှင့်ဧဝတို့ ဧဒင်ဥယျာဉ်ကြီးထဲတွင် ပျော်မြူးနေကြပုံကို ရေးဆွဲထားသော ပန်းချီကားတစ်ချပ်အား ဗြိတိန်တစ်ဦး၊ ပြင်သစ်တစ်ဦးနှင့် ရုရှားလူမျိုးတစ်ဦးတို့ ကြည့်ရှုခံစားနေကြသည်။

ထိုအချိန်မှာပင် ဗြိတိန်လူမျိုးက “ကြည့်စမ်းပါဦး။ သူတို့ရဲ့ အေးဆေး၊ တည်ငြိမ်ပုံကိုကြည့်ရင် သူတို့ဟာ ဗြိတိသျှလူမျိုးတွေပဲဖြစ်ရမယ်” ဟု ဆိုပါ၏။ ထိုအခါ ပြင်သစ်လူမျိုးက “အဓိပ္ပာယ်မရှိတာ။ သူတို့မှအဝတ်အစားလည်း မပါဘူး။ အရမ်းလည်း လှပတာကိုကြည့်ရင် ပြင်သစ်လူမျိုးတွေပဲဖြစ်ရမယ်” ဟုဆိုပါ၏။ ထိုအခါ ရုရှားလူမျိုးက “ဘယ်လိုမှမဖြစ်နိုင်ဘူး။ မင်းတို့သေချာကြည့်ကြ။ သူတို့မှာ အဝတ်အစားလည်း မရှိ၊နေစရာလည်းမရှိဘူး နောက်ပြီး ပန်းသီးတစ်လုံးထဲကို နှစ်ယောက်ခွဲစားနေရပြီး ဒါတောင်သူတို့နိဗ္ဗာန်ဘုံရောက်နေတယ်လို့အယုံသွင်းခံထားရတာကိုကြည့်ရင် အာဒမ်နဲ့ ဧဝဟာ ရုရှားလူမျိုးတွေပဲ ဖြစ်ရမယ်”ဟု ပြောလိုက်ပါသည်။

### ကြည့်ပေးပါ

သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဆောင်၌ ဝိုင်းကူလုပ်ပေးနေစဉ် သတို့သားသူငယ်ချင်းက ကျွန်တော့်နားကပ်၍ လက်ဖွဲ့ခုံကို ဂရုစိုက်ကြည့်ပေးရန် ပြောသည်။ လက်ဖွဲ့ခုံနားက လူတွေကို စိတ်မချကြောင်း သူငယ်ချင်းကပြောရာ ကျွန်တော်က “ဟာအဲဒါဆိုဘာဖြစ်လို့ဒီလူတွေကိုခေါ်ထားလဲ”ဟုမေးရာ “သူတို့ကငါနဲ့ငါ့မိန်းမအမျိုးတွေလေကွာ” ဟု သူငယ်ချင်းကဆိုပါ၏။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသုစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိန်းရိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂျစ်တစ်-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီ ပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.11, No.4 • MARCH 29 , 2012

# စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးသည့်ဥပဒေများ ပြင်ဆင်ရန်လိုအပ်

**ကိုကိုကြီး**

**ရန်ကုန်၊ မတ် - ၁၆**

သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းနယ်ပယ်များတွင်ဖြစ်ပေါ်နေသည့် စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ပြောင်းလဲနေသောစီးပွားရေးပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် Arbitration ဟုခေါ်သည့် အနုညာတအက်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲသင့်ကြောင်း ယင်းလုပ်ငန်းစဉ်များကို ကိုင်တွယ်ဖြေရှင်းနေသည့် ရှေ့နေများနှင့် လုပ်ငန်းရှင်များက ပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိပြဋ္ဌာန်းထားသည့် အနုညာတအက်ဥပဒေများတွင် The Arbitration (Protocal@ Convention) Act (India Act 6, 1937)နှင့် The Arbitration Act (Myanmar Act 1944)တို့ဖြစ်သည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းလမ်းသည် စီးပွားရေးစာချုပ်စာတမ်းများတွင် စာချုပ်ဝင်များအကြား ပေါ်ပေါက်သော အငြင်းပွားမှုများကို ဖြေရှင်းသည့်နည်းလမ်းဖြစ်ကြောင်း၊ ယင်းနည်းလမ်းသည် Litigation ဟုခေါ်ဆိုသော တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်သည့်နည်းလမ်းနှင့် မတူညီဘဲ အငြင်းပွားသူများက သဘောတူရွေးချယ်ပေးထားသည့် ခုံသမာဓိလူကြီးများက အလွတ်သဘောထိုင်ပြီး ဖြေရှင်းသောနည်းလမ်းတစ်ခုဖြစ်သည်။ လက်ရှိကာလတွင် အနုညာတဖြေရှင်းခြင်းကို လွတ်လပ်စွာပြုသော အနုညာတဖြေရှင်းခြင်း၊ တရားရုံး၏ ပါဝင်မှုဖြင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဗဟိုဌာနများတွင် စာရင်းတင်ထားသော Arbitrator များကို အငြင်းပွားသူများက ရွေးချယ်ကျင့်သုံးသော Arbitration Rules များနှင့်ဖြေရှင်းခြင်းတို့ဖြစ်ကြောင်း ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောကြားကြောင်း မတ်လ ၉ ရက်ထုတ် နိုင်ငံသတင်းစာတွင် ဖော်ပြထားသည်။

The Arbitration Act, 1944 တွင် လက်တွေ့ကျင့်သုံးမှုနယ်ပယ်နှင့် စပ်ဟပ်ပါက လိုအပ်နေသော ပြဋ္ဌာန်းချက်ရှိနေသကဲ့သို့မလိုအပ်သောပြဋ္ဌာန်းချက်များပါရှိနေခြင်း (ဥပမာအားဖြင့် စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးဆိုသည်နှင့်စပ်လျဉ်းပြီး မည်သည့်အဆင့်တရားရုံးဖြစ်သည်ကိုပြဋ္ဌာန်းထားမှုမရှိခြင်း၊ တည်ထောင်ထားမှုမရှိသည့် Small Cause Count ပြဋ္ဌာန်းချက် ပုဒ်မ ၄၀ ပါဝင်နေခြင်း)၊ မြန်မာနိုင်ငံ ခုံသမာဓိဆုံးဖြတ်ချက်အားအတည်ပြုဖော် ဆောင်ရာတွင် အခက်အခဲများရှိနေခြင်း၊ အထူးသဖြင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအကြား ပေါ်ပေါက်သည့် အငြင်းပွားမှုများတွင်ကျင့်သုံးဆောင်ရွက်နိုင်မှုမရှိခြင်း၊ ဥပဒေတွင် လုပ်ထုံးလုပ်နည်းများ အသေးစိတ်မပါရှိခြင်း၊ တစ်ဆင့်ခံဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းထုတ်ပြန်မှုမရှိခြင်း၊ ကျယ်ပြန့်ရှုပ်ထွေးနေသော အငြင်းပွားမှုတို့ကို နိုင်ငံတကာဝင်ဆံ့ပြီး အရည်အသွေးရှိ ဥပဒေပြဋ္ဌာန်းချက်များ ပါရှိရန်လိုအပ်ခြင်း၊ ယင်းဥပဒေများသည် လွတ်လပ်ရေးမရမီကပင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပြီး ရေးထားသောစာတွင် ဝါကျရှည်များဖြင့် ရေးသားထားခြင်းကြောင့် နားလည်သဘောပေါက်ရန် ခက်ခဲခြင်း၊ အင်္ဂလိပ်၊ မြန်မာဘာသာဖြင့် ရှင်းလင်းသောစာသားများဖြင့် ရေးသားရန်လိုအပ်ခြင်းတို့ဖြစ်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်အောက်တွင် ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်က ပြောသည်။

နိုင်ငံတကာမှ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသူများသည် တရားရုံးစွက်ဖက်မှုများနေသည့် ခုံသမာဓိအရဖြေရှင်းသည့်နည်းကို လိုလားမှုမရှိကြောင်း ၎င်းဥက္ကဋ္ဌက ဆက်လက်ပြောသည်။

ရှေ့နေဦးမောင်မောင်ဝင်းကလည်း လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေများတွင် တရားရုံးဆုံးဖြတ်ချက်များ လွှမ်းမိုးမှုရှိနေသည်ကိုတွေ့ရကြောင်းပြောသည်။

နိုင်ငံတကာတွင် ခုံသမာဓိရုံးဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကော်မရှင်က ထုတ်ပြန်သော UNCITRAL Concillation Rules၊ ICC က ထုတ်ပြန်သည့် ICC Rules of Concillation နှင့် WIPO မှ ထုတ်ပြန်ထားသည့် စည်းကမ်းများဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးထွန်းအောင်ကပြောသည်။

ပြည်တွင်းတွင် ပြဋ္ဌာန်းထားရှိသည့်ဥပဒေနှစ်ရပ်မှာ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းဥပဒေသုံးခုနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပြန်လည်ရေးဆွဲသင့်ကြောင်း ဥက္ကဋ္ဌကပြောသည်။

ထို့အပြင် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီက မြန်မာနိုင်ငံအနေနှင့် အခြားနိုင်ငံတစ်နိုင်ငံနှင့် စပ်လျဉ်းပြီး အငြင်းပွားမှုများဖြစ်ပွားပါက ကိုင်တွယ်ဖြေရှင်းသည့်နည်းစနစ်များကို နိုင်ငံတကာစံနှုန်းနှင့်အညီ ကိုက်ညီမှုရှိရန် နယူးယောက်ကွန်ဗင်းရှင်းသို့ ပါဝင်ရန် အဆိုကိုလည်းအတည်ပြုပြီးဖြစ်ကြောင်း မတ် ၉ ရက်သတင်းစာတွင်ဖော်ပြထားသည်။

The Arbitration Protocol and Convention Act, 1937 သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ခုံသမာဓိရုံး စီရင်ဆုံးဖြတ်ချက်များကိုအပြန်အလှန်အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူစာချုပ်ဖြစ်ကြောင်း၊ ၎င်းစာချုပ်ဝင်နိုင်ငံများ မှာ Convention on Recogni-tion and Enforcement Foreign Arbitral Award (The New York Convention)သို့ပြောင်းရွှေ့ဝင်ရောက်သွားပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ၎င်းကွန်ဗင်းရှင်းသို့ လက်မှတ်ထိုးပါဝင်ခြင်းမရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ ခုံသမာဓိဆုံးဖြတ်ချက်ကို နိုင်ငံခြားတိုင်းပြည်များတွင် အကောင်အထည်ဖော်ရန် အခက်အခဲရှိနေကြောင်း၊ ထို့အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းရေးစာချုပ်ဖြစ်သည့်နယူးယောက်ကွန်ဗင်းရှင်းသို့ ဝင်ရောက်သင့်ကြောင်း ဥက္ကဋ္ဌကလည်း အတည်ပြုပြောသည်။

အာဆီယံဒေသအတွင်းမြန်မာနိုင်ငံမှလွဲပြီး ကျန်နိုင်ငံများသည် နယူးယောက်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြောင်းသိရသည်။

ရှေ့နေဦးမောင်မောင်ဝင်းက "တစ်ခုခုဖြစ်ရင် ဘာမှလုပ်လို့

**စာ(၃၀)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၇ | ၁၀၅၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆ | ၂၆. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၆ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၈ | ၈၃၉ | ကျပ် |

၂၀၁၂ မတ် ၂၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၀၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၃၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၃၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၃၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၁၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၀၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၅. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၇၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၄ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၅၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၈၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၇၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၅၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၁၉၁၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၆၂. ၄၀၀ |
| ရေနံစိမ်း | စည် | ၁၂၅. ၁၃၀ |
| ငွေ | ၁ အောင်စ | ၃၂. ၂၇၂ |
| ကြေးနီ | ပေါင် | ၃၈၀. ၈၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၂၇၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မတ် ၂၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012




## စာ(၂၉) - စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးသည့်ဥပဒေများ ပြင်ဆင်ရန်လိုအပ် မှ

မရဘူး။ လုပ်လို့မရဘူးဆိုတာက ဒီစာချုပ်ဝင်နိုင်ငံမှ မဟုတ်ဘဲ"ဟု ပြောသည်။

ဥက္ကဋ္ဌဦးထွန်းအောင်က "ဒီမှာပါဝင်ပြီး လက်မှတ်ထိုးထားရင် ကုန်သည်တွေအတွက် အခွင့်အရေးမဆုံးရှုံးဘူးပေါ့။ ပြဿနာဖြစ်လာရင် မှန်ရင်မှန်တဲ့အတိုင်း ခံစားခွင့်ရတယ်"ဟုပြောသည်။

ပြည်တွင်းစီးပွားရေးနယ်များတွင် အငြင်းပွားမှု အများစုသည် ခုံသမာဓိဆုံးဖြတ်သည့်အဆင့်သို့ တက်လှမ်းခြင်းမရှိဘဲ ဖြန်ဖြေရေးအဆင့်တွင်သာ ညှိနှိုင်းမှုရရှိကြောင်း ဥက္ကဋ္ဌက ပြောသည်။

ဖြန်ဖြေရေးဆောင်ရွက်ရာတွင် ပါဝင်သည့် ဘုရင့်နောင်မှ လုပ်ငန်းရှင်တစ်ဦးက "အရောင်းအဝယ်လုပ်တဲ့အခါမှာ မှုမမှန်တဲ့နည်းလမ်းနဲ့ တစ်ဖက်နဲ့တစ်ဖက် ဈေးများသွားတာ။ ဈေးနည်းသွားတာနဲ့ပတ်သက်ပြီး မကျေနပ်တာများတယ်။ ဖြန်ဖြေတဲ့အခါမှာ ကုန်သည်ကုန်သည်ချင်း ထိတွေ့တာဆိုတော့ တစ်ဖက်နဲ့တစ်ဖက် လိုက်လျောညီထွေအောင် လုပ်ပေးရတယ်။ ကိုရီးယားတွေတောင် သူတို့ချင်း သူတို့ အမွေခွဲတာ အဆင်မပြေတာ ကော်မတီကို ရောက်လာတာရှိတယ်"ဟုပြောသည်။

ရှေ့နေဦးမောင်မောင်ဝင်းက နိုင်ငံတကာတွင် အငြင်းပွားမှုများဖြစ်ပွားပါက ပထမဆုံးအနေဖြင့် ညှိနှိုင်းဖြန်ဖြေရေးလုပ်ငန်းစဉ်ပေါ် အခြေခံဖြေရှင်းခြင်း၊ ညှိနှိုင်းမှုမရရှိပါက ခုံသမာဓိဆုံးဖြတ်ချက်ကိုကြားခံခြင်းနှင့် နောက်ဆုံးအနေဖြင့် တရားရုံး၏ စီရင်ချက်အတိုင်း ခုံသမာဓိဆုံးဖြတ်ချက်ကို နှစ်ဦးနှစ်ဖက်က အတည်ပြုပါက တရားရုံးအဆင့်သို့ ရောက်ရှိရန် မလိုအပ်ကြောင်းပြော သည်။


ဦးထွန်းအောင်က UMFCCI အောက်တွင် ဖွဲ့စည်းထားရှိသည့် ဖြန်ဖြေရေးကော်မတီကို အဖွဲ့ဝင် ၂၀ ပါဝင်ပြီး ကုန်သွယ်ရေးရှုထောင့်၊ လူမှုရေးရှုထောင့်နှင့်တရားဥပဒေနည်းလမ်းတို့အပေါ် မူတည်ပြီး ဆုံးဖြတ်ချက်ချကြောင်း ပြောသည်။

ဖြန်ဖြေရေးကော်မတီသို့ တိုင်ကြားသည့်ဖြစ်စဉ်များကို ကြည့်ပါက မြန်မာနိုင်ငံသားများကြား ဖြစ်ပွားသည့်အမှု၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့ကြား အငြင်းပွားသည့်အမှုနှင့် နိုင်ငံခြားသားအချင်းချင်း ဖြစ်ပွားသည့်အမှုပုံစံသုံးမျိုးပါဝင်ကြောင်း ၎င်းကော်မတီမှ ရှေ့နေဦးမျိုးဝင်းကပြောသည်။

"အမြန်ဆုံး လိုအပ်တာက စည်းစနစ်ကျပြီး အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုတဲ့ ညှိနှိုင်းဖြန်ဖြေရေး လုပ်ထုံးလုပ်နည်းဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ အများဆုံးဖြစ်နေတာ။ အဲဒီအချိန်မှာ လုပ်ထုံးလုပ်နည်းတွေရှိနေရင် နိုင်ငံခြားလည်း ကျေနပ်မှာပဲ"ဟု ဦးမောင်မောင်ဝင်းက အကြံပြုသည်။


၁၉၆၂ မတိုင်မီတွင် မြန်မာနိုင်ငံတွင် ခုံသမာဓိဥပဒေကို အများဆုံးကျင့်သုံးခဲ့ပြီး တော်လှန်ရေးကောင်စီတက်သည့်ကာလအတွင်း ယင်းဥပဒေကျင့်သုံးမှုလျော့ကျသွားကာ ၁၉၈၈ ခု နှစ်နောက်ပိုင်း၌ ယင်းဥပဒေကျင့်သုံးမှု အနည်းဆုံးဖြစ်ကြောင်း ၎င်းပြောသည်။

ဥက္ကဋ္ဌဦးထွန်းအောင်က "အခုဆိုရင် ၂၀၁၅ က လာတော့မယ်။ လာရင် ပြဿနာတွေဖြစ်ကြတော့မယ်။ ဖြစ်ရင် ပြည်တွင်းရဲ့ဆုံးဖြတ်ချက် (ခုံသမာဓိ)ကို လက်ခံနိုင်မှာမဟုတ်ဘူး။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနောက်ပိုင်းဝင်လာရင် အနုညာတစီရင်ဆုံးဖြတ်တဲ့ဥပဒေက အရေးကြီးလာတယ်။ ဒါတွေက မပြုပြင်လို့မရဘူး"ဟု ပြောသည်။



# 7DAY BOOK REVIEW

## မဟာမိုင်း၏ ဩဝါဒကထာ (လှိုင်ထွန်းနိုင်)




ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟောပြောရေးသားခဲ့သော ဩဝါဒများထဲမှ အကြောင်းအရာ အချက်အလက် ၁၀၀ ကို စုစည်းထုတ်ဝေသည့်စာအုပ်ဖြစ်သည်။ ငြိမ်းချမ်းရေးဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် အင်္ဂလိပ်လက်အောက် သူ့ကျွန်ခေတ်မှနေ၍ စာပေရေးသားခြင်း၊ သခင်လူငယ်များနှင့်ပေါင်းကာ လွတ်လပ်ရေးအတွက် ရှေ့ဆုံးမှမားမားရပ်တည်ခဲ့သလို ဟောပြောသောစကား၊ တရားတို့မှာလည်း တိုတိုနှင့်ထိမိလှသည်ဖြစ်၍ ယခုဩဝါဒကထာ စာအုပ်သည် စာဖတ်သူအတွက် အကျိုးပြုစေမည့်စာအုပ်ဖြစ်သည်။ စာအုပ်တွင် ဆရာကြီးဟောပြောရေးသားခဲ့သည့် ဩဝါဒများကို လွတ်လပ်ရေး၊ အမျိုးသားရေး၊ ညီညွတ်ရေး၊ နိုင်ငံရေး၊ ငြိမ်းချမ်းရေး စသည်ဖြင့် အပိုင်းလိုက်ခွဲကာ တင်ပြထားသည်။ စာအုပ်တစ်နေရာတွင် "ဘယ်ပြဿနာမှာဖြစ်ဖြစ် ဘယ်နှစ်ဘက်ရှိတာပဲ။ ငြိမ်းချမ်းရေးဆိုတာ တစ်ဘက်တည်းလုပ်လို့ မရဘူး။ နှစ်ဘက်စလုံးက ငြိမ်းချမ်းချင်တဲ့ ဆန္ဒရှိမှ ဖြစ်တာ" ဟု ဖော်ပြထားသည်။

ဝါးလည်စာပေတိုက်က တန်ဖိုး ၁၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## စသည်၊ စသည်ဖြင့် (မြင့်သန်း)




စာပေဝေဖန်ရေးနှင့် ပို့စ်မော်ဒန် အယူအဆများကို တစ်စိုက်မတ်မတ်ရေးခဲ့သူ စာရေးဆရာမြင့်သန်း၏ ဝေဖန်ရေးနှင့် အယူအဆရေးရာ ဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ စာအုပ်တွင် ဂီတသဘင်ဆိုင်ရာမြန်မာရသပညာ နောက်ခံသမိုင်းစာတမ်းအား ချဉ်းကပ်သုံးသပ်ခြင်း၊ ဝတ္ထုတိုမြန်မာဝတ္ထုတိုနှင့်စပ်ကြားအရေးအသား၊ သမိုင်းစာ သမိုင်းဝတ္ထုရေကန်သာကြာတိုင်းအေး၊ စသည်စသည်ဖြင့် မြန်မာရသပညာဆိုတဲ့ ကိစ္စ၊ အမြင်ကျဉ်းခံအမှားတို့ဖြင့် ဖန်တီးမှုအနုပညာကို ချဉ်းကပ်ခြင်း၊ အနုပညာရသပညာ ကိုယ်ကျင့်တရားနှင့်တန်ဖိုး၊ အနုပညာခံစားချက် ဂီတနှင့်ရသပညာ၊ သူများဇာတ်ကောင်ကိုယ့်ဇာတ်ကောင်နှင့် လက်လွတ်စပယ်လုပ်ပိုင်ခွင့်၊ အနုပညာ၏ ဖန်တီးမှုနှင့် နည်းလမ်းစသည်ဖြင့် ဆောင်းပါးကိုးပုဒ်ပါဝင်သည်။

စာပေဝေဖန်မှု အသိပညာနှင့် ယဉ်ကျေးမှု အနုပညာကို စိတ်ဝင်စားသူများ လေ့လာဖွယ်စာအုပ်တစ်အုပ်ဖြစ်သည်။ နှစ်ကာလများ စာအုပ်တိုက်က တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## အထူးကုဆရာဝန်ကြီးတွေရဲ့ အတွေ့အကြုံများ (ဒေါက်တာဝင်း / ဆေး-မန်း)

U Saw Moo K'BAW၊ ပါမောက္ခ ဦးစိုးမြင့်၊ ပါမောက္ခဦးဝင်းမော်၊ ဒေါက်တာဦးစိန်ဝင်း၊ ပါမောက္ခ ဦးအောင်သန်းဘတူ၊ ပါမောက္ခ ဦးညွန့်သိန်း၊ ဒေါက်တာဦးမျိုးလွင်ညိမ်း၊ ဒေါက်တာဒေါ်ယဉ်မွန်သန့်၊ ပါမောက္ခဒေါ်ကြူကြူခင်၊ ဒေါက်တာ ဦးသက်စံမျိုး၊ ဒေါက်တာ ဦးကျော်စွာလင်း၊ ပါမောက္ခ ဒေါ်သန်းသန်းအေး၊ ဒေါက်တာ ဦးဆယ်မြူရယ်လ်ကျော်လှ၊ ပါမောက္ခဦးမောင်မောင်စိန်၊ ပါမောက္ခ ဦးအောင်ခင်၊ ပါမောက္ခ ဦးချစ်စိုး၊ ပါမောက္ခဒေါ်ခင်ခင်လွင်၊ ဒေါက်တာမေမြခြယ်၊ ဒေါက်တာဦးမျိုးခင်၊ ဒေါက်တာရဲလှစသည့်အထူးကုဆရာကြီးများ၏ Myanmar Journal of Current Medical Practice စာစောင်တွင် ပါရှိခဲ့သည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အတွေ့အကြုံများကို ဒေါက်တာဝင်း(ဆေး-မန်း) မြန်မာပြန်ဆိုထားသည့် စာအုပ်ဖြစ်သည်။

နန်းဒေဝီစာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




# Knowledge ဗဟုသုတ

## လျှပ်စစ်ဓာတ်ထုတ်တဲ့ ငါးအကြောင်း သိသလား

လျှပ်စစ်ဓာတ်ထုတ်ပေးသည့်ငါးတစ်မျိုးဖြစ်သော(Electric Eel) သည် လျှပ်စစ်ဓာတ်ဗို့အား ၆၀၀ အထိ ထုတ်လွှတ်နိုင်စွမ်းရှိပြီး သားကောင်ရှာဖွေချိန်နှင့်ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့်အခါများတွင် လျှပ်စစ်ဓာတ်ထုတ်လွှတ်လေ့ရှိကြသည်။ လျှပ်စစ်ငါးများသည် ရှည်မျောမျောမွဲခြောက်ခြောက်သဏ္ဍာန်ရှိပြီး တောင်အမေရိက၊ အပူပိုင်းဒေသရှိမြစ်ချောင်းများ၊ ရွှံ့နွံထူသည့်နေရာများ၊ ရေသေရေပုပ်များတွင်တွေ့ရတတ်သည်။

လျှပ်စစ်ငါး၏ဝမ်းဗိုက်တွင် လျှပ်စစ်ဓာတ်ထုတ်လွှတ်ပေးသော အပိုင်း ၃ ပိုင်းပါရှိပြီး လျှပ်စစ်ဓာတ်အပျော့နှင့်အပြင်းကို ခွဲခြားထုတ်လွှတ်ပေးသည်။ လျှပ်စစ်ငါးများသားပေါက်ပုံမှာထူးခြားပြီး ခြောက်သွေ့သော ရာသီတွင် ငါးမများဥဉရန်အတွက် ငါးထီးကသင်း၏သွားရည်ဖြင့်အသိုက်ပြုလုပ်ပေးလေ့ရှိသည်။ အသိုက်တစ်ခုမှငါးသားပေါက်ပေါင်း ၃၀၀၀ ခန့်ပေါက်ပွားလေ့ရှိသည်ဟုသိရသည်။ လျှပ်စစ်ငါးများသည် လျှပ်စစ်ဓာတ်ကို ပြုလုပ်၊ ထိန်းသိမ်း၊ ထုတ်လွှတ်နိုင်သော ကမ္ဘာ့ရှားပါးတိရစ္ဆာန်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။


—*Source:Wikipedia*




# တစ်ပတ်တာကံကြမ္မာ

မတ် ၂၈ ရက် မှ ဧပြီ ၃ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အတိုက်အခံများကြားမှ အလိုရှိရာ ဆောင်ရွက်ရမည်။ မည်သည့်အရာကိုမှ အလွယ်တကူ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အခက်အခဲတစ်မျိုးပြီးတစ်မျိုးထိပ်တိုက်တိုးနေမည်။ သတ်မှတ်ချိန်ထက် နှောင့်နှေးပြီးမှ အောင်မြင်မည်။ ငွေလိမ်ခံရမည်။ ဆုံးဖြတ်ချက်မှား၍ ငွေကုန်မည်။ အနေအထိုင်အစားအသောက်ကြောင့် ရောဂါဟောင်းများ အသစ်သဖွယ် ကုသရခြင်းရှိမည်။




### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အဘက်ဘက်မှ တိုးတက်သော အခြေအနေနှင့် အောင်မြင်သော ဘဝအနေအထားရရှိမည်။ မိမိစိတ်ကူးရည်မှန်းထားသည်များ လက်တွေ့ အကောင်အထည်ဖော်သင့်သည်။ ကာလအတန်ကြာ မိမိနှင့် ရန်ဘက်သဖွယ်ဖြစ်နေသူများနှင့် အဆင်ပြေမည်။ မိသားစုတွင်လည်း စီးပွားရေးတိုးခြင်း၊ ကံမြင့်မားခြင်းဖြစ်ထွန်းမည်။ မိမိအပေါ် စေတနာကောင်းနှင့် ကူညီသူများတွေ့နိုင်သည်။ မေတ္တာရေးကံကောင်းမှုများပါ ကြုံတွေ့ရမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

သေချာပေါက် အဆင်ပြေမည်ဟု တွက်ဆထားသည်များ နောက်ဆုံးအချိန်ရောက်မှ အံချော်မည်။ ဈေး ချောင်သည်ဟု ထင်မှတ်ပြီးဝယ်ယူလိုက်သည့် ပစ္စည်းများမှ စိတ်သောကဖြစ်ရမည်။ အိမ်တွင် ပစ္စည်းအပျောက်အရှများမည်။ သူတစ်ပါးပြဿနာဖြစ်သည်အား လိုက်လံ၍ အာမခံပေးရခြင်း၊ သက်သေလိုက်ရခြင်းကြုံမည်။ ခြံ၊ ကားကိစ္စအရောင်းအဝယ်တစ်ခုမှ မမျှော်လင့်ဘဲငွေဝင်လိမ့်မည်။ လူမျိုးကွဲ အကျိုးပေးမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဘက်ဘက်မှ ကောင်းသော အနေအထားသို့ ဦးတည်မည်။ အကြီးအကဲ အမျိုးသမီးကျန်းမာရေး အညံ့ရှိမည်။ စိတ်ကူးသစ်၊ အကြံသစ်များ ရှေ့တိုးဆောင်ရွက်၍ အောင်မြင်မည်။ စိတ်ကူးထားသည်များ လက်တွေ့ အကောင်အထည်ဖော်ပါ။ ကျန်းမာရေးအနည်းငယ် အညံ့ရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ ရပိုင်ခွင့်ဟောင်းများ လက်ဝယ်ပြန်ရမည်။ ရန်အားလုံးကိုကျော်လွှား၍ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အဆင်ပြေမှုများ ဖြစ်ပေါ်မည်။ မိတ်ကောင်း ဆွေကောင်းများနှင့် တွေ့ကြုံရမည်။ အကြီးအကဲများထံမှ အထောက်အကူကောင်းမည်။ ခက်ခဲနက်ခဲသော ကိစ္စများကျော်လွှား၍ တက်လမ်း ကောင်းများ ဖန်တီးနိုင်မည်။ ပျို့ရွယ်သူများ စန်းပွင့်မည်။ မိသားစုတွင် စီးပွားကံ အထူးတိုးတက်ခြင်းရှိမည်။ ကာလကြာရှည် စိတ်ကူးထားပြီး မလုပ်ဖြစ်သေးသည့်လုပ်ငန်းအား မမျှော်လင့်ဘဲ စိတ်ကူးထားခြင်း မရှိဘဲလုပ်ကိုင်ဖြစ်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ထူးခြားသော တိုးတက်မှုများနှင့် အလိုရှိရာ ဆောင်ရွက်နိုင်ခြင်းတို့ ကြုံတွေ့မည်။ မိသားစုတွင် နေရာအပြောင်းအလဲ ကြုံမည်။ လုပ်ငန်းခွင်မှသူများအဖို့ မူလလုပ်ငန်းနှင့်မတူသော လုပ်ငန်းသို့ ကူးပြောင်းရခြင်း၊ ပူးတွဲဆောင်ရွက်ရခြင်းတို့ ကြုံမည်။ မြှုပ်နှံထားသည်များမှ အကျိုးအမြတ် ခံစားရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ဆိုးမယောင်နှင့် ကောင်းသောကာလဖြစ်သည်။ ခက်ခဲမယောင်ရှိသည့် လုပ်ငန်းများကို လွယ်ကူစွာ အကောင်အထည်ဖော်နိုင်မည်။ စီစဉ်ဆောင်ရွက်ထားသည့်ကိစ္စများ အခက်ကြုံပြီးမှ အဆင်ပြေမည်။ ငွေကြေးကိစ္စမှန်သမျှကို သတိနှင့်ဆောင်ရွက်ပါ။ မိမိလုပ်ငန်းကိစ္စများကို တစ်ပါးသူအား တိုင်ပင်ဆွေးနွေးခြင်းထက် မိမိကိုယ်ပိုင် စိတ်ကူးဖြင့် အဆင်ပြေသလို ဆောင်ရွက်ခြင်းက ပို၍ အကျိုးရှိမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အပြောင်းအလဲနှင့် တက်လမ်းရှိသည်။ စိတ်ကူးသစ်များ လက်တွေ့ဆောင်ရွက်နိုင်သော အနေအထားရှိသည်။ ခရီးကိစ္စစီစဉ်ထားသူများ အလိုရှိရာ ခရီးသွားရောက် အဆင်ပြေမည်။ ပြည်ပခရီးအတွက် ကြံစည်သူများ အကြံအောင်မြင်မည်။ ငွေကြေး၊ ပစ္စည်းပျောက်တတ်သည်။ သူခိုး၊ သူဝှက်အန္တရာယ်ကြုံတတ်သည်။ ခြံ၊ ကား၊ အခန်းကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရည်မှန်းချက် အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စနစ်တကျစိတ်ကူးပြီး လုပ်သည်များ အောင်မြင်မည်။ ကြုံတွေ့နေသော အနှောင့်အယှက်များကို ကျော်လွှားနိုင်မည်။ မိမိအပေါ် အထောက်အကူပြုသူများနှင့် တွေ့၍ အဆင်ပြေခြင်း၊ စိတ်ချမ်းမြေ့ခြင်း ကြုံမည်။ စုပေါင်းလုပ်ငန်းများ တစ်ပါးသူနှင့် တွဲဖက်လုပ်သည့် ကိစ္စများ အောင်မြင်မည်။ မိသားစုတွင် ထူးခြားသော ငွေဝင်ခြင်း၊ စီးပွားတက်ခြင်းများ ကြုံတွေ့ရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အညံ့ကင်း၍ ကံကောင်းခြင်းနှင့် အဆင်ပြေခြင်းများ ဖြစ်ထွန်းလာမည်။ ခက်ခဲသော ပြဿနာများ တစ်မျိုးပြီးတစ်မျိုး ဖြေရှင်းရမည်။ ကာလအတန်ကြာဆောင်ရွက်ထားပြီး အဆင်ပြေမှု မရှိသေးသည့် ကိစ္စများကို ပြေလည်အောင် ဆောင်ရွက်နိုင်မည်။ မိမိအပေါ် ကောင်းကျိုးပေးသူများနှင့် တွေ့မည်။ မိသားစုတွင် နေအိမ်နေရာ၊ အလုပ်နေရာအတွက် ပြောဆိုခြင်း အဆင်ပြေမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရည်မှန်းချက်သစ် အောင်မြင်မည်။ အညံ့ကင်းစင်မည်။ အလိုရှိရာ ဆောင်ရွက်အဆင်ပြေမည်။ အနှောင့်အယှက်အားလုံးကို ကျော်လွှားနိုင်မည်။ မိတ်ဆွေကောင်း အထောက်အကူရမည်။ တစ်ခုထက်မကသော အလုပ်ကိစ္စများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်၍ အဆင်ပြေမည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းခြင်း၊ လာဘ်ရွှင်ခြင်းကြုံမည်။ မိသားစုအတွင်း မင်္ဂလာရှိသော စကားများ ပြောရမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ရန်များမည်။ ဦးတည်လိုက်တိုင်း၊ နေရာတိုင်း အတိုက်အခံ ရှိမည်။ လူယုံထား၍ မရ။ စိတ်ရှုပ်ထွေးစရာကြုံမည်။ ကိုယ်လုပ်သမျှ အတားအဆီးရှိမည်။ ပေါ်ပေါက်လသော အခက်အခဲများအား ချက်ချင်းရှင်းပါ။ ဦးနှောက်ခြောက်စရာများ တစ်ခုပြီးတစ်ခု ပေါ်မည်။ ဇွဲရှိရှိဖြင့် တင်းခံထားပါ။ အဆင်ပြေသွားမည်။ ပစ္စည်းလျှောင်ခြင်း ဈေးကစားခြင်း မပြုရ။ မိမိကိုယ်မှတစ်ပါး အခြားသူအား ယုံစားခြင်း မရှိပါနှင့်။

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



# အမေရိကန်၊ အစ္စရေး၊ အီရန်၊ ရေနံနှင့် ကမ္ဘာ့စီးပွားရေး

**ကြည့်နေ့ဝင်းမင်း**

အခြေမခိုင်သေးတဲ့ယနေ့ကမ္ဘာ့စီးပွားရေးဟာအန္တရာယ် အများအပြားနဲ့ ရင်ဆိုင်နေရပါတယ်။ ယူရိုဇုန်အကျပ်အတည်း နောက်တစ်ကြိမ်ထပ်မံမီးတောက်ကြီးလာမယ့် အန္တရာယ်၊ မျှော်မှန်းထားတာထက် ပိုနှေးကွေးသွားမယ့် တရုတ်စီးပွားရေးအခြေအနေနဲ့ အမေရိကန်စီးပွားရေး နာလန်ထမှု (နောက်တစ်ကြိမ်) ပြန်လည်ပျောက်ကွယ်သွားမယ့် အန္တရာယ်များပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ရေနံဈေးနှုန်းထပ်ပြီး ခုန်တက်လာမယ့်အန္တရာယ်လောက်တော့ ဘယ်အန္တရာယ်မှ ပိုပြီးမလေးနက်ပါဘူး။

၂၀၁၁ ခုနှစ်က ဒေါ်လာ တစ်ရာအောက်ပဲရှိတဲ့ ရေနံစိမ်းဈေးနှုန်းဟာ မကြာသေးခင်ကဘဲ ကန်ဒေါ်လာ ၁၂၅ အထိ အမြင့်ဆုံးဈေးရောက်ရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာဓာတ်ဆီတစ်ဂါလန်လေးဒေါ်လာနီးပါးကပ်လာခဲ့တော့ စားသုံးသူယုံကြည်မှုကို ထိခိုက်ခဲ့သလိုရှေ့လာမယ့် နွေရာသီကာလမှာဈေးနှုန်းထပ်တက်ဖို့ ရှိပါတယ်။

အရင်းခံအကြောင်းအရာကတော့ အကြောက်တရားပါပဲ။ တကယ်တော့ဈေးကွက်မှာ ရေနံပေါပေါများများ ရရှိနိုင်ရုံတင်မကဘဲအမေရိကန်နဲ့ ယူရိုဇုန်မှာ ဂျီဒီပီ (စုစုပေါင်းအမျိုးသားထုတ်ကုန်) ဖွံ့ဖြိုးမှု အားနည်းခဲ့ပြီး ကားအသုံးပြုမှုနည်းပါးခဲ့တာကို ထောက်ရှုရင် အမေရိကန်နဲ့ ဥရောပမှာ ရေနံ ဝယ်လိုအားနည်းပါးခဲ့ပါတယ်။ ရိုးရိုးဆိုရရင်တော့ အစ္စရေးနဲ့ အီရန်နှစ်နိုင်ငံကြားမှာ စစ်ရေးပဋိပက္ခဖြစ်တော့မလားဆိုတဲ့ စိုးရိမ်မှုကရေနံအပေါ် 'စိုးရိမ်ထိတ်လန့်မှုအာမခံကြေး' ဖြစ်ပေါ်လာစေခဲ့တာပါပဲ။

နောက်ဆုံးဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေး ကျဆင်းမှုသုံးကြိမ်စလုံးဟာ အရှေ့အလယ်ပိုင်းဒေသက ပထဝီဝင်နိုင်ငံရေး ထိတ်လန့်မှုကြောင့် ဖြစ်ပေါ်ခဲ့တာဖြစ်ပြီး အဲဒီကနေ ရေနံဈေးနှုန်းထိုးတက်မှုတွေ ရှိခဲ့ပါတယ်။ ၁၉၇၃ ခုနှစ် အစ္စရေးနဲ့ အာရပ်နိုင်ငံများ စစ်ပွဲကနေ ၁၉၇၄-၇၅ မှာ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှုနဲ့ ဖောင်းပွမှုတစ်ပြိုင်တည်း ဖြစ်ပေါ်စေခဲ့ပါတယ်။ ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးကနေ ၁၉၈၀-၁၉၈၂ နှစ်များမှာ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်ဖောင်းပွမှု ဖြစ်ပေါ်ခဲ့တယ်။ ၁၉၉၀ မှာ ကူဝိတ်ကို အီရတ်က ကျူးကျော်ပြီးချိန် ၁၉၉၀-၉၁ မှာ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှုဖြစ်ခဲ့တယ်။

မကြာခင်က ဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှုဟာလည်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် စတင်ခဲ့ပေမယ့် ၂၀၀၈ မှာ ရေနံဈေးနှုန်းမြင့်တက်ခဲ့လို့ ပိုဆိုးခဲ့တယ်လို့ ပြောနိုင်ပါတယ်။ အဲဒီနှစ်ဇူလိုင်လမှာ ရေနံတစ်စည် ၁၄၅ ဒေါ်လာရောက်သွားခဲ့ချိန်မှာ ရေနံတင်သွင်းတဲ့ ဖွံ့ဖြိုးပြီး နိုင်ငံတွေရော၊ စီးပွားရေးအားကောင်းလာခါစ နိုင်ငံတွေပါ စီးပွားရေးဆုတ်ယုတ်မှု နှုတ်ခမ်းနားရောက်ခဲ့ကြပါတယ်။

အီရန်ရဲ့ နျူအဆောက်အအုံတွေကို အစ္စရေးကတိုက်ခိုက်မယ်ဆိုပြီးခြိမ်းခြောက်နေတဲ့ အန္တရာယ်ဟာအမှန်တကယ်စစ်ရေးပဋိပက္ခဖြစ်သွားမယ့် အခြေအနေနည်းပါးနေသေးပေမယ့်လည်း ကြီးထွားလာနေပါတယ်။ ဒီရက်ပိုင်းအတွင်းအစ္စရေးဝန်ကြီးချုပ် ဘင်ဂျမန်နေတန်ညာဟုရဲ့ အမေရိကန်ခရီးစဉ်ကလည်းအစ္စရေးရဲ့ဝါယာဖျူ့စ်ကြိုးဟာ အမေရိကန်တွေထက်တိုတောင်းတယ်ဆိုတာကို ပြသနေပါတယ်။ လက်ရှိမှာစကားလုံးတိုက်ပွဲတွေ အရှိန်မြင့်လာနေပါတယ်။ ထို့အတူ အမေရိကန်နဲ့ အစ္စရေးရဲ့ အီရန်အပေါ် တိတ်တိတ်ပုန်းစစ်ပွဲလည်း အရှိန်မြင့်လာပါတယ်။ (အဲဒီအထဲမှာ နျူကလီးယားသိပ္ပံပညာရှင်တွေ သတ်ဖြတ်တာ၊ နျူစက်ရုံကို ဆိုက်ဘာစစ်ပွဲဆင်နွှဲတာတွေလည်း ပါဝင်ပါတယ်)

စီးပွားရေးပိတ်ဆို့တားဆီးမှုဒဏ်တွေကို ခါးစည်းခံနေရတဲ့ အီရန်နိုင်ငံက ပါရှန်းပင်လယ်ကွေ့မှာတင်းမာမှုတွေမြင့်တက်အောင် လုပ်ပြီး တုံ့ပြန်နိုင်ပါတယ်။ သင်္ဘောတချို့ကို နစ်မြုပ်ပြီး ဟောမုဒ်စ်ရေလက်ကြားကိုပိတ်ဆို့နိုင်တယ်။ ဒါမှမဟုတ် ဒေသတွင်းက သူ့ရဲ့ လက်သတ်မွေးတပည့်တွေကို လွှတ်ပေးလိုက်နိုင်တယ်။ အဲဒီအဖွဲ့တွေထဲမှာ အီရတ်၊ ဘာရိန်း၊ ကူဝိတ်၊ ဆော်ဒီအာရေးဗီးယားက အီရန်လိုလားတဲ့ ရှီးယားတပ်ဖွဲ့တွေပါဝင်သလို လက်ဘနွန်က ဟစ်ဘိုလာ၊ ဂါဇာက အစ္စလာမ်မစ်ဂျီးဟတ်အဖွဲ့တွေလည်း ပါဝင်နိုင်ပါတယ်။

မကြာသေးခင်မှာကမ္ဘာတစ်ဝန်းရှိ အစ္စရေးသံရုံးတွေ တိုက်ခိုက်ခံရမှုဟာ အီရန်နိုင်ငံရဲ့ တိတ်တိတ်ပုန်းစစ်ပွဲအပေါ် တုံ့ပြန်မှုကို အချက်ပြလိုက်ပုံပါပဲ။ အဲဒီလိုပဲ အစ္စရေးနဲ့ ဂါဇာအခြေစိုက် စစ်သွေးကြွတွေကြားက တိုက်ခိုက်မှုတွေဟာလည်း ရှေ့လာမယ့် ပြဿနာအလားအလာတွေကိုလှစ်ဟပြသနေတာပါပဲ။

ရှေ့လာမယ့် ရက်သတ္တပတ်တွေမှာတော့ တင်းမာမှုတွေ လျော့ပါးလာနိုင်ပါတယ်။ အကြောင်းကတော့ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်၊ တရုတ်နဲ့ရုရှားနိုင်ငံတို့က အီရန်ကို နျူလက်နက်ထုတ်လုပ်မှု ဒါမှမဟုတ် ထုတ်လုပ်နိုင်တဲ့ အစွမ်းအစတွေကိုတားဆီးဖို့ နောက်တစ်ကြိမ် ထပ်မံကြိုးပမ်းကြမှာကြောင့်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ မအောင်မြင်ဖို့များတဲ့ အဲဒီအားထုတ်မှုကျရှုံး ခဲ့ရင်တော့ အစ္စရေးနဲ့ အမေရိကန် သဘောတူထားပြီးဖြစ်တဲ့ အီရန်ကိုတားဆီးရေး စစ်အင်အားသုံးဖြေရှင်းမှုဟာ အနေးထက်အမြန်ဖြစ်လာတော့မယ်ဆိုတဲ့ အချက်ကိုဖယ်ရှားထားလို့မရပါဘူး။

မှန်ပါတယ်။ အစ္စရေးနဲ့ အမေရိကန်ဟာ တချို့အချက်အလက်တွေမှာ သဘောထားကွဲနေပါတယ်။ အစ္စရေးက ဒီနှစ်အတွင်းတိုက်လိုပြီး အိုဘားမားအစိုးရကတော့ နိုဝင်ဘာရွေးကောက်ပွဲ မတိုင်ခင် စစ်တိုက်ရမှာကို ဆန့်ကျင်ပါတယ်။ ဒါပေမဲ့လည်း နှစ်ဖက်စလုံးက ရည်ရွယ်ချက်တွေ၊ အစီအစဉ်တွေကို ဆုံမှတ်တစ်ခုတည်းရောက်ဖို့ ကြိုးစားနေကြတယ်။ ပိုပြီးအရေးကြီးတာကတော့ အခုဆိုရင် အမေရိကန်က အီရန်ကို ထိန်းချုပ်ရေးဆိုတာကို သိသိသာသာဖယ်ရှားလာနေတာပါ။ ဒါဆိုရင်တော့ ပိတ်ဆို့တားဆီးမှုတွေ၊ ဆွေးနွေးညှိနှိုင်းမှုတွေ အလုပ်မဖြစ်ခဲ့ဘူးဆိုရင် (အိုဘားမားစကားအရ မဖြီးဖြန်းတတ်ဘူးဆိုတဲ့နိုင်ငံ) အမေရိကန်ဟာ အီရန်ကိုစစ်ရေးအရ အရေးယူရပါလိမ့်မယ်။ အခုဆိုရင် အမေရိကန်ကဘန်ကာဖျက်ဗုံးတွေ၊ ဆီဖြည့်လေယာဉ်တွေ အစ္စရေးကို ပေးနေပါတယ်။ နှစ်ဖက်စစ်ဘက်ဆိုင်ရာတွေကလည်းမလွဲသာ၊မရှောင်သာဖြစ်လာရင် တိုက်ခိုက်ဖို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ လုပ်နေကြပါတယ်။

ဒီနှစ်နွေရာသီမှာ စစ်ပွဲ ဗိန်းဗောင်းသံတွေ ဆက်ပြီးကျယ်လောင်လာမယ်ဆိုရင်တော့ အမေရိကန်နဲ့ ကမ္ဘာ့စီးပွားရေး နှေးကွေးသွားစေလောက်အောင်ကို ရေနံဈေးနှုန်းတွေ တက်သွားနိုင်ပါတယ်။ ပေါ်ပေါ်ထင်ထင်ပဋိပက္ခ ဖြစ်ပြီး စစ်ထဖြစ်ရင်တော့ ရေနံဈေးခေါင်ခိုက်ပြီး စီးပွားကျကပ်လုံးလုံးတောင် ဖြစ်သွားနိုင်ပါတယ်။

ဒါ့အပြင် အရှေ့အလယ်ပိုင်းဒေသတစ်ဝိုက်ကနေ ပြန့်ထွက်လာတဲ့ပထဝီဝင်နိုင်ငံရေးတင်းမာမှုတွေဟာလည်း မှေးမှိန်မသွားတဲ့အပြင် ပိုလို့တောင် ပြင်းထန်သွားနိုင်ပါတယ်။ အီဂျစ်နဲ့ လစ်ဗျားမှာ မရေရာမှုတွေ နက်ရှိုင်းနေရုံသာမကဘဲ အခုဆိုရင် ဆီးရီးယားက ပြည်တွင်းစစ် ချောက်ကမ်းပါးမှာ မေးတင်နေပါတယ်။ ယီမင်မှာ အစွန်းရောက်တွေ အသာစီးရနေပြီး ဆော်ဒီအာရေးဗီးယားလုံခြုံရေးကို ထိခိုက်နေတယ်။ ဘာရိန်းနဲ့ ဆော်ဒီရဲ့အရှေ့ဘက် ရေနံကြွယ်ဝရာ ခရိုင်မှာနိုင်ငံရေးတင်းမာမှုမြင့်တက်လာမှာကို စိုးရိမ်နေတာတွေရှိပြီး အဲဒီကနေ ကူဝိတ်နဲ့ ဂျော်ဒန်ပါလာမှာကို စိုးရိမ်နေကြပါတယ်။

အီရတ်ကနေ အမေရိကန် ထွက်ခွာသွားချိန်မှာပဲ ရှီးယား၊ ဆွန်နီ၊ ကာ့ဒ်လူမျိုး ဂိုဏ်းဂဏတွေအကြား တင်းမာမှုတွေ မြင့်တက်လာတာကလည်း အီရတ်မှာ ရေနံအလျင်အမြန် တိုးထုတ်ဖို့ အလားအလာမကောင်းပါဘူး။ နောက်အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ၊ အစ္စရေး-တူရကီတင်းမာမှုတွေကနေ တခြားမငြိမ်မသက်ဖြစ်နေတဲ့ဒေသတွေ အထူးသဖြင့် အာဖဂန်နစ္စတန်နဲ့ ပါကစ္စတန်ဆိုတာလည်း အရှေ့အလယ်ပိုင်း အိမ်နီးချင်းတွေပါပဲ။

အဲဒီအချိန်မှာပဲ ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ အခြားဈေးကွက်တွေမှာ စီးပွားရေးဖွံ့ဖြိုးမှုအားနည်းနေပေမယ့် ရေနံဈေးနှုန်းဟာ တစ်စည်ကို ဒေါ်လာ ၁၀၀ ကျော်ကို ရောက်ရှိနေပါတယ်။ စိုးရိမ်ထိတ်လန့်မှု အာမခံကြေးတွေက တွန်းတင်လို့ နောက်ဆုံးစစ်ရေးပဋိပက္ခ မဖြစ်ခဲ့ရင်တောင်မှ ရေနံဈေးတွေ သိသိသာသာ မြင့်လာနိုင်ပြီး စစ်ဖြစ်ခဲ့ရင်တော့ ကမ္ဘာ့စီးပွားရေး ကျကပ်ဆိုက်ရောက်လာနိုင်ပါတယ်။

*—Ref: Scary Oil, By;Nouriel Roubini*




➤ Mr. Dominic Bernardi, Ms. Liz Cardoso, Mr. Ben Tinsley, Ms. Shehan Temp, Ms. Rebecca Rosenburg, Ms. Michelle Von Karlowitz, Mr. Martin Kain, Mr. David Raedel, Ms. Meekee Teo, Ms. Ross Krise, Mr. Joshua Teo, Ms. Thuy Vo, Mr. Steve Treasure နှင့်အတူ ဖော်ပြပါတက္ကသိုလ်များမှ ပညာရေးအကြံပေးအရာရှိများကိုယ်တိုင် လာရောက်ပြသဆွေးနွေးမည်ဖြစ်သည်။

➤ ပြပွဲသို့ ယူကေ၊ ယူအက်စ်အေ၊ ဩစတြေးလျ တက္ကသိုလ်ကြီးများမှ ပညာရေး အတိုင်ပင်ခံ အရာရှိကြီး (၁၂) ဦး ကိုယ်တိုင် လာရောက်ခင်းကျင်းပြသမည်။ အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများ၊ GCE O' / A' Level ဖြေဆိုပြီးသူများ၊ Grade 11th/12th တက်ရောက်နေဆဲ ကျောင်းသား/သူများ နှင့် SAT သင်ယူနေသူများအတွက် နိုင်ငံတကာ ပညာရေးဆိုင်ရာ အကြံပေးမှုများကို Navitas အရာရှိကြီးများမှ ပြုလုပ်ပေးသွားမည်။

➤ ထို့အပြင် ဩစတြေးလျ၊ အင်္ဂလန်၊ အမေရိကန် နှင့် ကနေဒါ တက္ကသိုလ်ကြီးများတွင် ဘွဲ့လွန်ဒီဂရီ တက်ရောက်လိုသော မြန်မာနိုင်ငံမှ ဘွဲ့ရ ကျောင်းသား/သူများ အတွက် Career အကြံဉာဏ်ပေးမှုများကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။

➤ ဘာသာရပ်ဆိုင်ရာ သီးသန့် ဆွေးနွေး အကြံပေးမှုများ၊ နိုင်ငံ တစ်ခုချင်းစီ အတွက် ပညာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်သည်။ မိမိတို့၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်း မူရင်းများ နှင့် မိတ္တူများကို တစ်ပါတည်း ယူဆောင်လာရမည်။

➤ ပြပွဲတွင် ယခုအခါ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသော ဩစတြေးလျ ကျောင်းသားဗီဇာအတွက် လိုအပ်ချက်များ၊ ယူကေ ကျောင်းဝင်ခွင့်ဗီဇာအပြောင်းအလဲ၊ ကနေဒါ နှင့် အမေရိကန် ကျောင်းဝင်ခွင့်လျှောက်ထားခြင်းတို့ကို ရှင်းလင်းပေးမည်။

ရန်ကုန်ရုံးချုပ် - အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်မြို့နယ်။ (ဖုန်း) ၅၂၁၁၂၅၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀ ။
ရန်ကုန်ရုံးခွဲ - အမှတ် ၁၆ (မြေညီထပ်)၊ မြေနုလမ်း (မဟာမြိုင်မှတ်တိုင်အနီး)၊ စမ်းချောင်း။ (ဖုန်း) ၀၉-၅၀၆၂၁၇၁၊ ၀၉-၅၁၂၄၇၆၁ ။



Unilever
CLEAR
WALK YOUR WAY TO A FULL MAKE OVER
The Winner
"ခေါင်းအစခြေအဆုံးလှသွားစေဖို့ အခုပဲ ယှဉ်ပြိုင်လိုက်ကြစို့" ဆိုတဲ့ CLEAR SHAMPOO မှ
ပထမဆုံး FACEBOOK မှ မိတ်ဆက်ပေးလိုက်တဲ့ FACEBOOK PHOTO CONTEST လေးကို ရန်ကုန်မြို့ SHOPPING CENTRE (၅) ခုမှာ
ကျင်းပခဲ့ပါတယ်။ INTERNET မှတဆင့် မိတ်ဆက်ပေးလိုက်တဲ့ ဒီပွဲလေးကို လူပေါင်း များစွာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။
(၁၄)ရက်မျှသာ ကြာတဲ့ အချိန်တိုလေးအတွင်းမှာ များပြားလှတဲ့ PHOTO LIKE (၂၀၀၀၀) ခန့်မှ ပထမဆု ရရှိသွားသူလေးကို
CLEAR မှ ပျော်ရွှင်ဝမ်းမြောက်စွာ ကြေငြာလိုက်ပါတယ်။
BEFORE
FIRST PRIZE WINNER
647
YWUN WINT HLWAR AUNG
500,000ks
Inya DAY SPA
DOZO
AFTER
ဒီပွဲလေး အောင်မြင်အောင် ပါဝင်ယှဉ်ပြိုင်ပေးခဲ့ကြတဲ့ ပြိုင်ပွဲဝင်များအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ CLEAR ပွဲတွေနောက်ထပ်လာဦးမှာမို့ facebook CLEARMM မှာ LIKE လုပ်ထားကြဦးနော်
FACEBOOK.COM/CLEARMM

# Commodity Watch

7DAY NEWS JOURNAL
Vol.11, No.4 ▪ MARCH 29 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 57,652 |
| Intel P4 Dual Core 3.3 GHz (1155,2120) Processor | 96,628 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 154,280 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 237,916 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,532 |
| MSI H67MA-E35 (1155) | 82,012 |
| ASUS P5G41T-MLX (775) | 50,344 |
| ASUS P8H61-MLX Plus (1155) | 62,524 |
| ASUS P8H67MLE (1155) | 92,568 |
| Gigabyte G41MT-S2(775) | 50,344 |
| Gigabyte H61M-S2 (B3) (1155) | 73,080 |
| Gigabyte H67M-D2 (B3) (1155) | 97,440 |
| **PC Memory** | |
| 1 GB DDR2 (800) Kingston | 16,240 |
| 2 GB DDR2 (800) Kingston | 24,360 |
| 2 GB DDR3 (1333) Kingston | 12,180 |
| 4 GB DDR3 (1333) Kingston | 20,300 |
| **Harddisk** | |
| 500 GB Seagate SATA | 73,892 |
| 1 TB Seagate SATA | 97,440 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 119,364 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,396 |
| MSI N430GT 2GB PCI Express Card | 69,020 |
| ASUS ENGTX520 1GB PCI Express Card | 48,720 |
| ASUS EAH 6850 1GB DDR5 PCI Express Card | 153,468 |
| ASUS EHA 5450 1GB DDR3 PCI Express Card | 38,164 |
| Gigabyte ATI Radeon HDR545SC 1GB PCI Express Card | 56,840 |
| Gigabyte ATI Redeon HD6450 1GB D3 PCI Express Card | 69,020 |
| **Memory Stick** | |
| Kingston 4 GB (101) | 5,500 |
| Silicon Power 4 GB(322) | 5,705 |
| Apacer 4 GB (AH-129) | 7,500 |
| SONY 4 GB | 8,000 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| အိတ်ဆောင်တိပ်ပိဋကအဘိဓာန် | ၁၆၀,၀၀၀ |

Technoland ဆိုင်မှ မတ်လ(၂၄) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 280,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 22,000 |
| LG | DV276 | 22,000 |
| Toshiba | DV380 | 22,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 195,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၂၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ(၂၄) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး | ၁ သေတ္တာ | ၅,၅၀၀-၆,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၂၅)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၉၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၆၂၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀- ၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၃,၀၀၀-၆,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀- ၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်ကြော် | ၁ ပိဿာ | ၁,၆၀၀- ၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၆၀၀ |

မတ်လ (၂၄)ရက်က ကြည့်မြင်တိုင်ဗဟိုစိပ်ပြင်ငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာ ဝက်ဂွန် | ၃. ဝအင်ဂျင်ပါဝါ | ၇၀၊ ၉၀၊ ၁ဃ | ၃၄၀-၃၅၀ |
| စူဇူကီး ဝက်ဂွန် R⁺ | ၂၀၀၀- ၂၀၀၁ | ၁၀၊ ၂၀/၃၀ | ၁၈၅ |
| ပါဂျဲရို | ၉၅၊ ၉၆ | ၇၀/၉၀ | ၃၃၀ |
| ပါဂျဲရို | ၉၇၊ ၉၈၊ ၉၉ | ၇၀/၉၀ | ၄၅၀ အောက် |
| ဟိုင်းလပ်ဆပ် (ဝက်ဂွန်) | ၉၆ | ၇၀/၉၀/၁ဃ | ၃၅၀ အောက် |
| ဟိုင်းလပ်ဆပ် (Gradeအစုံ) | ၉၇၊၉၈၊၉၉ | ၇၀/၉၀/၁ဃ | ၄၀၀ ဝန်းကျင် |
| တိုယိုတာဖင်ကောက် (ဒီဇယ်) | ၂၀၀၀-၀၁ | ၇၀/၉၀ | ၃၀၀ အောက် |
| တိုယိုတာ (လီမီတက်) | ၉၆-၉၈ | ၂ဃ/၈ဃ | ၃၀၀ အောက် |
| မတ်တူး (2 .0 Grade) | ၂၀၀၂ | ၉၀ | ၂၆၅ |
| မတ်တူး (2.5 Grade) | ၂၀၀၂ | ၉၀ | ၃၀၀ ဝန်းကျင် |

မတ်လ (၂၄)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | March (18) | March (19) | March (20) | March (21) | March (22) | March (23) | March (24) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |
| Premier ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# ၂၀၁၂ နိုင်ငံတကာ အမျိုးသမီးသတ္တိရှင်များဆု မဇင်မာအောင်ရရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁၉**

ဒီမိုကရေစီနှင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်နေသော မဇင်မာအောင်သည် အမေရိကန်နိုင်ငံမှ ချီးမြှင့်သော ၂၀၁၂ International Women of Courage Award Winners ဆုကို သွားရောက်လက်ခံရယူခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာခဲ့သည်။

အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့၌ ယခုလ ၈ ရက်တွင် ကျင်းပခဲ့သော ကမ္ဘာတစ်လွှားရှိ နိုင်ငံဆယ်နိုင်ငံမှ အမျိုးသမီး ၁၀ ဦးအား ဂုဏ်ပြုချီးမြှင့်ပွဲကို သမ္မတကတော်မီရှဲလ်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသူ မဇင်မာအောင်က ဆုလက်ခံရယူခဲ့ခြင်း ဖြစ်သည်။

"ကျွန်မ ပိုအလုပ်လုပ်ရတော့မယ်လို့ ခံစားရတယ်။နှစ်ပတ်ကြာခဲ့တယ်။ ဟောပြောပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေနဲ့ပဲ အချိန်ကုန်ခဲ့တယ်။ (မီရှဲလ်အိုဘားမားနဲ့ ဟီလာရီကလင်တန်)သူတို့ကတော့ အားပေးစကားပြောတယ်။ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူးလေ။ ၁၀ နိုင်ငံက အမျိုးသမီးတွေပါတယ်။ အရှေ့အလယ်ပိုင်းက အများစုပါတယ်။ အာဖဂန်၊ ဆူဒန်၊ တူရကီ ပါလီမန်က အတိုက်အခံ တစ်ယောက်ပါတယ်။ မော်လဒိုက်က ဝန်ကြီးဟောင်း တစ်ယောက်ပါတယ်။ ဟိုမှာ ကြုံတွေ့ခဲ့တဲ့ ခံစားမှုက သူတို့နိုင်ငံမှာ မတူညီတာကို တော်တော် သည်းခံတတ်တာပဲ။ ကျွန်မအတွက် အခွင့်ထူးတစ်ခုပါပဲ။ ဘာလို့လဲဆိုတော့ ဟီလာရီကလင်တန်ဆိုရင် ဟိုအရင်သမ္မတကတော်ဘဝတည်းက သဘောကျခဲ့တာပါ" ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆုတံဆိပ်ရှင်က ပြောကြားခဲ့သည်။

# သကြ်န်ရေကစားမဏ္ဍပ် ၃၀ ကျော်၏ ရေကစားလက်မှတ်များ ဈေးပွဲတော် ကျင်းပရောင်းချမည်

**အေးမြတ်သူ**

**ရန်ကုန်၊ မတ်-၂၂**

သင်္ကြန်ရေကစားမဏ္ဍပ်ပေါင်း ၃၀ ကျော်မှ ရေကစားလက်မှတ်များ ရောင်းချမည့် အရောင်းပြခန်းများ ပါဝင်သော ဈေးပွဲတော်တစ်ခု ကျင်းပမည်ဖြစ်ကြောင်း MEEM ကုမ္ပဏီမှ ပွဲတာဝန်ခံဒေါ်ပပစိုးက ပြောသည်။

အဆိုပါ ဈေးပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင်း၌ ဧပြီ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရေကစားလက်မှတ် အရောင်းပြခန်း အပါအဝင် အခြားဆိုင်ခန်းပေါင်း ၃၀ ခန့် ပါဝင်ရောင်းချမည်ဟု ဆိုသည်။

"မြန်မာ့ဓလေ့ထုံးစံအရ နှစ်ကူးရင် ပစ္စည်းအသစ်တွေဝယ်ကြတယ်လေ။ နောက်ပြီး အိမ်သန့်ရှင်းရေးတွေလုပ်တယ်။ ဒါကြောင့် ဒီပွဲလာရင် ဈေးနှုန်းချိုချိုသာသာနဲ့ ဝယ်နိုင်အောင်လည်း ရောင်းချပေးထားတယ်။ နှစ်သစ်ကူးရင် မြန်မာလူမျိုးတွေ လာပြီးတော့ ဝယ်ကြမှာပဲလေ။ အဲဒီရည်ရွယ်ချက်နဲ့ ဒီပွဲကို လုပ်ဖြစ်သွားတာ" ဟု ဒေါ်ပပစိုးကပြောသည်။

အဆိုပါ ပွဲတွင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်၊ အလှပြင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ စာရေးကိရိယာပစ္စည်း၊ လက်ကိုင်ဖုန်းနှင့် အပိုပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုး စသည်တို့ပါဝင်ပြသရောင်းချမည် ဖြစ်သည်။

## ပြင်ဆင်ဖတ်ရှုပါရန် -

ယခုတစ်ပတ်ဂျာနယ် စာ(၃၇)မှ **'ဒေါင်းမြူးချောင်းဘေးမဲ့တောရေိယာနှင့် အုတ်ဆုံအင်းတွင် ဆေးချငါးဖမ်းခြင်းများ ထိန်းသိမ်းရန်လိုအပ်'** သတင်းမှ စာအညွှန်းကို စာ(၄၀)အစား၊ စာ(၃၆)ဟုပြင်ဆင်ဖတ်ရှုပေးပါရန်



## စာ(၃၇) ဒေါင်းမြူးချောင်း ဘေးမဲ့တောရေိယာနှင့် အုတ်ဆုံအင်းတွင် ဆေးချငါးဖမ်းခြင်းများ ထိန်းသိမ်းရန်လိုအပ် မှ

ဒေါင်းမြူးချောင်းအတွင်း ငါးမျိုးမပြုန်းတီးစေရန်နှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် တားမြစ်ထားသော ဆေးချငါးဖမ်းခြင်းကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ရသင့်ရထိုက်သော အင်းခွန်ငွေများရရှိရေးနှင့် အင်းငါးထုတ်လုပ်မှုမှန်ကန်သော ကိန်းဂဏန်းများရရှိရေးတို့အတွက် ဒေါင်းမြူးချောင်းတစ်လျှောက်ကို (ဘေးမဲ့တောရေိယာသတ်မှတ်ရေပြင်များအပါအဝင်) ငါးလုပ်ငန်းဦးစီးဌာနမှ အထူးဂရုပြုကြီးကြပ်စစ်ဆေးခြင်းဖြင့် အငြင်းပွားမှုများ၊ မလိုလားအပ်သော ပြဿနာများကို တားဆီးနိုင်ဖွယ်ရှိကြောင်း သိရသည်။


# အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း

awba

**မြန်မာ့သြဘာလုပ်ငန်းစု**

**ပီတီပြည့်စုံ Manufacturing and Logistics Co.,Ltd.**

စိုက်ပျိုးရေးသုံးဆေးများဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖျန်းဆေးများ ထုတ်လုပ်ခြင်းလုပ်ငန်းများ(Agrochemicals Manufacturing and Logisitics)အတွက် နိုင်ငံတကာ အသိအမှတ်ပြု ISO 9001:2008 (Quality Management System (QMS) လက်မှတ်ကို Certification no.686856 ဖြင့် ရရှိကြောင်း ကြားသိရပါသောကြောင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍအတွက်လည်းကောင်း၊ တောင်သူလယ်သမားများအတွက်လည်းကောင်း၊ မိမိတို့ စိုက်ပျိုးရေးဆေးဆိုင်များအတွက်လည်းကောင်း အလွန်ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာပြည်စိုက်ပျိုးရေးဆေးလုပ်ငန်းကဏ္ဍတွင် ပထမဦးဆုံး QMS Certification ရရှိသည့် ကုမ္ပဏီဖြစ်သည့်အတွက် အထူးပင်ဂုဏ်ယူမိပါကြောင်း။

ဦးမြတ်စိုး+ဒေါ်ဝေဝေစိုး (လားရှိုးစိုက်ပျိုးရေးဆေးဆိုင်)၊ ဟင်္သာတမြို့၊ ဖုန်း-၀၄၄-၂၁၁၉၀၊ ၀၉-၅၁၂၄၄၃၈၊ ၀၉-၈၅၈၁၀၉၃၊ ဦးကျော်ခင်+ဒေါ်သန်းဝင်း (ရွှေကံ့ကော်စိုက်ပျိုးရေးဆေးဆိုင်)၊ ခရမ်းမြို့၊ ဖုန်း-၀၅၆-၃၀၁၃၈၊ ၀၉-၈၆၄၅၃၈၁၊ ဦးစိုးဝင်း+ဒေါ်သင်းသင်းလဲ့ (သြဘာမိသားစု စိုက်ပျိုးရေးဆေးဆိုင်)၊ နတ္တလင်းမြို့၊ ဖုန်း-၀၅၃-၃၆၂၆၈၊ ၀၉-၅၀၇၃၄၇၂၊ ၀၉-၇၃၁၈၅၃၂၃၊ ဦးဘိုကြည်+ဒေါ်ချိုမာဌေး(ဂြိုလ်တုစိုက်ပျိုးရေးဆေးဆိုင်)၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၁၄၄၊ ၀၂-၃၄၇၄၈၊ ၀၂-၃၄၅၆၁၊ ဦးအောင်သိုက်+ဒေါ်အေးအေးသန့်ဟန်(အောင်သိုက်မိသားစုစိုက်ပျိုးရေးဆေးဆိုင်)၊ အုန္တဲ-ကဝမြို့၊ ဖုန်း-၀၉-၅၀၄၄၂၅၆၊ ၀၉-၈၆၁၈၇၆၇၊ ဦးတင်မောင်ထွန်း+ဒေါ်ရီရီနု (တင်မောင်ထွန်းစိုက်ပျိုးရေးဆေးဆိုင်) တပ်ကုန်းမြို့၊ ဖုန်း-၀၆၇-၇၀၃၉၁၊ ၀၉-၄၃၀၄၅၃၄၇၊ ဦးသိန်းဆွေ+ဒေါ်ဝင်းဝင်းထွန်း (ကိုသိန်းစိုက်ပျိုးရေးဆေးဆိုင်)၊ ရမည်းသင်း၊ ဖုန်း-၀၉-၂၁၇၃၅၃၆၊ ၀၉-၂၁၇၄၁၇၀၊ ဦးမောင်မောင်လှ+ဒေါ်စိုးစိုးမော် (ရွက်နုစိုက်ပျိုးရေးဆေးဆိုင်)၊ မင်းဘူးမြို့၊ ဖုန်း-၀၆၅-၂၁၀၂၀၊ ၀၉-၄၉၂၇၈၄၅၄၊ ဦးစန်းအောင်သူ+ဒေါ်နွယ်နွယ် (အောင်အောင်စိုက်ပျိုးရေးဆေးဆိုင်) ကျောင်းတော်ရာ-ပွင့်ဖြူမြို့၊ ဖုန်း-၀၉-၆၅၆၁၁၄၅၊ ဦးခင်မောင်ရင်+ဒေါ်လှလှနွယ် (ဗိုဆွေမျိုး စိုက်ပျိုးရေးဆေးဆိုင်)၊ စလင်းမြို့၊ ဖုန်း-၀၆၃-၄၂၁၇၉၊ ၀၆၃-၄၂၁၈၀၊ ၀၉-၅၃၄၄၀၇၃

Environment
7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# မြောက်ယမားချောင်းအတွင်း ကျေးရွာလေးရွာ ရေဘေးအန္တရာယ် ကင်းဝေးစေရန် နေရာသစ်သို့ပြောင်းရွှေ့မည်

**မျိုးမင်းဦး**

**မုံရွာ၊ မတ်- ၂၀**

မြောက်ယမားချောင်းအတွင်း မိုးရာသီယမားချောင်းရေအလုံးအရင်းဖြင့် ဝင်ရောက်ချိန်တွင်ရေဘေးအန္တရာယ်စိုးရိမ်ဖွယ်ရာကြုံတွေ့ခဲ့ရသောကျေးရွာငါးရွာအနက် ကျေးရွာ လေးရွာအား ကျေးရွာသစ်သို့ ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း အဆိုပါကျေးရွာဒေသခံတောင်သူများကပြောကြားသည်။

“မြောက်ယမားချောင်း ရေကြောင့် ကျေးရွာနေအိမ်တွေပျက်စီးမှုကြုံတွေ့ခဲ့ရတဲ့ ကျေးရွာငါးရွာအနက် လေးရွာကိုရေလွတ်ရာဒေသကို ပြောင်းရွှေ့မယ်။ ကျေးရွာသစ်ပြောင်းတဲ့အခါ လယ်ယာမြေနည်းတဲ့ နေရာတွေမှာ တစ်ဧကကျပ်သိန်း ၆၀ အထိဈေးကြီးပေးရတဲ့အတွက် ကျေးရွာသစ်ပြောင်းမယ့်အိမ်ရာသစ် ဆောက်မယ့်သူတွေ အနည်းဆုံး ကျပ်ဆယ်သိန်းကနေကျပ်သိန်းနှစ်ဆယ်အထိမြေဈေးပေးရမယ်။ ကျေးရွာသစ်တည်ဆောက်ရေးလုပ်ငန်းမှာ ဆေးပေးခန်း၊စာကြည့်တိုက်၊ ကျောင်း၊ဘုန်းကြီး ကျောင်းစတဲ့ မြေနေရာကိုလည်း ကျေးရွာအိမ်ခြေနဲ့တွက်ပြီး မြေဖိုးပေးဆောင်ရမယ်။ မိမိရဲ့ဆန္ဒအရ ကျေးရွာဟောင်းမှာနေခဲ့လည်း ရတယ်။ ဒါပေမဲ့ကျေးရွာသစ်တည်ဆောက်ရေးမှာ စာသင်ကျောင်း၊ စာကြည့်တိုက်စတဲ့ အဆောက်အအုံတွေရဲ့မြေနေရာကုန်ကျစရိတ်တော့ပေးဆောင်ရမယ်လို့ပြောတယ်’ဟုရေကြည်ပင်ကျေးရွာဒေသခံ တောင်သူကြီးတစ်ဦးကပြောသည်။

မြောက်ယမားချောင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းပုံတောင်ပုံညာတောင်တန်းအားအခြေပြုစီးဆင်းပြီး ယင်းမာပင်မြို့နယ် ရေကြည်ပင်ကျေးရွာ၊နတ်ထောက်ကျေးရွာ၊ရွှေပန်းခိုင်ကျေးရွာ၊ နှုန်းကြီးကျေးရွာနှင့် ဘိန်းနွယ်ချောင် ကျေးရွာတို့ အတွင်းချောင်းရေကြောင့်ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည်။

ရေကြည်ပင်ကျေးရွာသည် အိမ်ခြေ ၁၄၀ ရှိသည့်အနက်အိမ်ခြေ ၈၀ အား လက်ရှိကျေးရွာဟောင်း၏ မြောက်ဘက်တစ်မိုင်ခန့်အကွာ မြောက်အိုးချောင်စိုက်ကွင်းအတွင်း ကျေးရွာသစ်အဖြစ်တည်ဆောက်မည်ဖြစ်သည်။ မိမိဆန္ဒအရ ကျေးရွာသစ်သို့ပြောင်းရွှေ့မည့်နေအိမ်များသည် ၇၅ ပေပတ်လည်မြေကွက်တစ်ကွက်လျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ဝယ်ယူရမည်ဖြစ်ပြီး ကျေးရွာသစ်တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများလည်းထည့်သွင်းပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ နတ်ထောက်ကျေးရွာသည် အိမ်ခြေ ၃၀၀ ရှိပြီးအရှေ့ဘက် ကျေးရွာသစ်စီမံကိန်းတွင် ၇၅ ပေပတ်လည်မြေကွက်တစ်ကွက်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့်အိမ်ခြေ ၃၀ ခန့်ပြောင်းရွှေ့တည်ဆောက်လျက်ရှိပြီး အနောက်ဘက်ကျေးရွာသစ်တွင် ၇၅ ပေပတ်လည် မြေကွက်တစ်ကွက်လျှင်ကျပ်နှစ်သိန်းနှုန်းဖြင့် အိမ်ခြေ ၁၈ လုံးပြောင်းရွှေ့တည်ဆောက်လျက်ရှိသည်။ ရွှေပန်းခိုင်ကျေးရွာသည်အိမ်ခြေ ၁၃၃ အိမ်အနက် ၇ အိမ်မှာ ကျေးရွာဟောင်းတွင် ကျန်ရှိခဲ့မည်ဖြစ်ပြီး ကျေးရွာသစ်အား အနောက်ဘက် ကျွန်းယင်းတောင်တွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ရွှေပန်းခိုင်ကျေးရွာသစ် စီမံကိန်းတွင် ၇၅ ပေပတ်လည် မြေကွက် တစ်ကွက်လျှင် ကျပ်ငါးသောင်းနှုန်းသတ်မှတ်ထားကြောင်း သိရသည်။ နှုံးကြီးကျေးရွာသည် အိမ်ခြေ ၁၅၀ အနက် အိမ်ခြေ ၁၂၀ ခန့်ပြောင်းရွှေ့တည်ဆောက်မည်ဖြစ်ကြောင်း သိရှိရသည်။

ကျေးရွာသစ်တည်ဆောက်ရေးအတွက် ယာမြေတန်ဖိုးမှာ ကျပ်သိန်း၆၀ ခန့်အထိမြေဈေးမြင့်တက်မှုကြောင့် ပေ ၇၅ ပေပတ်လည် မြေတစ်ကွက်လျှင် ကျပ်ဆယ်သိန်းခန့် ပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။



*၂၀၁၁ ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသော မြောက်ယမားချောင်း ရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသည့် ဒေသခံများ*

ဓာတ်ပုံ - မျိုးမင်းဦး

## Environment Cartoon




လူတိုင်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်တယ်။ ကိုယ့်ဆီက ထွက်တာကို လျှော့ချပါ။

# ဒေါင်းမြူးချောင်း ဘေးမဲ့တောဇရိယာနှင့် အုတ်ဆုံအင်းတွင် ဆေးချငါးဖမ်းခြင်းကို ထိန်းသိမ်းရန်လိုအပ်

**စိုင်းလူမင်း**

**ကောလင်း၊**

**မတ်- ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်အတွင်းရှိ ဒေါင်းမြူးချောင်းအပိုင်(အုတ်ဆုံဂရန် အင်းအပိုင်)ချပ်သင်းဘေးမဲ့တောနှင့် ထိစပ်လျက်ရှိသော နေရာတွင် အင်းဂရန်ပိုင်နေရာ “အပတော” နေရာယူ၍ အငြင်းပွားကာ လိုင်စင်မဲ့ငါးဖမ်းပိုက်များနှင့် ငါးဖမ်းဆီးခြင်း၊ အဆိပ်ချ ငါးဖမ်းဆီးခြင်းတို့ကြောင့် အဆိပ်မိသော ငါးများ စားသုံးမိပါက လူနှင့်တိရစ္ဆာန်များ သေဆုံးနိုင်သည့်အတွက် ဒေသခံများ စိုးရိမ်လျက်ရှိကြသည်ဟု သိရသည်။

ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ဒေါင်းမြူးချောင်းအတွင်းရှိ အုတ်ဆုံအင်း အပါအဝင်ဂရန်အင်း ၂၀ အင်းနှင့် ၎င်းတို့၏ လက်စွဲအင်းများကိုသာ သတ်မှတ်ငါးဖမ်းကိရိယာဖြင့် ခွင့်ပြုခြင်းကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ချောင်းအတွင်း ဘေးမဲ့ဇရိယာဟု သတ်မှတ်ထားရှိသော ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန် တားမြစ်စာများ ထုတ်ဝေထားရှိသော်လည်း အဆိုပါဘေးမဲ့ရေပြင်များတွင် လိုင်းစင်မဲ့ ငါးဖမ်းပိုက်များနှင့် ဖမ်းဆီးနေကြသည်။

ဘေးမဲ့တောဇရိယာ သတ်မှတ်ထားရှိသော ချောင်းအတွင်း တရားမဝင် ငါးဖမ်းဆီးသူများသည် အုပ်ဆုံအင်းအတွင်းကိုပါဝင်ရောက်လုပ်ကိုင်ခွင့်ရလိုသဖြင့် တရားဝင် အခွန်ငွေလာဆောင်၍ လုပ်ကိုင်လျက်ရှိသည်။ တရားဝင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်လျက်ရှိသော အင်း၊ ချောင်း၊ ရေပြင်များအကြား ဇရိယာနှစ်ပိုင်းသတ်မှတ်ရန် ဘေးမဲ့တော ဇရိယာအဖြစ် သတ်မှတ်ထားရှိခြင်းကြောင့် တရားမဝင် ငါးဖမ်းဆီးမှုများကို ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ထားသည့် အဆိပ်ချငါးဖမ်းနည်းများကို မည်သူမည်ဝါပြုလုပ်မည်မသိ၊ တရားခံမပေါ် ဆောင်ရွက်လျက်ရှိသည်ကို နှစ်တိုင်းလိုလိုကြုံတွေ့နေရခြင်းဖြစ်သည်။

စာ(၄၀) သို့






# Tourism

7DAY NEWS JOURNAL

Vol.11, No.4 • MARCH 29 , 2012


## ငပလီကမ်းခြေ မော်ရုံကျေးရွာတစ်ဝိုက် မြေဈေးများ မြင့်တက်

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၂၃**

ငပလီကမ်းခြေတစ်လျှောက် ဟိုတယ်ဇုန်များနှင့် ငါးမိုင်ဝန်းကျင်ခန့်ဝေးသော မော်ရုံကျေးရွာတစ်ဝိုက်တွင်လုပ်ငန်းရှင်များမြေအလုအယက်ဝယ်ကြခြင်းကြောင့် တစ်လ၊နှစ်လအတွင်းမြေတစ်ကေလျှင်သိန်းရာချီ၍ ဈေးပေါက်နေကြောင်း ဒေသခံများက ပြောသည်။

ထိုနေရာတွင် မည်သည့်စီမံကိန်းလုပ်မည်ဟု သတင်းမထွက်သေးသော်လည်း ပြည်ပရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းရှင်များနှင့် ရန်ကုန်မြို့ပေါ်ရှိ လုပ်ငန်းရှင်များက နေရာအမျိုးအစားပေါ်မူတည်၍ တစ်ကေလျှင် သိန်း ၂၀၀ မှ ၇၀၀ ကျပ်အထိ ဈေးကြီးပေးဝယ်ယူနေကြောင်းဒေသခံများကပြောသည်။

"ဟိုတယ် လုပ်မယ်လို့ ထင်တာပဲ။ ငပလီနဲ့တော့ တစ်နာရီလောက်စီးရင်ရောက်တယ်။ ဘာမှ တိတိကျကျတော့ မပြောဘူး။ ရွာက လူတွေကတော့ ရောင်းနေကြတာပဲ။ ကျွန်တော်တော့ စောင့်ဦးမယ်" ဟု ငပလီကမ်းခြေတွင် ပေါက်သောဈေးနှုန်းကို မျှော်၍ နှစ်ဧက ပိုင်ဆိုင်သော ရွာခံခြံရှင်တစ်ဦးကပြောသည်။

မြေဈေးအဝယ်လိုက်၍ ဈေးကြီးနေသောကြောင့် သက်ဆိုင်ရာမြေစာရင်းဌာနနှင့် ပူးပေါင်းပြီးအခွန်ဆောင်ထားသောမြေကေထက် ပိုမိုစာရင်းပြ၍ ရွာပိုင် မြေရိုင်း၊ မြေလွတ်များကို အရောင်းအဝယ်ပြုနေကြောင်း ယင်းရောင်းဝယ်မှုတွင် ရပ်ရွာအုပ်ချုပ်ရေးမှူးက ၁၀ နှင့် ၅ ရာခိုင်နှုန်းပေးရန် တောင်းခံကြောင်း ကျေးရွာဒေသခံအချို့က ပြောသည်။

"ရွာပိုင် မြေလွတ်၊ မြေရိုင်းတွေကို အခွန်ထမ်းတာ မိမိပိုင်သုံးဧကဆိုပေမယ့် အနီးအနားကို ခုတ်ထွင်ရှင်းလင်းပြီး ရောင်းနေကြတယ်။ ရွာကဆောက်လုပ်တဲ့သူတွေက တောတွေ၊ တောင်တွေမရှိတော့ဘာနဲ့စားမလဲ။ ဟင်းရွက်လည်း ရောင်းလို့မရ။ ထင်းလည်းခွေလို့မရ။ ဒီတောင်ကို မလုပ်ရဘူးတားထားလို့ ကျန်နေတာ" ဟု ရွာဦးဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီးက မိန့်ကြားသည်။

ထိုကဲ့သို့ နိုင်ငံတော်တွင် အခွန်ဆောင်သော မြေကေထက် မြေလွတ်၊ မြေရိုင်းများကို မိမိပိုင်မြေအဖြစ် ရောင်းချမှုများရှိသလို အမှန်တကယ် မိမိပိုင်ဆိုင်သော မြေကို ရောင်းချသူများလည်း ရှိကြောင်း ယင်းကျေးရွာအနီး နေထိုင်သူကိုတစ်ဦးက ပြောသည်။

"အာဏာပိုင်တွေကလည်း ဒေသခံတွေပိုင်တဲ့အမည်မပေါက်တဲ့ အုန်းခြံတွေကို တစ်ခြံကို ၃၅ သိန်းလောက်ပေးပြီး သိမ်းလိုက်တယ်။ ပြီးရင်လာဝယ်တဲ့နိုင်ငံခြားသားတွေကိုတစ်ဧကကိုသိန်း၆၀၀-၅၀၀ နဲ့အမျိုးမျိုးရောင်းတယ်" အထက်ပါ ကျေးရွာအနီး နေထိုင်သူကိုအောင်ကျော်မိုးက ပြောကြားသည်။

မော်ရုံကျေးရွာအပြင် ကျေးရွာအနီး ပင်လယ်ကမ်းနားတွင်ရှိသော ကျောက်ကလပ်ကျေးရွာအုပ်စုအနီးရှိနေရာကောင်းသည့်နေရာများတွင် ယင်းဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလျက်ရှိသည်။

တစ်လ နှစ်လအတွင်း ယင်းဒေသများတွင် အရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ ယခုလနောက်ဆုံးအပတ်တွင် ဂျပန်နိုင်ငံမှ Aisan Maternal Child Welfare Association နှင့် AMMS Iternational ကုမ္ပဏီ၊ ရုရှားနိုင်ငံ Russian Entrepreneurs Association မှ ပုဂ္ဂိုလ်များပင်လယ်ကမ်းခြေဒေသများတွင် ဟိုတယ်စီမံကိန်းများ ဆောက်လုပ်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးခဲ့ကြသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အိုင်ယာလန်နှင့် မြန်မာစောင်းပညာရှင်များ ယဉ်ကျေးမှု ဂီတဖလှယ်

**ကြူကြူဟန်**

**ရန်ကုန်၊ မတ်-၂၀**

အိုင်ယာလန်နိုင်ငံမှစောင်းပညာရှင်နှင့် မြန်မာစောင်းပညာရှင်များ၏ ယဉ်ကျေးမှုဂီတ ဖလှယ်ပွဲကို မတ်လ ၂၀ ရက် ဂီတမိတ်သင်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အိုင်ယာလန်နိုင်ငံမှစောင်းပညာရှင် Ms Michelle Mulcahy က ဂီတသံစဉ်များကို တီးခတ်ပြီး မြန်မာ့စောင်း ပညာရှင်များဖြစ်သော ဦးဝင်းမောင်၊ ကိုနေလင်းတို့က မြန်မာ့စောင်းကောက်ဖြင့် တီးခတ်ခဲ့သည်။

အဆိုပါ စောင်းပညာရှင်က အမေရိကန်နိုင်ငံတွင် ပြုလုပ်သော Live-Ireland ဆုပေးပွဲတွင် ချီးမြှင့်သော Female Musician of the Year in 2005, IG4 Young Musician of the Year in 2006 ဆုကို ရရှိခဲ့သည်။

ယခင်က အယ်လ် ဘမ်နှစ်ခွေထွက်ရှိခဲ့ပြီး ယခုနှစ်ကုန်တွင်လည်း နောက်ထပ် အယ်လ်ဘမ်ထွက်ရှိနိုင်ရန်ပြင်ဆင်နေကြောင်း သိရှိရသည်။

အမေရိကန်နိုင်ငံ၊ ဥရောပတိုက်နိုင်ငံများသို့ သွားရောက်၍ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ တီးခတ်ပြသခြင်း၊ ဂီတပညာသင်ကြားပို့ချခြင်းများ ပြုလုပ်ခဲ့ပြီး၊ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်ကြောင်း ဂီတဖလှယ်ပွဲတွင် ပါဝင်ခဲ့သူ Miss Mechelle က ပြောသည်။ သူမအနေဖြင့် မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ်လာရောက်ကာ ဂီတပညာကို ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ချင်သေးသည်ဟု ပြောသည်။



## မန္တလေးတွင်သကြ်န်မတိုင်မီ ဟိုတယ်သစ်တစ်ခု ဖွင့်လှစ်ဖွယ်ရှိ

**စိုင်းသာအောင်**

**မန္တလေး၊ မတ်-၂၂**

ရွှေအင်ကြင်းမိသားစုက တည်ဆောက်လျက်ရှိသော မန္တလေးမြို့ ဘူတာကြီး အရှေ့ဘက် ၇၈ လမ်း×လမ်း ၃၀ မြောက်ဘက်တွင် ရွှေအင်ကြင်းဟိုတယ် (မန္တလေး) ကို သကြ်န်အမီဖွင့်လှစ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း ယင်းဟိုတယ်၏ အထွေထွေမန်နေဂျာဦးအောင်မိုးလွင်က ပြောသည်။

ရွှေအင်ကြင်းဟိုတယ်(မန္တလေး)ကို ဧပြီ ၁၀ ရက်အမီဖွင့်လှစ်နိုင်ရေးအတွက်စီစဉ်ဆောင်ရွက်နေပြီးဟိုတယ်အနေဖြင့် အထပ်ဂထပ်၊ အခန်း၆၄ ခန်းရှိပြီး Suite Room ၄ ခန်း၊ Deluxe ၂၀ ခန်း၊ Superior ၃၄ ခန်း၊ Standard ၆ ခန်းတို့ ပါဝင်မည်ဖြစ်သည်။

ရွှေအင်ကြင်းဟိုတယ်မိသားစုအနေဖြင့် နေပြည်တော်ဟိုတယ်ဇုန်-၂ တွင် ၂၀၁၃ တွင် အခန်း ၁၀၀ ခန့် ပါဝင်သော ရွှေအင်ကြင်းဟိုတယ် (နေပြည်တော်) ကိုလည်းကောင်း၊ ၂၀၁၄ တွင် ပုဂံဟိုတယ်ဇုန်၌ ရွှေအင်ကြင်းဟိုတယ် (ပုဂံ)၊ ရန်ကုန်မြို့ အင်းစိန် ဗဟိုလမ်းမပေါ်တွင် အခန်း ၆၀ ပါဝင်သော ရွှေအင်ကြင်းဟိုတယ် (ရန်ကုန်) ကိုလည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလော၊ အင်းလေး၊ ပင်းတယဒေသတွင် ရွှေအင်ကြင်းဟိုတယ် (ကလော)ကိုလည်းကောင်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီး စကားအင်းအဝိုင်းအနီးတွင် ရွှေအင်ကြင်းဟိုတယ် (လေဆိပ်)ကိုလည်းကောင်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ရွှေအင်ကြင်းဟိုတယ် စီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဦးသင်က 7Day New အား ပြောသည်။

ဆက်လက်၍ ငွေဆောင်၊ ငပလီတို့တွင်လည်း ကမ်းခြေရွှေအင်ကြင်းဟိုတယ်တည်ဆောက်ရေးအတွက် နေရာရှာဖွေလျက်ရှိကြောင်း ထပ်မံသိရသည်။







# Cartoon




























7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# အိန္ဒိယတွင် အန်ကောဝပ်ပုံစံတူ ဘုရားကျောင်း တည်ဆောက်မည်ဆို၍ ကမ္ဘောဒီးယားစိတ်ပျက်နေ

**ဖနွမ်းပင်၊ မတ် - ၂၁**
ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်းနှင့် ပုံစံတူ အရွယ်အစားတူ ဘုရားကျောင်းတစ်ကျောင်းအား အိန္ဒိယနိုင်ငံတွင် ဆောက်လုပ်ရန် ဟိန္ဒူဂေါပကအဖွဲ့တစ်ဖွဲ့၏ဆုံးဖြတ်ချက်မှာ ရှက်စရာကောင်းသော လုပ်ရပ်ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ လူသိအများဆုံး အဆောက်အအုံနှင့် ကမ္ဘာ့လှည့်များ အဓိကဆွဲဆောင်ရာဘုရားကျောင်းအား တုပဆောက်လုပ်ခြင်းမှာဘုရားကျောင်း၏ရှေးဟောင်းအမွေအနှစ် တန်ဖိုးလျော့ကျသွားအောင် တမင်တကာလုပ်ဆောင်ခြင်းဖြစ်သည်ဟု အစိုးရပြောခွင့်ရ ပုဂ္ဂိုလ်ဖေးဆီဖန်းက ပြောကြားသည်။

"အန်ကောဝပ်က အန်ကောဝပ်ပါပဲ။ တစ်မူကို ထူးခြားနေပါတယ်" ဟု ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင်ခဲ့သော ဘုရားကျောင်းအားရည်ညွှန်း၍ မစ္စတာဖေးဆီဖန်းကပြောသည်။

"သူတို့ဒါကို ဆောက်လုပ်တာဟာ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဆိုတဲ့ အယူအဆကိုစိန်ခေါ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ကမ္ဘာပေါ်မှာ အန်ကောဝပ်နှစ်ခုရှိတယ်လို့ ရောထွေးစေမှာမဟုတ်ပါဘူး" ဟု ကမ္ဘောဒီးယားပြောခွင့်ရ ပုဂ္ဂိုလ်က ပြောသည်။

ဘီဟာမဟာဗာမန်ဒါဂေါပကအဖွဲ့ဟုခေါ်သော ဟိန္ဒူအဖွဲ့အစည်းတစ်ရပ်က အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ကန်ဒေါ်လာသန်း ၂၀ အကုန်အကျခံတည်ဆောက်မည့် အန်ကောဝပ်ပုံစံတူ ဘုရားကျောင်းကို စတင်ဆောက်လုပ်နေကြောင်း သိရသည်။ ယင်းကိစ္စကို အိန္ဒိယအစိုးရအား အသိပေးတင်ပြခြင်းဖြင့် စိုးရိမ်ပူပန်မှုကို ဖော်ထုတ်မည်ဟု ကမ္ဘောဒီးယားပြောခွင့်ရ ပုဂ္ဂိုလ်ကပြောကြားသည်။

*—Ref: Chinapost*




# အိန္ဒိယလေကြောင်းလိုင်း လိုင်စင်ဆုံးရှုံးဖွယ်ရှိ

**နယူးဒေလီ၊ မတ် - ၂၀**
အကျပ်အတည်းတွေ့နေသော အိန္ဒိယနိုင်ငံမှ ကင်းဖစ်ရှာလေကြောင်းလိုင်းသည် လိုင်စင်ပယ်ဖျက်ခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရပြီး အိန္ဒိယအရပ်ဘက်လေကြောင်းဌာန ညွှန်ကြားရေးမှူးချုပ်ကလည်း ၎င်းလေကြောင်းလိုင်းပိုင်ရှင်အား ၎င်းတို့ပုဂ္ဂလိကလေကြောင်းလိုင်း၏ အခက်အခဲများ မည်သို့ဖြေရှင်းမည်ကို တင်ပြရန် ညွှန်ကြားထားကြောင်း သိရသည်။

Kingfisher လေကြောင်းလိုင်းက ပြီးခဲ့သည့်လအတွင်း တင်ပြခဲ့ရာတွင် လေယာဉ် ၂၈ စီးရှိသည်ဟု ဖော်ပြခဲ့သော်လည်း မတ်လ ၁၉ ရက်က ထပ်မံအစီရင်ခံစာတင်ပြရာ၌ လေယာဉ် ၁၅ စီး၊ ၁၆ စီးသာရှိသည်ဟု ဖော်ပြထားသည်။

"လေကြောင်းလိုင်းက လေယာဉ်တွေ မလုံလောက်တာတင်မကဘူး။ နေ့စဉ်လည်ပတ်ဖို့ ငွေကြေးလည်း နည်းနေပါတယ်။ ခရီးစဉ်တွေလည်းပျက်ကွက်နေပြီးခရီးသည်တွေအတွက် အဆင်မပြေမှုတွေ ဖြစ်ပေါ်စေပါတယ်။ သူတို့ရဲ့ ဝန်ထမ်းတွေကိုလည်း လေးငါးလလောက် လစာမပေးရသေးပါဘူး" ဟုသက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

အိန္ဒိယ အရပ်ဘက်လေကြောင်း ညွှန်ကြားရေးမှူး ဦးစီးဌာနကလည်း လေကြောင်းလိုင်းလိုင်စင်အား အဘယ်ကြောင့် ဆိုင်းငံ့မထားသင့်ကြောင်း ဖြေရှင်းချက်ပေးရန် ဖေဖော်ဝါရီလကုန်ပိုင်းက သတိပေးစာအပ်နှံခဲ့သည်။ သို့သော်လေကြောင်းလိုင်း၏ ရှင်းလင်းချက်များမှာ စိတ်ကျေနပ်ဖွယ်ရာမကောင်းကြောင်းအရာရှိများက ပြောကြားသည်။

နိုင်ငံတကာ လေကြောင်းအာဏာပိုင်အဖွဲ့ (IATA) ကလည်း Kingfisher လေကြောင်းအားပျံသန်းခွင့်လိုင်စင် ဆိုင်းငံ့ထားကြောင်း သိရသည်။

*—Ref: The Hindu*

# ထိုင်းစာသင်ကျောင်းများအတွက် သင်ပုန်းကွန်ပျူတာ ရှစ်သိန်းကျော် ဝယ်မည်

**ဘန်ကောက်၊ မတ် - ၂၁**
ထိုင်းနိုင်ငံတွင် မူလတန်းကျောင်းစတက်မည့်ကျောင်းသားကျောင်းသူများအတွက် သင်ပုန်းကွန်ပျူတာ ၈၆၀,၀၀၀ ဝယ်ယူရန် ထိုင်းအစိုးရအဖွဲ့က အတည်ပြုလိုက်သည်။

ကွန်ပျူတာများ ဝယ်ယူရန်အတွက် လူသိနည်းသော တရုတ်ကွန်ပျူတာကုမ္ပဏီဖြစ်သည့် ရှန်ဇန်းစကုပ်သိပ္ပံနည်းကျ ဖွံ့ဖြိုးရေးကုမ္ပဏီနှင့် ယခုလအတွင်းစာချုပ်ချုပ်ဆိုနိုင်မည်ဟု မျှော်လင့်ကြောင်း၊ မေလကျောင်းဖွင့်ချိန်မတိုင်မီ ကွန်ပျူတာများရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း ပြန်ကြားရေးဝန်ကြီး အနူဒစ်နာကောင်သက်က ပြောကြားသည်။

ခုနစ်လက်မ ထိတွေ့မျက်နှာပြင်ကွန်ပျူတာအား ၈၁ ဒေါ်လာဖြင့် ရောင်းချရန် ရှန်ဇန်းစကုပ်ကုမ္ပဏီက ကမ်းလှမ်းခဲ့ပြီး ယင်းမှာ တင်သွင်းသမျှထဲတွင် အနိမ့်ဆုံးနှုန်းဖြစ်သည်။ အခြားတရုတ်ကုမ္ပဏီများဖြစ်သော Huawei, TCL နှင့် Haier တို့လည်း တင်ဒါတင်ခဲ့သည်။

ကျောင်းသားများအားလုံးအတွက် ကွန်ပျူတာများ ပေးအပ်ရေးမှာ ယမန်နှစ်ရွေးကောက်ပွဲတွင်ဝန်ကြီးချုပ် ယင်လပ်ခ်ရှင်နာဝါထရာပေးအပ်ခဲ့သော ကတိဖြစ်သည်။

*—Ref: Chinapost*



7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

## နောက်ကျောဖုံး - ငြိမ်းချမ်းရေးအထူးကိုယ်စားလှယ် ကိုဖီအာနန် ရုရှားမှ တရုတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည် မှ

မစ္စတာအာနန်အနေဖြင့် ရုရှားနိုင်ငံ၏ ထောက်ခံမှုအပြည့်အဝရရှိကြောင်း ရုရှားနိုင်ငံက ပြောကြားကြောင်းသိရသည်။ သို့သော် ဆီးရီးယားတွင် ကာလကြာရှည်နိုင်သော ပြည်တွင်းစစ်ကို ရှောင်လွှဲနိုင်ရေးမှာမူ အချိန်ယူရမည်ဟု ရုရှားက မစ္စတာအာနန်အားပြောကြောင်းသိရသည်။

ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်၏ ရန်သူများအား နိုင်ငံခြားမှ ထောက်ခံမှုပေးနေခြင်းမှာလည်း ငြိမ်းချမ်းရေးအတွက် အဓိကအတားအဆီးဖြစ်နိုင်သည်ဟုလည်း ရုရှားအစိုးရက ပြောကြားသည်။

ထိုအတောအတွင်းမှာပင် အနောက်နိုင်ငံများမှ အရာရှိများနှင့် အာရပ်တာဝန်ရှိသူများသည် ဆီးရီးယား၏ မိတ်ဆွေများခေါင်းစဉ်ဖြင့် အစည်းအဝေးတစ်ရပ်ကျင်းပရန် အတိုက်အခံများအား ကူညီမည့်နည်းလမ်းများရှာဖွေနေကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ ဟွမ်းစ်မြို့တွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး အစိုးရတပ်ဖွဲ့များနှင့် သူပုန်များအကြား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၅ဦးအပါအဝင် ၂၇ ဦးသေဆုံးခဲ့ကြောင်း တက်ကြွလှုပ်ရှားသူများကပြောသည်။

မစ္စတာ အာနန်သည် မော်စကိုမြို့တွင် ပွင့်ပွင့်လင်းလင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်း ၎င်း၏ ပြောခွင့်ရပုဂ္ဂိုလ် အာမက်ဖောဇီက ပြောကြားသည်။ ဆီးရီးယားနိုင်ငံတွင်ဖြစ်ပေါ်နေသော သွေးထွက်သံယိုပဋိပက္ခအတွက် ငြိမ်းချမ်းရေးအဖြေတစ်ရပ် အလျင်အမြန်ရှာတွေ့နိုင်ရန် ၎င်း၏ ကြားဝင်ဖျန်ဖြေရေးကြိုးပမ်းမှုများကို ရုရှားနိုင်ငံကအခိုင်အမာ ထောက်ခံခြင်းအတွက် မစ္စတာအာနန်က ကျေးဇူးတင်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

မစ္စတာအာနန်သည် မတ်လ ၂၆ ရက်တွင် တရုတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဟု မျှော်လင့်ရသည်။ ရုရှားနှင့် တရုတ်နိုင်ငံသည် ဆီးရီးယားအပေါ် ရှုတ်ချရေးလုံခြုံရေးကောင်စီထုတ်ပြန်ချက်ကို ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သော်လည်း မစ္စတာအာနန်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှု အစီအစဉ်ကိုမူ လက်ခံအတည်ပြုထားခဲ့ကြောင်းသိရသည်။

—Ref: Reuters

**PATENT CAUTION**

Vestergaard SA., a Company incorporated in Switzerland, at Chemin Messidor 5-7, CH-Lausanne, Switzerland assigned to Vestergaard Frandsen SA at Chemin Messidor 5-7,1006 Lausanne, Switzerland is the Owner and Sole Proprietor of the following Patent of which the following Title-

**Water purification including arsenic removal**

*(Application No : PCT/DK2007/000386, Application date : 25 August 2007, Country : PCT).*

**Reg : No. 4/2844/2009**
**Dated- 22nd April, 2009**
**Reg : No. 4/2515/2012**
**Dated-9th March, 2012**
**And**

**Centrifugal Liquid Filter**

*(Application No : PA 2008 00294, Application date : 28 February 2008, Country : Denmark).*

**Reg : No. 4/2845/2009**
**Dated- 22nd April, 2009**
**Reg : No. 4/2513/2012**
**Dated-9th March, 2012**

Fraudulent imitation or unauthorized use of the said Patent Title shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 29.March.2012



# Leader's Profile

## ဂျာမနီသမ္မတ

# ဂျိုချင်ဂေါက်

ရဲမင်း

မစ္စတာဂျိုချင်ဂေါက်သည် ဂျာမနီနိုင်ငံ၏ သမ္မတအဖြစ် ၂၀၁၂ခုနှစ် မတ်လ ၁၈ ရက်တွင် ရွေးချယ်ခံရသည်။ ခရစ်ယာန် တရားဟောဓမ္မဆရာဟောင်းဖြစ်သူ ဂျိုချင်သည်အရှေ့ဂျာမနီနိုင်ငံတွင် ကွန်မြူနစ်ဆန့်ကျင်ရေး လူ့အခွင့်အရေးလှုပ်ရှားသူအဖြစ် လူသိများထင်ရှားခဲ့သူဖြစ်သည်။

ဂျိုချင်အား ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၂၄ ရက်တွင် ရော့စတော့မြို့၌ မွေးဖွားခဲ့ပြီး ဖခင်မှာသင်္ဘောကက်ပတိန်ဖြစ်သည်။ ဂျိုချင် ၁၁ နှစ်သားတွင် ဂျိုချင်၏ ဖခင်မှာ အနောက်နိုင်ငံများအတွက်ထောက်လှမ်းရေး လုပ်ပေးသည်ဟူသော စွပ်စွဲချက်ဖြင့် အဖမ်းခံရပြီး ဆိုက်ဘေးရီးယားဒေသသို့ အပို့ခံခဲ့ရသည်။ ဖခင်ဖြစ်သူ၏ အဖြစ်အပျက်ကြောင့် ဂျိုချင်မှာ လူငယ်ကွန်မြူနစ်အဖွဲ့သို့ဝင်ရောက်ရန် ငြင်းဆန်ခဲ့ပြီး ယင်းသို့ငြင်းဆန်မှုကြောင့်ပင် ဂျာမန်ဘာသာအထူးပြုယူ၍ ဂျာနယ်လစ်ဖြစ်ရေး ၎င်း၏ ရည်မှန်းချက်လည်းပျက်ပြယ်ခဲ့ရသည်။ ထိုအစား ဂျိုချင်က ဘာသာရေးလေ့လာမှုကို အဓိကယူခဲ့ပြီး တရားဟောဓမ္မဆရာဖြစ်လာသည်။

၁၉၈၉ ခုနှစ် အရှေ့ဂျာမနီ၏ ငြိမ်းချမ်းသော တော်လှန်ရေးကာလတွင် မစ္စတာဂျိုချင်သည် အတိုက်အခံဒီမိုကရက်တစ် လှုပ်ရှားမှု New Forum အဖွဲ့တွင် ပါဝင်ခဲ့ပြီး ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူလည်း ဖြစ်သည်။ ၁၉၉၈ ခုနှစ် မတ်လ ၁၈ ရက် အရှေ့ဂျာမနီရွေးကောက်ပွဲတွင် အရှေ့ဂျာမနီပြည်သူ့လွှတ်တော်၌ရွေးကောက်တင်မြှောက်ခံရသည်။

ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းပြီးနောက် ဂျာမနီလွှတ်တော်က မစ္စတာဂျိုချင်ဂေါက်အားယခင်အရှေ့ဂျာမနီ၏ ထောက်လှမ်းရေးအဖွဲ့စတက်စီ၏ မှတ်တမ်းဟောင်းများကိုစုံစမ်းစစ်ဆေးရေး ဖက်ဒရယ်ကော်မရှင်နာအဖြစ် ခန့်အပ်ခဲ့သည်။ ထို့အတွက် အရှေ့ဂျာမနီကွန်မြူနစ်ခေတ်က ကျူးလွန်ခဲ့သော ပြစ်မှုများကို မစ္စတာဂျိုချင်ဦးဆောင်၍ ဆယ်နှစ်ကြာစုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့သည်။ စတက်စီမုဆိုးဟူသော အမည်ရရှိခဲ့ပြီး အသိအမှတ်ပြုခံရသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ် ပါတီ နှင့် အခြားပါတီနှစ်ခုပေါင်း၍ မစ္စတာဂျိုချင်ဂေါက်အား သမ္မတနေရာအတွက် အမည်စာရင်းတင်သွင်းခဲ့သော်လည်း အစိုးရပါတီညွန့်ပေါင်းအဖွဲ့က ထောက်ခံသောမစ္စတာခရစ်ယာန်ဝပ်ဖ်အား ကပ်ရှုံးခဲ့သည်။ သို့သော် သမ္မတနေရာအတွက် ပြည်သူလူထုနှင့် မီဒီယာများ၏ အသိအမှတ်ပြုမှုရရှိခဲ့ပြီး ဩဇာကြီးမားသော စပီးဂဲလ်မဂ္ဂဇင်းက ပိုကောင်းသော သမ္မတဟု ဖော်ပြခဲ့သည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် မစ္စတာခရစ်ယာန်ဝပ်ဖ် သမ္မတရာထူးမှ နုတ်ထွက်လိုက်ရချိန်တွင် အစိုးရညွန့်ပေါင်းပါတီများနှင့် အတိုက်အခံတို့ကပါ သမ္မတနေရာအတွက် မစ္စတာ ဂျိုချင်ဂေါက်အား ထောက်ခံခဲ့ကြသည်။


မစ္စတာဂျိုချင်ဂေါက်သည် ငယ်ရည်းစား ဂါဟီးလ်နှင့် ၁၉၅၉ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားသမီးလေးဦးထွန်းကားခဲ့ကာ ၁၉၉၁ ခုနှစ်တွင် ဇနီးနှင့် လမ်းခွဲခဲ့သည်။ —Ref: Wikipedia

## နောက်ကျောဖုံး - ကန်စစ်သားတစ်ဦး ရမ်းကားပစ်ခတ်မှု အာဖဂန်နစ္စတန်မိသားစုများကို အမေရိကန်လျော်ကြေးပေး မှ

အမေရိကန်အစိုးရက လျော်ကြေးပေးလိုက်ကြောင်း အာဖဂန်အရာရှိများကပြောသည်။

ယင်းသို့ သာမန်ထက် များပြားသောလျော်ကြေးများပေးအပ်ခြင်းမှာ နှစ်နိုင်ငံကြား ဆက်ဆံရေးကို ပျက်စီးစေနိုင်သည့် သတ်ဖြတ်မှုများအတွက် အာဖဂန်နစ္စတန်ပြည်သူများနှင့်ဆက်ဆံရေးကိုပြန်လည်ဖာထေးပြုပြင်ရန် အိမ်ဖြူတော်၏ ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

အမေရိကန်ကြည်းတပ်မှ ဆာဂျင်ရောဘတ်ဘေးလ်စ်သည် ၂၀၁၂ မတ်လ ၁၁ ရက်တွင် ၎င်း၏စစ်တပ်အခြေစိုက်စခန်းမှ ခိုးထွက်၍ အနီးအနားရှိ ရွာနှစ်ရွာအတွင်း တိတ်တဆိတ်ဝင်ရောက်ကာ အိပ်ပျော်နေသော မိသားစုများကို ပစ်ခတ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။



ကန်ဒါဟာပြည်နယ်ပန်ဂျဝါအီခရိုင်တွင်ဖြစ်ပေါ်ခဲ့သော ယင်းပစ်ခတ်မှုများနှင့်ပတ်သက်၍ ပြင်းထန်သောကန့်ကွက်ဆန္ဒပြမှုများ မဖြစ်ပေါ်ခဲ့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်နိုင်ငံ စစ်ဘက်အကျဉ်းထောင်သို့ ခေါ်ဆောင်သွားခဲ့သော ကြည်းတပ်ဆာဂျင်အပေါ် အာဖဂန်နစ္စတန်ဥပဒေများအတိုင်း အပြစ်ပေးရန် တောင်းဆိုမှုများကျယ်လောင်လာသည်။

ယင်းပစ်ခတ်မှုတွင် သေနတ်သမားအများအပြားပါဝင်နိုင်ပြီး အမေရိကန်အစိုးရသည် မစ္စတာဘေးလ်စ်အား ဓားစာခံအဖြစ် အသုံးချနေကြောင်း ကန်ဒါဟာပြည်နယ်မှ အာဖဂန်နစ္စတန်နိုင်ငံသားအများအပြားက ဆက်လက်စွပ်စွဲနေကြသည်။ တပ်ကြပ်ကြီးဘေးလ်စ်အား ကြိုတင်ကြံစည်ထားသော လူသတ်မှု ၁၇ မှုနှင့် အခြားပြစ်မှုများအတွက် တရားစွဲဆိုထားပြီးပြစ်မှုထင်ရှားကြောင်း တွေ့ရှိရပါက သေဒဏ်ကျခံရမည်ဖြစ်ကြောင်းသိရသည်။ —Ref: AP

## နောက်ကျောဖုံး - ဟောင်ကောင် ခေါင်းဆောင်သစ်ရွေးပွဲ မချောမွေ့ မှ

တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒီမိုကရက်တစ်လွတ်လပ်ခွင့်များကို အာမခံထားသည်။

မစ္စတာလျန်၏ အောင်ပွဲမှာလည်း ချောမွေ့ခဲ့ခြင်းမရှိဘဲ ကန့်ကွက်မှုများနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတိုက်တွန်းချက်များနှင့်ကြုံတွေ့ခဲ့ရသည်။ ရွေးကောက်ပွဲတွင် ဟောင်ကောင်၌ နေထိုင်သူ ခုနစ်သန်းက ဆုံးဖြတ်ခြင်းမရှိဘဲ စီးပွားရေးနှင့် နိုင်ငံရေးကော်မတီ၏ ဆန္ဒမဲ ၁,၂၀၀ နှင့်သာဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင်မူ တိုက်ရိုက်ရွေးကောက်ပွဲများကျင်းပနိုင်ရေး ဘေဂျင်းက စီစဉ်ထားကြောင်းသိရသည်။

—Ref: The Hindu

**ကားရောင်းမည်**

MERCEDES (BENZ) - ML 350 (2006) GREAT 4.5 (A)
ALPHAD - (2006) GREAT - 5 (AA)
ALPHAD - (2004) GREAT - 4.5 (B)
Ph: 0949336786, 095005009

## နောက်ကျောဖုံး - နျူလက်နက်များအရေး မြောက်ကိုရီးယားနှင့် အီရန်အား အိုဘားမား သတိပေး မှ

ထို့အပြင် ပိတ်ဆို့တားဆီးမှုများက တီဟီရန်၏ နျူကလီးယားအစီအစဉ်ကို နှေးကွေးသွားစေကြောင်း အိုဘားမားက ပြောသည်။ သို့သော် ယင်းကိစ္စမှာ ပူပန်စရာအဖြစ်ဆက်လက်ရှိနေဆဲဖြစ်ပြီး နောက်ပိုင်းတွင် တရုတ်နှင့် ရုရှားခေါင်းဆောင်များ တွေ့ဆုံချိန်တွင် အိုဘားမားက အီရန်ကိစ္စကို ဆွေးနွေးမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံက နိုင်ငံတကာတောင်းဆိုမှုများကို မလိုက်လျောဘဲ နျူကလီးယားလက်နက်များ ထုတ်လုပ်ခဲ့ပါက မည်ကဲ့သို့ အရေးယူမည်ကို သမ္မတအိုဘားမားက တိတိပပမပြောကြားခဲ့သော်လည်း အီရန်ခေါင်းဆောင်များအတွက် ထွက်ပေါက်မပေးသလောက်ပင်ဖြစ်ကြောင်းသိရသည်။

အီရန်နိုင်ငံအနေဖြင့် အချိန်ကာလ၏ တောင်းဆိုချက်အရ (နျူကလီးယားကိစ္စကို) လေးလေးနက်နက်နှင့် အရေးတကြီးအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုက်နာရမည့် အချက်များကို ဖြည့်ဆည်းရမည်ဖြစ်ကြောင်းအိုဘားမားက ပြောကြားသည်။

—Ref: CNN

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# ဗြိတိသျှဝန်ကြီးချုပ်ဟောင်း တိုနီဘလဲပြောသည့် အာဖရိကဖွံ့ဖြိုးရေး

**ကျော်မျိုး**

ဗြိတိသျှဝန်ကြီးချုပ်ဟောင်း တိုနီဘလဲဟာ ရာထူးကအနားယူပြီးနောက်မှာလည်း ကမ္ဘာ့ရေးရာတွေမှာ သံတမန်တစ်ဦးအဖြစ် ပါဝင် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ၎င်းဟာ ရာထူးမှ နုတ်ထွက်ပြီးနောက် အရှေ့အလယ်ပိုင်းအရေး လေးပွင့်ဆိုင်အဖွဲ့ကြီး Quartet on the Middle East ရဲ့ အထူးသံတမန်အဖြစ် ဆောင်ရွက်ခဲ့သလို ၂၀၀၈ မေလမှာတော့ Tony Blair Faith ဖောင်ဒေးရှင်း ထူထောင်ခဲ့ပါတယ်။ ဒီဖောင်ဒေးရှင်းဟာ ယေးလ်တက္ကသိုလ်၊ စင်ကာပူအမျိုးသားတက္ကသိုလ်၊ ဗြိတိန်မှဒါဟမ်းတက္ကသိုလ်တို့နဲ့တွဲကာ ပညာရေးအစီအစဉ်တွေ လုပ်ဆောင်နေတာပါ။ ယခုအင်တာဗျူးကတော့ စီအင်န်အင်နဲ့ မကြာမီကပြုလုပ်ခဲ့တာဖြစ်ပါတယ်။



**အာရပ်နွေဦးဟာ အာဖရိကတိုက်ကြီးအတွက် ဘယ်လိုမျိုး အဓိပ္ပာယ်ထွက်ပါသလဲ။**

ဆာဟာရ သဲကန္တာရပတ်ဝန်းကျင်က အာဖရိကဒေသဟာ အုံ့ဩစရာနည်းလမ်းနဲ့ မြောက်အာဖရိကဒေသရဲ့ အရှေ့ကို ရောက်နေပြီလို့ ကျွန်တော်ထင်ပါတယ်။ တစ်နည်းပြောရရင် ဆာဟာရနားက အာဖရိကဒေသဟာ ဒီမိုကရေစီစနစ်တွေနဲ့ သင့်လျော်တဲ့ဒီမိုကရေစီ ရွေးကောက်ပွဲတွေနဲ့တိုးတက်မှုကို တွေ့ကြုံခံစားခဲ့ပြီးပါပြီ။ ဒါ့ကြောင့် မြောက်အာဖရိကဒေသကို ဆာဟာရနားက အာဖရိကဒေသထက် ပိုပြီးကြွယ်ဝချမ်းသာတယ်လို့ တွေးထင်ကြပေမယ့် ဒီလိုအခြေအနေတစ်ခုမှာတော့ မြောက်အာဖရိကဟာ ဆာဟာရအာဖရိကဆီက ဒီမိုကရေစီစမ်းသပ်မှုတွေကို သင်ယူလေ့လာနိုင်မယ် ထင်တာပါပဲ။

**အာဖရိကမှာ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းတွေ တိုးတက်စေဖို့အတွက် ဘာလုပ်နိုင်မှာလဲ။**

အခုဆိုရင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI ကအကူအညီထောက်ပံ့မှုထက် ပိုများနေပါတယ်။ ပြီးခဲ့တဲ့ဆယ်နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုခြောက်ဆတိုးတက်ခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားမေးတာမှန်ပါတယ်။ အခြေခံအဆောက်အအုံပိုင်းရော၊ အစိုးရပိုင်းတွေမှာပါလုပ်စရာအများကြီး လိုအပ်နေဆဲပါ။ အစိုးရပိုင်းမှာ လိုအပ်တာကတော့ ရင်းနှီးမြှုပ်နှံမှုအတွက် ခန့်မှန်းတွက်ချက်နိုင်မယ့် ဥပဒေတွေဖြစ်ပါတယ်။ ပြီးတော့ အခြေခံအဆောက်အအုံပိုင်းပေါ့။ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားနဲ့ လမ်းတွေအပေါ် ကျွန်တော်အာရုံစိုက်ပါမယ်။

ကျွန်တော်ထင်တာကတော့ ဒါကိုအောင်မြင်အောင် လုပ်နိုင်ဖို့အတွင်းနဲ့အပြင်က ရင်းနှီးမြှုပ်နှံမှုကို ပေါင်းစည်းပြီး အတူတကွလုပ်ဖို့ဖြစ်နိုင်တယ်ထင်တယ်။ သိတဲ့အတိုင်းပဲလေ။ အာဖရိကတိုက်တစ်လျှောက် ဒီနေ့ပေါ်ပေါက်လာနေတဲ့ အခြေခံအဆောက်အအုံတွေဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်လောက်ကဆို မဖြစ်နိုင်တဲ့နည်းနဲ့ပေါ်နေတာမြင်တယ်မလား။ ဒါပေမဲ့ ကျွန်တော်တို့နောက်ထပ်ပိုပြီးမြန်မြန်ရွေ့ဖို့ လိုနေပါတယ်။

**တရုတ်နိုင်ငံဟာ အာဖရိကကို ခေါင်းပုံဖြတ်နေတယ်လို့ ထင်ပါသလား။**

အာဖရိကနဲ့ တရုတ်ရဲ့ဆက်ဆံရေးရယ်၊ အာဖရိကနဲ့ပတ်သက်နေတဲ့ အနောက်တိုင်းနဲ့ တရုတ်ရဲ့ ဆက်ဆံရေးတွေဟာ ဘယ်လောက်တိုးတက်ဖွံ့ဖြိုးနိုင်သလဲလို့ တွေးရတာ ကြည်နူးစရာလို့ ထင်ပါတယ်။ ဒီလိုလုပ်ဖို့လည်း ဖြစ်နိုင်ခြေရှိတယ်ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် တရုတ်တွေဟာ အရင်းအနှီးကြီးကြီးမားမား ရှိထားသလိုလမ်းပန်းအခြေခံအဆောက်အအုံလို အရာမျိုးတွေကိုလည်း အနောက်နိုင်ငံတွေထက် ပိုပြီးမြန်မြန်ဆန်ဆန် ပြီးအောင် လုပ်ထားတယ်။

တခြားဘက်မှာတော့ သူတို့ဟာဒီကိစ္စကိုအာဖရိကနိုင်ငံတွေဖွံ့ဖြိုးရေးအတွက် ရှုမြင်ပြီးနောက် ထပ်သယံဇာတရင်းမြစ်တွေ လွှဲပြောင်းရုံသက်သက်မဟုတ်ဘူးလို့ ရှုမြင်နေတာ သိဖို့အရေးကြီးတယ်။ ဒါ့ကြောင့် ဒီကိစ္စဟာ ငြင်းခုံဆွေးနွေးစရာကိစ္စကြီးတစ်ခုပါ။ ဒါပေမဲ့ ကျွန်တော်တို့ နည်းမှန်လမ်းမှန် လုပ်နိုင်ရင် တရုတ်နဲ့ဆက်ဆံရေးကို ပြိုင်ဘက်တွေအဖြစ်မဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်နေသူ မိတ်ဆွေတွေထဲက တစ်ဦးအဖြစ်မြင်ဖို့ ဖြစ်နိုင်ပါတယ်။

**တစ်နေ့ဝင်ငွေ တစ်ဒေါ်လာအောက်နှုန်းနဲ့ ရှင်သန်နေရတဲ့ အာဖရိကသား သန်းပေါင်းများစွာအတွက် ဘာတွေလုပ်ပေးနိုင်မလဲ။**

ဆင်းရဲတွင်းထဲရှိနေဆဲ လူသန်းပေါင်းများစွာရဲ့ ကံတရားကို တိုးတက်စေဖို့ အကြီးမားဆုံး အရေးကတော့ တိုင်းပြည်တွေဖွံ့ဖြိုးတိုးတက်ရေး၊ ပိုကောင်းတဲ့အုပ်ချုပ်ရေး၊ ပိုကောင်းတဲ့ အခြေခံအဆောက်အအုံပိုင်းနဲ့ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုစီးဆင်းရေးပဲဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်ပိုင်ဖောင်ဒေးရှင်းမှာ လုပ်နေတာကလည်း အာဖရိကရဲ့ အုပ်ချုပ်ရေးကဏ္ဍနဲ့ ပတ်သက်နေပါတယ်။ ဖွံ့ဖြိုးမှုတွေ ဖြစ်နေတာ ကျွန်တော်တို့မြင်တယ်။ မြန်မြန်ဖြစ်နေဖို့ လိုတယ်။ ဒါပေမဲ့ လာမယ့်ဆယ်စုနှစ်အတွင်း အာဖရိကမှာဖြစ်ပေါ်မယ့် လူလတ်တန်းစားအပြောင်းအလဲဟာ သူတို့အတွက် ကြီးမားတဲ့အခွင့်အလမ်းဖြစ်သလို ပြင်ပကမ္ဘာအတွက်လည်းဖြစ်ပါတယ်။

**ဒီမိုကရေစီနည်းအရ ရွေးကောက်ခံထားရတဲ့ အစိုးရတွေဟာခေါင်းဆောင်တွေအဖြစ်သူတို့ရထားတဲ့ ကန့်သတ်သက်တမ်းအတွင်း အခြေခံအဆောက်အအုံဆိုင်ရာ အပြောင်းအလဲတွေ လုပ်နိုင်ပါ့မလား။**

ကျွန်တော်တို့မှာ အခုဆိုရင် အစိုးရတွေက အပြောင်းအလဲလုပ်နေပြီး အခြေခံအဆောက်အအုံကဏ္ဍစီမံကိန်းတွေကလည်း အစိုးရရဲ့ပြောင်းလဲမှုနဲ့ဖော်ဆောင် နေကြတယ်။ ဒီတော့ အရင်ကထက်အခုဆိုရင် ဒီတိုးတက်မှုကို မြင်နိုင်ပါပြီ။ ၁၉၉၀ နှစ်များအစောပိုင်းအထိ တစ်ခုတည်းသော အပြောင်းအလဲဆိုလို့ အစိုးရတွေ ဒီမိုကရေစီနည်းအရ ပြောင်းလဲတာပဲရှိတယ်။ အခုဆိုရင်ဒါဟာ နှစ်ပေါင်းသုံးဆယ်ကျော်ပါပြီ။

**ဇင်ဘာဘွေအတွက် အနာဂတ်ဟာဘယ်လိုရှိပါသလဲ။**

အာဖရိကရဲ့ အခြေအနေတွေကို ထောက်ပြပြီး အပြောင်းအလဲအတွက် လက်ငင်းလိုအပ်ချက်ရှိတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ ဇင်ဘာဘွေကို ကျွန်တော်ကြည့်မိတော့ သူ့အနာဂတ်နဲ့ပတ်သက်ပြီး ကျွန်တော်အကောင်းမြင်တယ်။ နိုင်ငံရေးအပြောင်းအလဲရှိလာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ တိုင်းပြည်ဟာ အပြောင်းအလဲအတွက် အဆင်သင့် ဖြစ်နေတာလည်း ဖြစ်နိုင်ပါတယ်။ အချိန်မီဖြစ်ပေါ်သွားမှာပါ။ ဒီတော့ အာဖရိကတစ်တိုက်လုံးကို ကြည့်မိရင် ခင်ဗျားတို့ကတော့သိပ်ကွဲပြားခြားနားတဲ့ အခြေအနေတွေနဲ့နိုင်ငံတွေရှိနေဆဲလို့ပြောတယ်။ ဒါပေမဲ့အာဖရိကဟာတစ်ခုလုံးအနေနဲ့ ရွေ့လျားနေတာပါ။ ဒါဟာ အာဖရိကသားတွေအတွက် စိတ်လှုပ်ရှားစရာအလားအလာဖြစ်သလို ကျွန်တော်တို့အတွက်လည်း စိတ်လှုပ်ရှားစရာ အခွင့်အလမ်း ဖြစ်ပါတယ်။

*—Ref: 'Former British PM, Tony Blair Speech at The Times CEO Africa Summit. CNN*




CROWN EDUCATION
HEAD OFFICE
Room: 228-229,Summit Parkview Hotel, Yangon.
Tel : 09 732 732 77, 09 730 40 688
BRANCH OFFICE
# 4th Floor,Room 404,Danahlaing Tower, Yangon.
Tel : 01 527 838, 01 523 832

# Entertainment

Vol.11, No.4 • MARCH 29 , 2012

## ပေါင်ဒါမှုန့်အိတ်နဲ့ ပစ်ပေါက်ခံရတဲ့ **ကင်ကာဒါရှီရန်**



**ဟောလိဝုဒ်၊ မတ်- ၂၂**

ဟောလိဝုဒ်နာမည်ကျော် မင်းသမီးကင်ကာဒါရှီရန်သည် မတ်လ ၂၂ရက်က ဟောလိဝုဒ်အနောက်ပိုင်းရှိ လန်ဒန်ဟိုတယ်တွင် ပရိသတ်အမျိုးသမီးတစ်ဦး၏ ပေါင်ဒါမှုန့်အိတ်နှင့် ပစ်ပေါက်တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ကင်သည် သူမ၏ ရေမွှေးအရောင်းမြှင့်တင်ရန် ရောက်ရှိလာစဉ်ပေါင်ဒါမှုန့်အိတ်ဖြင့်ပစ်ခံရပြီး သူမ၏ ဆံပင်နှင့်ကုတ်အင်္ကျီတွင် ပေကျံခဲ့သော်လည်း သူမကထိုအမျိုးသမီးကို မည်သို့မျှ မတုံ့ပြန်ဘဲဟိုတယ်အခန်းတစ်ခန်းသို့သွားရောက်သန့်ရှင်းကာအဝတ်လဲခဲ့သည်။

Ref: People



## သားလေးမေမေ **ဟီလာရီဒပ်ဖ်**

**ဟောလိဝုဒ်၊ မတ်- ၂၃**

အသက် ၂၃ နှစ်အရွယ် မင်းသမီးဟီလာရီဒပ်ဖ်သည် သူမ၏ သားဦးလေးကိုပြီးခဲ့သော အင်္ဂါနေ့ မတ် ၂၀ရက်က မွေးဖွားခဲ့သည်။ သားလေးကို လူကာခရုဇ်ကို မရီ ဟုနာမည်ပေးထားပြီးသူမ၏ တွစ်တာမှတစ်ဆင့် "ကျွန်မမှာ ကလေး လေးရှိတာ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်ဘူး။ ဆုတောင်းပေးတဲ့သူအားလုံးကိုကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

Ref: People

## ချစ်သူကို စန္ဒရားလက်ဆောင်ပေးတဲ့ **ခရစ်စတင်စတီးဝပ်**



**လော့စ်အန်ဂျလိစ်၊ မတ် - ၂၂**

Twilight ဇာတ်ကားများ၏ မင်းသမီး ခရစ်စတင်စတီးဝပ်သည်ယင်းဇာတ်ကားမှ တွဲဖက်သရုပ်ဆောင် သူမ၏ ချစ်သူမင်းသားရောဘတ်ပတ်တင်ဆန်ကို ဒေါ်လာတစ်သိန်းတန် စန္ဒရားတစ်လုံး လက်ဆောင်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါလက်ဆောင်မှာ ၎င်းတို့နှစ်ဦး၏ ချစ်သက်တမ်းသုံးနှစ်ပြည့်အဖြစ် အမှတ်တရပေးအပ်ခြင်းဖြစ်ကြောင်း နီးစပ်သူများကပြောသည်။

သတင်းဖော်ပြချက်အရ ခရစ်စတင်းသည် ရောဘတ်အတွက် လော့စ်အန်ဂျလိစ်တွင် အကောင်းဆုံး စန္ဒရားဆိုင်များ၌ ရှာဖွေခဲ့ပြီး ထိပ်တန်းဂီတသမားများနှင့် တိုင်ပင်ကာ ရွေးချယ်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

—Ref: Showbizspy



ဓာတ်ပုံ-ဝေယံ

## Sexyဖြစ်တာမဟုတ်ပါဘူး နည်းနည်း ဟော့တာပါ

### Mဆိုင်းလူနှင့် တွေ့ဆုံခြင်း

ကြူကြူဟန်

**မျက်နှာနုနုလေးနဲ့ ကချင်မလေးကို အခုတစ်လော မဂ္ဂဇင်း၊ဂျာနယ်တွေရဲ့ စာမျက်နှာထက်မှာ ခပ်စိပ်စိပ်တွေ့လာရပါတယ်။ တစ်မူထူးခြားတဲ့ ဆွဲဆောင်ဟန်နဲ့ သူမရဲ့ ဓာတ်ပုံတွေကလည်း Facebook လူမှုကွန်ရက်သုံးစွဲသူများအကြား ရက်ပိုင်း၊လပိုင်းအတွင်း ရေပန်းစားလာခဲ့ပါတယ်။ ကချင်တိုင်းရင်းသူလေးဖြစ်တဲ့ Mဆိုင်းလူက အခုဆိုရင် အနုပညာခြေလှမ်းတွေ သွက်လာပြီဖြစ်လို့ သူမနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။**

**ဇာတိဖြစ်တဲ့ မြစ်ကြီးနားကိုရော ပြန်ဖြစ်လား။**

ဇာတိကိုလား ပြန်ဖြစ်တယ်။ တစ်ခါတလေ ပြန်ဖြစ်တယ်။

**ဆိုင်းလူအခုအသက်ဘယ်လောက်ရှိပြီလဲ။ ကျောင်းကရော ဘာတက်နေလဲ။**

ညီမအခု ၁၈ နှစ်ပြည့်သွားပါပြီ။ ၁၉ ထဲဝင်တော့မယ်။အခု ပထမနှစ် ပထဝီ အဝေးသင်တက်နေတယ်။

**မဂ္ဂဇင်း၊ ဂျာနယ်နဲ့ အင်တာနက်စာမျက်နှာတချို့မှာ စောင့်ကြည့်တာ ဆိုင်းလူရဲ့ ဝတ်စားဟန်က သူများနဲ့ မတူဘူးနော်။ အဲလိုခွဲထွက်အောင် ဘယ်လိုဖက်ရှင်ကိုထွင်ဝတ်လေ့ရှိလဲ။**

ညီမက အင်တာနက်တွေကို အမြဲတမ်းကြည့်တယ်။ ဘယ်သူတွေ ဘာတွေဝတ်တယ်ဆိုတာ ညီမအမြဲတမ်း လေ့လာဖြစ်တယ်။ ညီမ ဒီဇိုင်းဖြစ်အောင်လုပ်တယ်။ ပြန်စဉ်းစားပြန်ထွင်ပြီး အမြဲတမ်းပြန်ဝတ်ဖြစ်တယ်။

**M ဆိုင်းလူကို ကိုရီးယား မင်းသမီးနဲ့ တူတယ်လို့ ပြောခံရရင် ကြိုက်လား။ တူတယ် ပြောတဲ့သူရောရှိလား။**

ဘယ်သူမဆို ကိုယ့်ကို ကိုရီးယားမင်းသမီးနဲ့တူတယ်ပြောရင် ကြိုက်ကြမှာပဲလေ။ ပြောကြပါတယ်။ တော်တော်များများ။

**စာ(၄၅)သို့**



ဓာတ်ပုံ-ဝေယံ

## ကချင်ဒုက္ခသည်တွေထံ ကိုယ်တိုင် သွားရောက် လှူဒါန်းခဲ့သည့် **Zအဘောက်**

**အေးသူစံ**

**ရန်ကုန်၊ မတ်- ၁၉**

ကချင်တိုင်းရင်းသူတစ်ဦးလည်းဖြစ်၊ မော်ဒယ်တစ်ဦးလည်းဖြစ်သူ Z အဘောက်သည်ကချင်ပြည်နယ်ရှိစစ်ဘေးဒုက္ခသည်များထံသို့'မနောအလှဂီတည'အဖွဲ့နှင့်အတူ ကိုယ်တိုင်သွားရောက်လှူဒါန်းကာ အားပေးစကားများ ပြောကြားခဲ့ကြောင်း 7Day News အား ပြောသည်။

"ပြည်နယ်မှာ မငြိမ်မသက်စဖြစ်ကတည်းက အဘောက်ကိုယ်တိုင်အဲဒီနေရာတွေကိုသွားပြီး အဲဒီဒေသကလူတွေကို အားပေးစကားအရမ်းပြောချင်ခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီအစီအစဉ်ဖြစ်မြောက်အောင်စီစဉ်တဲ့ကိုလင်းခန့်နဲ့ အဘောက်ဆုံဖြစ်လို့'မနောအလှဂီတည'မှာ ပါဝင်ဖြစ်ပြီး ခုခရီးစဉ်မှာလိုက်ပါ လှူဒါန်းဖြစ်တယ်" ဟု သူမကပြောသည်။

သွားရောက်လှူဒါန်းခဲ့သည့် ခရီးစဉ်တွင် စစ်ဘေးဒဏ်ခံရသူများ၏ စားဝတ်နေရေးအခြေအနေအား မျက်မြင်ကြုံတွေ့ရခြင်းအပေါ် သူမက "အဘောက်တို့ ကိုယ်တိုင်ခရီးသွားရင် ဘယ်လောက်ပျော်တဲ့ နေရာပဲဖြစ်ဖြစ်၊ ဘယ်လောက် ခေတ်မီတဲ့နေရာဖြစ်ဖြစ်၊ ဘယ်လောက်ဇိမ်ရှိတဲ့ နေရာပဲဖြစ်ဖြစ်၊ ကိုယ့်အိမ်က အလုံခြုံဆုံး အနွေးထွေးဆုံးနဲ့ အပျော်ရွှင်ဆုံးပဲ။ အဘောက်တို့ သွားခဲ့တဲ့နေရာမှာ ကလေးတွေဆိုလည်း ရုပ်ယှက်ခတ်၊ မိဘတွေက အချိန်ပြည့်ဂရုမစိုက်နိုင်ကြဘူး။ ကိုယ့်မှာလည်း ကလေးရှိတော့ အဲဒါတွေကြည့်ပြီး စိတ်မကောင်းဖြစ်မိတယ်။ သူတို့ရဲ့ နွေးထွေးလုံခြုံတဲ့ နေအိမ်လေးတွေကို အမြန်ပြန်ရပါစေလို့ ဆုတောင်းပေးပါတယ်"ဟုပြောသည်။

အဘောက်သည် ဓာတ်ပုံမော်ဒယ်တစ်ဦး၊ ဗီစီဒီမော်ဒယ်တစ်ဦးအဖြစ် ပရိသတ်အားပေးမှုကိုရရှိထားသူဖြစ်ကာ ဇာတ်ကား ရိုက်ကူးမှုအနေဖြင့် ဒါရိုက်တာ မီရှဲလ်ရိုက်ကူးထားသော 'ရန်ကုန်မြို့မှ ကြိုဆိုပါ၏' တစ်ကားသာရိုက်ကူးထားသည်။ ယင်းဇာတ်ကားမှာ ဆင်ဆာများစွာထိထားသဖြင့်ယခုအချိန်ထိမထွက်နိုင်သေးကြောင်း အဘောက်ကပြောကြားသည်။

# Entertainment

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



## ‘မှတ်မိမှာပေါ့’ တစ်ကိုယ်တော်ခွေထွက်ဖို့ ပြင်ဆင်နေတဲ့ Blueberry

**အေးသူစံ**

**ရန်ကုန်၊ မတ်- ၁၉**

အတွဲခွေများတွင် မိန်းကလေး အကြိုက်တေးသီချင်း အများစုကို သီဆိုခဲ့ကြသော Blueberry အဖွဲ့၏ပထမဆုံး Solo အယ်လ်ဘမ်ကို ယခုနှစ် သင်္ကြန်အပြီးထွက်ရှိရန် စီစဉ်နေကြောင်း အဖွဲ့ဝင်အားပန်က ပြောသည်။

“ဆိုလိုခွေကိုတော့ အကြမ်းဖျင်း ‘မှတ်မိမှာပေါ့’ လို့ပေးထားတယ်။ တေးရေးတွေက ရွှေဂျော်ဂျော်၊ ဆောင်းဦးလှိုင်၊ ဂျေမီ၊ နောနော်နဲ့ ဩရသတို့ပါ။ အခွေက စီစဉ်ရင်းနဲ့မှ ကြာလာတော့သီချင်းတွေကို ခေတ်နဲ့လျော်ညီအောင် ပြန်ပြောင်းလဲနေတာနဲ့ပဲ ကြာနေတာ။ သီချင်းတီးတာက အစကိုကြီးကျော်(KGK)နဲ့ သေချာလေးပြန်လုပ်ထားတယ်။ လူကြီးလူငယ်မရွေးကြိုက်ကြမယ့်ပုံစံပါ။ အားတီဆိုလည်း အာအန်ဘီ ပုံစံ၊ ဂျေမီနဲ့ဆိုလည်း ရက်ပ်ပုံစံလေးတွေပေါ့” ဟု ၎င်းကပြောသည်။

Blueberry အဖွဲ့၏ထင်ရှားသော တေးသီချင်းများ ဖြစ်သည့် ‘မမေးပါနဲ့’၊ ‘မင်းတစ်ယောက်သာ’၊ ‘ဆေးကျောင်းသား’ စသည့် တေးသီချင်းများကို ယခုအခွေတွင်ပြန်လည်ထည့်သွင်းရန် ရှိ၊မရှိ မေးမြန်းရာ “ကိုယ်ပေါက်ခဲ့တဲ့သီချင်းလေးတွေကိုတော့ဗီစီဒီကျမှပဲ ပြန်ထည့်ဖြစ်မလားလို့စိတ်ကူးထားတယ်”ဟု အားပန်ကပြောသည်။

ယခုစီးရီးကို သင်္ကြန်ပြီး နောက်ပိုင်း ခုနစ်လပိုင်းခန့်တွင် ထွက်ရန် မျှော်မှန်းထားပြီး မြူးဇစ်ပိုင်းအားလုံး ပြီးစီးသွားပြီဟု သိရသည်။

ကိုယ်ပိုင်သံစဉ်များသာ စီစဉ်ထားပြီး Blueberry အဖွဲ့နောက်ဆုံး ထွက်ရှိထားသော စီးရီးမှာ Sister 6 စီးရီးဖြစ်သည်။
















# ပြင်သစ် အမြင့်ဆုံးဂုဏ်ထူးဆောင်ဆု မီရှယ်ယိုး ချီးမြှင့်ခံရ

**ကွာလာလမ်ပူ၊ မတ် - ၁၉**

မလေးရှားရုပ်ရှင်မင်းသမီး မီရှယ်ယိုးသည် ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုဖြစ်သော Legion of Honour ဆုကိုလက်ခံရရှိခဲ့သည်။ ပါရီရှိအဲလီဆီနန်းတော်၌ပြုလုပ်သော ယင်းဆုပေးပွဲအခမ်းအနားတွင် မစ်ရှယ်ယိုးအား ပြင်သစ်သမ္မတနီကိုးလတ်ဆာကိုဇီက ကိုယ်တိုင်ဆုချီးမြှင့်ပေးခဲ့သည်။ ပါရီရှိ မလေးသံရုံး၏ ထုတ်ပြန်ချက်အရ သမ္မတကတော် ကာလာဘရူနီ၊ ယခင်သမ္မတဟောင်း ယက်ရှီးရတ်၏ဇနီး ဘာနဒတ်ရှီးရတ်တို့ပြင် ပြင်သစ်နိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး အဗ္ဗဒူလ်အဇစ်ဇိုင်နယ်လည်းတက်ရောက်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင်သမ္မတဆာကိုဇီသည်ကမ္ဘာတစ်ဝန်းရှိအနုပညာနှင့်ဖျော်ဖြေရေးနယ်ပယ်မှလူပေါင်း၁၁ ဦးကို Legion of Honour ဆု နှင့် The Order Merit ဆုများ ချီးမြှင့်ခဲ့သည်။ Legion of Honour ဆုကို မီရှယ်ယိုး အပြင် ပြင်သစ်သီချင်းရေးဆရာ ယန်းမစ်ရှယ်ဘား၊ ဒီဇိုင်နာ ယန်းကလော့ယစ်ထရွားတို့လည်း ရရှိခဲ့သည်။

—Ref: Asia one



## စာ–၄၃၊ Mဆိုင်းလူနှင့် တွေ့ဆုံခြင်း မှ

ကိုရီးယားနဲ့တူတယ်လို့တော့ ပြောကြပါတယ်။ Yoon Eun Hye (Princess Hour) နဲ့တူတယ်လို့ပြောကြတယ်။ တစ်ခါ တလေပါ။ ညီမ ဇာတန်းတုန်းက အဲဒီမင်းသမီးနဲ့တူတယ်ပြောကြတယ်။ နှုတ်ခမ်းဆင်တယ်၊ အဲ့လို ပြောကြတယ်။

**Mဆိုင်းလူမှာ အခုခေတ်စားနေတဲ့ K Pop ရဲ့ လွှမ်းမိုးမှုရှိလား။ ။**

ရှိတာပေါ့။ ညီမကတခြားဘာမှ အဲလောက်မရူးဘူး။ K.Pop ကို အရူးဆုံးပဲ။ ဘာလို့ဆိုတော့ ညီမ K.Pop ကြောင့်လည်း ဒီလိုမျိုး စိတ်ဝင်စားသွားတာ။ K.Pop က ညီမအတွက် အဓိကပေါ့ လုံးဝခရေဇီဖြစ်တယ်။

**Mဆိုင်းလူရဲ့ ပုံတော်တော်များကိုကြည့်တဲ့သူတွေက Sexy ဖြစ်တယ်လို့မှတ်ချက်ပေးကြတယ်။ အဲဒီအပေါ်မှာရော ဘာများ ပြန်ပြောချင်လဲ။**

Sexy ဖြစ်တယ် မဟုတ်ပါဘူး။ နည်းနည်း ဟော့တာပါ။ ဒါပေမဲ့ ညီမ Sexy ဖြစ်တယ်ဆိုပေမယ့် ပေါ်တာတွေ ဘာတွေ ဘာမှမရှိဘူး။ ဒါပေမဲ့ အဲလိုမျိုးဖြစ်နေတာ။ Sexy ဖြစ်တဲ့သူက ဘာပဲဝတ်ဝတ် Sexy ဖြစ်နေတာတော့ ရှိတယ်။ ညီမတော့ မပါလောက်ဘူးလို့ ထင်တယ်။ ဒါပေမဲ့ ဂျင်းဘောင်းဘီနဲ့တီရှပ်၊ စွပ်ကျယ်ဝတ်လို့ Sexy ဖြစ်တဲ့ သူတွေရှိတယ်။ အဲလိုမျိုးတွေ ကြိုက်တယ်။

**အခု ရာသီဥတုက အရမ်းပူလာတော့ ဘယ်လိုဖက်ရှင်မျိုးကို ဝတ်ချင်တဲ့ ဆန္ဒဖြစ်နေလဲ။**

ညီမ ရှပ်အင်္ကျီကိုမှ ဘောင်းဘီတိုတိုနဲ့ ဦးထုပ်၊ အဲလိုမျိုး အခုတော့ ဝတ်ချင်နေတယ်။ အောက်မှာ ရာဘာဖိနပ်ပေါ့။ နွေရာသီဆိုတော့ပူတယ်။ နည်းနည်းလွတ်လွတ်လပ်လပ် နေချင်တယ်။ ဒါပေမဲ့ ပွဲသွား၊ ဘာသွားဆိုရင်တော့အဆင်ပြေတာ ပြန်ဝတ်ကြတာပေါ့။

**မော်ဒယ်လ်ကိုပဲ ဝါသနာပါတာလား။ သရုပ်ဆောင်လုပ်ဖို့ရော စိတ်ကူးမရှိဘူးလား။ အခြားရော ဘာဝါသနာပါသေးလဲ။**

အခုကတော့ မော်ဒယ်တော့ အရမ်းစိတ်ဝင်စားတယ်။ သရုပ်ဆောင်လုပ်ဖို့က ဘုရားသခင်ရဲ့ အခွင့်အရေး ပေးရင်ပေးသလိုပေါ့။ ဘုရားသခင်က လုပ်ခွင့်ပေးစေချင်တယ်ဆိုရင် ညီမလုပ်ပေးမယ်။ တခြားလား။ ခရီးသွားရတာ ဝါသနာပါတယ်။ ညီမခရီးသွားရတာကိုတော်တော် စိတ်ဝင်စားတယ်။ တော်တော်ကြိုက်တယ်။ ပြီးတော့ ငယ်ငယ်တုန်းက ဖြစ်ချင်တာ လေယာဉ်မယ်ပေါ့။ ဒါပေမဲ့ ဒီလိုမျိုးဖြစ်လာတော့လည်း အဆင်ပြေပါတယ်။

**ကိုယ့်ရဲ့ မျက်နှာနဲ့ ကိုယ်ခန္ဓာမှာဘယ်နေရာကိုအလှဆုံးလို့ထင်လဲ။**

အလှဆုံးရယ်လို့တော့ မရှိဘူး။ အကုန်လုံးက ရွေးလို့ မရတာ၊ ဘုရားသခင်က ကိုယ့်ကိုဖန်ဆင်းထားတာ။ အကြိုက်ဆုံးရယ်လို့ မရှိပါဘူး။ ကိုယ်နဲ့ အဆင်ပြေရင် ပြီးတာပဲ။ အကုန်ဆုံးကြိုက်တယ်။ အားလုံးထက် အပြုံးလို့ ထင်တယ်။

**ဓာတ်ပုံတွေ ရိုက်တဲ့အခါမှာ ဘယ်လို ကိုယ်နေဟန်ထားက ဆွဲဆောင်မှုရှိတယ်လို့ ကိုယ့်ကိုကိုယ်ထင်လဲ။**

ညီမ မိုက်တာကိုပဲ ကြိုက်တယ်။ တစ်ခါတစ်ခါကျ Cute ဖြစ်ရင်ဖြစ်သွားတယ်။ မိုက်တယ်လို့ပဲ ညီမကိုယ်ကို ထင်တယ်။

**အခု ကချင်ပြည်နယ်က ဒုက္ခသည်တွေ အကြောင်းရော သိလား။ တကယ်လို့ ကိုယ်လုပ်ပေးနိုင်မယ်ဆိုတာတွေလုပ်ပေးချင်လဲ။ သူတို့အတွက် . .**

သိပါတယ်။ ညီမတတ်နိုင်သလောက် အားနဲ့တော့ကူညီပေးချင်တယ်။ ဟိုဘက်မှာ တစ်ခုခုဖြစ်နေတယ်ဆိုပေမယ့် ညီမတတ်နိုင်တဲ့အားနဲ့ပဲ ကူညီချင်တယ်။ 'မနောအလှဂီတည' အနုပညာရှင်နဲ့ ပေါင်းပြီးတော့ မြစ်ကြီးနားသွားဖြစ်တယ်။ ကိုယ်တတ်နိုင်တဲ့ လူအင်အားနဲ့ပဲ ကူညီဖြစ်တယ်။

**မဂ္ဂဇင်းတစ်စောင်မှာ တွေ့တယ်။ ဗိုက်ပေါ် ဖက်ရှင်ကိုကြိုက်တယ်လို့ ပြောတယ်။ အဲလို ဝတ်တော့သူများတွေ ဝေဖန်တာ ခံရလား။ အဲဒီအခါ ဘယ်လိုဖြစ်မိလဲ။**

ဗိုက်ပေါ်တာ အရမ်းကြီးဖော်တာ မဟုတ်ပါဘူး။ နည်းနည်းလေးဖော်ရင်ရပြီ။ ညီမက အဲလိုမျိုး ကြိုက်တယ်။ သူတို့ဟာသူတို့ ဝေဖန်လည်း ပြီးသွားတာပဲပေါ့။ ဝေဖန်တာတော့ သိပ်မရှိသေးဘူး။ ပြောတော့ ပြောကြတာပါ။ နင်ဗိုက်ဖော်တာ ကြိုက်တယ်ဆိုပြီး ညီမလည်းအင်းကြိုက်တယ်။ အဲလိုပဲ ပြန်ဖြေဖြစ်တယ်။ စိတ်ထဲမှာ ပြောမိတာပေါ့။ သွားပါပြီ ရှက်စရာကြီးလို့။ အဲလိုမျိုးဖြစ်တယ်။ အမြဲတမ်း အဲလိုပြောပြီး ကိုယ့်ကိုအားငယ်သွားသလိုပဲဖြစ်မိတယ်။

**အနုပညာလောကမှာMဆိုင်းလူ အားကျအတုယူရတဲ့ အနုပညာရှင်က ဘယ်သူလဲ။**

အများကြီးရှိပါတယ်။ ဒီမြန်မာနိုင်ငံမှာတော့ အကုန်လုံးက အားကျအတုယူစရာ အနုပညာရှင်တွေပဲ။ အကုန်လုံးက ညီမထက် တော်တယ်။ ပြည့်စုံတယ်။ သရုပ်ဆောင်ပိုင်းရော၊ မော်ဒယ်လုပ်တာရော အကုန်လုံးက စီနီယာဖြစ်တယ်။ အကုန်လုံးကို အားကျအတုယူတယ်။ ဘယ်သူရယ်လို့ မရှိဘူး။

**ဖက်ရှင်က လူတစ်ယောက်အတွက် ဘယ်လောက်ထိ အရေးပါတယ်လို့ ခံယူထားလဲ။**

အရေးပါတာပေါ့။ ဖက်ရှင်က လူတစ်ယောက်အတွက် ၈၀ ရာခိုင်နှုန်းလောက်တော့ပါမယ်ထင်တယ်။ ဘယ်လိုဖြစ်ဖြစ်ဖက်ရှင်က ဝတ်တတ်ဖို့လည်း အရေးကြီးတယ်။ အခု ဒီရန်ကုန်မြို့မှာ တော်တော်များများ ဝတ်တတ်လာကြပါပြီ။ မိန်းကလေးတော်တော်များများပဲ။




**အေးသူစံ၊ ကြူကြူဟာန်**

■ကချင်ပြည်နယ်ရှိ စစ်ဘေးသင့်ပြည်သူများအား ပြန်လည်လှူဒါန်းရန် ရည်ရွယ်ကျင်းပခဲ့သော 'မနောအလှဂီတည' ရန်ပုံငွေဖျော်ဖြေပွဲကို ဗီစီဒီ ပြန်လည်ထုတ်ဝေမည်ဖြစ်ပြီး အဆိုပါဗီစီဒီတွင် ပွဲဖြစ်မြောက်ရေးအဖွဲ့က ကချင်ပြည်နယ်ရှိဒုက္ခသည်စခန်းများသို့ သွားရောက်လှူဒါန်းခဲ့သည့် မှတ်တမ်းများကိုပါ ရိုက်ကူးထည့်သွင်းမည်ဟု ရိုက်ကူးရေးတာဝန်ခံ အဆိုတော် ဒေါင်လွှကားကပြောသည်။ ယင်းဗီစီဒီရောင်းချရငွေများကိုလည်း မနောအလှအဖွဲ့က စတုတ္ထအကြိမ်မြောက် ပြန်လည်လှူဒါန်းသွားမည်ဖြစ်ပြီး မနောအလှအဖွဲ့၏ ယခုအချိန်ထိပြန်လည်လှူဒါန်းမှုမှာကျပ်သိန်းပေါင်း ၈၈၀ ကျော်သွားပြီဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ထုတ်ပြန်သည့် ငွေစာရင်းရှင်းတမ်းအရ သိရသည်။

■ရဲတိုက်ဖောင်ဒေးရှင်းသည် ကချင်စစ်ဘေးဒုက္ခသည်များအား လှူဒါန်းရန်မန္တလေးမြို့တွင် အိမ်တိုင်ရာရောက်အလှူခံခဲ့ရာ ကျပ်သိန်း ၁၈၀ ကျော်ရရှိထားပြီးနောက် သင်္ကြန်မတိုင်မီ ဧပြီပထမပတ်၌ရန်ကုန်တွင်လည်း အိမ်တိုင်ရာရောက် လိုက်လံအလှူခံမည့် အစီအစဉ်ကို စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း ရဲတိုက်ကပြောသည်။ ကချင်ပြည်နယ်ရှိ စစ်ဘေးဒုက္ခသည်များကို ဧပြီပထမပတ်တွင် ရဲတိုက်ဖောင်ဒေးရှင်းက သွားရောက်လှူဒါန်းမည်ဟု သိရသည်။

■ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးပြီး ရန်အောင်၊ နေတိုး၊ ဝေဠုကျော်၊ မို့မို့မြင့်မြင့်အောင်၊ သက်မွန်မြင့်တို့ ပါဝင်သရုပ်ဆောင်ထားသော 'ချစ်တယ်ပြောမှလွတ်မယ်' ရုပ်ရှင်ဇာတ်ကားကို မတ်လကုန်ပိုင်းတွင် စတင်ရုံတင်ပြသတော့မည်ဖြစ်သည်။ အချစ်ဟာသအမျိုးအစားဇာတ်ကားဖြစ်ပြီး ရိုးသားဖြောင့်မတ်မှုနှင့် အကျင့်စာရိတ္တကောင်းမွန်ပါက ကောင်းကျိုးရရှိခံစားရပုံကို တင်ပြထားသည့်ဇာတ်ကားဖြစ်သည်။

■ဇော်ဝင်းထွဋ်၏သမီး ချန်ချန်ဦးစီး၍ အနုပညာရှင်များ၏ အမှတ်တရပစ္စည်းများ ဈေးပြိုင်ပွဲကို မေလတွင် ပြုလုပ်ရန် စီစဉ်နေကြောင်း ချန်ချန်ကပြောသည်။ အဆိုပါပစ္စည်းများမှာ ဇော်ဝင်းထွဋ်က ပန်းချီကား၊ ဝတ်မှုန်ရွှေရည်က ဘာဘီအင်္ကျီ၊ သက်မွန်မြင့်က အာဒံရယ် ဧဝရယ် ဒဿရယ် ဇာတ်ကားတွင် ဝတ်ဆင်ခဲ့သော ဂျက်ကက်၊ နေတိုးက လွယ်အိတ်၊ မင်းသွေးက အင်္ကျီ စသည့်တို့ပါဝင်မည်ဖြစ်သည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | 21 Jump Street | Columbia Tri Star & Sony Picture | ၃၆,၃၀၂,၆၀၀ | ၁ |
| ၂။ | Dr.Seuss' The Lorax | University Pic. | ၁၅၈,၃၈၈,၀၀၀ | ၃ |
| ၃။ | John Carter | Walt Disney | ၅၃,၂၂၇,၂၀၀ | ၂ |
| ၄။ | Project X | Warner Bros. Pic. | ၄၈,၁၇၀၀,၀၀၀ | ၃ |
| ၅။ | Act of Valor | Relativity Media | ၆၂,၄၅၄,၁၀၀ | ၄ |
| ၆။ | A Thousand Words | Paramoun Pictures | ၁၁,၉၈၅,၈၀၀ | ၂ |
| ၇။ | Safe House | University Pic. | ၁၂၀,၂၁၀,၀၀၀ | ၆ |
| ၈။ | Journey 2: The Mysterious Island 3D | Warner Bros. Pic. | ၉၄,၉၉၄,၀၀၀ | ၆ |
| ၉။ | Casa de Mi Padre | Pantelion Films | ၂,၂၈၇,၂၄၀ | ၁ |
| ၁၀။ | This Means War | 20th Century Fox | ၅၀,၅၄၁,၅၀၀ | ၅ |

## Movie Review

### Mirror Mirror




ကလေးများ၏ အကြိုက်ဆုံးပုံပြင်များထဲမှစနိုးဝိုက်မင်းသမီးလေးကို ပြန်လည်အသက်သွင်းထားသော ဇာတ်ကားတွင် စနိုးဝိုက်မင်းသမီးလေးမှာ ဖခင်ဘုရင်ကြီး သေဆုံးပြီးနောက် ကောက်ကျစ်သော မိထွေး၏ ပြည်နှင်ခြင်းကို ခံထားရသည်။ သူချစ်သော မင်းသားလေးနှင့် တွေ့ဆုံချိန်တွင်လည်း မိထွေးဖြစ်သူက အကောက်ကြံသောအခါ စနိုးဝိုက်ကိုပြုစုစောင့်ရှောက်နေသော လူပုကလေး ခုနစ်ယောက်ကမခံမရပ်နိုင်ဖြစ်လာပြီးမင်းသမီးလေးဘက်က ကူညီကြရာစနိုးဝိုက်တစ်ယောက် သူချစ်သော မင်းသားလေးနှင့် ပေါင်းဖက်ရမည်လားဆိုတာ . . .

ကလေးနှင့် မိသားစုများအတူတကွ ကြည့်ရှုနိုင်မည့်ဇာတ်ကားတွင် Julia Roberts, Lily Collins, Armie Hammer, Nahan Lane တို့ဦး ဆောင်ပါဝင်ထားပြီး ဒါရိုက်တာ Tarsem Singh ကရိုက်ကူးထားသည်။ Relativity Media ကမတ်လ ၃၀ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# ကမ္ဘာ့အဆင့် သတ်မှတ်ချက် တင်းနစ်ပြိုင်ပွဲသို့ မြန်မာယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၂၁**

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)မှ စီစဉ်ကျင်းပသည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တင်းနစ်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်ကစားသမားများ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။


ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

အဆိုပါပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် မတ်လ ၃၀ ရက်မှ ဧပြီလ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာတင်းနစ်အားကစားသမားများသည် လက်ရည်စစ်ပြိုင်ပွဲမှ စတင်ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

"ITF က ကျင်းပတဲ့ ကမ္ဘာ့အဆင့် (Ranking)သတ်မှတ်တဲ့ပြိုင်ပွဲတွေကို လစဉ်တိုင်း ကျင်းပတာရှိပါတယ်။ မြန်မာကစားသမားတွေအနေနဲ့ကတော့ ခုမှ ပထမ ဆုံးအကြိမ်ဝင်ပြိုင်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်မှ အင်တာနေရှယ်(Ranking) အဆင့်သတ်မှတ်ချက်ရရှိမှာဖြစ်တဲ့အတွက် နောက်ပိုင်းလစဉ်တိုင်း ပွဲစဉ်တွေလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့စီစဉ်သွားမှာပါ"ဟု မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Future Tournament ဟုခေါ်တွင်သည့်ယင်းပရိုပြိုင်ပွဲများသို့ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် မြန်မာအားကစားသမားများအနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များရရှိလာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရရှိထားပါက ပြိုင်ပွဲများတွင်မြန်မာအားကစားသမားများသည်ဆီဒင်(ဦးစားပေး)သတ်မှတ်ခံရသည့် အခွင့်အရေးရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ပရိုအဆင့် ကူးဖို့အတွက်ပြင်ပေးတဲ့သဘောပါ။ ကမ္ဘာ့အဆင့်ပရိုကစားသမားတွေအနေနဲ့လည်း ဒီပွဲတွေက စခဲ့တာပါ။ ဆီးဂိမ်းမှာ ရွှေရတဲ့ တင်းနစ်ကစားသမားတစ်ဦးဟာ တစ်နှစ်အတွင်း ပရိုပြိုင်ပွဲပေါင်း ၂၀ မှ ၃၀ အတွင်း ကစားထားတဲ့အတွေ့အကြုံရှိပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာလက်ရွေးစင် တင်းနစ်ကစားသမား(အမျိုးသား)လေးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲအမျိုးအစားများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ လာမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသောမြန်မာ့လက်ရွေးစင်တင်းနစ်အားကစားသမားများအတွက် အမေရိကန်လူမျိုး နည်းစနစ် ဒါရိုက်တာတစ်ဦးအား ငှားရမ်းလေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



# ခွင့်ပြုချက်မယူဘဲ ပြည်ပထွက်သွားသည့် နည်းစနစ်ဒါရိုက်တာအား ဘောလုံးအဖွဲ့ချုပ်က ဖြေရှင်း တောင်းပန်ရန် တောင်းဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၂၃**

ဘောလုံးအဖွဲ့ချုပ်ထံ ခွင့်တောင်းခံခြင်းမရှိဘဲ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည့် နည်းစနစ်ဒါရိုက်တာ မစ္စတာဟန်ဆန်အနေဖြင့် တရားဝင်ပြန်လည် ဖြေရှင်းတောင်းပန်ခြင်း မပြုလုပ်ပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ဆွီဒင်လူမျိုး စတီဖင်ဟန်ဆန်အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ နည်းစနစ်ဒါရိုက်တာအဖြစ် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၅ ရက်က တရားဝင်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် နည်းစနစ်ဒါရိုက်တာတစ်ဦးအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းများကို စာချုပ်တွင်ဖော်ပြကာ နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် ၎င်းအတွက် စာချုပ်ချုပ်ဆိုခ အမေရိကန်ဒေါ်လာ ၁၂၀၀၀ အပါအဝင် တစ်လလုပ်ခလစာ ကန်ဒေါ်လာ ၉၀၀၀ နှင့် အခြားလိုအပ်သော Facility များဖြစ်သည့် အဆင့်မြင့်နေအိမ်၊ မော်တော်ကားနှင့် မိုဘိုင်းဖုန်းစသည်တို့ကိုလည်း ဥက္ကဋ္ဌ၏ ပံ့ပိုးမှုဖြင့် အပြည့်အဝဖြည့်ဆည်းပေးထားကြောင်း၊ ၎င်းအနေဖြင့် နည်းစနစ်ဒါရိုက်တာ ရာထူးရယူသည့်နေ့မှစ၍ ကိုယ်ရေးကိုယ်တာကိစ္စများကို အကြောင်းပြကာ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ခြင်းမရှိကြောင်း စသည်ဖြင့် ပါရှိသည်။

ထို့အပြင် ၎င်းအနေဖြင့် မိမိ၏ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တစ်ခုမျှ မယ်မယ်ရရ မလုပ်ခဲ့ဘဲ ဘောလုံးအဖွဲ့ချုပ်၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရဘဲ မိမိသဘောဖြင့် နိုင်ငံခြားသို့ ထွက်ခွာသွားခဲ့ကြောင်း၊ ထို့ကြောင့် မစ္စတာဟန်ဆန်အနေဖြင့်၎င်း၏ ပြုမူလုပ်ဆောင်သွားခဲ့မှုများအတွက် ကိုယ်တိုင်တာဝန်ယူပြီး ဘောလုံးအဖွဲ့ချုပ်ကို တရားဝင်ပြန်လည် ဖြေရှင်းတောင်းပန်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေကြောင်းအရ အရေးယူသွားမည်ဖြစ်ကာ လိုအပ်ပါက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် နိုင်ငံတကာအားကစားခုံရုံးအထိ တင်ပြအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက "သူ(ဟန်ဆန်)နဲ့ ဖုန်းဆက်ပြီးပါပြီ။ အမြန်ဆုံး မြန်မာပြည်ပြန်လာဖို့ စီစဉ်နေပြီး တောင်းပန်မယ်လို့တော့ ဆိုပါတယ်"ဟု ယခုလ ၂၃ ရက်တွင်ပြောသည်။

စတီဖင်ဟန်ဆန်သည် အဖွဲ့ချုပ်ထံ ခွင့်တောင်းခံခြင်းမရှိဘဲ မတ်လ ၁၈ ရက်က မိသားစုရှိရာ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

မစ္စတာဟန်ဆန်သည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ စတင်ခဲ့သည့် ၂၀၀၉ ခုနှစ်တွင် ဇေယျာရွှေမြေအသင်းကို နည်းပြချုပ်အဖြစ် တာဝန်ယူခဲ့ကာ ၂၀၁၁ ခုနှစ်တွင် ၎င်းအသင်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့သည်။ ထို့နောက် ၂၀၁၁ အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ ယူ- ၂၃ အသင်းအား တာဝန်ယူကိုင်တွယ်ခဲ့ကာ ကြေးတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

# သင်္ကြန်အကြိုနေ့တွင် မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၂၄**

၂၀၁၂မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ၏ နောက်ဆုံးပွဲစဉ်ကို လာမည့်ဧပြီ ၁၂ ရက်(သင်္ကြန်အကြိုနေ့)တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရက်ရွှေ့ဆိုင်းမည် မဟုတ်ကြောင်း သတင်းရရှိသည်။

ပွဲစဉ်ဇယားရေးဆွဲမှုအရ အဆိုပါနေ့တွင် ချင်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့သည်အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သင်္ကြန်အကြိုနေ့နှင့် တိုက်ဆိုင်ခဲ့သည့် ၎င်းပွဲစဉ်အား ရွှေ့ဆိုင်းရန် စဉ်းစားခဲ့သော်လည်း ရောဝတီယူနိုက်တက်အသင်းအနေဖြင့် ဧပြီ ၁၀ ရက်တွင် AFC Cupပွဲစဉ် ယှဉ်ပြိုင်ကစားရန်ရှိခြင်းကြောင့် ရက်ပြောင်းလဲကျင်းပရန် အဆင်မပြေခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရောဝတီ ယူနိုက်တက်အသင်းသည် AFC Cup အုပ်စု(H)၏ စတုတ္ထပွဲစဉ်အဖြစ် ဧပြီ ၁၀ ရက်တွင် ဆိုင်ဂွန်(ဗီယက်နမ်)အသင်းနှင့် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရန်ရှိနေသည်။ ထို့ကြောင့် ရောဝတီယူနိုက်တက်အသင်းအနေဖြင့် ၎င်းပွဲစဉ်အပြီးတွင် တစ်ရက်သာ နားရက်ရရှိမည်ဖြစ်ပြီး ချင်း ယူနိုက်တက်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၎င်းပွဲစဉ်သည် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ပထမအကျော့၏ နောက်ဆုံးပွဲစဉ်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို လာမည့် မေ ၁၂ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လစာကျပ် ဆယ်သိန်းအထိပေးမည့် လူငယ်ဘောလုံးကစားသမားများ ခေါ်ယူ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၂၁**

အမြင့်ဆုံးလစာ ကျပ် ဆယ်သိန်းအထိ ခံစားခွင့်ရရှိနိုင်မည့် လူငယ်ဘောလုံးသမားများကို ကမ္ဘောဇဘောလုံးအသင်းက ခေါ်ယူလျက်ရှိကြောင်းသိရသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ် လူငယ်ဘောလုံးပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဇလူငယ်ဘောလုံးအသင်းဖွဲ့စည်းနိုင်ရန် အရည်အချင်းနှင့်ကျွမ်းကျင်မှုအလိုက် လူငယ်ဘောလုံးသမားများခေါ်ယူသွားမည်ဖြစ်ကြောင်း အဆိုပါအသင်း၏ ထုတ်ပြန်ချက်အရသိရသည်။

လျှောက်ထားသူများသည် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နောက်ပိုင်း မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး အရည်အချင်းအလိုက် အမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ်ထားကြောင်းသိရသည်။(က)အဆင့် သတ်မှတ်ခံရပါက လစာငွေကျပ် ဆယ်သိန်း၊(ခ)အဆင့်အတွက် လစာငွေကျပ်ငါးသိန်းနှင့် (ဂ)အဆင့်အတွက် လစာငွေကျပ်သုံးသိန်း(အားလုံးစရိတ်ငြိမ်း) ခံစား ခွင့်ရရှိမည်ဖြစ်သည်။

"လူငယ်ပြိုင်ပွဲက မေလမှာကျင်းပဖို့ရှိတာဆိုတော့ လူငယ်ကစားသမားလေးတွေကို ပြိုင်ပွဲမတိုင်မီ ရွေးချယ်သွားမှာပါ။ စုစုပေါင်း ၂၅ဦးရွေးချယ်ဖို့စီစဉ်ထားပါတယ်"ဟု ကမ္ဘောဇအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာများနှင့် အဆောင်(ဇ)၊ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်းသိရသည်။





ကြည့်... ပိုးပေါက်လုံးဝမရှိ
Colgate
Fluoride Toothpaste
Proven Cavity Protection
ကယ်လ်ဆီယမ် အရည်
Strengthens Teeth Freshens Breath
Great Regular Flavor
ဖလိုရိုဒ်နှင့် ကယ်လ်ဆီယမ်အရည်* ပါဝင်သည့် တစ်ခုတည်းသောဖော်မြူလာ
သွားကြိုသွားကြားမကျန်သန့်ရှင်းစေပြီး ပိုးပေါက်လုံးဝမရှိအောင်အပြည့်အဝကူညီသည်။
သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားသော နံပါတ် (၁) သွားတိုက်ဆေး




သင့်နှလုံး ကိုဂရုစိုက်ပါ..
သွေးပေါင်ချိန် မှန်မှန်တိုင်းပါ !
"သွေးတိုးရောဂါရှိသူများတွင် နှလုံးရောဂါဖြစ်နိုင်သည်။
သွေးတိုးရောဂါကို ဆရာဝန်နှင့်တိုင်ပင်၍ ထိရောက်စွာ ကုသသင့်သည်။"
British Hypertension Society နှင့် German Hypertension Society အသိအမှတ်ပြု
အဆင့်မြင့် သွေးပေါင်ချိန်တိုင်း ကိရိယာ
SWISS microlife® DESIGN
Clinically Tested
BHS A/A-BHS Protocol
BHS
reddot
ကမ္ဘာ့အကြီးဆုံး သွေးပေါင်ချိန်တိုင်း ကိရိယာထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် microlife မှထုတ်လုပ်သည်။




SUMMER
PICNIC
STYLE
BEACH
HOT
DAYS
SOLO® COLLECTION
FLIP FLOPS
ICE CREAM
STYLE
WHEREVER YOU GO SOLO WILL FOLLOW

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# မန်ချက်စတာမြို့ခံနှစ်သင်း အနိုင်သုံးမှတ်ကိုယ်စီရှာရမယ့် ပရီးမီးယားလိဂ် ပွဲစဉ် (၃၁) ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်



ဒီတစ်ပတ်ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၃၁ ကတော့ ဇယားထိပ်ဆုံးက အသင်းကြီးတွေရဲ့ တွေ့ဆုံမှုတွေ မပါပေမယ့် လိဂ်ပြီးဆုံးဖို့ နီးကပ်လာတာနဲ့အမျှ ပွဲအားလုံးဟာ အကြိတ်အနယ်ရှိလာနေတာပါ။ ဒါ့ကြောင့် အသင်းကြီးတွေအနေနဲ့ အိမ်ကွင်း အဝေးကွင်းမရွေး သတိထားဖို့လိုအပ်တဲ့ ပွဲစဉ်တွေဖြစ်လာနေပါတယ်။ ထိပ်ဆုံးနှစ်သင်းပဲ အမိကချန်ပီယံဘွဲ့လုရမယ့်အနေအထားမှာရှုံးပွဲမတွေ့ဖို့အရေးကြီးဆုံးဖြစ်နေပါတယ်။




**၃၁ မတ် စနေ။**

**ည ၁၀ နာရီခွဲ**

**ဗီလာ - ချယ်လ်ဆီး**

**ပကျော့ရလဒ် ၃-၁**

ပထမအကျော့တန်းကချယ်လ်ဆီးတို့အိမ်ကွင်းမှာ ဂိုးပြတ်ရှုံးခဲ့တာ မမေ့ဖို့လိုပါတယ်။ နည်းပြဒီမက်တီယိုရဲ့ လက်အောက်မှာ ချယ်လ်ဆီးတို့ နိုင်ပွဲတချို့ရလာပေမယ့် စောင့်ကြည့်ရဦးမှာပါ။ လက်ကျန်ပွဲတွေအားလုံး အနိုင်ရရင် နောက်နှစ်ဥရောပဝင်ခွင့် မျှော်မှန်းနိုင်တာမို့ ချယ်လ်ဆီးတို့ အဝေးကွင်းမှာ အားထည့်ကစားပါလိမ့်မယ်။ ချယ်လ် ဆီးကပ်နိုင်ခြေသာရှိပြီး သရေလည်းဖြစ်နိုင်တယ်။

**ည ၁၀ နာရီခွဲ**

**အဲဗာတန် - ဝက်စ်ဘရွန်း**

**ပကျော့ရလဒ် ၁-၀**

နှစ်သင်းစလုံး ဇယားအလယ်က အသင်းတွေဖြစ်ပြီး ခြေမကွာလှပါဘူး။ အဲဗာတန်တို့အိမ်ကွင်းဆိုပေမယ့်ဝက်စ်ဘရွန်းရဲ့တန်ပြန်တိုက်စစ်ကို ထိန်းရမှာပါ။ အဲဗာတန်အပြန်အလှန်သွင်းဂိုးတွေနဲ့ပဲ ကပ်နိုင်ဖို့များတယ်။ မထင်မှတ်ဘဲ သရေပွဲလည်း ဖြစ်နိုင်တယ်။

**ည ၁၀ နာရီခွဲ**

**ဖူလ်ဟမ် - နော့ဝစ်ချ်**

**ပကျော့ရလဒ် ၁-၁**

ဖူလ်ဟမ်ဟာ အိမ်ကွင်းမာကျောတဲ့ အသင်းဖြစ်နေဆဲပါ။ နော့ဝစ်ချ်တို့အဝေးကွင်းကစားပုံအားနည်းတာမို့ ဖူလ်ဟမ်အနိုင်သုံးမှတ်ရဖို့ ပိုများနေတယ်။ ဖူလ်ဟမ်နှစ်ဂိုးလောက် ရသွားနိုင်တဲ့ပွဲပါ။

**ည ၁၀ နာရီခွဲ**

**မန်စီးတီး - ဆန်းဒါးလန်း**

**ပကျော့ရလဒ် ၀-၁**

မန်စီးတီးဟာ ဆန်းဒါးလန်းနဲ့တွေ့တိုင်း အဝေးကွင်းသရေနဲ့ အရှုံးသာရပေမယ့် အိမ်ကွင်းမှာတော့ ဂိုးများများနဲ့ နိုင်တတ်တယ်။ လက်ရှိဆန်းဒါးလန်းရဲ့ အဝေးကွင်းရလဒ်ပိုင်း အားနည်းနေဆဲမို့ မန်စီးတီးအခွင့်အရေးပိုရမှာပါ။ မန်စီးတီးနှစ်ဂိုးလောက် ရမယ့်ပွဲပါပဲ။

**ည ၁၀ နာရီခွဲ**

**ကျူပီအာ - အာဆင်နယ်**

**ပကျော့ရလဒ် ၀-၁**

လူသိနည်းတဲ့ လန်ဒန်ဒါဘီပွဲပါပဲ။ မြို့ခံအချင်းချင်း ရင်ဆိုင်ရင်ကစားရခက်တာကို ပထမအကျော့က ပြခဲ့ပါတယ်။ အာဆင်နယ်တို့ နိုင်ရင်ဂိုးနည်းနည်းနဲ့ နိုင်မယ့်ပွဲဖြစ်ပြီး ခြေကျနေတဲ့ ကျူပီအာတို့သရေမှန်းဖို့တောင်မလွယ်တဲ့အနေအထားပါပဲ။

**ည ၁၀ နာရီခွဲ**

**ဝီဂန် - စတုတ်စီးတီး**

**ပကျော့ရလဒ် ၂-၂**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ လေးကြိမ်သရေကျထားတယ်။ ဒါ့ကြောင့်ရလဒ်မှန်းဖို့ခက်ပါမယ်။ ဒါပေမဲ့ ဝီဂန်ဟာလတ်တလောမှာ အိမ်ကွင်းရလဒ်အနိမ့်ဆုံးအသင်းဖြစ်နေတာမို့စတုတ်ဘက်က ပိုအလေးသာမယ်။ စတုတ်ကို ပိုကြိုက်မိပြီး သရေ ဒါမှမဟုတ် စတုတ်ကပ်နိုင်ဖို့ရှိတယ်။

**ည ၁၀ နာရီခွဲ**

**ဝုလ် - ဘောလ်တန်**

**ပကျော့ရလဒ် ၁-၁**

ခြေမကွာတဲ့ နှစ်သင်းတွေ့ဆုံမှုပါပဲ။ ဝုလ်ဟာ အိမ်ကွင်း ၁၅ ပွဲမှာ အနိုင်သုံးပွဲ၊ သရေနှစ်ပွဲသာရှိပြီး ဇယားအောက်ဆုံးရောက်နေသလို ဘော်လ်တန်လည်း တန်းဆင်းဇုန်မှာ ရှိနေဆဲပါ။ အိမ်ရှင်ဝုလ်ကိုဂိုးအနည်းနဲ့ရွေးချယ်ထားချင်ပါတယ်။

**၁ ဧပြီ တနင်္ဂနွေ။**

**ည ၇ နာရီ**

**နယူးကာဆယ် - လီဗာပူး**

**ပကျော့ရလဒ် ၁-၃**

နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ လီဗာပူးက လေးကြိမ်နိုင်ထားတယ်။ ဂိုးပြတ်တွေနဲ့ချည်းဖြစ်ပါတယ်။ လက်ရှိမှာလည်း လီဗာပူးအဝေးကွင်း ရလဒ်ကောင်းတာမို့နိုင်ခြေများပါတယ်။ နယူးကာဆယ်အိမ်ကွင်းမာကျောပေမယ့် လီဗာပူးက ဦးဆောင်သွားမှာပါ။ နှစ်ဂိုးလောက်ရမယ့်ပွဲပါပဲ။

**ည ၉ နာရီခွဲ**

**စပါး - ဆွမ်းဆီး**

**ပကျော့ရလဒ် ၁-၁**

ပထမအကျော့သရေရခဲ့ပေမယ့် စပါးအိမ်ကွင်းအကောင်းဆုံးအသင်းတွေထဲပါနေတာမို့ ဆွမ်းဆီးအမြင့်ဆုံးသရေပဲ မျှော်မှန်းနိုင်မှာပါ။ စပါးကိုပဲ ရွေးရမယ့်ပွဲပါ။ စပါးနှစ်ဂိုးလောက် ရနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားနိုင်ပါတယ်။

**၃ ဧပြီ အင်္ဂါ။**

**နံနက် ၁ နာရီခွဲ**

**ဘလက်ဘန်း - မန်ယူ**

**ပကျော့ရလဒ် ၃-၂**

၂၀၁၁ အတွင်းကစားခဲ့တဲ့ နှစ်ပွဲမှာ မန်ယူဟာ ဘလက်ဘန်းကို တစ်ပွဲသရေ၊ တစ်ပွဲရှုံးသာရထားတယ်။ ဒါပေမဲ့ ဒီရာသီအိမ်ကွင်းအားနည်းတဲ့ ဘလက်ဘန်းကိုမန်ယူတို့ အနိုင်သုံးမှတ်သေချာအောင်ကစားမှာမို့ နိုင်ခြေပိုများပါတယ်။ ဘလက်ဘန်းခံစစ်ကစားပြီး သရေရဖို့ ကြိုးစားမှာမို့ မန်ယူအမြင့်ဆုံးနှစ်ဂိုးအသာလောက်ပဲ ရမှာပါ။ သရေတော့မဖြစ်လောက်ဘူး။

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



# ပိန်လွန်းသောမော်ဒယ်များဖြင့် ကြော်ငြာခြင်း အစ္စရေးတွင် ပိတ်ပင်

**ဂျေရုဆလင်၊ မတ် – ၂၁**

အစ္စရေးဥပဒေပြု အမတ်များသည် နိုင်ငံတွင်း စီးပွားရေးကြော်ငြာများနှင့် မော်ဒယ်လမ်း လျှောက်ပြိုင်ပွဲများတွင် ပုံမှန်ထက် ကိုယ်အလေးချိန် ကျဆင်းကာ အလွန်အမင်းပိန်လွန်းသော မော်ဒယ်များ အသုံးပြုခြင်းကို ပိတ်ပင်မည့် ဥပဒေတစ်ရပ် အတည်ပြုလိုက်ကြောင်း သိရသည်။ မတ်လ ၂၀ ရက်တွင် အတည်ပြုခဲ့သည့် ယင်းဥပဒေတွင် ခန္ဓာကိုယ်အချိုးအစား ညွှန်းကိန်း BMI အရ ကိုယ်အလေးချိန် ပုံမှန်ထက်နည်းလွန်းသည်ဟု ဆရာဝန်က သတ်မှတ်သော အမျိုးသား၊ အမျိုးသမီး များကို မော်ဒယ်အလုပ်များ၌ ငှားရမ်းခွင့်မပြုကြောင်း ပြဋ္ဌာန်းထားသည်။

ဥပဒေ၏ ရည်ရွယ်ချက်မှာ လူများအကြား ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ပုံရိပ်ကို မြှင့်တင်ရန်နှင့် အစားအသောက်စားသုံးပုံ မူမမှန်မှုများကို လျှော့ချရန်ဖြစ်သည်။ ဥပဒေကိုတင်သွင်းသည့် အမတ်များအနက်တစ်ဦးဖြစ်သည့် အမတ်ရေချယ်အဒါတိုက "အလှအပဆိုတာ ကိုယ်အလေးချိန်ပုံမှန်အောက်ရှိခြင်းကို မဆိုလိုပါဘူး။ လှပခြင်းဆိုတာ ပိန်လွန်းခြင်း မဖြစ်သင့်ပါဘူး" ဟုပြောသည်။

၂၀၀၆ ခုနှစ်က လက်တင်အမေရိကမှ ပိန်လွန်းသော မော်ဒယ်နှစ်ဦး သေဆုံးခဲ့ပြီးနောက် အီတလီ၊ အိန္ဒိယ အပါအဝင် နိုင်ငံအများအပြားသည် ကက်ဝါတ်လမ်းလျှောက်ပွဲများတွင် ကိုယ်အလေးချိန် ပုံမှန်ထက်လျော့ နေသော မော်ဒယ်များကို ပိတ်ပင်ထားမြစ်ခဲ့သည်။

*—Ref: Reuters*



# စတင်ဖြန့်ချိသည့် ပထမပတ်အတွင်း အိုင်ပက်လုံးရေ သုံးသန်းရောင်းချ

**ဆန်ဖရန်စစ္စကို၊ မတ် – ၂၀**

Apple ကုမ္ပဏီသည် မကြာမီက ဖြန့်ချိခဲ့သော အိုင်ပက်သရီး သင်ပုန်းကွန်ပျူတာများကိုစတင်ရောင်းချခဲ့သည့် ပထမပတ်အတွင်း လုံးရေသုံးသန်းခန့် ရောင်းချခဲ့ရကြောင်း ကြေညာလိုက်သည်။ ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ဖြန့်ချိရေးဌာန ဒုဥက္ကဋ္ဌ ဖိလစ်ရှီးလားက "အိုင်ပတ်အသစ်ကိုလုံးရေသုံးသန်းရောင်းချခဲ့ရပါတယ်။ ထုတ်လုပ်ပြီးသမျှမှာ ရောင်းအားအကောင်းဆုံးပါပဲ"ဟု ပြောသည်။ ၎င်းကဆက်လက်၍ "ဝယ်ယူသူတွေဟာ အိုင်ပက်မှာပါဝင်တဲ့ လုပ်ဆောင်ချက်အသစ်တွေကိုကြိုက်နေကြပါတယ်။ ဒီသောကြာနေ့မှာပဲ ကမ္ဘာတစ်ဝန်းကဝယ်သူတွေ လက်ထဲကိုအိုင်ပက်တွေ ရောင်းချပေးဖို့ ကျွန်တော်တို့ မစောင့်နိုင်အောင် ဖြစ်နေရပါတယ်" ဟုဆိုသည်။

Apple သည်အိုင်ပက်ကွန်ပျူတာအသစ်ကို ဩစတြေးလျ၊ အမေရိကန်၊ ပြင်သစ်၊ ကနေဒါ၊ ဂျာမနီ၊ ဂျပန်၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် ဟောင်ကောင်တို့တွင် ယခုအခါ ရောင်းချနေပြီး မတ် ၂၃ရက်တွင်မူနောက်ထပ်နိုင်ငံပေါင်း ၂၀ ကျော်တွင် ထပ်မံရောင်းချပေးသွားမည်ဖြစ်သည်။

*—Ref: AFP*


# မိုက်ကရိုဆော့ဖ်၏ windows 8 အောက်တိုဘာတွင် ဖြန့်ချိမည်

**ဘေဂျင်း၊ မတ် – ၂၀**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီသည်ယခုနွေရာသီတွင်windows 8 Operating system ကို အပြီးသတ်လုပ်ဆောင်ကာ အောက်တိုဘာလအတွင်း ဈေးကွက်၌ ဖြန့်ချိမည်ဟုသိရသည်။ ဘလွန်းဘာ့ဂ်သတင်း၏ ဖော်ပြချက်အရမိုက်ကရိုဆော့ဖ်၏ နာမည်ကြီး window os အသစ်သည် လက်ပ်တော့များ၊ ရုံးသုံးကွန်ပျူတာများအပြင် ခေတ်စားလာသည့် Touch-Screen ပစ္စည်းများအတွက်လည်း ဘက်စုံအသုံးပြုနိုင်မည်ဟုဆိုသည်။

စမ်းသပ်ဖြန့်ချိမည့် OS မူအသစ်တွင် Intel နှင့် ARM မှ ထုတ်လုပ်သော ချစ်ပ်များတပ်ဆင်ထားသော မည်သည့်နည်းပညာပစ္စည်းများနှင့်မဆို အသုံးပြုနိုင်အောင် ပြုလုပ်ပေးထားသည်ဟု သိရသည်။ မိုက်ကရိုဆော့ဖ်သည် ၂၀၁၁ က windows 7 OS ကို ဖြန့်ချိခဲ့ပြီးနောက် သုံးစွဲသူများအကြိုက်တွေ့ခဲ့ကာ ဈေးကွက်ဝေစုဆက်လက်ရရှိခဲ့သည်။

—Ref: Xinhua

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



Photo - AFP

# တရားမဝင် သစ်ခုတ်လှဲမှုများမှ ဂိုဏ်းများအတွက် ကန်ဒေါ်လာဘီလီယံနှင့်ချီ ဝင်ငွေရနေ

**လန်ဒန်၊ မတ် - ၂၂**

ကမ္ဘာ့တစ်ဝန်းတွင် တရားမဝင် သစ်ခုတ်လှဲမှုများမှ ကန်ဒေါ်လာ ၁၀ ဘီလီယံမှ ၁၅ ဘီလီယံအထိ ငွေကြေးထွက်ပေါ်လာကြောင်း ကမ္ဘာ့ဘဏ်ကအသစ် ထုတ်ပြန်ခဲ့သည့် လေ့လာဆန်းစစ်မှုတစ်ရပ်တွင် ဖော်ပြသည်။

တရားမဝင် သစ်ခိုးထုတ်မှု လုပ်ငန်းအများစုကို အဖွဲ့လိုက် ပြစ်မှုကျူးလွန်သည့် ဂိုဏ်းများက လုပ်ဆောင်နေခြင်းဖြစ်ပြီးအကျိုးအမြတ်အများအပြားမှာ လာဘ်စားသော အရာရှိများထံ ရောက်ရှိသွားကြောင်း Justice for Forests အစီရင်ခံစာက ဖော်ပြခဲ့သည်။

ယင်းသို့တရားမဝင် သစ်ခိုးထုတ်မှုကြောင့် အင်ဒိုနီးရှား၊ မာဒါဂါစကားနှင့် အနောက်အာဖရိကဒေသမှ နိုင်ငံအများအပြားကို ထိခိုက်နေကြောင်း သိရသည်။

အချို့နိုင်ငံများတွင် သစ်ခုတ်သူများအား ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ခြင်းများ လုပ်ဆောင်ခဲ့ရာတွင် ထိရောက်မှုရှိပြီး ၎င်းတို့ကိုနမူနာယူ၍ လုပ်ဆောင်သင့်ကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာကတိုက်တွန်းထားသည်။

အကူအညီပေးသော အလှူရှင်နိုင်ငံများအနေဖြင့်လည်း တရားမဝင်သစ်ကုန်သွယ်မှုကို ကာကွယ်ရန် ဥပဒေရေးရာနှင့် တရားစီရင်ရေး အာဏာပိုင်များ၏ စွမ်းရည်တိုးတက်ခိုင်မာစေမည့် အစီအစဉ်များအတွက် ရန်ပုံငွေများ ထောက်ပံ့ပေးသင့်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

*—Ref: BBC*

# သေနတ်သမား ခိုအောင်းနေရာ အဆောက်အအုံကို စီးနင်းရန် ပြင်သစ်တပ်ဖွဲ့ ပြင်ဆင်နေ

**ပါရီ၊ မတ် - ၂၂**

အယ်လ်ကိုင်ဒါအဖွဲ့ကို အားပေးထောက်ခံသည်ဟု ပြောဆိုပြီး လူခုနစ်ဦးကိုသတ်ခဲ့သည်ဟုမသင်္ကာဖွယ်သေနတ်သမားကိုလက်နက်မချပါက ၎င်းခိုအောင်းနေရာ တိုက်ခန်းရှိရာ အဆောက်အအုံအား စီးနင်းရန် ပြင်သစ် ရဲတပ်ဖွဲ့က ပြင်ဆင်နေသည်။

လက်နက်ချအညံ့ခံမည်ဟု မသင်္ကာသူ သေနတ်သမားက ကတိပေးထားပြီး အကယ်၍ လက်နက်မချခဲ့ပါက ၎င်းအားဖမ်းဆီးရန် အဆောက်အအုံကို အင်အားသုံး၍ စီးနင်းမည်ဟုပြင်သစ် ရဲတပ်ဖွဲ့ဒေသဆိုင်ရာအတွင်းရေးမှူး မစ္စတာဒီလာရီက ပြောကြားသည်။



Photo - AFP

၎င်းမှာ အယ်လ်ကိုင်ဒါအဖွဲ့ဝင်ဖြစ်ပြီး အရှေ့အလယ်ပိုင်းတွင် ပါလက်စတိုင်းကလေးငယ်များအသတ်ခံရခြင်းအတွက် လက်စားချေလိုသည်ဟု မသင်္ကာသူ သေနတ်သမားက ရဲတပ်ဖွဲ့အား ပြောကြားခဲ့ကြောင်း ပြင်သစ် ပြည်ထဲရေးဝန်ကြီး ကလော့ဒ်ဂူအန်က ပြောကြားသည်။ နိုင်ငံတကာအရေးတွင် ပြင်သစ်တပ်ဖွဲ့များ ကြားဝင်ဖြေရှင်းနေခြင်းကိုလည်း သေနတ်သမားက ဒေါသထွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

သေနတ်သမားသည် မကြာသေးမီရက်ပိုင်းအတွင်း ဂျူးလူမျိုးကလေးသုံးဦး၊ တရားဟောဆရာတစ်ဦးနှင့် ပြင်သစ်ပြည်သူ့စစ်သုံးဦးကို သတ်ဖြတ်ခဲ့သည်ဟု သင်္ကာမကင်းရှိနေကြသည်။ မသင်္ကာသူမှာ အသက် ၂၄ နှစ်အရွယ် မိုဟာမက်မေရာဆိုသူဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကဖော်ထုတ်ထားသည်။

လက်နက်ချရန် သေနတ်သမားအား ငါးနာရီကြာစည်းရုံးနားချပြီးနောက် ရဲတပ်ဖွဲ့က ၎င်းခိုအောင်းနေရာငါးထပ်အဆောက်အအုံတွင် နေထိုင်သူများအား နေရာရွှေ့ပြောင်းရှင်း လင်းထားသည်။ အဆောက်အအုံတွင် နေထိုင်သူများအား ခေါင်မိုးမှတစ်ဆင့် မီးသတ်လှေကားများ အသုံးပြု၍ အစောင့်အရှောက်ဖြင့် ခေါ်ဆောင်လာကြောင်း သိရသည်။

*—Ref: AP*

# အမေရိကန်တပ်များ အာဖဂန်နစ္စတန်မှ ရုပ်သိမ်းမည်ကို ရုရှားမလိုလား



Photo - Reuters

**မော်စကို၊ မတ် - ၂၀**

၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာတပ်ဖွဲ့များအား အာဖဂန်နစ္စတန်မှ ရုပ်သိမ်းမည်ကို ရုရှားနိုင်ငံက မလိုလားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗ်ရော့က ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင်တည်ငြိမ်သော အစိုးရတစ်ရပ်ထူထောင်ရေးနှင့်ယုံကြည်စိတ်ချရသော ကာကွယ်ရေးတပ်ဖွဲ့များဖွဲ့စည်းရေးဟူသော ကုလသမဂ္ဂ၏ တာဝန်ချထားပေးမှုကို ဖြည့်ဆည်းနိုင်သည်အထိ နိုင်ငံတကာတပ်ဖွဲ့များအား မရုပ်သိမ်းသင့်ကြောင်း အာဖဂန်တိုလိုရုပ်သံနှင့်ပြုလုပ်သည့် အင်တာဗျူးတွင် ဆာဂျီလက်ဗ်ရော့က ပြောကြားသည်။

“အာဖဂန်နစ္စတန်မှာ ပြဿနာတွေဆက်ရှိနေသေးတယ်ဆိုတာကတော့ ရှင်းနေပါတယ်။ အကြမ်းဖက်သမားတွေက အာဖဂန်မြောက်ပိုင်းမှာလှုပ်ရှားလာတာကို ကျွန်တော်တို့ အထူးသဖြင့် စိုးရိမ်နေပါတယ်။ အကြမ်းဖက်သမားတွေက မြောက်ဘက်ကိုနယ်ချဲ့လာပြီး အဲဒီကနေတစ်ဆင့် ရုရှားနိုင်ငံနဲ့ကပ်နေတဲ့ဗဟိုအာရှဒေသတွေဆီ ထိုးဖောက်ဝင်ရောက်လာပါတယ်” ဟုရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် တင်ထားသည့် အင်တာဗျူး၌ ဆာဂျီလက်ဗ်ရော့က ပြောကြားခဲ့သည်။


နိုင်ငံတကာတပ်ဖွဲ့များအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံမှ မထွက်ခွာမီ ကုလသမဂ္ဂကချမှတ်ထားသောတာဝန်ကိုအကောင်အထည်ဖော်သင့်ကြောင်း၊ တာဝန်ဝတ္တရားပြီးဆုံးသွားပြီဆိုသည်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ သတင်းပို့သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ အာဖဂန်ရှိ နိုင်ငံခြားတပ်ဖွဲ့များနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယခုတစ်ပတ်အတွင်း ပြန်လည်သုံးသပ်ရန် ရှိကြောင်း သိရသည်။

*—Ref: The Hindu*

# ပူတင်၏ ရွေးကောက်ပွဲကတိများကို ရုရှားအများစု ယုံကြည်

**မော်စကို၊ မတ် - ၂၂**

သမ္မတအဖြစ် ရွေးချယ်ခံထားရပြီဖြစ်သော ဗလာဒီမာပူတင်၏ ရက်ရောသော ရွေးကောက်ပွဲကတိများကို ရုရှားနိုင်ငံသား အများစုကယုံကြည်ကြကြောင်း ရုရှားအစိုးရ၏ စစ်တမ်းကောက်ယူရေးအဖွဲ့က တွေ့ရှိခဲ့ကြောင်း သိရသည်။ မစ္စတာပူတင်၏ ရွေးကောက်ပွဲကတိများသည် ယုံကြည်စိတ်ချစရာကောင်းပြီး ကျိုးကြောင်းဆီလျော်သည်ဟု ရှုမြင်ကြကာအနည်းဆုံးယင်းကတိအချို့ကိုမစ္စတာပူတင်ကဖြည့်ဆည်းပေးမည်ဟု ရုရှားနိုင်ငံသားများက မျှော်လင့်ကြသည်။



အလုပ်သမားများအတွက် လုပ်ခပိုမိုရရှိရေးနှင့် အစိုးရ ဝန်ထမ်းများအတွက် ခံစားခွင့်များ တိုးမြှင့်ပေးရေးမှာပူတင်၏မဲဆွယ်မှုတွင် အဓိကအစိတ်အပိုင်းမှ ပါဝင်ခဲ့ပြီးဎင်းအား တတိယအကြိမ်မြောက် သမ္မတဖြစ်လာစေခဲ့သည်။

စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ ၃၇ ရာခိုင်နှုန်းက မစ္စတာပူတင်သည် ၎င်း၏ ကတိအားလုံးကို ဖြည့်ဆည်းပေးမည်ဟု မျှော်လင့်ပြီး ၄၁ ရာခိုင်နှုန်းက ကတိအချို့အောင်မြင်လိမ့်မည်ဟုယုံကြည်ကြသည်။ ၁၅ ရာခိုင်နှုန်းကမူမစ္စတာပူတင်ကတိတည်မည်မဟုတ်ဟု ဆိုကြသည်။

ပထမဆုံးအနေဖြင့် မစ္စတာပူတင်သည် ၎င်း၏ လူမှုရေး ပေါ်လစီများကို စတင်အကောင်အထည်ဖော်မည်ဟု မျှော်လင့်ပြီး ယင်းနောက်နိုင်ငံတည်ငြိမ်ရေးအတွက်လုပ်ဆောင်ကာ စစ်သားများ၊ ဆရာဝန်များနှင့် ကျောင်းဆရာများ၏လခများကို တိုးမြှင့်ပေးလိမ့်မည်ဟု မျှော်လင့်ကြကြောင်းသိရသည်။

*—Ref: RIA Novosti*

# အီသီယိုးပီးယားက အိမ်နီးချင်းနိုင်ငံကို တိုက်ခိုက်၍ စစ်ဖြစ်မည်ကို စိုးရိမ်

**အဒစ်အဘာဘာ၊ မတ် - ၂၂**

အချိန်ကြာမြင့်စွာကပင် ပြိုင်ဘက်ဖြစ်နေသော အီရီထရီယာနိုင်ငံရှိ သူပုန်စခန်းများကို ၎င်းတို့တပ်ဖွဲ့ကဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း အီသီယိုးပီးယားနိုင်ငံက ပြောကြားခဲ့ရာအာဖရိကဦးချိုဒေသတွင် စစ်ပွဲအသစ်တစ်ရပ်ဖြစ်ပေါ်လာမည်ကိုစိုးရိမ်မှုများမြင့်တက်လာသည်။ အီသီယိုးပီးယားတပ်ဖွဲ့များမှာ ဆိုမာလီယာနိုင်ငံတွင်လည်း အယ်လ်ကိုင်ဒါနှင့် အဆက်အသွယ်ရှိသည့် အစ္စလာမ်မစ်သူပုန်များကို ဝင်ရောက်တိုက်ခိုက်နေသည်။

အီသီယိုးပီးယားတပ်ဖွဲ့များက မကြာသေးမီရက်ပိုင်းအတွင်း အီရီထရီယာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် နှစ်ကြိမ်ဝင်ရောက် ထိုးစစ်ဆင်ခဲ့သည်။ ယင်းမှာ ၁၉၉၈ မှ ၂၀၀၀ ပြည့်နှစ်အထိ လူပေါင်း ၇၀,၀၀၀ သေဆုံးခဲ့သော နှစ်နိုင်ငံစစ်ပွဲဖြစ်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်တိုက်ခိုက်မှုဖြစ်သည်။ ယင်းမတိုင်မီ ငါးနှစ်က အီရီထရီယာက အီသီယိုးပီးယားနိုင်ငံမှ ခွဲထွက်ခဲ့ပြီး အီသီယိုးပီးယားနိုင်ငံအား ပင်လယ်ထွက်ပေါက်မဲ့ ဖြစ်စေခဲ့ သည်။

အီသီယိုးပီးယားထိုးစစ်များက နယ်စပ်တစ်လျှောက် တပ်ဖွဲ့ဝင်များအလုံးအရင်းနှင့်ချထားသော နှစ်နိုင်ငံဆက်ဆံရေးအပေါ် တင်းမာမှုများ ဖြစ်ပေါ်လာစေခဲ့သည်။ သို့သော် နှစ်ဖက်စလုံးတွင် တပ်ဖွဲ့ဝင်များ ထပ်မံလှုပ်ရှားနေပုံမရကြောင်း သတင်းတွင် ဖော်ပြသည်။

*—Ref: UPI*



7 DAY NEWS JOURNAL

# International

Vol.11, No.4 • MARCH 29 , 2012



Photo - AFP

၂၀၁၂ ဆိုးလ်နျူကလီးယားထိပ်သီးဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးပွဲတစ်ခုတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တရုတ်သမ္မတ ဟူကျင်တောင်တို့ အစည်းအဝေးတစ်ရပ် ပြုလုပ်နေသည်ကို တွေ့ရစဉ်။ မတ်လ ၂၆ ရက်က စတင်ကျင်းပသည့် နျူကလီးယားလုံခြုံရေးထိပ်သီးဆွေးနွေးပွဲတွင် ကမ္ဘာ့ခေါင်းဆောင်အများအပြားတက်ရောက်ပြီး နျူကလီးယားအကြမ်းဖက်မှုဆိုင်ရာ ခြိမ်းခြောက်မှုများကိုထိန်းချုပ်ရန် အဓိကဆွေးနွေးကြသော်လည်း အစည်းအဝေးပြင်ပတွင် မြောက်ကိုရီးယား၏ အဏုမြူအစီအစဉ်များက အာရုံစိုက်စရာဖြစ်နေသည်။

# နျူလက်နက်များအရေး မြောက်ကိုရီးယားနှင့် အီရန်အား အိုဘားမား သတိပေး

**ဆိုးလ်၊ မတ် - ၂၆**

နျူကလီးယားထိပ်သီးဆွေးနွေးပွဲတစ်ရပ်အတွက် တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တွင် ရောက်ရှိနေသော အမေရိကန်သမ္မတ ဘားရက်အိုဘားမားက နျူကလီးယားလက်နက်များကို လက်ရှောင်နေရန် မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့အား သတိပေးပြောကြားလိုက်ပြီး ထိုသို့မဟုတ်ပါက ၎င်းတို့အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏အရေးယူမှုကို ပြင်းပြင်းထန်ထန် ရင်ဆိုင်ရမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံ ဟန်ကွတ်တက္ကသိုလ်တွင် စကားပြောကြားရာ၌ မစ္စတာအိုဘားမားက မြောက်ကိုရီးယားအနေဖြင့် စီစဉ်ထားသော တာဝေးပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ဆက်လက်လုပ်ဆောင်ပါက ၎င်း၏ အထီးကျန်မှုကို ပိုမိုနက်ရှိုင်းသွားစေနိုင်ကြောင်း သတိပေးပြောကြားသည်။

စာ(၄၁)သို့

## ဟောင်ကောင် ခေါင်းဆောင်သစ်ရွေးပွဲ မချောမွေ့

**ဟောင်ကောင်၊ မတ် - ၂၆**

တရုတ်နိုင်ငံနှင့် အနီးကပ်ဆက်ဆံရေးများရှိသူ စီးပွားရေးလုပ်ငန်းရှင် မစ္စတာလျန်ချွန်ဟင်းအား ဟောင်ကောင်၏ အမှုဆောင်အရာရှိချုပ်သစ်အဖြစ်ရွေးချယ်လိုက်ကြောင်း သိရသည်။

အဖွဲ့ဝင်ပေါင်း ၁,၂၀၀ ပါဝင်သော စီးပွားရေးလုပ်ငန်းရှင်များနှင့်နိုင်ငံရေးအတွင်းလူများပါဝင်သောကော်မတီက ဟောင်ကောင်၏ အမှုဆောင်အရာရှိချုပ်သစ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒမဲပေါင်း ၁,၂၀၀ တွင် မစ္စတာလျန်က ၆၈၉ မဲရရှိခဲ့ပြီး စက်မှုလုပ်ငန်းရှင် မစ္စတာဟင်နရီတန်က ဒုတိယနေရာရရှိခဲ့သည်။

အိမ်ထောင်ရေးပြင်ပအရှုပ်အထွေးများ၊ ခြစားမှုစွပ်စွဲချက်များနှင့် မကြုံတွေ့ရမီအထိ မစ္စတာတန်မှာ ဘေဂျင်း၏ ထောက်ခံမှုရရှိသော နိုင်ငံရေးသမားအဖြစ် ရှုမြင်ခံရသူဖြစ်သည်။ ဘေဂျင်းက ဟောင်ကောင်ဒေသအား တစ်နိုင်ငံ စနစ်နှစ်မျိုးဟူသောပုံစံနှင့် အုပ်ချုပ်ပြီး ဟောင်ကောင်အား အထူးစီမံအုပ်ချုပ်ရေးဒေသဟုသတ်မှတ်ထားကာ ဗြိတိသျှကိုလိုနီဟောင်းဒေသ၏ တစ်စိတ်

စာ(၄၁)သို့





## ကန်စစ်သားတစ်ဦး ရမ်းကားပစ်ခတ်မှု အာဖဂန်နစ္စတန်မိသားစုများကို အမေရိကန်လျော်ကြေးပေး

**ကဘူးလ်၊ မတ် - ၂၆**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အမေရိကန်စစ်သားတစ်ဦး၏ စိတ်ရူးပေါက် ပစ်ခတ်မှုကြောင့် သေဆုံးသွားသော ရွာသားတစ်ဦးစီအတွက် ကန်ဒေါ်လာ ၅၀,၀၀၀ နှင့် ဒဏ်ရာရရှိသူတစ်ဦးအတွက် ကန်ဒေါ်လာ ၁၁,၀၀၀

စာ(၄၁)သို့




Photo - Reuters

## ငြိမ်းချမ်းရေး အထူးကိုယ်စားလှယ် ကိုဖီအာနန် ရုရှားမှ တရုတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်

**မော်စကို၊ မတ် - ၂၆**

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများအဆုံးသတ်ရေး ၎င်း၏ကြိုးပမ်းမှုအား ထောက်ခံမှုရရှိရန် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သော နိုင်ငံတကာ ငြိမ်းချမ်းရေးအထူးကိုယ်စားလှယ် ကိုဖီအာနန်သည် မတ်လ ၂၆ရက် တွင် တရုတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။ စာ(၄၁)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.4 • MARCH 29 , 2012

## ဝန်ကြီးများရုံးအတွင်း ခါတ်ပုံဝင်ရိုက်သည့် နိုင်ငံခြားသား ငွေဒဏ်သာချမှတ်

**ဥက္ကာကိုကို**

**ရန်ကုန်၊ မတ်-၂၁**

ရန်ကုန်မြို့ရှိ ဝန်ကြီးများ ရုံးအတွင်းသို့ ကျူးကျော်ဝင်ရောက်၍ ဓာတ်ပုံရိုက်ကူးခဲ့သော အစ္စရေးနိုင်ငံသား Mr.Ariel Tal အားဗိုလ်တထောင်တရားရုံးက ငွေဒဏ်သာချမှတ်ခဲ့ပြီး ကင်မရာကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလျက် တရားသေလွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အစ္စရေးနိုင်ငံသား Mr-Ariel Tal သည် ယခုလ ၈ ရက်မှ ဧပြီ ၅ ရက်အထိ အလည်အပတ်ဗီဇာဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင် ၁၀ ရပ်ကွက်ရှိ Everest ဟိုတယ်တွင် တည်းခိုခဲ့သည်။

၎င်းသည် ယခုလ ၉ ရက် နံနက် ၁၁နာရီခွဲခန့်တွင် ဝန်ကြီးများရုံးအတွင်းသို့ မဟာဗန္ဓုလလမ်းဘက်အခြမ်းမှ ကျော်ဝင်ကာ ဓာတ်ပုံရိုက်ကူးခဲ့သည်။ ကျူးကျော်ဝင်ရောက်လာသော Mr.Ariel Tal ကို ဝန်ကြီးများရုံးအတွင်း တာဝန်ကျနေသော ရဲတပ်ရင်း(၉)မှ တပ်သားရဲရင့်အောင်မှ တွေ့ရှိဖမ်းဆီးခဲ့ပြီး ယင်းရဲတပ်ရင်းမှ ဒုရဲအုပ် ဇေယျာဦးက ဗိုလ်တထောင် တရားရုံးတွင် အမှုဖွင့်တရားစွဲဆိုခဲ့သည်။

Mr.Ariel Tal ကိုပြစ်မှုအမှတ်(၄၉/ ၂၀၁၂၊ ၅၀/ ၂၀၁၂) အရ လဝက(၁၃-၁)၊ ကန့်သတ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်မှုအဖြစ် ပုဒ်မ-၄၄၈ ဖြင့် စတင်တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်မှုဖြင့် ပုဒ်မ-၄၄၇ သို့ ပြောင်းလဲခဲ့သည်။

အမှုကို ယခုလ ၁၂ ရက်တွင် ပထမအကြိမ် စစ်ဆေးကြားနာခဲ့ပြီး ဒုတိယအကြိမ်အပြီးသတ်အဖြစ် ယခုလ ၂၀ ရက် နေ့လယ် ၃နာရီ မိနစ် ၅၀ မှ ၄ နာရီ ၁၀မိနစ်အထိ ကြားနာခဲ့ကာ အမိန့်ချမှတ်ခဲ့သည်။

ချမှတ်လိုက်သောအမိန့်မှာ ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဝင်ရောက်မှု(ပုဒ်မ-၄၄၇)အတွက် ငွေဒဏ်ငါးရာကျပ်ပေးဆောင်ရန်နှင့်မပေးဆောင်နိုင်ပါကပြစ်ဒဏ်၁၅ရက်ကျခံစေရန်၊ဗီဇာစည်းကမ်းဖောက်ဖျက်မှု(လဝက-၁၃-၁)အတွက် ငွေဒဏ်ငါးသောင်းကျပ် ပေးဆောင်ရန်နှင့်မပေးဆောင်နိုင်ပါကထောင်ဒဏ်ခြောက်လကျခံစေရန်ဖြစ်သည်။

ထို့အပြင် Mr.Ariel Tal နှင့်အတူ လက်ဝယ်တွေ့ရှိခဲ့သည့် ကင်န်နွန်အမျိုးအစားကင်မရာကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။

Mr-Ariel Tal သည် ပတ်စ်ပို့နံပါတ် (၁၁၆၈၃၉၁၄) နှင့် ဗီဇာအမှတ်(၄၆၉၆၈၈)ကိုင်ဆောင်ထားသူဖြစ်ပြီး တရားရုံးကချမှတ်လိုက်သောငွေဒဏ်များကိုပေးဆောင်ခဲ့သဖြင့် ၎င်း၏ ပတ်စ်ပို့ကိုပြန်လည်ပေးအပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

## ဟိုတယ်အသင်းဥက္ကဋ္ဌ ဦးခင်ရွှေမဟုတ်တော့

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၂၆**



မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်ပြန်လည်ရွေးချယ်ရာတွင် လေးကြိမ်ဆက်တိုက်ဥက္ကဋ္ဌလုပ်ခဲ့သူ ဦးခင်ရွှေမှာ ဥက္ကဋ္ဌရာထူးပြန်လည် ရွေးချယ်ခြင်းမခံရတော့သော်လည်း နာယကအဖြစ်ရှိနေမည်ဖြစ်ကြောင်း ယခုနှစ် အသင်းရွေးကောက်ပွဲတွင်တွဲဖက်အတွင်းရေးမှူး-၃ ရာထူးရရှိခဲ့သော ဦးကျော်ဒွန်းကပြောသည်။

ပဉ္စမမြောက် ဗဟိုအလုပ်အမှုဆောင်ပြန်လည်ရွေးချယ်ရာတွင် ဥက္ကဋ္ဌအဖြစ် ဦးရန်ဝင်း (A1 ဆောက်လုပ်ရေး)၊ ဒု-ဥက္ကဋ္ဌ-၁ ဦးခင်မောင်အေး(CB Bank)၊ ဒု-ဥက္ကဋ္ဌ-၂ဦးခင်မောင်ရင်၊ဒု-ဥက္ကဋ္ဌ-၃ ဦးလှမောင်ရွှေ၊ ဒု-ဥက္ကဋ္ဌ-၄ ဒေါက်တာနေဇင်လတ်၊အထွေထွေအတွင်းရေးမှူးအဖြစ် ဦးကြည်သိန်းကိုအပါအဝင် ဗဟိုအလုပ်အမှုဆောင် ၈၂ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်ဟု မန္တလေးဇုန် အတွင်းရေးမှူး ဦးခင်မောင်ဆွေကပြောသည်။

"မဲစနစ်နဲ့ ရွေးတာတော့ မဟုတ်ဘူး။ ရန်ကုန်ဇုန်က ဒေါက်တာနေဇင်လတ်က အဆိုတင်တာ။ ကျွန်တော်နဲ့ ဦးနေအောင်က ထောက်ခံလိုက်တယ်။ ကန့်ကွက်မယ့်သူမရှိတာနဲ့ ဦးရန်ဝင်းဖြစ်လာတာ"ဟု ဦးခင်မောင်ဆွေကပြောသည်။

ဥက္ကဋ္ဌသစ်ဖြစ်လာသော ဦးရန်ဝင်းမှာ နေပြည်တော်တွင် မင်္ဂလာသီရိဟိုတယ်၊မြိတ်ကျွန်းစုတွင် ဟိုတယ်တစ်လုံးနှင့် ရန်ကုန်မြို့ရှိ Panorama (ရှယ်ယာဝင်) အဖြစ် လုပ်ကိုင်လျက်ရှိပြီး A1 ဆောက်လုပ်ရေးလုပ်ငန်း၏ အကြီးအကဲဖြစ်သည်။ ဦးခင်ရွှေမှာ မြန်မာခရီးသွားလုပ်ငန်းအဖွဲ့ (MTB) ၏ လက်ရှိဥက္ကဋ္ဌဖြစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည်။

## ကချင်ပြည်နယ်မဲဆန္ဒနယ်သုံးနေရာ ရွေးကောက်ပွဲကျင်းပရက် ရွှေ့ဆိုင်း

**အိဖြူလွင်**

**ရန်ကုန်၊ မတ်-၂၅**

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲကို ကချင်ပြည်နယ်တွင် ကျင်းပရန် ရက်ရွှေ့ဆိုင်းလိုက်သော်လည်း ပြန်လည်ကျင်းပမည့်ဟု မျှော်လင့်ကြောင်း တိုက်ပွဲဖြစ်ပွားရာ နယ်မြေများနှင့် အလှမ်းဝေးသော မဲဆန္ဒနယ်တစ်ခုဖြစ်သည့် မိုးကောင်းမဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါက်တာတူးဂျာကပြောကြားသည်။**

ကချင်ပြည်နယ်ရှိ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များဖြစ်သောဖားကန့်၊မိုးကောင်း၊ဗန်းမော်မြို့နယ် ၃ခုတွင် လုံခြုံရေး အခြေအနေအရ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းမည်ဟု ယခု ၂၃ ရက်ညတွင် ကြေညာခဲ့သည်။

ထိုဒေသများ၌ ယခုရက်ပိုင်းတွင်တိုက်ပွဲဖြစ်ပွားမှု သတင်းများကို ရေဒီယိုသတင်းများအရ ယခင်ရက်ပိုင်းများလောက် များပြားခြင်း မရှိဟု ကေအိုင်အေ အဖွဲ့၏ ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သော ဒေါက်တာတူးဂျာကပြောသည်။

ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီမှ ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက "ကျွန်တော်တို့ပါတီက ကိုယ်စားလှယ် နှစ်ယောက်ပြိုင်မှာပါ။ အဲဒီဒေသမှာ စည်းရုံးရေးတွေလည်း တော်တော်လေးလုပ်ပြီးပြီ။ အောင်နိုင်ဖို့လည်း များတယ်ပေါ့လေ။ စည်းရုံးရေးဆင်းတဲ့ အချိန်မှာတော့ တခြားပြဿနာ အနှောင့်အယှက်တွေ မကြားမိပါဘူး" ဟု ပြောကြားခဲ့သည်။

ဒေါက်တာတူးဂျာကလည်း "ကျွန်တော်တို့ စည်းရုံးရေးသွားတဲ့အခါမှာတော့ ပြဿနာဘာမှ မရှိပါဘူး။ ခုအချိန်မှာ လုံခြုံရေးကိစ္စက ပြဿနာမရှိဘူးလို့ ကျွန်တော်တို့က သိပေမယ့် အစိုးရကတော့ ကျွန်တော်တို့ထက် ပိုသိမှာပါ။ ဒါကြောင့် ရွှေ့ဆိုင်းတယ်လို့ပဲ ထင်ပါတယ်။ လုံးဝပျက်ပြယ်သွားတာ မဟုတ်ဘူးဆိုတဲ့အတွက်တော့ ကိုယ်ဘက်က ဘယ်အချိန်မှာပြန်လုပ်လုပ် အသင့်ဖြစ်အောင် ပြင်ဆင်ရမှာပါ" ဟု ပြောကြားခဲ့သည်။

ကချင်ပြည်နယ်ရှိ မဲဆန္ဒနယ် ၃ ခုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အပါအဝင် ပါတီ ၅ ခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကချင်ပြည်နယ်တွင်လစ်လပ်မဲဆန္ဒနယ်သုံးခုကို ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာအရေအတွက်မှာ ၄၀ မှ ၃၇ နေရာအတွက်သာ ဧပြီ ၁ ရက်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ရတော့မည်ဖြစ်သည်။

မိုးညှင်းခရိုင်မှ ဒေသခံတစ်ဦးက လုံခြုံရေး အခြေအနေသည် ယခုရက်ပိုင်းတွင် ထူးထူးခြားခြားဆိုးဝါးလာသည်ဟု မကြားမိဘဲ ထိစပ်နယ်နိမိတ်များတွင် တိုက်ပွဲဖြစ်ပွားမှုများ ရှိနေသေးသော်လည်း ယခင်ရက်များနှင့် ယှဉ်ပါက လျော့နည်းလာသည်ဟု ပြောကြားခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ကချင်ပြည်နယ်တွင် ရက်ရွှေ့ဆိုင်းခြင်း မကြေညာမီ ၃ ရက်က ဒေသမှ လွှတ်တော်ကိုယ်စားလှယ်လောင်းမျလားနှင့် တွေ့ဆုံ ခဲ့စဉ်က လုံခြုံရေးအခြေအနေစိတ်ချရမှုနှင့်ပတ်သက်၍ ထူးထူးခြားခြား ပြောဆိုသွားခြင်း မရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပြောကြားသည်။

## သဃ်န်းကျွန်းဈေးသစ် နေရာပြန်လည်ပေးရာတွင် မူလဆိုင်ခန်းပိုင်ရှင်များ နစ်နာမှုနှင့် ကြုံတွေ့နေရ

**ကိုကိုကြီး**

**ရန်ကုန်၊ မတ် - ၂၅**

သဃ်န်းကျွန်းဈေးသစ်ကြီး ပြန်လည်တည်ဆောက်နေရာချထားရာ၌ဆိုင်ခန်းရှင်များပိုင်ဆိုင်သည့် ဧရိယာအကျယ်အဝန်း လျော့နည်းခြင်း၊ ယခင်ဆိုင်ခန်းများ နေရာအတိုင်းပြန်လည်မရရှိခြင်းတို့နှင့် ကြုံတွေ့နေရကြောင်းဆိုင်ခန်းပိုင်ရှင်များကပြောသည်။

ယင်းဈေးကြီးတွင် မူလရောင်းချသည့်ဆိုင်ခန်းပိုင်ရှင်များအား ပြန်လည်နေရာချထားပေးရာတွင်အကွက်ပုံစံ-၁နှင့်အကွက်ပုံစံ-၂ဖြစ်ပေါ်လာကြောင်း၊ပုံစံ-၁ သည်အများဆန္ဒဖြင့်ရွေးချယ်ထားခြင်းမရှိသည့် ဈေးသာယာရေးအဖွဲ့က ရေးဆွဲခြင်းဖြစ်ပြီး၊ ပုံစံ-၂ သည်ယင်းဈေးကိုတာဝန်ယူဆောက်လုပ်နေသည့်အောင်ကောင်းကျော်ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်သည့်ပုံစံဖြစ်ကြောင်း ပုံစံ-၁ တွင်ငါးပေပတ်လည်မူလဆိုင်ခန်းပိုင်ရှင်များအား မူလအကျယ်အတိုင်း ပြန်လည်သတ်မှတ်ထားသော်လည်း ၁၀ ပေအကျယ်ရှိ ဆိုင်ခန်းပိုင်ရှင်များအား ၅ပေ× ၇ပေခွဲသာပေးထားကြောင်း၊ပုံစံ-၂ သည် ၅ပေ နှင့် ၁၀ ပေပတ်လည် ဆိုင်ခန်း ပိုင်ရှင်အသီးသီး ရပိုင်ခွင့်အတိုင်း ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပုံစံ-၁တွင် ဆိုင်ခန်းနေရာချထားပေးရာ၌ မူလဆိုင်ခန်းရှင်များပိုင်ဆိုင်ထားသည့်ဆိုင်ခန်းအတွဲများအလိုက် ပြန်လည်ချပေးခြင်းမဟုတ်ဘဲ အချို့ဆိုင်ခန်းများကို နေရာခွဲပြီးချထားပေးမည့်အခြေအနေဖြစ်ကြောင်း သိရသည်။

"ဈေးသာယာရေးအဖွဲ့ဆိုတာ အင်န်ဂျီအိုအဖွဲ့အစည်းပဲ။ လုပ်ပိုင်ခွင့်မရှိဘူး။ လုပ်ရမှာက စည်ပင်က လုပ်ရမှာ"ဟု ယင်းဈေးတွင် နှစ် ၂၀ ကျော် ဆိုင်ခန်းဖွင့်လှစ်သူတစ်ဦးကပြောသည်။

"မျက်နှာစာတန်း ဈေးဆိုင်ပိုင်ရှင်တွေကို မူလနေရာအတိုင်း ပြန်လည်နေရာချထားပေးဖို့လိုတယ်။ ရှိတဲ့အကျယ် ၁၀ ပေပတ်လည်ကို၅ပေ×၇ပေခွဲပဲပေးတယ်။ ဟိုချောင်ထိုး၊ ဒီချောင်ထိုးဆိုတော့ နစ်နာတဲ့အပြင် ပိုပြီးဆုံးရှုံးမှုဖြစ်တယ်"ဟုဆိုင်ခန်းပိုင်ရှင် တစ်ဦးကပြောသည်။

ယခုကဲ့သို့ဆိုင်ခန်းပြန်လည်ချထားရာတွင် နစ်နာသည့် ၁၀ ပေပတ်လည်ဆိုင်ခန်းများသည် ဈေးဟောင်း မီးလောင်ရာ၌ မီးဘေးမှလွတ်ကင်းခဲ့သည့်ဆိုင်များဖြစ်သော်လည်း နေရာပြန်ချရာတွင် ဆုံးရှုံးမှုနှင့်ကြုံတွေ့ရခြင်းဖြစ်သည်။

ဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၇၈၆ ခန်းရှိပြီး၊ ငါးပေပတ်လည်ဆိုင်ခန်း ၇၄၀ ရှိပြီး၊ ၁၀ ပေပတ်လည်ဆိုင်ခန်း ၄၆ ခန်းရှိသည်။ ၁၀ ပေပတ်လည်ဆိုင်ခန်းများ သည် ဈေးမျက်နှာစာတန်းတွင် မူလကဖွင့်လှစ်ရောင်းချသည့်ဆိုင်ခန်းများဖြစ်သည်။ ဈေးသာယာရေးအဖွဲ့တွင်ပါဝင်သူများသည်ငါးပေပတ်လည် ဆိုင်ခန်းများကို ပိုင်ဆိုင်သူများဖြစ်ပြီး ရွှေဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်သည်။

"ကိုယ့်မိဘ လက်ထက်ကတည်းက နှစ် ၂၀၊ ၃၀ ပိုင်ဆိုင်ခဲ့တဲ့ ပိုင်ဆိုင်မှုကို မဲခွဲဆုံးဖြတ်တယ်ဆိုတာ မတရားဘူး"ဟု ဆိုင်ခန်းပြန်လည်နေရာချထားရာတွင်နစ်နာမှုနှင့်ကြုံတွေ့ရသည့် ဒန်အိုးဆိုင်ဖွင့်လှစ်ရောင်းချသူတစ်ဦးက ပြောသည်။

ဈေးဧရိယာသည် ၆,၄၀၇၀ စတုရန်းပေရှိပြီး ယခု ဆောက်လုပ်ချိန်တွင် ၄၇,၀၄၇ စတုရန်းပေသာ တည်ဆောက်ထားသည်။ ကျန်ရှိသည့် ၁၇,၁၂၅ စတုရန်းပေတွင် သားငါး၊ စားသောက်ကုန်နှင့်ကုန်စိမ်းပစ္စည်းများကို ဈေးပိတ်ရက်များတွင် ဖွင့်လှစ်ရောင်းချနိုင်ရန် ယင်းလုပ်ငန်းဖွင့်လှစ်လုပ်ကိုင်သူများက တောင်းဆိုထားကြောင်း သိရသည်။

ယင်းဈေးသည် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင်မီးလောင်ခဲ့ပြီး ယခုအချိန်၌ ကုမ္ပဏီက တည်ဆောက်မှုသည်၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ဆိုင်ခန်းနေရာချထားပေးခြင်းအား ကျေနပ်မှုမရခြင်းကြောင့် ဈေးကြီးပြန်လည်ဆောက်မှုကြန့်ကြာနိုင်ကြောင်း သိရသည်။

"ဈေးဌာနမှူးအနေနဲ့ တာဝန်ယူဖြေရှင်းပေးရမယ်။ အဲဒါ အဓိကပဲ"ဟု ဆိုင်ခန်းပိုင်ရှင်တစ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# ကမ္ဘာကိုမှတ်ကျောက်တင်ခံမယ့်ပွဲ

**အားမာန်**

လွှတ်တော်ကိုယ်စားလှယ် ၄၈ နေရာအတွက် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံတကာမီဒီယာများ၏ စိတ်ဝင်စားမှုအထူးမြင့်တက်နေသည်။ ဤအချက်ကို မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအကြို သတင်းများမှာ ကမ္ဘာ့သတင်းများတွင် ဦးစားပေးဖော်ပြခံနေရခြင်းနှင့် နိုင်ငံတကာမှ သတင်းထောက်များက ပုံစံမျိုးစုံဖြင့်လာရောက်၍ ရွေးကောက်ပွဲအကြိုသတင်းများရယူရန်ကြိုးပမ်းမှုများက ထင်ရှားစေသည်။

"ဘာလို့နိုင်ငံတကာမီဒီယာက စိတ်ဝင်စားလဲဆိုရင် အချက်နှစ်ချက်ရှိပါတယ်။ တစ်အချက်ကတော့ ဒေါ်အောင်ဆန်းစုကြည် ဝင်ပြိုင်လို့ပေ့ါ။ သူမကို တစ်ကမ္ဘာလုံးက ချစ်ခင်မြတ်နိုးပြီး လေးစားအတုယူရတဲ့သူဖြစ်လို့ အားလုံးရဲ့အာရုံက သူ့ဆီမှာ ရှိနေတယ်။ နောက်တစ်ချက်က ကြားဖြတ်ရွေးကောက်ပွဲက အစိုးရသစ်အတွက် စမ်းသပ်မှုတစ်ခုပဲ။ အစိုးရအသစ်က နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်နေတယ်။ ရွေးကောက်ပွဲက သေးပေမယ့် တရားမျှတလွတ်လပ်မလားဆိုတာ ကြည့်ရမယ်။ တကယ်လို့သာ ဒီစမ်းသပ်မှုအောင်မြင်ရင် ဥရောပက ပိတ်ဆို့မှုတွေ မြန်မြန်ဆန်ဆန်ရုပ်သိမ်းလိမ့်မယ်။ နောက်အမေရိကန်က ပိတ်ဆို့မှုတွေ ရုပ်သိမ်းလာလိမ့်မယ်။ ဒါကြောင့် ဒီရွေးကောက်ပွဲက အရမ်းအရေးကြီးတယ်" ဟု တိုင်းမ်မဂ္ဂဇင်းဆောင်းပါးရှင်နှင့်ရိုက်တာသတင်းဌာန သတင်းထောက် အင်ဒရူးမာရှယ်က ပြောသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း ၁၁၅၉ အတွက် ပါတီများ၊ ကိုယ်စားလှယ်လောင်းများက အပြိုင်နွှဲခဲ့ကြသည်။ သို့သော် ကြားဖြတ်ရွေးကောက်ပွဲတွင်မူ ပြည်သူ့လွှတ်တော်နေရာ ၄၀၊ အမျိုးသားလွှတ်တော်၆နေရာနှင့် တိုင်းဒေသကြီးလွှတ်တော် နှစ်နေရာ စုစုပေါင်း ၄၈ နေရာသာရှိသည်။ ထိုအထဲမှ ၃နေရာရွှေ့ဆိုင်း၍ ၄၅ နေရာသာ ကျန်သည်။

အမေရိကန်၊ ဥရောပသမဂ္ဂအပါအဝင် ဒီမိုကရေစီအရေးအထူးစိတ်ဝင်စားသော နိုင်ငံများကလည်း ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲကို စိတ်ဝင်တစားအနီးကပ်စောင့်ကြည့်နေသည်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများထားရှိသော ဥရောပသမဂ္ဂက ကြားဖြတ်ရွေးကောက်ပွဲမှာ တရားမျှတလွတ်လပ်လျှင် ၎င်းတို့၏ ပိတ်ဆို့အရေးယူမှုများကို ပယ်ဖျက်ပေးရန် သေချာသလောက်ရှိနေသည်။ အလားတူ အမေရိကန်ကလည်း မြန်မာအစိုးရက ကြားဖြတ် ရွေးကောက်ပွဲကို တရားမျှတ လွတ်လပ်စွာ ကျင်းပပေးနိုင်လျှင် ၎င်းတို့၏ ပိတ်ဆို့အရေးယူမှုများကို တစ်ဆင့်ချင်း ဖြေလျှော့ရန် မီးစိမ်းပြထားသည်။

ဂျပန်အစိုးရကလည်း၎င်းတို့ မျှော်မှန်းသော အဖြေထွက်လျှင် မြန်မာနိုင်ငံသို့ ODA အကူအညီများပြန်လည်ပေးမည်ဟု ဂျပန်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောထားသည်။ ၎င်းတို့ မျှော်မှန်းသောအဖြေမှာ တရားမျှတ လွတ်လပ်သော ကြားဖြတ်ရွေးကောက်ပွဲဖြစ်၏။

"ကြားဖြတ်ရွေးကောက်ပွဲက အဓိကပဲ။ တစ်ကမ္ဘာလုံးကလည်း စောင့်ကြည့်နေတယ်"ဟု ဂျပန်သံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"၄၈ နေရာက နေရာနည်းသော်လည်း အရမ်းအရေးကြီးပါတယ်။ အရေးကြီးတယ်ဆိုတာ ဒါကတိုင်းပြည်ရဲ့ ပုံရိပ်ပဲလေ။ ကျွန်တော်တို့ကိုယ်တိုင်က Free & Fair Election ဖြစ်ဖို့ပြောနေတာ။ ကျွန်တော်လည်း တွေ့သမျှနယ်ကပြည်ခိုင်ဖြိုးတွေကိုလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ Free & Fair Election ဖြစ်အောင်လုပ်ကြ၊ မဟုတ်တာမလုပ်ကြနဲ့။ တွေ့တဲ့ပြည်ခိုင်ဖြိုးတိုင်းဝင်ရောက်ယှဉ်ပြိုင်မယ့် လူတိုင်းကို ပြောနေတာ။ Free & Fair Election ဖြစ်ဖို့က လိုကိုလိုတယ်။ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာအတွက်ပါ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ကြားဖြတ်ရွေးကောက်ပွဲ အရေးကြီးပုံကို မှတ်ချက်ပေးသည်။ ဦးအေးမောက်မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပုသိမ်မြို့ မြို့တော်ခန်းမတွင် မတ်လ ၂၄ ရက်က အမှာစကားပြောကြားရာ၌ ကြားဖြတ်ရွေးကောက်ပွဲကို တရားမျှတလွတ်လပ်ရန် ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍လည်း ပြောကြားခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲကို ကော်မရှင်က လွတ်လပ်တရားမျှတသန့်ရှင်းရန် အစွမ်းကုန်ဆောင်ရွက်နေပြီး၊ အစိုးရကလည်း မှတ်ကျောက်တင်ခံရန် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်သူများကို ဖိတ်ခေါ်ထားသည်။ အစိုးရသစ်လက်ထက်၌ ပထမဆုံးကျင်းပမည့်ဤရွေးကောက်ပွဲကိုတစ်ကမ္ဘာလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြမည်ဖြစ်၍ နိုင်ငံတကာမှ စောင့်ကြည့်မည့် ကြားဖြတ်ရွေးကောက်ပွဲ လွတ်လပ်တရားမျှတပြီး သန့်ရှင်းစင်ကြယ်ရန်အတွက် မိမိတို့နိုင်ငံသားအားလုံးက ပံ့ပိုးကူညီရန်လိုကြောင်းလည်း သမ္မတက ထည့်သွင်းပြောကြားခဲ့သည်။

အစိုးရက ယခုတစ်ကြိမ်ရွေးကောက်ပွဲအတွက် နိုင်ငံတကာမှ လေ့လာစောင့်ကြည့်သူများကို ဖိတ်ခေါ်ထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း မဲစာရင်းကွာဟမှုများဖြစ်ပေါ်နေသော မဲဆန္ဒနယ်များတွင် နိုင်ငံရေးပါတီများနှင့် ပူးပေါင်း၍ မဲစာရင်း ပြင်ဆင်ဖြည့်စွက်ပေးနေသည်။ ထို့အပြင် ယခုအကြိမ်တွင် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီအများအတွက် ကန့်သတ်ချုပ်ချယ်မှုများမရှိသလောက် နည်းပါးခဲ့ကြောင်း နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကပြောသည်။ ထိုအခြေအနေများမှာ ၂၀၁၀ ရွေးကောက်ပွဲတွင် မကြုံခဲ့ရပေ။

သို့သော် ရွေးကောက်ပွဲအကြိုကာလတွင်ကြုံတွေ့ရသော အဖြစ်အပျက်အချို့ကြောင့် နိုင်ငံရေးပါတီများပူပန်နေသောအချက်များလည်းရှိနေသည်။

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များတွင် ပါဝင်သော ဒေသအချို့၌ ယခုရက်ပိုင်းအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်လောင်းများနှင့် ပတ်သက်၍ ပုဂ္ဂိုလ်ရေးအပုပ်ချသော လက်ကမ်းစာစောင်နှင့်စာအုပ်ငယ်များ ပျံ့နှံ့နေသည်။ မည်သူက စတင်ဖြန့်ချိသည်မသိရသော်လည်း Myanmar Express အွန်လိုင်းစာမျက်နှာပေါ်မှ ကိုယ်စားလှယ်လောင်းတစ်ဦးကို လူမှုရေးဖောက်ပြန်သည်ဟု စွပ်စွဲချက်ဖြင့် ပုတ်ခတ်ဝေဖန်သည့်စာများကို ကူးယူ၍ မြို့နယ်အချို့၌ ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

မတ်လလယ်တွင် နေပြည်တော်သို့ စည်းရုံးရေးဆင်းသော ဒီချုပ်ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့မှ အမျိုးသမီးငယ်တစ်ဦးမှာ လေးခွဖြင့် အပစ်ခံရ၍ ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့သည်။

နွားထိုးကြီးမြို့နယ်တွင်ပြည်ခိုင်ဖြိုးပါတီတာဝန်ရှိသူက အောင်နိုင်ရေးစည်းရုံးဟောပြောမှုတစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည်ကို အဖွားကြီးဟူ၍လည်းကောင်း၊ အမျိုး သား ဒီမိုကရေစီအဖွဲ့ချုပ်ကို ထောင်ထွက်လူဆိုးလူမိုက်အဖွဲ့ဟူ၍ လည်းကောင်း၊ ဒီချုပ်လွှတ်တော်ကိုယ်စားလှယ်လောင်းအားနွားထိုးသားဟူ၍လည်းကောင်း ပြောဆိုခဲ့သည်။ ထို့သို့ ဥပဒေနှင့်မညီလုပ်ကိုင်မှုကြောင့်နွားထိုးကြီးမြို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က မြို့နယ်ကော်မရှင်သို့ကန့်ကွက်တိုင်ကြား၍ မြို့နယ်ပြည်ခိုင်ဖြိုးပါတီမှ တာဝန်ရှိသူများနောင်တွင်ဥပဒေနှင့်အညီဟောပြောမည့်အကြောင်း ခံဝန်လက်မှတ်ရေးထိုးခဲ့ရကြောင်း ယခုတစ်ပတ်ထုတ် True News ဂျာနယ်တွင် ဖော်ပြထားသည်။

တိုက်ဆိုင်မှုမှာ မဲဆန္ဒနယ်အချို့တွင်ဖြစ်ပွားခဲ့သော ခြိမ်းခြောက်မှုများ၊ ပုဂ္ဂိုလ်ရေးအပုပ်ချမှုများ စသည်တို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များမှာ ပစ်မှတ်ဖြစ်နေသည်။

ပါတီများ၏ အဓိကပူပန်မှုများမှာလည်းမဲစာရင်းလွဲမှားမှုများနှင့် ထပ်တိုးမဲများဖြစ်သည်။ "ပြီးခဲ့တဲ့ သုံးလေးရက်မှာ ခရိုင်ကော်မရှင်က ကျွန်တော်တို့ကိုခေါ်တွေ့တယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ကြိုတင်မဲ နာမည်ပျက်ခဲ့တယ်။ အခုကျတော့ ကြိုတင်မဲမရှိတော့ဘူး။ ကြိုတင်မဲမရှိပေမယ့် နောက်တိုးမဲဆိုတာတစ်ခုပေါ်နေတယ်။ ကော်မရှင်ကို နောက်တိုးမဲဆိုတဲ့ စာရင်းတွေလာပေးတယ်တဲ့။ မဲစာရင်းမှာမပါတဲ့ နောက်တိုးမဲတွေကို ခွင့်ပြုရမယ်လို့ပြောတယ်။ နောက်တိုးမဲက ဘယ်လောက်တောင် ရှိလည်းဆိုရင် ကျွန်တော်တို့ရဲ့ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှာဆိုရင် ၄,၀၀၀ လောက်ရှိတယ်။ ရဲတွေရဲ့ နောက်တိုးမဲကလည်း တောင်ညွန့်မှာ ၉၀ လောက်ရှိတယ်။ ဒဂုံဆိပ်ကမ်းမှာလည်း နောက်တိုးမဲက အရပ်သား ၁,၀၀၀ လောက်၊ ရဲတွေက ၁၁၀ လောက်ရှိတယ်။ ဆိုတော့ နောက်တိုးမဲတွေက အများကြီးပဲ"ဟုမင်္ဂလာ တောင်ညွန့်မြို့နယ်မှဝင်ရောက်ယှဉ်ပြိုင်မည့် ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီခေါင်းဆောင်ဦးခင်မောင်ဆွေကလည်း မဲဆန္ဒနယ်တွင် ပါဝင်သော မြို့နယ်အချို့သို့ မဲဆန္ဒနယ်ပြင်ပအခြားမြို့နယ်များမှ လူဦးရေစာရင်းများ ပြောင်းလာခြင်းများရှိသည်ဟုဆိုသည်။ ထို့အပြင် ရွေးကောက်ပွဲအကြိုကာလ၌ သတင်းမီဒီယာများက ပါတီကြီးအချို့ကိုသာ ဦးစားပေးဖော်ပြပြီး ဘက်လိုက်မှုများရှိနေသည်ဟု ဦးခင်မောင်ဆွေက မှတ်ချက်ပြုသည်။

"သတင်းလွတ်လပ်ခွင့်တွေကို ပြောနေပြီးတော့မှ သူတို့ကိုယ်တိုင်က ပြည်သူတွေကို သတင်းလွတ်လပ်ခွင့်ပိတ်ပင်တဲ့အနေနဲ့ ပါတီကြီး အချို့ကိုပဲ စန်းတင်ပြီးတော့ ကျန်တဲ့ပါတီတွေကို ချန်ထားတာမျိုးရှိတယ်။ အဲဒီလို ပုံစံမျိုးမဖြစ်အောင်လည်း စောင့်စည်းဖို့လိုတယ်လို့ ပြောချင်ပါတယ်"ဟု ဦးခင်မောင်ဆွေကပြောသည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုကိုကြီးကလည်း ကြားဖြတ်ရွေးကောက်ပွဲတွင် တရားမျှတလွတ်လပ်မှုမှာရလဒ်ထက်အရေးကြီးကြောင်း မှတ်ချက်ပေးသည်။

"ကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ့် ၄၈ နေရာဆိုတာမပြောပလောက်ပေမယ်လို့ ဒေါ်အောင်ဆန်းစုကြည်ပါဝင်မယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဝင်ရောက်ယှဉ်ပြိုင်တဲ့အတွက် ထူးခြားတဲ့ရွေးကောက်ပွဲဖြစ်ပါတယ်။ နိုင်တဲ့မဲအရေအတွက်ထက် ပိုအရေးကြီးတာက ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီအုတ်မြစ်ချဖို့အတွက် သမ္မတကြီးရဲ့မိန့်ခွန်းထဲမှာလည်းပါဝင်တဲ့ အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးဖြစ်စဉ်အဲဒါကို စပြီးစမ်းသပ်မယ့်တာထွက်ခြေလှမ်းဖြစ်တယ်။ အဲဒီခြေလှမ်းဟာ ဘယ်လောက်ပွင့်လင်းမှု၊ ထင်သာမှုရှိသလဲ၊ ဘယ်လောက်တရားမျှတမှုရှိသလဲဆိုတဲ့ ဒီမိုကရေစီအနှစ်သာရက ရွေးကောက်ပွဲမှာ အောင်နိုင်တဲ့မဲဆန္ဒနယ်အရေအတွက်ထက် ပိုအရေးကြီးပါတယ်"ဟု မတ်လ ၂၃ ရက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များမှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ကွန်ရက်ဖွဲ့စည်းထားသည်။

ရွေးကောက်ပွဲတရားမျှတလွတ်လပ်လျှင် အထက်တွင် ဆိုခဲ့သည့်အတိုင်း အမေရိက၊ ဥရောပ၊ ဂျပန်အပါအဝင် ကမ္ဘာ့နိုင်ငံများမှ အကူအညီများစွာရမည်ဖြစ်သည်။ ထို့အပြင် အစိုးရအဓိကလိုလားသော နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှုကို ခံရမည်ဖြစ်ပြီး၊ နှစ်ပေါင်းများစွာခေတ်နောက်ကျပြီး အထီးကျန်နေခဲ့ရသော နိုင်ငံမှာ ကမ္ဘာ့အလယ်တွင် ခေါင်းမော့ရင်ကော့နိုင်မည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများကပြောသည်။

တပ်မတော်အုပ်ချုပ်မှုမှ ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းနေသော ခြေလှမ်းများမှာလည်း နိုင်ငံတကာ၏ အားပေးထောက်ခံမှုများနှင့်အတူ ပိုမိုခရီးရောက်လာမည်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ ကြားဖြတ်ရွေးကောက်ပွဲမှာ တရားမျှတလွတ်လပ်မှုမရှိခဲ့လျှင်မူ. . . .

"လွှတ်တော်နိုင်ငံရေးတည့်နေသမျှကာလပတ်လုံးကတော့ နောက်ကြောင်းပြန်လှည့်ဖို့တော့ခက်တယ်ဗျ။ သို့သော်လည်းပဲ ရှေ့တိုးဖို့လည်းမလွယ်ဘူးဗျ။ ဘာကြောင့်လည်းဆိုတော့ ကြားဖြတ်ရွေးကောက်ပွဲ မအောင်မြင်ဘူး၊ တရားမျှတမှုမရှိဘူးဆိုရင် နိုင်ငံတကာပိတ်ဆို့မှုတွေဆက်ရှိပြီး၊ အကူအညီပေးတာတွေကောရပ်သွားမှာပဲလေ။ အဲတော့ ဒုံရင်းဒုံရင်းပြန်ဆိုက်မယ်"ဟု ဦးခင်မောင်ဆွေက ပြောသည်။

**တစ်ဖက်သို့**

## သီလဝါဆိပ်ကမ်းမီးလောင်မှု ကန်ဒေါ်လာ ငါးသန်းခန့် ဆုံးရှုံး

**အိဖြူလွင်၊ အေးမြတ်သူ၊ ကြူကြူဟန်**

**ရန်ကုန်၊ မတ်- ၂၆**

ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါတွင် ဆေးလိပ်တိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ဆိပ်ကမ်းဝင်းအတွင်းစုပုံထားသော အမေရိကန်ဒေါ်လာငါးသန်းခန့်တန်ဖိုးရှိ သစ်လုံးတန်ချိန် ခုနစ်ထောင်ခန့် မီးလောင်ဆုံးရှုံးသွားသည်ဟု ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်လောင်ကျွမ်းခဲ့သော မီးသည် ၁၄ နာရီခန့်ကြာအောင် လောင်ကျွမ်းခဲ့ပြီး မတ် ၂၇ ရက် နံနက် ၆ နာရီမှ ငြိမ်းသွားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

မီးလောင်မှုသည် ဆိပ်ကမ်းဝင်း၏ အရှေ့တောင်ထောင့်ကိုင်းတောအတွင်း၌ လမ်းသွားသူတစ်ဦး ဆေးလိပ်တိုမီးပစ်ချခဲ့ရာမှ ကျောက်မီးသွေးပုံနှင့် သစ်လုံးပုံများသို့ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အဆိုပါ ဆိပ်ကမ်းဝင်းအတွင်းတွင် သစ်လုံးတန်ချိန် သုံးသောင်းခန့်နှင့် နိုင်ငံခြားမှ တင်သွင်းထားသော ကားစီးရေ၁,၀၀၀ ကျော်၊ ဘက်ဖိုးယာဉ် ၃၀ ကျော်နှင့် ကွန်တိန်နာသေတ္တာတင်ယာဉ် ၂၅ စီးခန့်ရှိနေပြီး ကားများနှင့် ကျန်သစ်လုံးများမှာ မီးလောင်ဆုံးရှုံးခြင်းမရှိဟုသိရသည်။

ဆိပ်ကမ်းရောက်ကားကို လာထုတ်သူအမျိုးသမီးတစ်ဦးက "ပျက်စီးသွားရင် လျော်မလား မေးချင်တယ်။ ဆိပ်ကမ်းအနေနဲ့ ဘာတာဝန်ယူမလဲပေ့ါ။ ကားကဒီကိုရောက်နေတာ တစ်လရှိပြီ။ မီးလောင်တယ်ကြားလို့ ဒီရောက်လာတာ ၃ နာရီလောက်ကတည်းက။ ခု ညနေ ၆ နာရီထိုးနေပြီ"ဟု ပြောကြားခဲ့သည်။

မီးလောင်နေသော ဆိပ်ကမ်းဝင်းအတွင်းသို့ ဝင်ရောက်ခွင့်ကို ကန့်သတ်ထားပြီး မီးလောင်မှုကြောင့် ဆိပ်ကမ်းဝင်းအတွင်းရှိကားများအားလုံးမောင်းရွှေ့ခဲ့ရသည်။

ဆိပ်ကမ်းမီးလောင်မှုကို ရန်ကုန်တိုင်းအတွင်းရှိမီးသတ်ယာဉ်စုစုပေါင်း ၃၀ စီးနှင့် အုပ်ချုပ်မှုယာဉ် ၈ စီး၊ အထောက်အကူပြုယာဉ် ၇ စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရသည်ဟု သိရသည်။

# ငွေမဲများအပေါ်တွင် ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်းကောက်ခံမည်

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်- ၂၆**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန သည် လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ထုတ်ပြန်သည်။

မူလပြဋ္ဌာန်းထားသည့် ဥပဒေတွင် ဝင်ငွေရလမ်းမဖော်ပြနိုင်သည့် ဝင်ငွေအပေါ် စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေကဲ့သို့ နှုန်းထားအမျိုးမျိုးဖြင့် အခွန်ကောက်ခံမှုများရှိသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ၎င်းငွေရလမ်းမဖော်ပြနိုင်သည့် ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း ဝင်ငွေခွန်ကောက်ခံခြင်းဖြစ်ကြောင်း ဦးဟန်ထွန်း(အခွန်)ကပြောသည်။

"သိန်းတစ်ရာတန်တိုက်ကြီးတစ်လုံးအတွက်ကို ဝယ်တယ်ဆိုပါတော့။ အဲဒီသိန်း တစ်ရာဘယ်ကရသလဲဆိုတာမှာ သိန်းနှစ်ဆယ်ပဲဘယ်ကရသလဲဆိုတာပြောနိုင်တယ်ဆိုရင် ကျန်တဲ့သိန်းရှစ်ဆယ်ကိုဘယ်ကရတဲ့ငွေနဲ့ဝယ်ပါတယ်ဆိုတာမဖော်ပြနိုင်ဘူး။ အဲဒါရလမ်းမဖော်ပြနိုင်တဲ့ငွေ။ ငွေမဲတွေပေါ့။ သူတို့ကို တိုက်ရိုက် ၃၀ ရာခိုင်နှုန်း ကောက်ခံလိုက်တာပဲ။ အဲဒါကောင်းတယ်။ ရှင်းသွားတာပေါ့"ဟု ၎င်းကပြောသည်။

# ကုန်သွယ်လုပ်ငန်းခွန် ပြင်ဆင်သတ်မှတ်

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်- ၂၆**

ပြည်တွင်းထုတ်လုပ်ရောင်းချသည့် အုပ်စု (ဇယား)၆ မျိုးခွဲခြားထားသည့် ကုန်စည်အမျိုးအမည်များနှင့်ဝန်ဆောင်မှုလုပ်ငန်းတို့အပေါ်တွင်ကောက်ခံသည့်ကုန်သွယ်လုပ်ငန်းခွန်ရာခိုင်နှုန်းများအား လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ထုတ်ပြန်သည့်ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများတွင် ပြဋ္ဌာန်းထားသည်။

ကုန်ပစ္စည်း အုပ်စု ၆ မျိုးခွဲခြားထားရာတွင် ဇယား ၁ တွင် ပါဝင်သည့် စပါး၊ ပဲလုံးအမျိုးမျိုး ဆီအုန်း၊ ပဲဆီ၊ နှမ်းဆီ၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးစိမ်း အမျိုးမျိုးအစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းပေါင်း ၇၀ ကို ကုန်သွယ်လုပ်ငန်းခွန်ပေးရန်မလိုအပ်ကြောင်း ၎င်းဌာနက ထုတ်ပြန်သည်။ သို့သော် အဆိုပါ ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ၅ ရာခိုင်နှုန်း အခွန်ပေးရန် သတ်မှတ်ထားသည်။

ယခုပြဋ္ဌာန်းလိုက်သည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရသတ်မှတ်ထားသည့် ဇယား ၂ မှ ဇယား ၅ တွင်ပါဝင်သည့် ကုန်ပစ္စည်းများကို ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန်ပြင်ဆင်သတ်မှတ်ထားသည်။

မူလပြဋ္ဌာန်းထားသည့် ကုန်သွယ်လုပ်ငန်းခွင်ဥပဒေအရ ဇယား ၂ တွင် ကုန်စည် ၆၅ မျိုးပါဝင်ပြီး လက်ရှိထုတ်ပြန်ထားပြီးဖြစ်သည့် ဥပဒေကဲ့သို့ အခွန် ၅ ရာခိုင်နှုန်းဖြင့် ကောက်ခံကြောင်း ဇယား ၃ တွင် ကုန်စည်အမျိုးအစား ၈၉ မျိုးပါဝင်ပြီး ကုန်သွယ်ခွန် ၁၀ ရာခိုင်နှုန်းဖြင့် ကောက်ခံကြောင်း၊ ဇယား ၄ တွင် ကုန်စည်အမျိုးအစား ၄၅ မျိုးပါဝင်ပြီး ကုန်သွယ်ခွန် ၂၀ ရာခိုင်နှုန်းကောက်ခံကြောင်း ဇယား ၅ တွင် ကုန်စည်အမျိုးအစား ၅၂ မျိုးပါဝင်ပြီး ၂၅ ရာခိုင်နှုန်းကောက်ခံရန် အသီးသီးသတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း ဦးဟန်ထွန်း(အခွန်)ကပြောသည်။

"အခုပြင်ဆင်သတ်မှတ်လိုက်တဲ့အခွန်က ရှင်းသွားတယ်။ အရင်ကလို ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းဆိုတာတော့ မရှိတော့ဘဲနဲ့ အတော်များများကို ၅ ရာခိုင်နှုန်းကိုကောက်လိုက်တာဖြစ်တယ်"ဟု ၎င်းကပြောသည်။

"အခွန်နှုန်းလည်း အများကြီးသက်သာသွားသလိုအခွန်ကောက်ခံမှုကလည်း ရှင်းသွားတယ်။ အခွန် ၅ ရာခိုင်နှုန်းတစ်ပြေးညီ သတ်မှတ်လိုက်တဲ့အတွက် တန်ဖိုးဖြည့်အခွန် (Value Added Tax) စနစ်ပြောင်းလဲဖို့အတွက် အခြေခံစနစ်ကျနိုင်တဲ့သဘောဖြစ်တယ်။ အဲဒီစနစ်ကို ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ သုံးနေတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေအရ ဇယား ၆ အုပ်စု ကုန်စည်အမျိုးအစားများဖြစ်သည့်စီးကရက်၊ ဆေးရွက်ကြီး၊ အရက်အမျိုးမျိုး၊ ဘီယာအမျိုးမျိုး၊ ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများ ကျောက်စိမ်းနှင့် အခြားအဖိုးတန်ကျောက်များ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ သဘာဝဓာတ်ငွေ့ အစရှိသည့် ကုန်စည်အမျိုးပေါင်း ၁၈ မျိုးကို ကုန်သွယ်ခွန်ကောက်ခံရာတွင် အနည်းဆုံး ၈ ရာခိုင်နှုန်းမှ အများဆုံး ၁၀၀ ရာခိုင်နှုန်းအထိကောက်ခံကြောင်း ၎င်းဥပဒေတွင် ဖော်ပြထားသည်။

၎င်းအုပ်စုတွင် ပါဝင်သည့် သဘာဝဓာတ်ငွေ့ ကုန်စည်မျိုးကို မူလပြဋ္ဌာန်းထားသည့် ကုန်သွယ်ခွန်ဥပဒေတွင် အခွန်ကောက်ခံခြင်းမရှိသော်လည်း ယခုတွင် ၈ ရာခိုင်နှုန်းအခွန်ကောက်ထားသည်ကိုတွေ့ရှိရကြောင်း ၎င်းကပြောသည်။

ဥပဒေ အရပါဝင်သည့် ကုန်စည်အုပ်စု ၆ မျိုးကို ၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းကြား ကုန်သွယ်ခွန်ပေး ရန်သတ်မှတ်ထားသည်။

"ကုန်စည်အားလုံးနီးပါးကို ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းသတ်မှတ်လိုက်တော့ စူပါမတ်ကက်၊ ရှော့ပင်းမောလ်တို့တို့မှာ ဝယ်သူပေးတဲ့ပြေစာမှာ အခွန်မပါဘူး။ တစ်သောင်းဝယ်တယ်ဆိုရင် အခွန်မပါဘူး။ အခု ၅ ရာခိုင်နှုန်း တစ်ပြေးတည်းဖြစ်သွားပြီ။ ကောက်လို့ရပြီ။ သူတို့ကောက်တဲ့ အခွန်က အစိုးရလိုအပ်တဲ့ အခွန်ထဲကိုရောက်သွားမယ်"ဟု ၎င်းကပြောသည်။

ဝန်ဆောင်မှု အမျိုးအစားတွင်ပါဝင်သည့်ရထား၊ ရေကြောင်း လေကြောင်းနှင့် ကုန်လမ်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်း အစရှိသည့် ဝန်ဆောင်မှုလုပ်ငန်း ၁၄ မျိုးကို မူလပြဋ္ဌာန်းထားသည့် ဥပဒေတွင် အခွန်ကောက်ခံမှု တူညီမှုမရှိသော်လည်း ယခုထုတ်ပြန်လိုက်သည့် ဥပဒေတွင် ၅ ရာခိုင်နှုန်းတစ်ပြေးညီ အခွန်ဆောင်ရန် သတ်မှတ်လိုက်သည်။

မူလပြဋ္ဌာန်းထားသည့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေတွင် သတ်မှတ်ထားသည့် ဇယား ၂ မှ ဇယား၆ ပါကုန်စည်များထုတ်လုပ်ရောင်းခြင်းအတွက် ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် ၂၄၀,၀၀၀ကျပ်အခွန်ပေးဆောင်ရန်မလိုအပ်ပေ။ သို့သော် ယခုပြဋ္ဌာန်းလိုက်သည့် ဥပဒေတွင် ကျပ်သိန်းတစ်ရာထိ အခွန်ပေးဆောင်ရန်မလိုအပ်ကြောင်းသတ်မှတ်လိုက်ကြောင်း ၎င်းက နှိုင်းယှဉ်ပြောသည်။

"တစ်လကိုထုတ်လုပ်ရောင်းချမှုတန်ဖိုး ကိုးသိန်းကျော်မှ အခွန်ဆောင်ရမယ်။ တစ်လကို ထုတ်လုပ်ရောင်းချမှုတန်ဖိုး ကိုးသိန်းမကျော်ရင်တော့ လုပ်ငန်းငယ် အဖြစ်သတ်မှတ်ပြီးတော့ အခွန်ဆောင်ရန် မလိုအပ်ပါဘူး"ဟု ၎င်းကပြောသည်။

ထို့ပြင် မူလသတ်မှတ်ထားသည့် ဥပဒေအရ ဝယ်ယူရောင်းချသည့် လုပ်ငန်းတွင်လည်း တစ်နှစ်ရောင်းရငွေတန်ဖိုး ကျပ်သုံးသိန်းဖြစ်ပါက အခွန်ပေးဆောင်ရမည်ဖြစ်သော်လည်းယခုထုတ်ပြန်လိုက်သည့် ဥပဒေအရ တစ်နှစ်ရောင်းရငွေတန်ဖိုး သိန်းတစ်ရာကျော်မှသာ အခွန်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

## ကမ္ဘာကိုမှတ်ကျောက်တင်ခံမယ့်ပွဲ မှ

ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဦးအေးမောက်ကလည်းကြားဖြတ်ရွေးကောက်ပွဲတွင်မည်သည့်ပါတီကနိုင်၍ မည်သည့်ပါတီက ရှုံးသည်ဆိုခြင်းထက်တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန်မှာ အရေးကြီးကြောင်း နိုင်ငံရေးလေ့လာသူများ၏အဆိုကိုထောက်ခံပြောကြားသည်။

"အဲဒီလိုပြောတာ အရမ်းမှန်ပါတယ်။ ထောက်လည်း ထောက်ခံတယ်။ အဲဒီအတိုင်း (တရားမျှတလွတ် လပ်သောရွေးကောက်ပွဲဖြစ်ရန်) လည်းဖြစ်စေချင်တယ်။ ဖြစ်အောင်လည်းပဲ ကျွန်တော်တို့ပါတီအဖွဲ့ဝင်တွေနဲ့ တွေ့တိုင်း တွေ့တိုင်း၊ သွားတိုင်း Fair (တရားမျှတ)ဖြစ်အောင်လုပ်ကြ။ အနိုင်နဲ့အရှုံးက အဓိကမဟုတ်ဘူး။ ခင်ဗျားတို့ တကယ် Fair ဖြစ်တယ်။ ခင်ဗျားတို့ရဲ့ စာရိတ္တမဏ္ဍိုင်မှန်ကန်တယ်ဆိုတာ အဓိကပဲဆိုတာ ရှင်းပြပါတယ်။ တော်တော်များများနားလည်ကြပါတယ်"ဟု ဦးအေးမောက်က သူ၏အတွေ့အကြုံကို ပြောသည်။

# ဝင်ငွေခွန်ဥပဒေသစ်က ကလေးရှိဝန်ထမ်းများ အခွန်သက်သာစေမည်

**ပြည်သိမ်း**

**ရန်ကုန်၊ မတ် - ၂၆**

သားသမီးများစွာရှိသော အစိုးရဝန်ထမ်းများသည် အသစ်ပြင်ဆင်လိုက်သည့် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ရာတွင် သက်သာခွင့်များရှိနေကြောင်း အဆိုပါ ဥပဒေအရ သိရသည်။

ဧပြီ၁ရက်မှစတင်၍ အသက်ဝင်မည့်ဝင်ငွေခွန်ဥပဒေတွင် နိုင်ငံဝန်ထမ်းများဖြစ်ပါက ထောက်ပံ့ကြေးအပါအဝင် တစ်လ ကျပ် ၁၃၀,၀၀၀(တစ်နှစ် ၁,၅၆၀,၀၀၀) နှင့်အထက်ရသည့် လူပျို၊ အပျိုဝန်ထမ်းများသည် တစ်လလျှင် ကျပ် ၁,၈၇၀ အခွန်ဆောင်ရမည်ဖြစ်သည်။ ယင်းမှာ ဝင်ငွေခွန် အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်း တစ်နှစ်လျှင် ၃၁၂,၀၀၀ (တစ်လ ကျပ် ၂၅,၁၆၆ ကျော်) သက်သာခွင့်ပြုပြီး ကောက်ခံထားသည့်နှုန်းထားဖြစ်သည်။

အိမ်ထောင်သည်ဖြစ်ပါက အထက်ပါသက်သာခွင့်အပြင် ဇနီး၊ ယောကျ်ားအိမ်ထောင်ဖက်များအတွက် တစ်နှစ်လျှင် ကျပ် ၃၀၀,၀၀၀(တစ်လကျပ် ၂၅,၀၀၀) ထပ်မံသက်သာခွင့်ရမည်။

ထို့ပြင် အဆိုပါဝန်ထမ်းတွင် သားသမီးများရှိပါက ကလေးတစ်ဦးကို တစ်နှစ်လျှင် ကျပ် ၂၀၀,၀၀၀(တစ်လ ကျပ် ၁၆,၆၆၆ ကျော်) သက်သာခွင့်ရမည်။ ယင်းကြောင့် ပြန်တမ်းဝင်အရာရှိ တစ်ဦးသည် တစ်နှစ်မူရင်းလစာကျပ် ၁,၅၆၀,၀၀၀ မှ ဇနီးသည်အတွက် ကျပ် ၃၀၀,၀၀၀၊ သားသမီးအတွက် ကျပ် ၂၀၀,၀၀၀ နှင့် အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်း (၃၁၂,၀၀၀ ကျပ်)နုတ်ယူပြီးမှ ကျန်ငွေကို အခွန်ဆောင်ရမည်။ အိမ်ထောင်ဖက်နှင့် ကလေးတစ်ဦးရှိသောဝန်ထမ်းများအတွက် အခွန်စည်းကြပ်နှုန်းမှာ တစ်လလျှင် ၈၃၀ ကျပ်သာရှိမည်။

"အခု ဝင်ငွေခွန်ဥပဒေသစ်က ကလေးများများရှိလေ သက်သာလေပဲ"ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်က အခွန်ဆိုင်ရာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အသစ်ပြဋ္ဌာန်းသည့် ဝင်ငွေခွန်ဥပဒေသစ်တွင် နိုင်ငံဝန်ထမ်းများအနေဖြင့် တစ်နှစ် လစာငွေကျပ် ၁,၄၄၀,၀၀၀ အောက်ကို အခွန်ကောက်ခံမည်မဟုတ်ပေ။ နိုင်ငံဝန်ထမ်းများအနေဖြင့် ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းခံရပြီး ကနဦးလစာ စတင်ခံစားချိန်မှ စတင်ပြီး ဝင်ငွေခွန်ပေးဆောင်ရမည်။

## တစ်လ ကျပ်တစ်သိန်းနှစ်သောင်းအထက်ဝင်ငွေရှိသူတိုင်း ဝင်ငွေခွန်ဆောင်ရမည်

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်- ၂၆**

တစ်လလျှင် ဝင်ငွေလစာ ကျပ်တစ်သိန်းနှစ်သောင်းထက်ဝင်ငွေရရှိသူမည် သူမဆို ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ထုတ်ပြန်သည့် ဝင်ငွေခွန်ဥပဒေများတွင် ဖော်ပြထားသည်။

မည်သူ့ကိုမဆို တစ်နှစ်လျှင် စုစုပေါင်းလစာငွေကျပ်၁,၄၄၀,၀၀၀ ထက်မပိုပါက ဝင်ငွေခွန်ကောက်ခံခြင်းမပြုရန်၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်းနှင့်အခြားရလမ်းများမှ ဝင်ငွေများအပေါ် အခွန်ကောက်ခံရာတွင် စုစုပေါင်း ဝင်ငွေကျပ် ဆယ့်နှစ်သိန်းထက်မပိုလျှင် ဝင်ငွေခွန်ကောက်ခံခြင်း မပြုရန်နှင့် သမဝါယမကအသင်း ဥပဒေအရ မှတ်ပုံတင် ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်း သမဝါယမအသင်းစု၊ သမဝါယမ အသင်းစုချုပ်(သို့မဟုတ်)ဗဟိုသဝါယမအသင်းများ၏ ဝင်ငွေအပေါ် အခွန်ကောက်ခံရာတွင် စုစုပေါင်း ဝင်ငွေကျပ်ဆယ့်နှစ်သိန်းထက်မပိုလျှင် ဝင်ငွေခွန်ကောက်ခံခြင်းမပြုရန် ၎င်းဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။

အထက်ဖော်ပြပါ ဝင်ငွေပမာဏထက်မပိုလျှင် အခွန်ကောက်ခံခြင်းမပြုပေ။ သို့သော် သတ်မှတ်ဝင်ငွေထက်ကျော်လွန်ပါက သတ်မှတ်ထားသော သက်သာခွင့်များခုနှိမ်ပြီး နောက်ကျန်လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံဖြစ်သည်။ သို့သော် ဝင်ငွေအခွန်နှုန်းထားများကောက်ခံရာတွင်အထက်ပါ အပိုဒ်တွင် ဖော်ပြထားသည့်'အသက်မွေးဝမ်းကျောင်းနှင့် သမဝါယမအသင်းဥပဒေ' အမျိုးအစားတို့တွင် ကောက်ခံသည့် ဝင်ငွေခွန်နှုန်းထားတူညီသော်လည်း "မည်သူ့ကိုမဆို လစာခေါင်းစဉ်"အမျိုးအစားတွင်ကောက်ခံသည့်ဝင်ငွေနှုန်းသတ်မှတ်ချက် မတူညီသည်ကိုတွေ့ရသည်။

"သတ်မှတ်ထားတဲ့ သက်သာခွင့်များခုနှိမ်တယ်ဆိုတာက တစ်နှစ်ဝင်ငွေ ဆယ့်ငါးသိန်းရတဲ့သူဆိုပါတော့ သူ့မှာ သက်သာခွင့်ဆိုတာရှိတယ်။ အဲဒီသက်သာခွင့်က အရင်တုန်းကလည်း ၂၀ ရာခိုင်နှုန်း၊ အခုလည်း ၂၀ ရာခိုင်နှုန်းပါပဲ။ ဒါပေမဲ့ အရင်တုန်းက ၁၂,၀၀၀ ထိပဲပေးတယ်။ အခုကျတော့ သိန်း ၁၀၀ အထိပေးထားတယ်"ဟု ဦးဟန်ထွန်း(အခွန်)က ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

## မြန်မာ့မီဒီယာပြုပြင်ပြောင်းလဲရေးတွင် ပြန်ကြားရေးကို အတားအဆီးအဖြစ် မရှုမြင်ကြရန် တာဝန်ရှိသူကဆို

**ရန်ကုန်၊ မတ် – ၂၃**

မီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာတွင် ပြန်ကြားရေးဝန်ကြီးဌာနကို မီဒီယာဖွံ့ဖြိုးမှု၏အတားအဆီးအဖြစ်မရှုမြင်ကြဘဲ လုပ်ဖော်ကိုင်ဖက်အဖြစ် မှတ်ယူကြရန်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးရဲထွဋ်က မြန်မာ့မီဒီယာဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"မီဒီယာလောက ဖွံ့ဖြိုးတိုးတက်လာဖို့အတွက်ပြည်တွင်းသတင်းမီဒီယာတွေ၊ နိုင်ငံတကာအဖွဲ့အစည်းနဲ့ပြန်ကြားရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားဖို့ရည်ရွယ်ထားပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ပုံနှိပ်မီဒီယာဥပဒေနဲ့ ရုပ်သံလွှင့်မီဒီယာဥပဒေတွေက မြန်မာ့မီဒီယာဖွံ့ဖြိုးမှုရဲ့ အဆုံးသတ်မဟုတ်ပါဘူး။ ဖွံ့ဖြိုးလာဖို့အတွက် အစပြုလိုက်တာဖြစ်ပါတယ်" ဟု ဦးရဲထွဋ်ကပြောသည်။

မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်မှု ကွန်ဖရင့်(Conference on Media Development in Myanmar) ကိုပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယခုလ ၁၉ နှင့် ၂၀ ရက်က ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်တွင် ကျင်းပခဲ့သည်။

မီဒီယာဖွံ့ဖြိုးမှုအလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာမီဒီယာနှင့် လက်ရှိ မြန်မာ့မီဒီယာအခြေအနေများကို ဆွေးနွေးခဲ့ပြီး အစိုးရသစ်လက်ထက်တွင်ပြည်ပရောက် မြန်မာမီဒီယာအဖွဲ့များအပေါ် သဘောထားပြောင်းလဲမှုများကိုပါ တွေ့မြင်ရသည်။

ပြည်ပရောက်မြန်မာမီဒီယာများနှင့်ပတ်သက်၍ "ပြီးခဲ့တဲ့ကာတွေက အစိုးရနဲ့ပြည်ပရောက်သတင်းအဖွဲ့တွေကြားမှာ လွဲမှားတဲ့နားလည်မှုတွေရှိခဲ့ပါတယ်။ အစိုးရသစ်လက်ထက်ပြုပြင်ပြောင်းလဲရေး ကာလမှာ Exile Media တွေကို နိုင်ငံရပ်ခြားမှာ သွားရောက်လုပ်ကိုင်တဲ့ မြန်မာသတင်းအဖွဲ့ဟုမှတ်ယူပြီး လက်ခံသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ အခြေချနိုင်ရေးအတွက် သုံးသပ်စဉ်းစားသွားပါမယ်။ အစိုးရက ပြည်တွင်းမီဒီယာတွေနဲ့ပြည်ပရောက် မြန်မာမီဒီယာတွေအတွက် ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးဖို့ကြိုးပမ်းလျက်ရှိပါတယ်"ဟုဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦး၏ Exile Media များနှင့်ပတ်သက်သောမေးမြန်းချက်ကို ဦးရဲထွဋ်ကဖြေကြားခဲ့သည်။

ပြည်ပရောက်မြန်မာမီဒီယာတစ်ဖွဲ့ဖြစ်သည့် မဇ္ဈိမမီဒီယာက မြန်မာနိုင်ငံတွင် အခြေစိုက်အဖြစ် ရပ်တည်သွားမည်ဖြစ်ပြီး အပတ်စဉ်ထုတ်ဂျာနယ်တစ်စောင်ထုတ်ဝေသွားရန်ရှိသည်ဟုဆိုသည်။ မြန်မာ့မီဒီယာဥပဒေနှင့်ပတ်သက်၍လည်း ပြန်ကြားရေးဝန်ကြီး ဌာနမှရေးဆွဲသည့် မီဒီယာဥပဒေပထမမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက လေ့လာပြီး အကြံပြုချက်များနှင့် ပြန်လည်ပေးပို့ခဲ့သည့်အတွက်ဒုတိယမူကြမ်းပြန်လည်ရေးသားရန်ဆောင်ရွက်နေပြီဖြစ်သည်ဟု သိရသည်။ လက်ရှိအချိန်အခါတွင် ဂျာနယ် ၁၇၃ စောင်နှင့်မဂ္ဂဇင်း ၁၂၄ စောင်တို့သည် စာပေစိစစ်ရေးသို့ ကြိုတင်တင်ပြရန်မလိုဘဲ ထုတ်ဝေခွင့်ရှိနေပြီဖြစ်သည်။

## ရွှေဈေးကွက်တွင် လေပတ်ကားဖြင့်မရောင်းဝယ်ရန် သတိပေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်–၂၄**

ရွှေဈေးကျနေချိန်တွင် ဝန်ထမ်းများလစာအပိုထပ်ဆောင်းပေးလိုက်သည့် သတင်းထွက်ပေါ်လာ၍ လုပ်ငန်းရှင်များ ဈေးမကစားစေရန်၊ ဈေးကွက်တွင် လေရောင်းလေဝယ်လေပတ်ကား မပြုလုပ်ရန် သတိပေးချက်ကို ယခုတစ်ပတ်အတွင်း ထပ်မံထုတ်ပြန်လိုက်ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဦးဝင်းမြင့်က ပြောသည်။

"ဝန်ထမ်းလစာတိုးပေးတဲ့အချိန်က ရွှေဈေးကျတဲ့အချိန်နဲ့ တိုက်ဆိုင်နေတော့ ဈေးကွက်ဈေးကစားတာတွေဖြစ်မှာစိုးလို့ ကုန်ဈေးနှုန်းတည်ငြိမ်အောင်လို့ သတိပေးတဲ့သဘောပဲ။ ရွှေးကောက်ပွဲ အကြိုကာလလည်းဖြစ်တော့ ဈေးနှုန်းတည်ငြိမ်ဖို့လိုတယ်လေ" ဟု ဦးဝင်းမြင့်က သတိပေးချက်ထုတ်ရခြင်းအကြောင်းရင်းကို ပြောသည်။ ပုံမှန်အားဖြင့် ရွှေဈေးကွက်သည် ဈေးအနိမ့်ပိုင်းရောက်သည်အထိ ဈေးကျနေပါက ရွှေအဝယ်လိုက်ကာ ဈေးကွက်တွင်ဈေးကစားမှုများဖြစ်လေ့ရှိကြောင်း သိရသည်။ ထိုအချိန်တွင် လေရောင်းလေဝယ်ပြုလုပ်မှုများပြုလုပ်လေ့ရှိတတ်ကြောင်း ရွှေကုန်သည်တစ်ဦးက ပြောသည်။

"ရွှေဈေးကွက်မှာက ဈေးအနိမ့်ပိုင်းရောက်တဲ့အထိ ကျနေတယ်ဆိုရင် ဈေးပြန်တက်မယ်မှန်းပြီး အရောင်းအဝယ်လုပ်တာများတော့ အဲဒီအချိန်ဆို လေရောင်းလေဝယ်လုပ်တာ အများဆုံးအချိန်ပဲ။ ဒီကာလက ဈေးကလည်း ကျတယ်။ ဝန်ထမ်းလစာကိစ္စတွေလည်းရှိတော့ ဈေးကွက်ကစားမှာစိုးလို့ စာထပ်ထုတ်လိုက်တဲ့သဘောပဲ"ဟု ရွှေကုန်သည်တစ်ဦးက ဈေးကွက်တွင်းဖြစ်လေ့ရှိသည်များကို ရှင်းပြသည်။

နိုင်ငံတော်အကြီးအကဲ တာဝန်ရှိသူများကလည်း ဈေးနှုန်းတည်ငြိမ်စေလိုသောကြောင့် အသင်းအနေဖြင့် ဈေးနှုန်းကမောက်ကမ မဖြစ်စေရန်ယခုကဲ့သို့သတိပေးရခြင်းဖြစ်သည်ဟုဦးဝင်းမြင့်က ပြောသည်။ လတ်တလော ဈေးကွက်တွင်း၌ ဈေးနှုန်းများ ကျဆင်းနေချိန်ဖြစ်သော်လည်း ရွှေဝယ်လိုအားထက်ရောင်းချင်သူများနေသည့် ဈေးကွက်အနေအထားဖြစ်နေကြောင်း အသင်းရုံးတွင်ပြုလုပ်သော အပိုင်းဈေးကွက်အခြေအနေကို ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ပဲ၊ နှမ်း၊ စပါးများ၏ ဈေးမကောင်းခြင်း ကြောင့် ဝယ်လိုအားနည်းရသကဲ့သို့ လုပ်ငန်းရှင်အချို့က ကား၊ အိမ်ခြံမြေတို့တွင် ရင်းနှီးမြှုပ်နှံလိုသူများကြောင့်လည်း ဝယ်အားထက် ရောင်းအားသန်သော ဈေးကွက်ဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။ ထို့အပြင် ဒေါ်လာဈေးထက် မြန်မာငွေဈေးပါးနေခြင်းမှာလည်း ရောင်းအားကောင်းသော ဈေးကွက်ကိုဖြစ်ပေါ်စေသည့်အကြောင်းတွင် ပါဝင်နေသည်။ လက်ရှိ ရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားမှာ ၇၂၂,၀၀၀ ကျပ်ရှိသည်။

## မျက်နှာဖုံး-မဲဆန္ဒနယ်အများစုတွင် နောက်တိုးမဲများ တိုးလာ မှ

ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာတော့ ကြိုတင်မဲ နာမည်ပျက်ခဲ့တယ်။ အခုကျတော့ ကြိုတင်မဲမရှိတော့ဘူး။ ကြိုတင်မဲမရှိပေမယ့် နောက်တိုးမဲဆိုတာ တစ်ခုပေါ်နေတယ်။ ကော်မရှင်ကို နောက်တိုးမဲဆိုတဲ့ စာရင်းတွေလာပေးတယ်တဲ့။ မဲစာရင်းမှာ မပါတဲ့ နောက်တိုးမဲတွေကို ခွင့်ပြုရမယ်လို့ပြောတယ်။ နောက်တိုးမဲက ဘယ်လောက်တောင်ရှိလဲဆိုရင် ကျွန်တော်တို့ရဲ့ မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်မှာဆိုရင် လေးထောင်လောက်ရှိတယ်။ ရဲတွေရဲ့ နောက်တိုးမဲကလည်း မင်္ဂလာတောင်ညွန့်မှာ ၉၀ လောက်ရှိတယ်။ ဒဂုံဆိပ်ကမ်းမှာလည်း နောက်တိုးမဲက အရပ်သား တစ်ထောင်လောက်၊ ရဲတွေက ၁၁၀ လောက်ရှိတယ်ဆိုတော့ နောက်တိုးမဲတွေက အများကြီးပဲ" ဟု ဦးသုဝေက ပြောကြားသည်။

"ကော်မရှင်ကတော့ ပြောပါတယ်။ ခင်ဗျားတို့ အဲဒါ(ထပ်တိုးမဲ) တွေကို တကယ် ဟုတ်၊ မဟုတ်ဆိုတာ ခင်ဗျားတို့ကိုယ်တိုင်စစ်ဆေးပေါ့တဲ့။ ဆိုတော့ အဲဒါကို ကျွန်တော်တို့ ဘယ်လိုလုပ် ရုတ်တရက်စစ်ဆေးနိုင်မှာလဲ။ နောက်တစ်ခု ကော်မရှင်ကပြောတယ်။ ခင်ဗျားတို့မှာလည်း အဲလို အစုလိုက် အပြုံလိုက် နောက်တိုးမဲတွေရှိရင် ပေးပါတဲ့။ ကျွန်တော်တို့ အသိအမှတ်ပေးပြုပေးမယ်လို့ ပြောတယ်။ အဲဒါလည်း ကျွန်တော်တို့ ဘယ်လိုလုပ်ပေးနိုင်မှာလဲ"ဟု မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးသုဝေကဆက်လက်ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း သက်ဆိုင်ရာကော်မရှင်က မဲစာရင်းများကို ပြင်ဆင်ပေးခဲ့ရာတွင် မဲပေးခွင့် မရှိဘဲ မဲစာရင်း၌ပါနေသူ ၁၄၅ဦးလျော့သွားသည်။ ထို့အပြင်ထပ်တိုးမဲ၁၉၄မဲတိုးလာကြောင်း မဲစာရင်းများကို သွားရောက်ကူးယူခဲ့သော မြို့ခံလူငယ်တစ်ဦးကပြောသည်။ မဟာအောင်မြေမြို့နယ်တွင်လည်း ထပ်တိုးမဲ ၁၀၀ကျော်ရှိကြောင်း မဟာအောင်မြေမြို့နယ်မှ ပြည်သူ့ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်ဦးက ပြောသည်။

အလားတူ မဲဆန္ဒနယ် အသီးသီး မဲစာရင်းများ ပြန်လည်ပြင်ဆင်ပြီး ထပ်တိုးမဲများ ရရှိလာကြောင်း သတင်းရရှိသည်။ သို့သော် အချို့မဲဆန္ဒနယ်များ၌ ထပ်တိုးမဲများစွာရှိနေခြင်းအပေါ် နိုင်ငံရေးပါတီများက ပူပန်မှုများရှိနေသည်။

မဲစာရင်းပြင်ဆင်မှုများကို မတ်လ ၂၄ရက်နောက်ဆုံးထား၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အသီးသီးက ပြင်ဆင်ပေးခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဧပြီလ ၁ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲကိုတရားမျှတသောရွေးကောက်ပွဲဖြစ်ရန် မဲစာရင်းမှန်ကန်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ခဲ့ပြီး၊ စာရင်းမှားသည်ဟုထင်လျှင်သွားရောက်ညှိနှိုင်းဖြေရှင်းရကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

## မျက်နှာဖုံး-တောင်သူလယ်သမားများ စုဆောင်းငွေ ပြန်ထုတ်ပေးရန်မျှော်လင့် မှ

စပါးစိုက် တောင်သူလယ်သမားများ အရှုံးပေါ်နေသော ကာလတွင် ၎င်းတို့၏ စုငွေကိုထုတ်ပေးစေလိုကြောင်း ခရမ်းမြို့နယ်မှ လယ်သမားတစ်ဦးကပြောသည်။

"စုငွေတွေကို ပြန်ထုတ်ပေးစေချင်တယ်။ စုငွေပြန်ထုတ်လို့ ငွေမချေးဘဲလည်း မနေပါနဲ့။ ဆက်ချေးပေးစေချင်တယ်။ စိုက်စရိတ်ချေးငွေ ကြွေးကျန်သူတွေကိုလည်း ဆက်ချေးပေးစေချင်တယ်"ဟု လယ်သမားများအရေးဆောင်ရွက်နေသူတစ်ဦးဖြစ်သော ခရမ်းမြို့နယ်မှ ရှေ့နေ၊ လယ်သမားဦးသန်းဆွေက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများသို့ စိုက်ပျိုးစရိတ် ချေးငွေချေးပေးပြီး ပြန်ဆပ်သောအခါပြန်ဆပ်ငွေပမာဏ၏၁၀ရာခိုင်နှုန်းအောက်ကိုလယ်သမားများ၏ စုဆောင်းငွေအဖြစ် စုထားပေးသည်။ ထိုစနစ်ကို ကျင့်သုံးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း တောင်သူလယ်သမားအများစု၏စုငွေကိုပြန်ထုတ်ပေးခြင်းမရှိသေးပေ။ ထို့ကြောင့် လယ်သမားအချို့က စုငွေကို ပြန်ထုတ်ရမှန်းပင်မသိကြဟုလယ်သမားများကပြောသည်။

"အဖေသေပြီ။ တို့ ငယ်ငယ်လေးကတည်းကစုဆောင်းခဲ့တာ။ အဖေ့ လက်ထက်ကတည်းက စုခဲ့တာ။ တို့လက်ထက်မှာလည်း ဆက်စုခဲ့တယ်။ တစ်ကြိမ်မှ ပြန်မထုတ်ဖူးဘူး" ဟု လယ် ၁၂ဧကကျော်ပိုင်သော ဦးသန်းဆွေက ပြောသည်။

အလားတူ ကဝမြို့နယ်မှ တောင်သူ ဦးပန်းလှိုင်ကလည်း လယ်လုပ်သည်မှာ နှစ်၃၀ကျော်ရှိသော်လည်း စုငွေကိုပြန်မထုတ်ဖူးကြောင်း ပြောသည်။

"စုငွေပြန်ပေးတာ တစ်ခါမှ မရဖူးဘူး။ မပေးရင်လည်း ဘယ်လိုမှမတတ်နိုင်ဘူး"ဟုဦးပန်းလှိုင်ကပြောသည်။ ဒေးဒရဲ မြို့နယ်မှ စပါးဧက ၄၀စိုက်သောတောင်သူတစ်ဦးက ၎င်း၏မိဘ လက်ထက်တွင် စိုက်ပျိုးစရိတ်ချေးငွေယူပြီး ငွေစုခဲ့သော်လည်း စုငွေပြန်မထုတ်ဖူးခဲ့ကြောင်း ပြောသည်။

ထို့အပြင် စုငွေပြန်ထုတ်ယူပါက စိုက်ပျိုးစရိတ်ထပ်မံမချေးဟု ကြားသိထားကြ၍ ပြန်မထုတ်သူများရှိသည်။ စုဆောင်းငွေပြန်ထုတ်ပါက ချေးငွေထပ်မရတော့ဟု တောင်သူများထင်နေခြင်းမှာ နားလည်မှု လွဲခြင်းသာဖြစ်ပြီး လယ်လုပ်နေသရွေ့ ထိုချေးငွေဆက်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူကပြောသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ၁၉၉၃ ခုနှစ်မှစတင်၍ တောင်သူလယ်သမား စိုက်ပျိုးစရိတ်ပြန်ဆပ်သောအခါစုဆောင်းငွေအဖြစ် စုဆောင်းထားပေးခဲ့သည်။ တစ်နိုင်ငံလုံးမှ တောင်သူလယ်သမားဦးရေ သုံးသန်းကျော် (၃,၀၃၇,၃၇၇) ဦးထံမှ စုငွေ ကျပ် ၆၄,၃၃၇ သန်းကျော် စုဆောင်းထားခဲ့ပြီးဖြစ်သည်။

ထိုအထဲမှလယ်သမား ၂,၇၉၉ ဦး၏ စုငွေ ၁,၁၀၅ သန်းကျော်ကိုသာပြန်ထုတ်ပေးရသေးကြောင်း မတ်လ ၈ ရက်တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းသန်းကပြောကြားခဲ့သည်။

စုဆောင်းထားသူ သုံးသန်းကျော်ထဲမှ နှစ်ထောင်ကျော်ကိုသာ စုဆောင်းငွေပြန်ထုတ်ပေးခြင်းမှာ အလွန်နည်းပြီး ယခုကာလကဲ့သို့ တောင်သူလယ်သမားများ ရုန်းကန်နေရသောအချိန်တွင် ပြန်ထုတ်ပေးသင့်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကလည်းပြောသည်။ ထိုသို့ စုဆောင်းငွေများ ပြန်ထုတ်ပေးရန် စီစဉ်ရာတွင် တောင်သူလယ်သမားများသိရှိရန် သတင်းစာ၌ ကြေညာ၍ဖြစ်စေ၊ အိမ်တိုင်ရာရောက်ဖြစ်စေ ထုတ်ပေးသင့်ကြောင်း ဦးခင်အောင်မြင့်ကဆက်ပြောသည်။

"စုငွေဆိုတာ ငွေပိုငွေလျှံရှိမှ စုနိုင်တာ။ ငွေပိုငွေလျှံမရှိဘဲနဲ့ စုခိုင်းတာ အဓိပ္ပာယ်မရှိဘူး။ ဒီစနစ်ကိုဆက်သုံးရန်သင့်၊ မသင့်ဆိုတာ စဉ်းစားရမယ်"ဟု ဦးခင်အောင်မြင့်ကပြောခဲ့သည်။

အထက်ပါဘဏ်မှ တာဝန်ရှိသူက "ဒီစုဆောင်းငွေပေါ်မှာ အတိုးနှုန်းပေးထားတာကြောင့် မို့ချွေတာစုဆောင်းတဲ့ အလေ့အကျင့်ရအောင် လုပ်ပေးတဲ့သဘောမျိုးပဲဖြစ်ပါတယ်။ အခုသူတို့ ပိုက်ဆံပြန်ထုတ်ချင်တယ်ဆိုရင်လည်း အလွယ်တကူ ထုတ်ပေးရုံပဲ။ ဘာမှ ပြဿနာမရှိပါဘူး"ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

ဘဏ်မှ တောင်သူများ၏ စုဆောင်းငွေများ ပြန်ထုတ်ပေးပါက တောင်သူများအတွက် အလွန်ကောင်းမည်ဖြစ်ကြောင်း အဆိုပါ လယ်သမားများက ပြောကြားသည်။

ထို့အပြင် တောင်သူလယ်သမားများ၏ စုဆောင်းငွေကို ဘဏ်၌ စုပေးထားသည်ဆိုသော်လည်း ဘဏ်စာအုပ်များတွင် စုဆောင်းငွေ မည်မျှရှိပြီဖြစ်ကြောင်း ဖော်ပြမထား၍ စုငွေပမာဏဖော်ပြပါက တောင်သူလယ်သမားများ ပိုအားရှိနိုင်မည်ဖြစ်ကြောင်း လယ်သမားအချို့က ပြောသည်။ ဘဏ်စာအုပ်တွင် စုငွေပမာဏဖော်ပြပေးရန် အစီအစဉ်ရှိပြီး လက်ရှိတွင်လည်း စုငွေပမာဏသိလိုပါက ဘဏ်စာအုပ်ယူလာလျှင်ဖြည့်စွက်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေအတိုးနှုန်းကို ၂၀၁၂ ဧပြီလ ၁ ရက်မှစ၍ ၁၃ ရာခိုင်နှုန်းမှ ၈ ဒသမ ၅ ရာခိုင်နှုန်းသို့လျှော့ခဲ့သည်။

ယခုနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေ ၃၅၂ဘီလျံကျပ် ထုတ်ချေးထားသည်။ ချေးငွေပေးသူအားလုံး၏ ၉၀ရာခိုင်နှုန်းဝန်းကျင်မှာ စပါးစိုက်လယ်သမားများကို ပေးခြင်းဖြစ်သည်။

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

# မဲဆန္ဒရှင်လမ်းညွှန်

# VOTERS GUIDE

Vol.11, No.4 • MARCH 29 , 2012




## ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်မှာမြန်မာနိုင်ငံမှာရှိတဲ့မြို့နယ်ပေါင်း ၃၃၀ မှ မဲဆန္ဒရှင်ပြည်သူကရွေးချယ်တဲ့ကိုယ်စားလှယ်တစ်ဦးစီ၊ စုစုပေါင်းကိုယ်စားလှယ် ၃၃၀ ဦး ပါဝင်မှာဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူတို့က မိမိမြို့နယ်အတွက် ကိုယ်စားပြုကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်သူ့လွှတ်တော်မှာ မဲဆန္ဒရှင်ပြည်သူများမဲပေးစရာမလိုဘဲတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဥပဒေနဲ့အညီအမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦး ပါဝင်မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှာစုစုပေါင်းကိုယ်စားလှယ် ၄၄၀ ဦးရှိပါတယ်။ ဧပြီ ၁ ရက်မှာ ကျင်းပတဲ့ကြားဖြတ်ရွေးကောက်ပွဲမှာတော့ လစ်လပ်နေတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၀ အတွက်ကိုယ်စားလှယ်လောင်းတွေက ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် လစ်လပ်မဲဆန္ဒနယ်တွေက ပြည်သူတွေက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ထပ်မံရွေးချယ်ပေးရမှာဖြစ်ပါတယ်။

**ဤအထူးထုတ်တွင် ဧပြီ(၁)ရက် ကျင်းပမည့် ရွေးကောက်ပွဲ၌ ထည့်သွင်းကျင်းပနိုင်ခြင်းမရှိသေးသည့် ကချင်ပြည်နယ်မှ မဲဆန္ဒနယ်သုံးနေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများကိုပါ ထည့်သွင်းဖော်ပြထားပါသည်။**




## အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွေကိုတော့ ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခုစီမှာ ကိုယ်စားလှယ် ၁၂ ဦးစီပဲရတာဖြစ်တဲ့အတွက်မြို့နယ်တွေပေါင်းပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတစ်ခုစီမှာ မဲဆန္ဒနယ် ၁၂ နယ်ရှိမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခု စီက ရွေးချယ်ခံကိုယ်စားလှယ် ၁၂ ဦးစီပါပါမယ်။ ဒ့ါကြောင့် တစ်နိုင်ငံလုံးကနေပြီး မိမိအပါအဝင် မဲဆန္ဒရှင်တွေ ရွေးချယ်လိုက်တဲ့ကိုယ်စားလှယ်က အမျိုးသားလွှတ်တော်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခုအတွက် ၁၆၈ ဦးဖြစ်ပါတယ်။ အဲဒီရွေးချယ်ခံ ၁၆၈ ဦးအပြင် ပြည်သူလူထု မဲဆန္ဒပေးစရာမလိုတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးပါပါမယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ် စုစုပေါင်းက ၂၂၄ ဦးဖြစ်မှာ ဖြစ်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ ၆ ဦးလစ်လပ်နေပါတယ်။ ကိုယ်စားလှယ်လောင်းတွေက လစ်လပ် ၆ နေရာအတွက် ယှဉ်ပြိုင်ကြမှာဖြစ်ပြီး၊ လစ်လပ်မဲဆန္ဒနယ်တွေထဲက ပြည်သူတွေက ရွေးချယ်ပေးရမှာဖြစ်ပါတယ်။





## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် မြို့နယ်တစ်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးစီပါဝင်မှာဖြစ်တဲ့အတွက် တစ်မြို့နယ်မှာ မဲဆန္ဒနယ် နှစ်နယ်ပါဝင်မှာဖြစ်ပါတယ်။ အဲဒီမှာ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်က မြို့နယ် ၈ မြို့နယ်ကိုဖယ်ရင် မြို့နယ် ၃၂၂ ကျန်ပါတယ်။ ဒ့ါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်မှာ တစ်နိုင်ငံလုံးမှ မဲဆန္ဒရှင်များက ရွေးချယ်တင်မြှောက်လာသည့် ကိုယ်စားလှယ် ၆၄၄ ဦးဖြစ်ပါတယ်။ အဲဒီ ၆၄၄ ဦးအပြင် တိုင်းရင်းသား လူမျိုးတစ်စုဟာ တစ်နိုင်ငံလုံးမှာရှိတဲ့လူဦးရေရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိမယ်ဆိုရင် အဲဒီတိုင်းရင်းသားလူမျိုးကိုကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အဲဒီလူမျိုးတွေကသာရွေးချယ်ရမှာမို့ ပြည်နယ်တိုင်းဒေသကြီးစုစုပေါင်းက တိုင်းရင်းသားကိုယ်စားလှယ် ၂၉ ဦးထပ်ပေါင်းရမှာဖြစ်ပါတယ်။ ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲမှာ တိုင်းဒေသကြီးလွှတ်တော်နေရာ ၂နေရာလစ်လပ်နေပါတယ်။ ဒါကြောင့် လစ်လပ်မဲဆန္ဒနယ်ထဲကပြည်သူတွေက ကိုယ်စားလှယ်ကိုထပ်မံရွေးချယ်ပေးရမှာဖြစ်ပါတယ်။





■ ယခုကဲ့သို့လေးထောင့်ကွက် တစ်ကွက်တည်းအတွင်း ထင်ရှားစွာ ဆန္ဒပြုထားသောမဲသည် ပယ်မဲမဟုတ်ပါ။




■ ယခုကဲ့သို့ ညာဘက်ဘေးဘောင်ကို ကျော်သွားသောမဲသည် ပယ်မဲမဟုတ်ပါ။




■ ယခုကဲ့သို့ ပါတီသင်္ကေတပေါ်တွင်ဆန္ဒပြုထားသည့်မဲသည် ပယ်မဲမဟုတ်ပါ။




■ ယခုကဲ့သို့ မည်သူ့အားဆန္ဒပြုထားကြောင်းမသေချာသည့်မဲသည် ပယ်မဲဖြစ်သည်။

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

မဲဆန္ဒရှ
VOTER

| စဉ် | မဲဆန္ဒနယ် | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ခေတ်သစ်ပြည်သူ့ပါတီ | ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ပြည်သူ့ဒီမိုကရေစီပါတီ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ |
|---|---|---|---|---|---|---|---|---|---|
| | **ပြည်သူ့လွှတ်တော်** | | | | | | | | |
| ၁ | စစ်ကိုင်းမြို့နယ် | | | | | | ဦးစိုးနိုင် | | |
| ၂ | ပုလဲမြို့နယ် | | | | | | ဦးငွေနိုင် | ဦးဟိန်းထက်အောင် | |
| ၃ | မင်းကင်းမြို့နယ် | | | | ဦးငွေအောင် | | ဒေါက်တာဆန်းဝင်း | | |
| ၄ | လောင်းလုံမြို့နယ် | | | | | | ဦးစိမ်းမောင် | | |
| ၅ | ကျွန်းစုမြို့နယ် | | | | | | ဦးချစ်သန်း | | |
| ၆ | တောင်ငူမြို့နယ် | | | | | | ဒေါက်တာဒေါ်ဝေဝေသာ | | |
| ၇ | ထန်းတစ်ပင်မြို့နယ် | | | ဦးသက်ဦး | ဦးတင်ဝင်း | | ဦးကျော်ကျော်ဦး | | |
| ၈ | သနပ်ပင်မြို့နယ် | | | | ဦးသန်းလှိုင် | | ဒေါက်တာစိန်ထူး | | |
| ၉ | လက်ပံတန်းမြို့နယ် | | | | ဦးဝင်းလှိုင် | | ဦးအောင်သိန်း | | |
| ၁၀ | မကွေးမြို့နယ် | | | | ဦးလှမြင့် | | ဦးအောင်ကျော်သိန်း | | |
| ၁၁ | ရေစကြိုမြို့နယ် | ဦးဟန်ရှင်ဝင်း (တစ်သီးပုဂ္ဂလ) | | | | | ဦးဘိုဝင်း | | |
| ၁၂ | မြိုင်မြို့နယ် | | | | | | ဦးကျော်မြင့်သန်း | | |
| ၁၃ | ပခုက္ကူမြို့နယ် | | | | | | ဦးကျော်တင့် | | |
| ၁၄ | ပွင့်ဖြူမြို့နယ် | | | | ဦးတင့်လွင် | | ဦးတင့်လွင် | | |
| ၁၅ | ဇမ္ဗူသီရိမြို့နယ် | | | | | | ဦးဝင်းငွေ | | |
| ၁၆ | ပုဗ္ဗသီရိမြို့နယ် | ဦးမြင့်လွင်သန်း (တစ်သီးပုဂ္ဂလ) | | | | | ဦးသာငွေ | | |
| ၁၇ | ဒက္ခိဏသီရိမြို့နယ် | | | | | | ဦးမောင်ရှိန် | | |
| ၁၈ | ဥတ္တရသီရိမြို့နယ် | | | | ဦးကြည်မြင့် | | ဦးလှသိန်းဆွေ | | |
| ၁၉ | ကျောက်ပန်းတောင်း | | | | | | ဦးအောင်ဝင်းကြည် | | |
| ၂၀ | နွားထိုးကြီးမြို့နယ် | | | | ဦးအောင်သန်း | | ဦးစိုးနိုင်ဝင်း | | |
| ၂၁ | မဟာအောင်မြေမြို့နယ် | ဦးကျော်ကျော်၊ ဦးစိန်လှ၊ ဦးညွန့်ဦး (တစ်သီးပုဂ္ဂလ) | | | ဦးထွန်းကြည် | | ဦးသန်းထွန်း | ဒေါက်တာသန်းထိုက်ဦး | |
| ၂၂ | တံတားဦးမြို့နယ် | | | ဦးဆန်းထွန်း | | | ဦးအောင်မွန် | | |
| ၂၃ | မိတ္ထီလာမြို့နယ် | ဒေါ်မြင့်မြင့်အေး (တစ်သီးပုဂ္ဂလ) | | | | | ဦးလှမြင့် | | |
| ၂၄ | ပြင်ဦးလွင်မြို့နယ် | | | | | | ဦးခင်မောင်ဝင်း | | |
| ၂၅ | မော်လမြိုင်မြို့နယ် | | | | ဦးအောင်သန်းဦး | | ဦးတင်စိုးမိုးနိုင် | | |
| ၂၆ | ကော့မှူးမြို့နယ် | | | ဦးတင်ရီ | | | ဒေါက်တာစိုးမင်း | | |
| ၂၇ | သုံးခွမြို့နယ် | | | | | | ဦးအောင်ကျော်မင်း | | |
| ၂၈ | ဒဂုံဆိပ်ကမ်းမြို့နယ် | | | | ဦးဝင်းမြင့် | | ဦးအောင်ဝင်း | | |
| ၂၉ | မင်္ဂလာတောင်ညွန့်မြို့နယ် | | | | | ဦးသုဝေ | ဒေါ်လှဲ့လှဲ့အေး | | |
| ၃၀ | လှည်းကူးမြို့နယ် | | | | | | ဒေါက်တာအောင်မြတ်သူ | | |
| ၃၁ | မရမ်းကုန်းမြို့နယ် | ဦးခင်လှိုင် (တစ်သီးပုဂ္ဂလ) | | | | | ဦးရဲထွင် | | |
| ၃၂ | ကလေးမြို့နယ် | | | | ဦးလှ(ခ)ဦးခင်မောင်လှ | | ဦးမြဝင်း | | ဦးခွန်သန်းမောင် |
| ၃၃ | ပုသိမ်မြို့နယ် | | | | | | ဦးအောင်တင်မြင့် | | |
| ၃၄ | မအူပင်မြို့နယ် | | ဦးသိန်းရွှေ | | ဦးမောင်မောင်သင် | | ဒေါက်တာမျိုးသန့်တင် | | |
| ၃၅ | မြောင်းမြမြို့နယ် | | | | | | ဒေါက်တာဖြိုးကိုကိုတင့်ဆန်း | | |
| ၃၆ | ဝါးခယ်မမြို့နယ် | | ဒေါ်ရီရီစံ | | ဦးသန်းအောင် | | ဦးထွန်းအောင်ကျော် | | |
| ၃၇ | မြန်အောင်မြို့နယ် | | | | ဦးဝင်းလှိုင် | | ဒေါက်တာသန်းထွင် | | |
| ၃၈ | မိုးကောင်းမြို့နယ် | ဒေါက်တာမနမ်တူးဂျာ (တစ်သီးပုဂ္ဂလ) | | | | | ဦးထွန်းထွန်းအောင် | | |
| ၃၉ | ဖားကန့်မြို့နယ် | | | | | | ဦးစိုင်းသိန်းထွန်း | | |
| ၄၀ | ဗန်းမော်မြို့နယ် | | | | ဦးတင်ဇေ | | ဦးမြင့်စိုး | | |
| | **အမျိုးသားလွှတ်တော်မဲဆန္ဒနယ်** | | | | | | | | |
| ၄၁ | စစ်ကိုင်းတိုင်းဒေသကြီး အမှတ်-၃ | | | | ဦးဘိုမြင့်အောင် | | ဦးတင်မောင်ဝင်း | ဦးလှသန်း | |
| ၄၂ | စစ်ကိုင်းတိုင်းဒေသကြီး အမှတ်-၇ | | | | ဦးချစ်ဟန် | | ဦးတင်မြ | | |
| ၄၃ | ပဲခူးတိုင်းဒေသကြီး အမှတ်-၇ | | | | | | ဒေါ်သန်းသန်းနွဲ့ | | |
| ၄၄ | မကွေးတိုင်းဒေသကြီး အမှတ်-၄ | | | ဦးအောင်သန်းတင့် | ဦးမောင်ဝင်း(ခ)ဦးအောင်ဝင်း | | ဦးမောင်မောင်ဝင်း | | |
| ၄၅ | ရှမ်းပြည်နယ် အမှတ်-၃ | ဦးလော်ဆင်ကွမ်း | | | | | ဒေါက်တာနန်းကိန်ဖောင်းတစ် | | |
| ၄၆ | ဧရာဝတီတိုင်းဒေသကြီး အမှတ်-၁၀ | | ဦးကျော်လင်း(ခ)ဦးသန်းငွေ | | ဦးမင်းသိန်းလှ | | ဦးအေးကြိုင် | | |
| | **တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်** | | | | | | | | |
| ၄၇ | ပဲခူးတိုင်းဒေသကြီး အမှတ်-၂ | | | | ဦးကြည်လွင် | | ဦးအေးဝင်း | | |
| ၄၈ | ဧရာဝတီတိုင်းဒေသကြီး အမှတ်-၂ | | | | ဦးအေးကျော် | | ဦးတင်စိုး | | |

## ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ

မဲဆန္ဒပေးရန်ထားရှိသည့် မဲစာရင်းများကို စုတ်ဖြဲခြင်း၊ ဆန္ဒမဲလက်မှတ်၊ မဲရုံတို့ကို ဖျက်လိုဖျက်ဆီးပြုခြင်း၊ သူတစ်ပါးအယောင်ဆောင်မဲပေးခြင်း၊ တစ်ကြိမ်ထက်ပိုပြီး မဲပေးခြင်း၊ မဲလက်မှတ်အတုကို မဲပုံးထဲထည့်သွင်းခြင်း၊ ရွေးချယ်ခံသူတို့အား တားဆီးနှောင့်ယှက်ခြင်း၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း အသံချဲ့စက်၊ ဆူညံသံများ ၊ အော်ဟစ်ခြင်းများပြုခြင်း၊ မဲဆွယ်ခြင်း၊ မဲပေးရန်တိုက်တွန်းခြင်း စတဲ့ ပြုလုပ်မှုများဟာ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများဖြစ်လို့ အရေးယူခံရတယ်ဆိုရင် ပြစ်မှုထင်ရှားသူဟာ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်ငွေ ကျပ်တစ်သိန်းအထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရနိုင်ပါတယ်။ အဲဒီပြစ်မှုတွေ ကျူးလွန်နေကြောင်း လိမ်လည်တိုင်တန်းသူတွေကတော့ ပြစ်မှုထင်ရှားစီရင်တဲ့အခါ ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရနိုင်တဲ့ ပြစ်မှုတွေဖြစ်တယ်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အခန်း (၁၃)၊
၂၄-၁၀-၂၀၁၀ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၉)

## ကြိုတင်ဆန္ဒမဲ ပေးခွင့်ရှိသူများ

(က) တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊
(ခ) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
(ဂ) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
(ဃ) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊
(င) အချုပ်ခံနေရသူများ၊
(စ) ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ၊
(ဆ) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၊

ဖော်ပြပါပုဂ္ဂိုလ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ အခန်း (၁၁)၊ ပုဒ်မ (၅၄)

## ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့်ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။
(ဂ) ထို့အပြင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာတိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။

## ဆန္ဒမဲ ပေးပိုင်ခွင့်မရှိသူများ

(က) သာသနာ့ဝန်ထမ်း၊
(ခ) ထောင်ဒဏ်ကျခံနေရသူ၊
(ဂ) စိတ်ပေါ့သွပ်နေသူဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
(စ) နိုင်ငံခြား (သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၉)ရွေးကောက်တင်မြှောက်ခြင်း ပုဒ်မ (၃၉၂)


# ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များရွေးချယ်ရမည့် နိုင်ငံရေးပါတီ (၁၇) ခု


- ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
- ခေတ်သစ်ပြည်သူ့ပါတီ
- ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ
- တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
- ပြည်သူ့ဒီမိုကရေစီပါတီ
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
- မြန်မာအမျိုးသားကွန်ဂရက်ပါတီ
- မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
- လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
- အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
- အမျိုးသားဒီမိုကရေစီအင်အားစုပါတီ
- အမျိုးသားဒီမိုကရေစီပါတီသစ်

ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ(၁၇) ခုကို မြန်မာအက္ခရာစဉ်အလိုက် ဖော်ပြထားပါသည်။

7DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

## ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် မဲရုံပုံစံ



**ပါတီဥက္ကဋ္ဌ**
ဦးလော်ဆင်ကွမ်း

**ပါတီဝင်အရေအတွက်**
၃၀၀၀ ကျော်

**ဝင်ရောက်ယှဉ်ပြိုင်မည့်**
**မဲဆန္ဒနယ်အရေအတွက်**
(၁)နေရာ

# ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

**ပါတီနောက်ခံ သမိုင်း** ၁၉၈၉ ခုနှစ်တည်းမှစ၍ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၉၃ မှ ၂၀၀၇ ထိ အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကာ ၂၀၁၀ ခုနှစ်တွင်လည်း ပါတီကို ပြန်လည်မှတ်ပုံတင်ကာ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**ပါတီမူဝါဒ**-အမျိုးသားရေးကို အခြေခံသော ပါတီတစ်ခုဖြစ်ပါသည်။

**လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒရှင် ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

တောင်းဆိုချင်တာကတော့ ပြည်သူတွေဘက်က မှန်မှန်ကန်ကန်နဲ့ စိစစ်ရွေးချယ်ပြီး မဲပေးဖို့ပါပဲ။ ဒါပဲ ပြောချင်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်၊ ဖြည့်စွက်ချင်လဲ။**

အဆင်ပြေပါတယ်။ ကျွန်တော်တို့က ၁၉၉၃ ခုနှစ်ကတည်းက ပါဝင်တက်ခဲ့တဲ့ အမျိုးသားညီလာခံကနေ ပေါ်ပေါက်လာတဲ့ ဥပဒေဖြစ်တာကြောင့် အဆင်ပြေပါတယ်။ ဖြည့်စွက်ချင်တာ၊ ပြင်ဆင်ချင်တာ မရှိပါဘူး။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ ယူဆတဲ့ အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

အခု နိုင်ငံတော်ကလည်း နိုင်ငံတော်အဆင့်နဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အကောင်းဆုံး ဆောင်ရွက်ထားတယ်လို့ပဲ ကျွန်တော်တို့ အနေနဲ့ ယူဆပါတယ်။

**ပြည်သူတွေ အဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ၊ ဝင်ငွေထွက်ငွေ လိုက်လျော်ညီထွေဖြစ်မယ့် ဘယ်လို အစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ဝင်ငွေထွက်ငွေဆိုတာက နိုင်ငံတော်ရဲ့ စီးပွားရေးတစ်ခုလုံးနဲ့ ဆိုင်နေပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ကတော့ ဘယ်လိုမှလုပ်ပေးနိုင်မယ့် အနေအထားမျိုး မရှိပါဘူး။ နိုင်ငံတော်အနေနဲ့ စီးပွားရေးစီမံကိန်းတွေ ဘက်စုံကနေ ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် ဒီကိစ္စက နိုင်ငံတော်အဆင့်ပဲလို့ ယူဆပါတယ်။

**မဲဆန္ဒရှင်တွေကို ပေးတဲ့ ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ကျွန်တော်တို့ပါတီက လူမျိုးစုပါတီဖြစ်တဲ့အတွက် အမျိုးသားရေးကို အဓိကဦးစားပေးပါတယ်။ အမျိုးသားရေးဆိုတာက ကျဉ်းမြောင်းတဲ့ အယူအဆမဟုတ်ပါဘူး။ အမြင်မဟုတ်ပါဘူး။ ကိုးကန့်တိုင်းရင်းသားတွေကလည်း အခြားတိုင်းရင်းသားများနည်းတူ တန်းတူအခွင့်အရေးရရှိဖို့ ဒီမိုကရေစီအရ အဘက်ဘက်မှာ တန်းတူအခွင့်အရေးရရှိဖို့ပဲ ကျွန်တော်တို့ ဦးတည်ကြိုးစားနေမှာပါ။

**ပြည်တွင်း အမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လို အစီအမံတွေ ရှိပါသလဲ။**

အဲဒါတော့ ကျွန်တော်တို့ မဖြေလိုတော့ပါဘူး။

# ခေတ်သစ်ပြည်သူ့ပါတီ

ခေတ်သစ်ပြည်သူ့ပါတီ (M.P.P)

**ပါတီဥက္ကဌ**
ဦးထွန်းအောင်ကျော်

**ပါတီဝင်အရေအတွက်**
၁၅၀၀၀ ဝန်းကျင်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၃)နေရာ

**ပါတီနောက်ခံသမိုင်း**-၁၉၈၈ ခုနှစ်မှာ စဖွဲ့တဲ့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုကနေစပြီး ပေါ်ပေါက်လာသည်။ ၁၉၉၀ခုနှစ်၌ ပါတီများ ထူထောင်ခွင့်ပြုချိန်တွင် ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအဖြစ်သခင်စိုး နာယကအဖြစ်ထူထောင်ခဲ့သည်။ ရွေးကောက်ပွဲတွင် ၁၀နေရာဝင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။ ၂၀၁၀ပြည့်နှစ်တွင် တရားဝင်ပါတီအဖြစ် မှတ်ပုံတင်ခွင့်ရခဲ့သည်။ ၂၀၁၀ မေ ၂၈ရက်တွင် တရားဝင်ပါတီ ဖြစ်လာသည်။

**ပါတီမူဝါဒ**-စက်မှုအရင်းရှင်စနစ်အစွမ်းကုန် ဖွံ့ဖြိုးရေး။

**လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒရှင် ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ဘာလိုလဲဆိုတော့ ရွေးကောက်ပွဲ ကော်မရှင်တစ်ခုတည်းက လုပ်လို့လဲမဖြစ်နိုင်ဘူး။ ပါတီတစ်ခုတည်းက လုပ်လို့လည်း မဖြစ်နိုင်ဘူး။ ပြည်သူတွေတစ်ခုတည်းက လုပ်လို့မရဘူး။ အားလုံး ဒီအင်အားစုလေးခုလုံး ညီညီညွတ်ညွတ်လုပ်ဖို့လိုတယ်။

သူတို့ဆီက တောင်းချင်တာကတော့ မဲကို

၁။ မဲစာရင်း မှန် မှန်ကန်ကန် အပြည့်အဝပေးဖို့

၂။ မဲရုံတွေကို ပိတ်တဲ့အခါမှာ ပြည်သူအများရှေ့မှာ စိစစ်ပြီးတော့ လက်မှတ်ထိုးချိတ်ပိတ်တဲ့နည်း တွေလုပ်ဖို့

၃။ ကြိုတင်မဲကို တကယ်အမှန် မလာနိုင်တဲ့လူတွေကိုပဲ ယူပြီးတော့ ကြိုတင်မဲစာရင်းကိုလည်း အများသိနိုင်အောင် ချပြဖို့ ။

၄။ လွတ်လပ်တဲ့ အဖွဲ့အစည်းတွေက စောင့်ကြည့်လေ့လာခွင့် ရှိဖို့၊ ပေးဖို့ လွတ်လွတ်လပ်လပ်ပေးဖို့။

၅။ မဲခိုးတာတွေ၊ မဲလိမ်တာတွေကို လွတ်လွတ်လပ် လပ်တိုင်ကြားခွင့်ပြုဖို့၊ မှန်မှန် ကန်ကန် ကော်မရှင်ကစိစစ်အရေးယူဖို့ လိုတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ က ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါတာကိုပါတီအနေနဲ့လက်ခံတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံရေးဆိုတာ ဖြစ်ချင်တာက မစနိုင်ဘူး။ ဖြစ်နိုင်တာက စရမှာ။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ ယူဆတဲ့ အရေးကြီးဆုံးပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

မဲဆန္ဒရှင်တွေအတွက် အရေးကြီးဆုံး ဖြေရှင်းပေးရမှာတော့ စီးပွားရေးပဲ။ အမျိုးသားစီးပွားရေးကို ဖွံ့ဖြိုးအောင် လုပ်ဖို့ရယ်၊ ဈေးကွက်စီးပွားရေးကို ဖွံ့ဖြိုး တိုးတက်အောင်လုပ်ဖို့ရယ်။ အဓိကက စီးပွားရေးပဲ။ ဒါကြောင့် စီးပွားရေးပိတ်ဆို့မှုကိုလည်း ပယ်ဖျက်ဖို့ လိုတယ်။

**ပြည်သူတွေ အဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

စီးပွားရေးပညာရှင်ကလည်း ပြောတယ်။ ဈေးကွက်စီးပွားရေးကို ဖွင့်ပြီဆိုတာနဲ့ Market Competation တွေပြိုင်ပြီးတော့ ထုတ်လုပ်ဖို့အတွက် ဥပဒေပြဋ္ဌာန်းပေးမယ်။ ပြိုင်ပြီးတော့ ရောင်းဝယ်ဖို့၊ တိုင်းရင်းသားလုပ်ငန်းတွေဖွံ့ဖြိုးဖို့လိုတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းကို လာပြီးတော့ ရင်းနှီးမြှုပ်နှံဖို့လိုတယ်။ စီးပွားရေးပိတ်ဆို့ထားတာကို လောလောဆယ် ပယ်ဖျက်ဖို့လိုတယ်။ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီရှင်သန်ဖို့ ခေတ်နဲ့မလျော်ညီတော့ဥပဒေအတားအဆီးတွေ အားလုံးကို ပယ်ဖျက်ဖို့လိုတယ်။

**မဲဆန္ဒရှင်တွေကို ပေးတဲ့ ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံးကတိတစ်ခုက ဘာဖြစ်မလဲ။**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုဦးစားပေးပြီး လုပ်မယ်။ တစ်ပါတည်းမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်သမားအခွင့်အရေးတွေကို ဦးစားပေးလုပ်မယ်။

**ပြည်တွင်း အမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

ဒုတိယကမ္ဘာစစ်ကြီးရဲ့ ဒဏ်ကို မရှုမလှ ခံလာခဲ့တဲ့နိုင်ငံ။ လွတ်လပ်ရေးရလာတဲ့အခါမှာ စုပေါင်းပြီးတော့ ဘယ်လောက်နိုင်ငံကို ထူထောင်ဖို့ ကောင်းလဲ။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲတွေကြောင့် ပြည်တွင်းစစ်ဖြစ်တယ်။ ပြည်သူတွေ မြေဇာပင်ဖြစ်ရတယ်။ ဒုတိယအမှားက တိုင်းပြည်တည်ငြိမ်စပြုလာတဲ့အခါမှာ စီးပွားရေးနဲ့ နိုင်ငံရေးကိုဗဟိုကချုပ်ကိုင်ရင်း ဆိုရှင်လစ်စနစ်လုပ်တယ်။ တတိယအမှားကတော့ ၉၀ ခုနှစ်ရွေးကောက်ပွဲကို သင့်သင့်မြတ်မြတ်နဲ့ အင်န်အယ်လ်ဒီတို့ အစိုးရနဲ့လုပ်ပြီးတော့သာ ပြောင်းလဲနိုင်ရင် စီးပွားရေးပိတ်ဆို့မှုကို ကာကွယ်နိုင်မယ်။ ဒီအမှားသုံးရပ်ကို သင်ခန်းစာယူရမယ်။ ပြည်တွင်းစစ်ရပ်စဲရေး ထာဝရ ပြည်တွင်းတည်ငြိမ်ရေးက အဓိကကျတယ်။ ကမ္ဘာမှာ သက်တမ်းအရှည်ဆုံး လက်နက်ကိုင် ပဋိပက္ခပြည်တွင်းစစ်ကို အဆုံးသတ်ဖို့လိုတယ်။ အမျိုးသားသင့်မြတ်စည်းလုံးရေးနဲ့ ထာဝရ ပြည်တွင်းငြိမ်းချမ်းရေးတွေ ရအောင် မဖြစ်မနေ ကြိုးပမ်းသွားမှာ။ စစ်ဆိုတာ သေခြင်းတရားလို ရှောင်လွှဲလို့မရတဲ့ ဟာမှ မဟုတ်တာ။

# ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ

**ပါတီဥက္ကဌ**
ဦးအုန်းလွင်

**ပါတီဝင်အရေအတွက်**
နှစ်သောင်းခန့်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၄)နေရာ

**ပါတီနောက်ခံသမိုင်း**-ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ပါတီကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်အမှတ်-၄၆ဖြင့် တရားဝင် နိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုခဲ့သည်။ သက်တမ်းငါးလသာရှိသေးသော်လည်း ပါတီကို ဦးဆောင်နေကြသူများသည် ဖဆပလခေတ်မှ နယကခေတ်အထိ နိုင်ငံရေးလှုပ်ရှားမှုများတွင်ပါဝင်ဆောင်ရွက်ခဲ့သူများဖြစ်သည်။

**ပါတီမူဝါဒ**-ပြည်သူ့အကျိုးစီးပွားကို အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့ စိတ်ဝင်စားမှု အားနည်းနေတယ်။ ရွေးကောက်ပွဲက တို့တိုင်းပြည်အတွက် အရေးကြီးတဲ့ ကွေ့တစ်ကွေ့ဆိုတာကို ပြည်သူလူထုက အခုထက်ထိ သိပ်သဘောမပေါက်သေးဘူး။ တချို့ဆို ပေးရမယ့်မဲစာရင်းမှာ ကိုယ့်အမည်ပါလား။ မပါလားဆိုတာတောင် သွားမကြည့်ကြဘူး။ ပေါ်ပြူလာဖြစ်တာကို လိုက်ပြီးတော့ စိတ်ဝင်တစားနဲ့ နိုင်ငံရေးနယ်ပယ်ထဲမှာ ပါလာတာတော့ရှိတယ်။ ရွေးကောက်ပွဲ အပေါ်မှာကျတော့ သဘောထား အားနည်းနေတယ်။ ပြည်သူလူထု ပိုစိတ်ဝင်စားစေချင်တယ်။

ကော်မရှင်ကိုတော့ ၂၀၁၀ ရွေးကောက်ပွဲက အားနည်းချက်တွေကို ပါတီတိုင်းက ထောက်ပြကြတာရှိတယ်။ ဥက္ကဌ (ဦးတင်အေး) ကိုယ်တိုင်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားပါမယ်ဆိုတာ ကတိပေးထားတယ်။ ၂၀၁၀ ထက်လာမယ့် ကြားဖြတ်ရွေးကောက်ပွဲက လွတ်လပ်ပြီး တရားမျှတမယ်လို့ ယုံကြည်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

အဆင်မပြေတာကတော့ ငွေရေးကြေးရေးပဲ။ ပါတီတွေဆိုတာ နိုင်ငံကို အကျိုးပြုတဲ့ပါတီတွေဖြစ်တယ်။ ဒီပါ-တီတွေကို အစိုးရကိုယ်တိုင်က ဘတ်ဂျက်က ထောက်ပံ့သင့်တယ်လို့(အမေရိကန်၊ ပြင်သစ်တို့မှာလည်းရှိတယ်) စာတင်ထားတယ်။ (ဒီမိုကရေစီ မိတ်ဆွေပါတီများ ၁၀ ပါတီ) နဲ့ ပေါင်းပြီးတင်ထားပါတယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလောဖြေရှင်းပေးရမယ်လို့ ယူဆတဲ့အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

ဥပဒေနဲ့ တစ်ပြေးညီမဖြစ်တာတွေ၊ ဥပဒေအထက်မှာ ရှိနေတာတွေဟာ ပြည်သူလူထုတွေ၊ နိုင်ငံရေးသမားတွေရော ခံစားနေရတဲ့ကိစ္စတွေ ပြဿနာတွေပါ။ ဒါကြောင့် ဥပဒေကို လေးစားလိုက်နာစေရန် ဥပဒေနဲ့ တစ်ပြေးညီဖြစ်စေရန် ဥပဒေအထက်တွင် မည်သူမျှမရှိစေရန် စတာတွေကို နိုင်ငံရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူလူထုရှေ့ကနေ မားမားမတ်မတ် ဆောင်ရွက်သွားပါမယ်။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ဝယ်လိုအား၊ ရောင်းလိုအားကို လုပ်ပေးနိုင်တာက အစိုးရပဲ။ အခုဝယ်လိုအား၊ ရောင်းလိုအား ကြားထဲမှာ ကွာဟချက်ဖြစ်နေတယ်။ လယ်သမားတွေလည်း ဈေးကောင်းမရဘူး။ ဝယ်စားရတော့လည်း ဈေးကြီးပေးဝယ်ရတယ်။ ကြားထဲမှာ ရှာလိုက်တော့ Transport Charges (သယ်ယူစရိတ်)ကိုသွားတွေ့တယ်။ နောက်ပိုင်းမှာ Balance ညီမျှအောင် အစိုးရက တော်တော်အားစိုက်ပြီး လုပ်လိမ့်မယ်လို့ သိထားတယ်။ အဓိကက အစိုးရက လုပ်ပေးရမယ်။ Balance ကိုချိန်ပေးရမယ်။ နိုင်ငံရေးသမားတွေ လုပ်လို့လည်း မရဘူး။ လယ်သမားတွေလုပ်လို့လည်း မရဘူး။

**မဲဆန္ဒရှင်တွေကို ပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့အရေးကြီးဆုံးကတိတစ်ခုက ဘာဖြစ်မလဲ။**

လူ့အခွင့်အရေးပေါ့။ လူတွေရဲ့ မွေးရာပါအခွင့်အရေးတွေကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်ဖို့ အရေးကြီးတယ်။ စည်းကမ်းပြည့်ဝတဲ့ လူ့အခွင့်အရေး ဒီမိုက ရေစီမရရအောင် ဖော်ဆောင်ပေးတယ်။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

အမျိုးသားရင်ကြားစေ့ရေးအတွက်ကတော့ တိုင်းရင်းသားတွေရော၊ လူတန်းစားပေါင်းစုံရော၊ အစိုးရတွေရော၊ အင်န်ဂျီအိုတွေရော ပေါင်းစုံ အမျိုးသားညီလာခံကြီးတစ်ရပ်ခေါ်ပေးပါလို့(ဒီမိုကရေစီမိတ်ဆွေပါတီများ ၁၀ ပါတီ)နဲ့ပူးပေါင်းပြီး အစိုးရကို တောင်းဆိုထားတယ်။

# တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ

**ပါတီဥက္ကဋ္ဌ**
ဦးထွန်းရီ

**ပါတီဝင်အရေအတွက်**
၇၅၉,၂၇၇ ဦး
(၂၀၁၂ ခုနှစ်
မတ်လ ၂၄ရက်အထိ)

**ဝင်ရောက်ယှဉ်ပြိုင်မည့်
မဲဆန္ဒနယ်အရေအတွက်**
(၂၂)နေရာ

**ပါတီနောက်ခံသမိုင်း** -မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမွေဆက်ခံသောပါတီဖြစ်ကာ ၁၉၉၀ နှင့် ၂၀၁၀ ရွေးကောက်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ပါတီမူဝါဒ**-လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း လူတစ်ဦး လူတစ်စု၏ ကျဉ်းမြောင်းသော အတ္တအကျိုးစီးပွားအတွက် ကျန်လူအများစုကြီးကို ဆင်းရဲဒုက္ခရောက်စေသည့် လုပ်ရပ်များကင်းစင်စေရမည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများအပေါ် အခြေခံလျက် လူတစ်ဦးချင်း(သို့မဟုတ်)လူတစ်စု အပါအဝင် လူအများစုကြီး၏ ကြီးပွားတိုးတက်ကောင်းစားရေးကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ခံယူကျင့်သုံးသွားမည်ဖြစ်ပါသည်။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

နံပါတ်တစ်ကတော့ ကော်မရှင်ကနေပြီးတော့ ထုတ်ပြန်ထားတဲ့ ရွေးချယ်တင်မြှောက်ပွဲ ဥပဒေနဲ့အညီ ကျင်းပပေးဖို့လိုပါတယ်။ အဲဒါကတော့ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဒါ Rules and Raw ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းက ဒီမိုကရေစီအားဖြင့်လည်း ကိုက်ညီတယ်။ ပြည်သူတွေကလည်းပဲ တရားမျှတပြီး လွတ်လပ်တဲ့ရွေးကောက်ပွဲဖြစ်အောင် ဘာတွေလုပ်ရမလဲဆိုတော့ တစ်ကတော့သူတို့ရဲ့ဆန္ဒကို မှန်မှန်ကန်ကန်စနစ်တကျ မဲပေးဖို့လိုပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့၊ နိုင်ငံရေးပါတီတွေအနေနဲ့ ပတ်သက်လို့ အခန်းတစ်ခန်းသတ်မှတ်ပြဋ္ဌာန်းပြီးတော့ထားတာရှိတယ်။ အဲဒီမှာ ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းပေးရမယ်လို့ ဆိုထားတယ်။

အဲဒီတော့ အဲဒီပြဋ္ဌာန်းချက်နဲ့အညီ လွှတ်တော်ကနေ ဥပဒေပြဋ္ဌာန်းပြီးရင်တော့ နိုင်ငံရေးပါတီတွေအပေါ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့အတိုင်း ရပ်တည်သွားနိုင်မယ့်သဘောရှိပါတယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ ယူဆတဲ့အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

တစ်ကတော့ ငြိမ်းချမ်းရေး၊ နှစ် ကတော့ တည်ငြိမ်ရေး၊ သုံးကတော့စည်းလုံးညီညွတ်ရေး၊ လေးကတော့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့အခြေခံအချက်လေးချက်ဟာ အင်မတန်အရေးကြီးတဲ့အချက်ပါပဲ။ ဒါဟာ မဲဆန္ဒရှင် လုပ်သားပြည်သူတွေအတွက် အရေးကြီးတဲ့ အချက်တွေပါ။ အဲဒါတွေဟာလတ်တလောဖြေရှင်းပေးရမယ်။ နောင်လည်းပဲ ရအောင်ဖြေရှင်းပေးရမယ်။ လောလောဆယ်တော့ငြိမ်းချမ်းရေးဟာ အရေးကြီးဆုံးပါပဲ။

ငြိမ်းချမ်းရေးရတာနဲ့အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာလည်း ဖြစ်လာမှာပဲ။ အဲဒီလိုဖြစ်လာတာနဲ့ အမျှတည်ငြိမ်လာမယ်။ အရေးကြီးဆုံး တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာပဲလို့ ဒီလိုမြင်တယ်။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ကုန်ဈေးနှုန်းနဲ့ပတ်သက်လို့ကတော့ ရေရှည် မြန်မာနိုင်ငံတင်မဟုတ်ဘူး။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲ။

ကုန်ဈေးနှုန်းနဲ့ ပတ်သက်လို့ကတော့ စီးပွားရေးတည်ငြိမ်မှုက အများကြီးလိုပါတယ်။ နောက် တစ်ခုကတော့ အဲဒီလိုတည်ငြိမ်မှုလိုသလိုပဲ အလုပ်အကိုင်အခွင့်အလမ်းတွေအများကြီးဖြစ်အောင် ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီလို အလုပ်အကိုင်အခွင့်အလမ်းတွေဖြစ်လာမယ်။ ရလာမယ်ဆိုလို့ရှိရင်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေရလာဖို့စီးပွားရေးအခွင့် အလမ်းတွေဖွံ့ဖြိုးဖို့ လိုပါတယ်။ အဲဒီဟာတွေကို ပြီးခဲ့တဲ့ လွှတ်တော်ကနေပြီးတော့ စီးပွားရေးစီမံကိန်းတွေပြဋ္ဌာန်းပြီးတော့ လုပ်နေပြီး အဲဒီရဲ့တိုးတက်မှုတွေ ရှိလာမယ်။ ဆိုလိုတဲ့သဘောကတော့ရေရှည်အကောင်အထည်ဖော်ရမယ့်သဘောရှိတယ်။ ဆေးမြီးတိုနဲ့ မရဘူး။

**မဲဆန္ဒရှင်တွေပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ဒီရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ အရေးကြီးဆုံးကတော့ ပါတီရဲ့တိုင်းရင်းသားစည်းလုံးညီ ညွတ်ရေးဆိုတဲ့ နာမည်နဲ့အညီ တိုင်းရင်းသားတွေအတွင်းမှာ စည်းလုံးညီညွတ်ရေးရအောင် အရေးကြီးဆုံး လုပ်ငန်းကို ပါတီကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်သွားမယ်။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လို အစီအမံတွေရှိပါသလဲ။**

ပြည်တွင်းရင်ကြားစေ့ရေးဆိုတာ စည်းလုံးရေးပဲလေ။ ဆိုပါတော့ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတွေအားလုံးပါဝင်လာတယ်။ အရင်က NLD ပါတီမပါဘူး။ အခု NLD ပါတီပါလာတယ်။ ဟိုတုန်းက ရွေးကောက်ပွဲကို မဝင်ဘူး။ ဆန့်ကျင်တယ်ပေါ့လေ။ အန်ကယ်တို့ ဟိုတုန်းကတည်းက ကြိုဆိုပါတယ်။ NLD ပါတီအနေနဲ့ ဒီထဲမှာ ပါလာပြီးတဲ့အခါကြတော့ All Inclusive Political Process ကိုက်ညီတဲ့အခါကျတော့ ဒါဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး ခုနက ရင်ကြားစေ့ရေးပဲ ပြောပြော ပြန်လည်သင့်မြတ်ရေးပဲပြောပြော၊ အမျိုးသားစည်းလုံးညီညွတ်ရေးပဲပြောပြော ဘယ်လိုပဲပြောပြော ဒီဥစ္စာဟာ ကောင်းမွန်လာတဲ့ အနေအထားရှိတယ်။ ကြိုဆိုပါတယ်။

# ဒီမိုကရက်တစ်ပါတီ(မြန်မာ)

**ပါတီဥက္ကဋ္ဌ**
ဦးသုဝေ

**ပါတီဝင်အရေအတွက်**
၇၀၀၀ ကျော်

**ဝင်ရောက်ယှဉ်ပြိုင်မည့်
မဲဆန္ဒနယ်အရေအတွက်**
(၁)နေရာ

**ပါတီမူဝါဒ** -မြန်မာဟူ၍ ဂုဏ်ယူဝင့်ကြွားနိုင်သည့်နေချင့်စဖွယ်ပြည်ထောင်စုကြီး တည်ဆောက်ရေး။

**ပါတီအမှတ်တံဆိပ်**-ပါတီ၏ သင်္ကေတမှာ ကြယ်နီ(၁၄) လုံးဝန်း ရံထားသော ပျော်ရွှင်မြူးထူးစွာ ကနေသည့် ဒေါင်းဖြစ်ရာ အဓိပ္ပာယ်မှာ ပြည်သူတစ်ရပ်လုံး ပျော်ရွှင်စွာနေနိုင်ရေးကို ရည်ညွှန်းပါသည်။

**ဝင်ရောက်ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်**-မင်္ဂလာတောင်ညွန့်။

**လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒရှင် ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

အစိုးရသည် ဒီမိုကရေစီစနစ်ကို နားလည်ရမယ်။ ယုံကြည်မှုလည်းရှိရမည်။ ဒီမိုကရေစီ နည်းလမ်းအတိုင်း ကိုယ်တိုင်ကျင့်သုံး၍ ပြည်သူတို့၏ အဆုံးအဖြတ်ကို သဘောတူလက်ခံရမည်။ ရွေးကောက်ပွဲကော်မရှင် အလုပ်ကို ဝင်မစွက်ရပါ။ ပြည်သူလူထု၏ လွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးခြင်းလည်း မပြုရပါ။ ကော်မရှင်သည် မည်သည့်ပါတီစွဲမှ မထားရှိဘဲ အများပြည်သူတို့က လေးစားကြည်ညိုသူများဖြစ်သည့် အားလျော်စွာ မှန်ကန်တည့်မတ်မှုရှိရမည်။ တရားဥပဒေအတိုင်း ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်လုပ်ကိုင်ရမည်။ အစိုးရက ဝင်ရောက် စွက်ဖက်လာမည်ကိုလည်း လက်မခံရပါ။ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်များ သဘောပေါက်နားလည်အောင် ရှင်းပြပေးရမည်။ မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများ သံသယကင်းရှင်းစေအောင် အစီအစဉ်များချမှတ်ပေးရမည်။ ဒီမိုကရေစီစနစ်မှာ လူထုသည် အချုပ်အခြာအာဏာပိုင်သည့်အတွက် လူထု၏ အဆုံးအဖြတ်မှန်ကန်ကောင်းမွန်ရပါမည်။ အဆုံးအဖြတ်မှန်ရန် လူထုသည် နိုင်ငံရေးကို စိတ်ပါဝင်စားမှုရှိရမည်။ အမှန်သိရှိရန် လေ့လာရမည်။ အမှန်ကိုဆုံးဖြတ်နိုင်သည့် အရည်အချင်း ရှိရမည်။ သို့မှသာ လူတော်လူကောင်းများပေါ် ထွက်လာမည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်၊ ဖြည့်စွက်ချင်လဲ။**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုတပ်မတော်အစိုးရက ဖြစ်ရှိနေသော အခြေအနေအရပ်ရပ် အပေါ် သုံးသပ်ပြီး အကောင်းဆုံး လိုအပ်ချက်များ ဖြည့်ဆည်းနိုင်မည့် ဥပဒေမျိုးဖြစ်အောင် ရေးဆွဲခဲ့ခြင်းဖြစ်ပါလိမ့်မည်။ အများပြည်လိုချင်သည်ဆိုသော ဒီမိုကရေစီစနစ်အပေါ် အခြေခံ၍ ရေးဆွဲခဲ့ခြင်းမဟုတ်ပါ။ အများ၏ဆန္ဒသည် လက်တွေ့လုပ်သင့်သည်နှင့်ခြားနားနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ မပြောင်းလဲနိုင်သော ဥပဒေမျိုးမဟုတ်ပေ။ နိုင်ငံအခြေအနေပြောင်းလဲသွား သကဲ့သို့ အခြေအနေနှင့်လိုက်လျောညီထွေရှိသည့် အချက်များကို ပြင်ဆင်နိုင်သည်သာဖြစ်ပါသည်။

**မဲဆန္ဒရှင်တွေအတွက်လတ်တလောဖြေရှင်းပေးရမယ်လို့ ယူဆတဲ့ အရေးကြီးဆုံးပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေမှာ ဖြေရှင်းရမည့်ပြဿနာ ဒုနှင့်ဒေးရှိပါသည်။ တစ်ပြိုင်နက်တည်း ဖြေရှင်းနိုင်သမျှ ကြိုးစားရပါမည်။ လွတ်လပ်ခြင်း၊ တရားမျှတမှုရှိပြီး နိုင်ငံသားတိုင်းအလုပ်အကိုင်ရှိရန် လိုပါသည်။ မွေးလာသည်မှ ကွယ်လွန်သည်အထိ လူမှုဖူလုံရေးအစီအစဉ်များ လုပ်ပေးနိုင်ရမည်ဖြစ်သည်။

**ပြည်သူတွေ အဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လို အစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ကုန်ဈေးနှုန်းဆိုသည်မှာ ဝယ်လိုအားနှင့်ကုန်ပစ္စည်း မမျှလျှင် အတက်အကျဖြစ်ပါသည်။ အခြေခံကုန်ပစ္စည်းများပြတ်တောက်မှုမရှိရန် အစိုးရက စီမံရပါမည်။ လိုအပ်သော ကုန်ပစ္စည်းများ ဖြည့်တင်းပေးခြင်းဖြင့် ထိန်းပေးရပါမည်။

**မဲဆန္ဒရှင်တွေကိုပေးတဲ့ ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ရွေးကောက်ပွဲတွင် ကတိပေး သည့်နည်းကို အသုံးမပြုပါ။ ပြည်သူတို့ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် ရည်ရွယ်သည်ဖြစ်ရာ ဆင်းရဲဒုက္ခများသည် အဘယ်နည်း။ ပြဿနာဖြေရှင်းရန် အစိုးရ၊ အတိုက်အခံ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများ ညီညွတ် ပူးပေါင်းကြိုးစားရန် ဆောင်ရွက်ခြင်း၊ တိုက်တွန်းခြင်းနည်း ဖြစ်ပါသည်။

**ပြည်တွင်း အမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

အမျိုးသားရင်ကြားစေ့ရေးကိစ္စမှာ အပြောလွယ်သလောက် အလွန်ခက်ပါသည်။ သို့သော် အရေးကြီးသည့်အတွက် စိတ်ရှည်သည်းခံကြိုးစားရပါမည်။ အချင်းချင်းဆက်ဆံမှုများလည်း ရှိရပါမည်။ ဆက်ဆံမှုရှိမှ နားလည်မှုရှိလာမည်။ နားလည်မှုရှိမှ ယုံကြည်လာမည်။ အတူလက်တွဲလုပ်လာနိုင်မည်ဖြစ်ပါသည်။ သို့မှသာ အောက်တန်းနောက်တန်းကျနေသော အခြေအနေမှ ထိပ်ဆုံးသို့ ရောက်လာပါမည်။ မြန်မာဟူ၍ ဂုဏ်ယူဝင့်ကြွားနိုင်သည့် နေချင့်စဖွယ်ပြည်ထောင်စုကြီးဖြစ်လာပါမည်။ ဤသည်ပင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ရည်မှန်းချက်စင်စစ်ဖြစ်ပါသည်။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

**ပါတီဒုတိယဥက္ကဋ္ဌ**
သူရဦးရွှေမန်း

**အထွေထွေအတွင်းရေးမှူး**
ဦးဌေးဦး

**ပါတီဝင်အရေအတွက်**
-

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၄၈)နေရာ

**ပါတီ၏ နောက်ခံသမိုင်း**

လူမှုရေးအသင်းအဖွဲ့တစ်ခုအဖြစ် ၁၉၉၃ခုနှစ်ကပင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအားအခြေခံအမွေပြုဖွဲ့စည်းလိုက်သည့်နိုင်ငံရေး ပါတီတစ်ခုဖြစ်သည်။ ၂၀၁၀ခုနှစ်တွင် ပါတီကို စတင် တည်ထောင်ခဲ့ပြီး၊ ၂၀၁၀ရွေးကောက်ပွဲတွင် မဲဆန္ဒ နယ် အများစု၌ အနိုင်ရခဲ့သည်။ပါတီဗဟိုအလုပ် အမှုဆောင်အဖွဲ့ကို ၂၄ဦးဖြင့် ဖွဲ့စည်းထားသည်။

**ပါတီ၏မူဝါဒ**-ပါတီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ် အခြာတည်တံ့ခိုင်မြဲရေးတည်းဟူသော အရေးသုံး ပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူသည်။ ထို့အတူပါတီ၏ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေး စနစ်တို့ ကျင့်သုံးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးမူဝါဒ များကိုလည်း အောင်မြင်စွာအကောင်အထည်ဖော်နိုင် မည်ဟု ခံယူသည်။

■ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက 7Day News မှပေးပို့သော မေးခွန်းများကို အချိန်မီပြန်လည်ဖြေကြားနိုင်ခြင်းမရှိသည့်အတွက် ဖော်ပြနိုင်ခြင်းမရှိပါ။

# ပြည်သူ့ဒီမိုကရေစီပါတီ

**ပါတီဥက္ကဋ္ဌ**
ဒေါက်တာသန်းထိုက်ဦး

**ပါတီဝင်အရေအတွက်**
တစ်သောင်းကျော်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၃)နေရာ

**ပါတီနောက်ခံသမိုင်း**-ပြည်သူ့ဒီမိုကရေစီပါတီကို ၂၀၁၀ ခုနှစ်ဇွန် ၁၃ရက်တွင်စတင်လျှောက်ထားခဲ့သည်။ ၂၀၁၀ အောက်တိုဘာ ၂၃တွင် တရားဝင်ပါတီတည်ထောင်ခွင့် ကို ရရှိခဲ့ပြီး ယင်းနောက်တွင် လွှတ်တော်ပြင်ပနိုင်ငံရေး အနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သည်။

**ပါတီမူဝါဒ**-အရင်းရှင်ပါလီမန်စနစ်အားကောင်းသည့် ဘူဇွာဒီမိုကရေစီပါတီကို လက်မခံဘဲ စီးပွားရေးသမား များအနေဖြင့် ၄င်းတို့ရင်းနှီးထားသလောက် ထိုက်သင့် သောအကျိုးခံစားခွင့်များကိုရရှိရမည်။ ထို့အပြင် အခြေခံ လူတန်းစားများဖြစ်သော အလုပ်သမားများ၊ စက်မှုလုပ် သားများ၊ တောင်သူလယ်သမားများအနေဖြင့်လည်း ၄င်းတို့လုပ်သလောက်ရသင့်သည့် အကျိုးခံစားခွင့်များ ကို ရရှိအောင် ဆောင်ရွက်သွားမည်။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေ ဆီကတောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

လွပ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့က အပေါ်ယံကိုကြည့်ပြီးတော့ တရားမျှတပါတယ်လို့ပြော လို့မရဘူး။ ကိုယ်ကြိုက်နှစ်သက်တဲ့ပါတီကိုမဲပေးနိုင်ဖို့ အတွက် မဲစာရင်းကအဓိကအရေးကြီးပါတယ်။ မဲစာရင်း နဲ့ပတ်သက်ပြီး ၂၀၁၀မှာ တော်တော်လေး ဆိုးဆိုးရွားရွား တွေ့ခဲ့ရတယ်။ ၂၀၁၂ ကျတော့ ၂၀၁၀ ထက် ငါးဆယ်၊ ခြောက်ဆယ်ရာခိုင်နှုန်းလောက်ပဲ လျော့ပါးသွားပြီး လေး ဆယ်ရာခိုင်နှုန်းလောက်ကလျော့ပါးမှုမရှိသေးတာတွေ့ ရတယ်။ ဘာတွေလျော့ပါးမှုမရှိဘူးဆိုလည်း ဆိုတာမှာ အဓိကက မဲစာရင်းမှားတယ်။ မဲစာရင်းမှန်မှန်မကောက် တဲ့သူတွေကို ဘယ်လိုအရေးယူမလဲဆိုတဲ့ ဥပဒေက အခု ချိန်အထိမရှိသေးဘူး။ နောက်တစ်ချက်က အောက်ခြေကော် မရှင်က တာဝန်ရှိသူတွေဟာ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ရဲ့ နည်းဥပဒေအတိုင်းမလုပ်ကြဘူး။ ဒီလို လူမျိုးတွေကို ကော်မရှင်မှာထားလို့ ဘယ်လိုမှလွတ် လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်လာမှာမဟုတ် ဘူး။ နောက်တစ်ခုက ကြားဖြတ်ရွေးကောက်ပွဲနီးလာ တဲ့အထိ မဲရုံတွေကိုဘယ်နေရာတွေမှာ လုပ်မယ်ဆိုတာ မသိရသေးဘူး။ မဲရုံလုပ်မယ့်နေရာကို မေးတော့လည်း မဖြေနိုင်ကြဘူး။ အဲ့ဒီတော့ ရွေးကောက်ပွဲကော်မရှင်မှာ တာဝန်ထမ်းဆောင်နေတဲ့သူတွေအနေနဲ့ သူတို့မှားရင် လည်း သူတို့ကိုအရေးယူနိုင်တဲ့ပုဒ်မ ရှိကိုရှိရပါမယ်လို့။ ဒါမှလွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်လိမ့် မယ်လို့ထင်တယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေ နေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင် လဲ။**

လောလောဆယ်ကတော့ အဆင်ပြေပါတယ်။ ဖြည့် စွက်ချင်တဲ့အရာက စောစောကပြောသလို ကော်မရှင် မှာတာဝန်ထမ်းဆောင်နေတဲ့ပုဂ္ဂိုလ်တွေကို သူတို့ဘက် က မှားယွင်းစွာလုပ်ကိုင်ခဲ့သည်ရှိသော် သူတို့ကိုလည်း အရေးယူနိုင်မယ့် ဥပဒေတွေထွက်လာရင် ပိုပြီးတော့ ကောင်းမယ်လို့ထင်ပါတယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလောဖြေရှင်းပေးရမယ်လို့ယူဆတဲ့အရေးကြီးဆုံးပြည်တွင်းကပြဿနာက ဘာဖြစ်မလဲ။**

ကျွန်တော်တို့ပါတီအနေနဲ့ကတော့ အခြေခံလူ တန်းစားတွေကိုညှင်းပန်းနှိပ်စက်တဲ့ဖြစ်စဉ်တွေနဲ့ဥပဒေမဲ့ ကောက်ခံနေတဲ့ အခွန်အခတွေရယ် အဖွဲ့အစည်းအချို့ က ပြည်သူတွေအပေါ် နည်းအမျိုးမျိုးနဲ့ လုပ်ကိုင်နေကြ တာတွေအစရှိတဲ့ သုံးချက်က လောလောဆယ်မှာသချာ ဖြေရှင်းရမယ့် အဓိကအရေးကြီးပြဿနာတွေလို့ထင်ပါ တယ်။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေ ထွက်ငွေလိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ် မျိုးတွေကို စဉ်းစားထားလဲ။**

ဒီကိစ္စမှာအရေးကြီးတာက မှန်ကန်တဲ့ဈေးကွက် စီးပွားရေးစနစ် ပေါ်လာဖို့ပါ။ ဒီကစီးပွားရေးစနစ်က လူ တစ်စုကောင်းစားရေးအတွက်ဖြစ်နေတယ်။ အဲ့ဒါကြောင့် လူတွေအပြောများနေတဲ့ ကုန်ဈေးနှုန်းကိစ္စနဲ့ ဝင်ငွေ ထွက်ငွေလိုက်လျောညီထွေဖြစ်ဖို့အတွက် ကျွန်တော် တို့ပါတီက ဆောင်ရွက်သွားပါ့မယ်။

**မဲဆန္ဒရှင်တွေကိုပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ပါတီကပြောချင်တာက တော့ဥပဒေမဲ့ ပြည်သူကို ညှင်းပန်းနှိပ်စက်တဲ့ ဖြစ်စဉ်မှန်သမျှကို ကျွန်တော်တို့ ပါတီက ရွေးကောက်ပွဲမှာ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ် စေ ရွေးကောက်ပွဲနိုင်ရင်လည်း လွှတ်တော်အတွင်းနိုင်ငံ ရေး၊ ရွေးကောက်ပွဲမှာရှုံးခဲ့ရင်လည်း လွှတ်တော်ပြင်ပ နိုင်ငံရေးအနေနဲ့ ဆောင်ရွက်သွားပါမယ်လို့ ပြည်သူကို ကတိပေးပါတယ်။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

ပြည်တွင်းငြိမ်းချမ်းရေးအကောင်အထည်ဖော်ဖို့ ကိစ္စမှာမြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့တိုင်းရင်းသားလူမျိုး ပေါင်းစုံအနေနဲ့ သူတို့ဒေသအသီးသီးမှာရှိတဲ့ သဘာဝ တွင်းထွက်တွေအပေါ် မှာသင့်တင့်တဲ့ အကျိုးအမြတ် ခံစားခွင့်တွေကိုရရှိနိုင်မယ်ဆိုရင်ဒါကအမျိုးသားရင်ကြား စေ့ရေးအတွက်ဖြစ်နိုင်ပါတယ်။

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

**ပါတီဥက္ကဋ္ဌ**
ဦးခွန်းစံလွင်

**ပါတီဝင်အရေအတွက်**
-

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၁)နေရာ

**ပါတီနောက်ခံသမိုင်း**-၁၉၅၂၊၁၉၅၆၊၁၉၆၀ပြည့်မှာပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ) ပါတီမှ ပါလီမန်အမတ်(၇)ဦး တင်မြှောက်ခြင်းခံရသည်။ ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက်(၁)နေရာ၊ပြည်သူ့လွှတ်တော်(၃)နေရာ၊ပြည်နယ်လွှတ်တော်(၆)နေရာရွေးချယ်တင်မြှောက်ခံရသည်။

**ပါတီမူဝါဒ**- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားလာစေရေး၊

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ကော်မရှင်အနေနဲ့ မဲပေးမယ့်ပြည်သူတွေရဲ့ စာရင်းနဲ့ ပြည်သူတွေကိုယ်တာဝန်ကိုယ်ကျေတဲ့အနေနဲ့ တိတိကျကျမဲပေးနိုင်မယ့်တာဝန်ရှိတယ်လို့ခံယူပြီးတော့မှန်မှန်ကန်ကန်လာမဲပေးကြမယ်။ မဲစာရင်းကို သွားကြည့်ပါ။ ပြီးတော့ မပါရင်လာပြောပါ။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီ ရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်၊ဖြည့်စွက်ချင်လဲ။**

ဖွဲ့စည်းပုံ အခြေခံဥပဒေကနေ ပါတီအနေနဲ့ ဘောကိုချော်မထွက်ဘူးလေ။ ဘာမှ ပြောစရာ မရှိပါဘူး။

**မဲဆန္ဒရှင်တွေအတွက် လတ်တလောဖြေရှင်းပေးရမယ်လို့ ယူဆတဲ့အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

ပြည်နယ်ဒေသတွေဖြစ်တဲ့အတွက် မှတ်ပုံတင်ကတ်ကိစ္စက အရေးကြီးဆုံးဖြစ်နေပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေဟာ အထူးသဖြင့် ကျွန်တော်တို့လူမျိုးတွေက အလေးမထားတတ်ဘူးလေ။ မဲစာရင်းတွေ ပြန်ကောက်တဲ့အခါမှာမှတ်ပုံတင်မရှိတဲ့သူက များနေတယ်။ မှတ်ပုံတင်ကို ဆောင်ရွက်ပေးပေမယ့် အားလုံးမပြည့်စုံဘူးလေ။ အစုံအလင်မရရှိဘူးလေ။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ဦးတို့ပြည်နယ်မှာ မိသားစုတစ်ခုရဲ့ စားဝတ်နေရေးဟာ သူတို့တတ်နိုင်တဲ့စိုက်ပျိုးထားတဲ့သီးနှံတွေဈေးကွက်ဝင်ရေး၊ မှန်မှန်ကန် ကန်ရအောင်သက်ဆိုင်ရာ ကုန်စည်ဒိုင်တွေနဲ့ ဆက်သွယ်ပြီးမှ လမ်းကြောင်းကိုတည်ပေးပါတယ်။

**မဲဆန္ဒရှင်တွေကို ပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

မဲဆွယ်စည်းရုံးဆင်းတဲ့အခါမှာ ညီနောင်တိုင်းရင်းသားများကိုပါဝင်ပေးပါလို့ စည်းရုံးတယ်။ စည်းရုံးတဲ့အခါမှာ တောင်တန်းပေါ်က အားလုံးအနိုင်ရသွားရင် တန်းတူအခွင့်အရေးရအောင် ဆောင်ရွက်ပေးမယ်ပြောထားပါတယ်။ ဒါပေမဲ့ ဘာတစ်ခုမှကိုတော့ တိတိကျကျလုပ်ပေးမယ် ကတိမပေးနိုင်ပါဘူး။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

ရင်ကြားစေ့ရေးဆိုတဲ့အတိုင်း နှစ်ဦးနှစ်ဖက် နားလည်သဘောပေါက်တာကို ကြိုဆိုပါတယ်။

# မြန်မာအမျိုးသားကွန်ဂရက်ပါတီ

**ပါတီဥက္ကဋ္ဌ**
ဦးကောင်းမြတ်ထွဋ်

**ပါတီဝင်အရေအတွက်**
၁,၀၀၀ကျော်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၃)နေရာ

**ပါတီနောက်ခံသမိုင်း**- ၂၀၁၀တွင် မြန်မာ့ဒီမိုကရေစီ ကွန်ဂရက်ပါတီအမည်ဖြင့်စတင်ခဲ့သော်လည်း အနည်းဆုံး တစ်ပါတီလျှင် သုံးနေရာဝင်ပြိုင်ရမည် သတ်မှတ်ချက်ကြောင့် ရွေးကောက်ပွဲတွင် တစ်နေရာသာပါခဲ့၍ ပါတီဖျက်သိမ်းခဲ့ရသည်။ ထို့နောက် ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် မြန်မာအမျိုးသားကွန်ဂရက်ပါတီ တည်ထောင်ခွင့်မှတ်ပုံတင် ရခဲ့သည်။

**ပါတီမူဝါဒ**-အမျိုးသားအကျိုးစီးပွားက ပဓာနဖြစ်တယ်။ တစ်မျိုးသားလုံးရေးရာမှာ တစ်မျိုးသားလုံးပါရမယ်။ အားလုံး ညီညီညွတ်ညွတ်ပါမှ တိုင်းပြည်ရှေ့ရောက်မယ်။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ပြည်သူတွေနဲ့လက်တွဲပြီး နိုင်ငံရေးလုပ်ချင်တယ်။ တောင်းတာကတော့ မဲအပါအဝင် ဘာမှမတောင်းချင်ဘူး။ တောင်းဆိုခွင့်လည်း မရှိဘူးလို့မြင်တယ်။ မဲဆန္ဒရှင်တွေကို ပြည်သူတွေလိုပဲမြင်တယ်။ ပြည်သူတွေဆီက မဲလည်းသွားတောင်း နေမှာမဟုတ်ဘူး။ ပြည်သူတွေအတွက် လုပ်ပေးနိုင်တာကို လုပ်ပေးမယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

ဘာမှမပြင်ချင်ဘူး။ မပြင်ဘူးဆိုတာက တစ်နိုင်ငံလုံးက ဘုရားစင်ပေါ်မှာထားတဲ့အခြေခံ ဥပဒေဖြစ်နေတယ်လေ။ အသွင်ကူးပြောင်းရေးကာလမှာ စစ်တပ်ပါနေတာမကြိုက်ဘူး။ ဖယ်ကြည့်ပါလား။ တိုင်းပြည်ကိုဘယ်သူထိန်းမှာလဲ။ ကိုယ်တိုင်က စစ်တပ်နှိပ်စက်တာကို ခံခဲ့ရဖူးပါတယ်။ သို့သော် ရုတ်တရက်ကြီး ခွာလိုက်လို့မရဘူး။ အနှစ် ၂၀ ဝန်းကျင်လောက် ဖြတ်သန်းလိုက်ရင် ဒီမိုကရေစီကြီးက အသားကျသွားလိုက်မယ်။ အဲဒီအချိန်မှာ ပြန်ပြင်လို့ရမယ်။ စစ်တပ် ၂၅ရာခိုင်နှုန်းပါတာမကြိုက်ဘူး။ မကြိုက်ဘူးဆိုပေမယ့်လည်း စစ်တပ်ကို ဘယ်မှာသွားထားမလဲ။ မြန်မာနိုင်ငံရဲ့ ရာဇဝင်မှာ နိုင်ငံရေးလုပ်သက်အရင့်ဆုံးက စစ်တပ်ဖြစ်နေတယ်။ နိုင်ငံရေးနဲ့ စစ်တပ်က ရာစုနှစ်တစ်ဝက်ကျော်လောက်နေခဲ့တယ်။ မြန်မာနိုင်ငံရေးသမားတွေ အာဏာရဲ့အနံ့မရခဲ့တာ ရာစုနှစ်တစ်ဝက်ကျော်ခဲ့တယ်။ နိုင်ငံရေးသမားတွေအသုံးမကျလို့ စစ်တပ်က ခဏခဏအာဏာသိမ်းခဲ့တယ်။ နိုင်ငံရေးသမားတွေ အာဃာတထားခဲ့ကြလို့ တစ်ယောက်နဲ့တစ်ယောက်ချခဲ့ကြလို့စစ်တပ်ကပါရတာပဲ။ ဒါပေမဲ့တိုင်းပြည်က ချစ်တဲ့နိုင်ငံရေးသမားတွေလည်း လိုသလို အတွေ့အကြုံရှိတဲ့စစ်အရာရှိကြီးတွေလည်းလိုတယ်။ လက်တွဲရမယ်။ စစ်တပ်ရဲ့ စိတ်နေစိတ်ထားကို ပြင်ရမယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလောဖြေရှင်းပေးရမယ်လို့ ယူဆတဲ့အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

အသွင်ကူးပြောင်းရေးကာလမှာ စားဝတ်နေမှုလုံခြုံရေးက ပြဿနာဖြစ်တယ်။ အဲဒါကို အရင်ဆုံးဖြေရှင်းဖို့လိုတယ်။ တကယ်လို့ အဲဒါကိုဖြေရှင်းနိုင်ရင် လူတွေရဲ့ အတွေးအခေါ်တွေ၊ အပြုအမူတွေ ပြောင်းလဲနိုင်တယ်။ ခွေးလိုအိပ်ရတဲ့လူတစ်ယောက်က ဘာအကြံဉာဏ်ကောင်းထွက်လာနိုင်မှာလဲ။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

စောစောက ပြောခဲ့သလိုပဲ။ စားဝတ်နေမှု လုံခြုံမှုရဖို့ဝင်ငွေကောင်းမှရမယ်။ ရတဲ့ဝင်ငွေကလည်း သင့်လျော်တဲ့ဝင်ငွေဖြစ်ရမယ်။ အဲဒီဝင်ငွေဟာ နေ့စဉ်အသုံးစရိတ်ကို ဖာထေးနိုင်ရမယ်။ အခု ဖြစ်နေတာက အလုပ်မလုပ်တတ်တာ။ အဲဒီတော့ အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်းဖွင့်နိုင်အောင် လွှတ်တော်ထဲမှာ အနိုင်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တိုက်နိုင်တဲ့သူတွေကိုတိုက်တွန်းမယ်။ ဆင်းရဲနွမ်းပါးမှုပြဿနာတွေ ဖြေရှင်းဖို့ပိုက်ဆံချေးရုံနဲ့မရဘူး။ တကယ် အရင်းအမြစ်မဟုတ်ရင်မရဘူး။ စီးပွားရေးပိတ်ဆို့မှုကြောင့် တိုင်းပြည်ဆင်းရဲတာလည်း ပါတော့ စီးပွားရေးပိတ်ဆို့မှုလည်း ဖျက်သိမ်းစေချင်တယ်။

**မဲဆန္ဒရှင်တွေကိုပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ဘာလုပ်မယ် ညာလုပ်မယ်လို့ကတိမပေးနိုင်ဘူး။ ဒါပေမဲ့ ပြည်သူနဲ့လက်တွဲပြီး နိုင်ငံရေးလုပ်မယ်။ ဘယ်လောက်ထိ ခရီးပေါက်မလဲသွားကြည့်ချင်တယ်။ ညီညီညာညာ လက်တွဲလုပ်မယ်ဆိုရင်အောင်မြင်မယ်။

**ပြည်တွင်းအမျိုးသား ရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

ပြည်တွင်းနိုင်ငံရေးရဲ့ အနှစ်သာရက ပြည်တွင်းစစ်လုံးဝချုပ်ငြိမ်းရေးပါပဲ။ ဒီလူတွေအားလုံး လက်ခံနိုင်တဲ့ ဖြေရှင်းချက်ကို ရှာနိုင်ဖို့လိုတယ်။ အားလုံးလက်ခံနိုင်တဲ့ အဖြေကရိုးရိုးလေးပါပဲ။ ဒီလူတွေအားလုံးကို တိုင်းပြည် တည်ဆောက်ရေးမှာ ထားပေးရမယ်။

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



# မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ

**ပါတီဥက္ကဋ္ဌ**
ဦးဇင်အောင်

**ပါတီဝင်အရေအတွက်**
-

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၃)နေရာ

**ပါတီနောက်ခံသမိုင်း-** ပါတီသည် မြေပေါ်၌ ရပ်တည်မှု မရှိခဲ့ဘဲ ယခုမှသာ မြေပေါ်တွင် ပြန်လည်ရှင်သန်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာလူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီအမည်ဖြင့် ရွေးကောက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ပြီးမှ မဲဆန္ဒနယ် (၃)နယ်တွင် မဝင်နိုင်ခဲ့ခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဖျက်သိမ်းသည့် ပါတီ ၁၀ ပါတီတွင် ပါဝင်ခဲ့သည်။

**ပါတီမူဝါဒ** -လူပုဂ္ဂိုလ်တစ်ဦးအပေါ် အခြေမခံဘဲ မူဝါဒဖြစ်စဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ်လူ့ဘောင်သစ်အဖွဲ့အစည်းကို ရှင်သန်လာစေရန် ကြိုးပမ်းသွားမယ်။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ရွေးကောက်ပွဲဆိုတာ တရားမျှတဖို့အရေးကြီးဆုံးပဲ။ ဘက်မလိုက်ဖို့အရေးကြီးတယ်။ အခုရွေးကောက်ပွဲက တရားမျှတရမယ်လို့ယုံလည်းယုံကြည်တယ်။ လက်ရှိလည်း တွေ့နေရတယ်။ ဘာပဲပြောပြော ဒီရွေးကောက်ပွဲဟာ ခက်ခက်ခဲခဲမဖြစ်ဘဲနဲ့ တရားမျှတစွာနဲ့ ယှဉ်ပြိုင်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပါတီအနေနဲ့ ဆိုကြားဖြတ်ရွေးကောက်ပွဲက နိုင်ငံရေးအရ အလွန်အရေးပါပါတယ်။ ရွေးကောက်ပွဲနေရာ ၄၈နေရာတည်းဆို နည်းပေမယ့် နိုင်ငံရေးအရ အရေးပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီ ရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

ဖွဲ့စည်းပုံအခြေခံအရတော့ ဆက်လက်အသက်ဝင်ဖို့က လိုအပ်ချက်တွေအများကြီး ရှိသေးတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်အသက်ဝင်ဖို့ လုပ်ဖို့ကို ကြိုးပမ်းသွားမှာပါ။ ဖွဲ့စည်းပုံနဲ့ ပတ်သက်ပြီးဘာတွေပြင်မယ်ဆိုတာကိုတော့ လောလောဆယ် ဘာမှမပြောချင်သေးပါဘူး။ လုပ်နိုင်သလောက် လက်ရှိရှိနေတဲ့ ဖွဲ့စည်းပုံတွေ အသက်ဝင်လာဖို့ နောက်ထပ်အားလုံး ဆန္ဒတွေ တူလာရင် ဘယ်အချက်တွေ ပြင်မယ်ဆိုတာ ပါတီမှာ မူရှိတယ်။ တဖြည်းဖြည်းတစ်ရွေ့ရွေ့နဲ့ လုပ်ရမှာ။ ဒီအချိန်မှာ ချက်ချင်းဘယ်ဟာကိုပြင်မယ်ဆိုတာ မပြောသင့်တာတွေရှိတယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလောဖြေရှင်းပေးရမယ်လို့ ယူဆတဲ့အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

မဲဆန္ဒရှင်တွေအတွက် အဓိကဖြေရှင်းပေးရမှာက စားဝတ်နေရေးပဲ။ လူတွေက ဘဝကို လုံလုံခြုံခြုံနေချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်းနေချင်တယ်။ ဒါတွေက အရေးကြီးတယ်။ ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်မယ့်ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။

အဓိကကတော့ ကုန်ဈေးနှုန်းကိစ္စထက် တိုင်းပြည်မှာ နိုင်ငံရေးတည်ငြိမ်ရင် စီးပွားရေး ဖွံ့ဖြိုးလာမယ်။ စီးပွားရေးဖွံ့ဖြိုးရင် အလုပ်များလာမယ်။ ဒါတွေများလာရင် ကုန်ဈေးနှုန်းပြဿနာက သိပ်ရှိမှာ မဟုတ်ဘူး။ ဘယ်လောက်ပဲ ကုန်ဈေးနှုန်းက တက်တက် အလုပ်ရှိတယ်။ ဝယ်စားနိုင်မယ်ဆိုရင် ပြေလည်လာမှာပါ။ ကုန်ဈေးနှုန်းပြဿနာကို တစ်ခါတလေကျတော့ ကျအောင်အတင်းလျှော့တာတွေရှိတယ်။ ဒါတွေက မရဘူး။ အဓိက နိုင်ငံရေးတည်ငြိမ်ပြီး လူတစ်ဦးချင်းဝင်ငွေကောင်းအောင် လုပ်ရမှာပါ။ နိုင်ငံရေးတည်ငြိမ်ရင်ဝင်ငွေကောင်းလာမယ်။ လူတွေစားနိုင်သောက်နိုင်လာမယ်။ အဓိကပြဿနာက ကုန်ဈေးနှုန်းမဟုတ်ဘူး။ စားနိုင်သောက်နိုင်ဖို့ ပြဿနာပါ။

**မဲဆန္ဒရှင်တွေကိုပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံးကတိတစ်ခုက ဘာဖြစ်မလဲ။**

မဲဆန္ဒရှင်ကို ပေးနိုင်တဲ့ကတိကတော့ ကျွန်တော်တို့ရဲ့ မူဖြစ်တဲ့ အမျိုးသားသင့်မြတ်ရေးပါ။ ကျွန်တော်တို့မှာ ပုဂ္ဂိုလ်ရေးအရရော၊ ဘက်လိုက်ဖို့ပုံသဏ္ဌာန်မရှိဘူး။ ပြည်သူလူထုအတွက်ဆိုရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ်နိုင်ငံရေးအရ ဘယ်လိုလုပ်ရမလဲဆိုတာအသင့်ရှိတယ်။ ပြည်သူ့အကျိုး စီးပွားကိုပဲ အခြေခံတဲ့နိုင်ငံရေးရှိတယ်။ အဲဒါကို အင်နဲ့အားနဲ့ လုပ်သွားမယ်ဆိုတာကို ကတိပေးနိုင်ပါတယ်။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

ပြည်တွင်းရင်ကြားစေ့ရေးက အပြောင်းအလဲကို ဦးဆောင်ခဲ့တာ ကျွန်တော်တို့ပါခဲ့ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးပါဝင်ခဲ့တာလည်း အများကြီးရှိတယ်။ ဆက်ပြီးတော့လည်းလွှတ်တော်ထဲ မရောက်သည့်တိုင်အောင် ကြိုးပမ်းသွားဦးမှာဖြစ်ပါတယ်။

# မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

**ပါတီဥက္ကဋ္ဌ**
ဦးနိုင်ငွေသိန်း

**ပါတီဝင်အရေအတွက်**
၃၀၀၀၀ ခန့်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၁)နေရာ

**ပါတီနောက်ခံ သမိုင်း-** ၂၀၁၀ခုနှစ် မေလတွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၃၄ဦးဝင်ရောက်ယှဉ်ပြိုင်ကာ ၁၆ဦးရွေးကောက်ခံခဲ့ရသည်။

**ပါတီမူဝါဒ**-လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး၊ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စစ်မှန်သော ပြည်ထောင်စု၊ ပါတီစုံရွေးကောက်ပွဲနှင့် အစိုးရ၊ အဂတိလိုက်စားမှု နှင့် အကျင့်ပျက်တိုက်ဖျက်ရေး၊ အထွေထွေဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်း ချမ်းစွာ အတူတကွ နေထိုင်ရေး

**လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒရှင် ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ကြိုတင်မဲကိစ္စရယ်၊ ပယ်မဲကိစ္စရယ်၊ မဲစာရင်းကိစ္စရယ်၊ မဲရုံမှာ ကြီးကြပ်ဖို့ကိစ္စရယ်၊ ဒါတွေနဲ့ ပတ်သက်ပြီးတော့ တိတိကျကျ ဖြစ်စေချင်တယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်၊ ဖြည့်စွက်ချင်လဲ။**

ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို တအားကြီး ကြိုက်လို့ ရွေးကောက်ပွဲဝင်တာ မဟုတ်ဘူးလေ။ ဥပဒေဆိုတာက အမြဲတမ်း တည်မြဲရမယ်လို့ မရှိနိုင်ဘူး။ ကမ္ဘာမှာလည်း မရှိပါဘူး။ အခြေခံဥပဒေကိုကြိုက်လို့မဟုတ်ဘူး။ ပြင်ဆင်လို့ ရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ရွေးကောက်ပွဲဝင်မှာပါ။ ပြင်နိုင်တဲ့ ဘက်ကတော့ အမြဲတမ်းကြိုးစားသွားမှာပါ။ ရတဲ့ အခွင့်အရေးနဲ့၊ ရတဲ့နည်းနဲ့ ပြင်ဆင်ဖို့အတွက် ကြိုးစားသွားမှာပါ။ ပြည်သူတွေရဲ့ ဆန္ဒအတိုင်း သွားဖို့လိုပါတယ်။ တိုင်းရင်းသား တန်းတူအခွင့်အရေးနဲ့ပတ်သက်ပြီးတော့လည်း ပြင်ဖို့ အများကြီးရှိပါတယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ ယူဆတဲ့ အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

စီးပွားရေး ပိတ်ဆို့မှုတွေ ရုပ်သိမ်းပြီး ရင်းနှီးမြှုပ်နှံမှုတွေ လာလုပ်လို့ရမယ်ဆိုရင် ပိုပြီးကောင်းသွားမယ်ထင်ပါတယ်။

**ပြည်သူတွေ အဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ဝင်ငွေနဲ့ ထွက်ငွေက မမျှပါဘူး။ မွန်ပြည်နယ်က လူတွေဘာလုပ်ကိုင်စားသောက်မလဲဆိုတာကပြဿနာပါ။ တစ်နေ့လုပ်ရင် (ကျပ်)လေးထောင်လောက်ရမလားဆို မရနိုင်ပါဘူး။ ရနိုင်တာက ကျပ်တစ်ထောင့်ငါးရာ၊ နှစ်ထောင်ပေါ့။ အဲဒါက လက်ရှိကုန်ဈေးနှုန်းနဲ့ ဘယ်လိုမှ မျှတမှုမရှိဘူးလေ။ အခုမွန်ပြည်နယ်က လူတွေက ထိုင်း၊ မလေးရှား၊ စင်ကာပူတို့မှာ အလုပ်သွားလုပ်တဲ့သူတွေပဲ များတယ်။

ကျွန်တော်တို့ဆီမှာ စိုက်ပျိုးရေးတို့ ငါးဖမ်းတဲ့ ကိစ္စတို့ ခြံစိုက်တဲ့ကိစ္စတို့ လယ်ယာလုပ်ငန်းတွေအားလုံး ဖွံ့ဖြိုးလာဖို့ ဖန်တီးပေးနိုင်ရင်တော့ တော်တော်ကောင်းမှာပါ။

**မဲဆန္ဒရှင်တွေကိုပေးတဲ့ ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် တန်းတူညီတူရနိုင်အောင် အမြဲတမ်းကြိုးပမ်းသွားမယ်။ ပြည်သူတွေ ဒုက္ခ၊ သုက္ခ ရောက်နေတာတွေ အကုန်လုံးသက်သာသွားအောင် အမြဲတမ်း ကြိုးပမ်းသွားမယ်။

**ပြည်တွင်း အမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လို အစီအမံတွေ ရှိပါသလဲ။**

အမျိုးသား ရင်ကြားစေ့ရေးအတွက် ကျွန်တော်တို့ တိုင်းရင်းသားပါတီတွေ ပေါင်းထားတာ ရှိတယ်လေ။ အဲဒီကနေ ကျွန်တော်တို့အမြဲတမ်းတိုက်တွန်းပါတယ်။ ကြေညာချက်တွေထုတ်တယ်။ ပြည်တွင်းစစ်ကို ချက်ချင်းရပ်ပေးဖို့၊ ပြန်လည်တွေ့ဆုံကြဖို့၊ ထောင်ထဲမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို အကုန်လုံး လွှတ်ပေးဖို့ အခါအားလျော်စွာ ထုတ်ပြန်တာ ရှိပါတယ်။

မဲဆန္ဒရှင်လမ်းညွှန်
VOTERS GUIDE

7DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012



**ပါတီဥက္ကဋ္ဌ**
ဦးစိုင်းအိုက်ပေါင်း

**ပါတီဝင်အရေအတွက်**
၇၀၀၀၀ ခန့်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၄)နေရာ

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ

**ပါတီနောက်ခံသမိုင်း**- ၂၀၁၀၊ မေလတွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင်လွှတ်တော်ကိုယ်စားလှယ် ၁၅၇ဦး ဝင်ရောက်ယှဉ်ပြိုင်ကာ ၅၇ဦး ရွေးကောက်ခံခဲ့ရသည်။ ပြည်ထောင်စုအဆင့်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီပြီးပါက ဒုတိယ အင်အားအကောင်းဆုံးတိုင်းရင်းသားပါတီတစ်ခု ဖြစ်ခဲ့သည်။

**ပါတီမူဝါဒ**-ပြည်သူလူထုကို ဖွံ့ဖြိုးတိုးတက်ဖို့ ငြိမ်းချမ်းသာယာဖို့၊ တိုင်းရင်းသားအားလုံး လူဦးရေ နည်းသည်များသည်မဟုတ်ဘဲ တန်းတူညီတူ အခွင့်အရေးရှိဖို့ လွတ်လပ်တရားမျှတသော ချစ်ခင်ရင်းနှီးမှုရှိသောပြည်ထောင်စု ဖြစ်ပေါ်ရန်။

**လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒရှင် ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ကြိုတင်မဲပေးနိုင်သူတွေကိုဥပဒေထဲမှာပြဋ္ဌာန်းထားတာရှိတယ်။ အဲဒီသူတွေ အမှန်အကန်အတိုင်းပဲ ကြိုတင်မဲထည့်စေချင်တယ်။ အဲဒီဥပဒေထဲမှာ မပါတဲ့သူတွေ မထည့်ဖို့ အမှန်အတိုင်းဖြစ်စေချင်ပါတယ်။ ဖြစ်နိုင်ရင်တော့ ကြိုတင်မဲကို အနည်းဆုံးဖြစ်အောင်တော့ လုပ်စေချင်တယ်။ ဒါမှ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်သွားမှာပါ။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင် ဖြည့်စွက်ချင်လဲ။**

ရှိတာပေါ့။လက်ရှိ၂၀၀၈အခြေခံဥပဒေကဖရိန်တော့ရှိနေပြီပေါ့။ ဒါပေမဲ့ ဖြည့်စွက်ပြင်ဆင်ချင်တာတွေလည်းပြင်ချင်တယ်။ သမ္မတကြီးကလည်း ပြောထားတာရှိတယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ ယူဆတဲ့ အရေးကြီးဆုံးပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

ရှမ်းပြည်နယ်မှာ တောင်သူလယ်သမားက ၇၅ ရာခိုင်နှုန်းရှိတယ်။ တောင်သူလယ်သမားတွေရဲ့ စားဝတ်နေရေး။ တချို့တွေဆို လယ်မြေသိမ်းခံရတာတွေရှိလို့ စိတ်ပူနေကြရတယ်။ အဓိကကတော့ တောင်သူလယ်သမားတွေရဲ့ စားဝတ်နေရေးအဆင်ပြေဖို့က အဓိကပါပဲ။ စားဝတ်နေရေး အဆင်ပြေမှ သူတို့သားသမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေး အားလုံး အဆင်ပြေမှာပါ။ နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးပါ။ လမ်းပန်းဆက်သွယ်ရေးကောင်းရင် စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်မယ်။

**ပြည်သူတွေ အဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**


အဲဒါကလည်း လမ်းပန်း ဆက်သွယ်ရေးကောင်းသွားရင် တောင်သူလယ်သမားတွေလည်း လွတ်လွတ်လပ်လပ် စိုက်ပျိုးနိုင်ရင် ဈေးငွေလည်း လုံလုံလောက်လောက်ရဖို့လိုတယ်။ တောင်သူ တွေအတွက် ဈေးငွေက အရေး ကြီးတယ်။ နောက်ပြီး အခြေခံ အဆောက်အဦတွေ လုပ်ပေးရမယ့် တာဝန်ရှိတယ်။ နိုင်ငံတော်က မလုပ်ပေးနိုင်ရင် ရင်းနှီးမြှုပ်နှံမယ့်သူတွေလာနိုင်အောင် လုပ်ပေးရမယ်။ ဒီလိုအခြေခံကျတဲ့လမ်းတွေ အဆောက်အဦတွေ ဖွံ့ဖြိုးတိုးတက်ရင် ကုန်ဈေးနှုန်းလည်း ကျသွားမှာပဲ။ သယ်ယူစရိတ်တွေကြောင့်ကုန်ဈေးနှုန်းကကြီးနေတာပါ။ လယ်သမားတွေ လိုအပ်တာကို ပံ့ပိုးပေးရမယ်။ များများထုတ်နိုင်ရင် ကုန်ဈေးနှုန်းကျမှာပဲ။ ဝန်ထမ်းတွေကိုခုထောက်ပံ့ငွေတိုးပေးပေမယ့်ကုန်ဈေးနှုန်းတက်မလာသေးပါဘူး။

**မဲဆန္ဒရှင်တွေပေးတဲ့ ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ပြည်သူတွေရဲ့ စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေး အားလုံးကို တတ်နိုင်သမျှ အားလုံးလုပ်ပေးမှာပါ။ အရင်တုန်းက ရှမ်းပြည်နယ်က ပြည်သူတွေက ကြောက်ရွံ့ရတယ်။ ခုချိန်မှာ ကြောက်ရွံ့မနေရဘဲ ပွင့်ပွင့်လင်းလင်းနဲ့ ဒီမိုကရေစီ အခွင့်အရေးရအောင် ကျွန်တော်တို့ လုပ်ပေးချင်တယ်။

**ပြည်တွင်း အမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လို အစီအမံတွေ ရှိပါသလဲ။**

ဒါက နိုင်ငံတော်ရဲ့ ပေါ်လစီဖြစ်တဲ့အတွက်ဝိုင်းဝန်းကူညီပံ့ပိုးတဲ့ အဆင့်ပဲရှိမှာပေါ့။ ထာဝရငြိမ်းချမ်းရေးဆိုပြီး သမ္မတကြီးကလည်း ပြောနေပြီ၊ ခုငြိမ်းချမ်းရေးဆွေးနွေးတာကလည်း ရာခိုင်နှုန်းတော်တော်များများအောင်မြင်နေပြီ။ ငြိမ်းချမ်းရေး ရသွားမယ်လို့ မျှော်လင့်တယ်။ ထာဝရငြိမ်းချမ်းရေးရဖို့က အခြေခံဥပဒေကို သေသေချာချာ ပြန်ဆွဲမှ ရမယ်။ တိုင်းရင်းသားတွေ အားလုံးတန်းတူညီတူ အခွင့်အရေးရမှရမယ်။ တိုင်းရင်းသားတွေတန်းတူ အခွင့်အရေးရပြီဆိုရင် အားလုံးက အေးချမ်းသွားပြီ။ တိုင်းရင်းသားတွေ ရင်ထဲမှာ ခံစားနေရတာ သူတို့က တန်းတူအခွင့်အရေး မရဘူးလို့ ခံစားနေရတာလေ။ တန်းတူအခွင့်အရေးရပြီဆိုရင်အေးချမ်းတဲ့ ပြည်ထောင်စုကြီးဖြစ်လာမှာပဲ။



**ပါတီဥက္ကဋ္ဌ**
ဦးဒယ်နီယယ်ထီး

**ပါတီဝင်အရေအတွက်**
-

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၁)နေရာ

# လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ

**ပါတီနောက်ခံသမိုင်း** -၁၉၈၉ ခုနှစ်မှ စတင်ဖွဲ့စည်းထားသော လားဟူတိုင်းရင်းသားများကိုယ်စားပြုပါတီဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင်လည်း လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**ပါတီမူဝါဒ**- နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ စစ်မှန်သည့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မှသာ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ရဲ့ တစ်ထောင့်တစ်နေရာကနေ လားဟူတိုင်းရင်းသားတွေနဲ့ အတူရှိနေတဲ့ တိုင်းရင်းသားတွေရဲ့ အကျိုးကိုဖော်ဆောင်မယ်။ နိုင်ငံတော်အပေါ်မှာ သစ္စာရှိရမယ်။ အမျိုးသားအပေါ် မှာလေးစားရမယ်။ လူမျိုးအပေါ် မှာ ဖြောင့် မတ်ရမယ်။ တာဝန်ကျေရမယ်။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

မဲစာရင်းမှာ မဲထည့်ရမယ့် စာရင်းဇယားမပြည့်တာတွေ အများကြီးရှိတယ်။ ပြန်ဖြည့်ရမယ့် အနေအထားဆိုလည်း တော်တော်လေးကို အခက်အခဲတွေနဲ့ရှိတယ်။ အဲဒီတစ်ခုကတော့ လိုအပ်နေတယ်လို့ ထင်ပါတယ်။ လူရှိတယ်။ မှတ်ပုံတင်ရှိတယ်။ ဒါပေမဲ့ သွားကြည့်တဲ့ အခါကျတော့ စာရင်းမပါလာတာ အဲဒါတွေက အခက်အခဲတွေရှိနေတာပါ။ အဲဒါက ရွေးကောက်ပွဲလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ စာရင်းကအားလုံးရှိရမှာ ဖြစ်လို့ ရပ်ကျေးကစပြီး အားလုံးစာရင်း အမှန်တွေ ရှိသင့်တယ်လို့ထင်တယ်။ စည်းမျဉ်းစည်းကမ်းနဲ့အညီ တိတိကျကျ လုပ်ပေးမယ်ဆိုရင် တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့မျှော်လင့်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီ ရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကြည့်တဲ့အခါ ပါတီရပ်တည်ချက်နဲ့ တကယ်ပဲကိုက်ညီမှုတော့ရှိပါတယ်။ ဒါပေမဲ့ ဒီဖွဲ့စည်းပုံအတိုင်း ရေးထားတဲ့ဥပဒေအတိုင်းလုပ်ဆောင်မယ်ဆိုရင်ပေါ့လေ။တကယ်သာတိတိကျကျ လုပ်ဆောင်မယ်ဆိုရင် အားလုံးဟာ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ပြင်ဆင်ဖြည့်စွက်ချင်တာ မရှိပါဘူး။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ ယူဆတဲ့အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

လောလောဆယ်ကတော့ ခုနကပြဿနာတွေပဲ မဲစာရင်းမပြည့်မီတာရယ် မဲရုံတိုင်းမှာ ကိုယ်စားလှယ်ကောင်းကောင်းထားဖို့စာရင်းကောက်တဲ့အခါမှာ သူတို့ရဲ့စာရင်းထဲမှာ မပါနေတာတွေရယ်ပါ။ ကျွန်တော်တို့အနေနဲ့ အများနဲ့လုပ်ဆောင်နေတဲ့အခါမှာ အများရဲ့ဆန္ဒအတိုင်း လုပ်ဆောင်ပေးနေပါတယ်။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

အဲဒီအပိုင်းက နိုင်ငံတော်ရဲ့ ကုန်ဈေးနှုန်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့ဝင်ငွေထွက်ငွေ သူတို့ရဲ့ သတ်မှတ်ထားတဲ့ ကဏ္ဍအပိုင်းမှာ သူတို့လုပ်ဆောင်ပေးတဲ့ အရာတွေကို စာရွက်စာတမ်းထဲကအတိုင်း တိတိကျကျရေးပြီး ဖော်ပြထားတဲ့နည်းတူ တိတိကျကျလုပ်ဆောင်မယ်ဆိုရင် ထိရောက်မှုရှိနိုင်ပါမယ်။ ဒါပေမဲ့ ပိတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုထဲကနေ ကျွန်တော်တို့ရုန်းထွက်နိုင်မယ်ဆိုရင် နိုင်ငံအတွက်ရော လူထုအတွက်ရော တကယ်ပဲ အကျိုးရှိမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒါတွေလုပ်ရမယ်လို့ကျွန်တော်တို့ ဒီလိုပဲမြင်ပါတယ်။

**မဲဆန္ဒရှင်တွေပေးတဲ့ကတိတွေထဲကပြည်သူတွေကိုအဓိကပေးတဲ့အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ပါတီအနေနဲ့ပြည်သူတွေကို ဟိုဟာလုပ်ပေးမယ်။ ဒီဟာလုပ်ပေးမယ်ဆိုတဲ့ အနေအထားတော့ မရှိခဲ့ပါဘူး။ တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့ကို မဲပေးလို့ လျာထားတဲ့နေရာမှာ ကျွန်တော်တို့ရသွားမယ်ဆိုရင် ပြောရေးဆိုခွင့်နဲ့အညီ လိုအပ်တဲ့ နေရာမှာ ထိထိရောက်ရောက် လုပ်သွားဖို့ ရည်ရွယ်ထားပါတယ်။ ဟိုဟာလုပ်ပေးမယ်၊ ဒီဟာ လုပ်ပေးမယ်တော့ မပြောခဲ့ပါဘူး။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုတာ မြို့ကြီးပြကြီးတွေတင်မကပါဘူး။ နယ်နိမိတ်တစ်လျှောက် ရှိနေတဲ့ တိုင်းရင်းသားလူမျိုးတွေအားလုံးပါဝင်မှသာ နိုင်ငံတော် ကြီးတိုးတက်မယ်လို့ ယုံကြည်ပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေ ရဲ့အခက်အခဲတွေကိုလည်း အ ပြောသဘောမဟုတ်ဘဲ သေသေ ချာချာလေး တကယ့်ထိထိရောက်ရောက် လုပ်ဆောင်ဖို့တော့လိုအပ်မှာဖြစ်ပါတယ်။

7DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012
မဲဆန္ဒရှင်လမ်းညွှန်
VOTERS GUIDE

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**ပါတီဥက္ကဋ္ဌ**
ဒေါ်အောင်ဆန်းစုကြည်

**ပါတီဝင်အရေအတွက်**
သုံးသောင်းခန့်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၄၇)နေရာ

**ပါတီနောက်ခံသမိုင်း-** အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အနေဖြင့်၁၉၈၈ခုနှစ်စက်တင်ဘာ ၂၇ရက်တွင်တရားဝင် ပါတီအဖြစ် မှတ်ပုံတင်ခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲဝင် ရောက်ယှဉ်ပြိုင်ရာ အနိုင်ရခဲ့သည်။ သို့သော် ပြည်သူ့ လွှတ်တော် ခေါ်ယူပေးခြင်းမရှိခဲ့။ ၂၀၁၀ ရွေးကောက်ပွဲ တွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ဘဲပါတီကိုလည်းဥပဒေ ပုဒ်မ ၂၅အရ ပြန်လည်မှတ်ပုံတင်ခြင်း မလုပ်ခဲ့။ ၂၀၁၂ ခုနှစ်တွင်ဖွဲ့စည်းပုံအခြေခံဥပဒေမှအချို့အချက်အလက် များကို အစိုးရက ပြင်ပေးခဲ့ပြီးနောက် လာမည့် ရွေး ကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ပါတီမူဝါဒ** -ဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး။

**လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒရှင် ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

အခုလုပ်နေတဲ့ အလုပ်က မဲစာရင်းတွေ မှန်အောင် ကြိုးစားနေတယ်။ မဲစာရင်းတွေကိုစိစစ်တယ်။ အဲဒါတွေကလည်း တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ ပြည်သူလူထုကလည်း ကိုယ့်မဲစာရင်း ကိုယ်စစ်ပြီးတော့ မပါရင် မပါတဲ့အကြောင်း တင်ဖို့မှားတာတွေ့ရင်လည်း ထောက်ပြဖို့။ ပြည်သူလူထုကလဲ ပိုမိုပူးပေါင်းပါဝင်ရင် အမှန်ရမယ်လို့ ယုံကြည်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေစထွက်ကတည်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အချက်၁၂ချက်ကိုထောက်ပြခဲ့တယ်။ ဒါတွေဟာပြင်ဖို့လိုတယ်ပေါ့။ သို့သော်လည်းပဲအခုထိမပြင်နိုင်သေးဘူး။ ပါတီရပ်တည်မှုအတွက်ထောင်ကျခံနေရတဲ့သူတွေကို ပါတီက ထုတ်ပယ်ရမယ်ဆိုတဲ့ဟာကို ပြင်ပေးထားတယ်။ ဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ရပ်တည်နေတာ။ ပြင်ဆင်ဖို့လိုတာတွေက ဒီ၁၂ ချက်တင် မဟုတ်ပါဘူး။ အများကြီးရှိပါတယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ယူဆတဲ့ အရေးကြီးဆုံးပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

ပြည်သူလူထုတွေက ဥပဒေရဲ့ အကာအကွယ်ကို ရဖို့။

**ပြည်သူတွေ အဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ဒါက စီးပွားရေးနဲ့ဆိုင်တယ်။ စီးပွားရေးကိစ္စ။ ပြည်သူလူထု ဝင်ငွေထွက်ငွေ ညီမျှအောင် နေထိုင်နိုင်ဖို့ ကိစ္စက ညီမျှအောင်ဆိုတဲ့ စကားလုံး တစ်လုံးတည်းနဲ့ မရဘူး။ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှ ဒါတွေက အဖြေထွက်မှာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးမူဝါဒ ရှိပါတယ်။ ဈေးကွက် စီးပွားရေးဆိုတာက လည်း ကန့်သတ်မှုမရှိဘဲ လွတ်လွတ်လပ်လပ်နဲ့ ပြည်သူတွေ အကျိုးရှိအောင်လုပ်ပေးရမယ်။ အခွန်အခတွေကိုလည်း မျှတအောင် ကောက်ရမယ်။ ကောက်တဲ့ဟာကိုလည်း တကယ်ထိထိရောက်ရောက် ဖြစ်အောင်လုပ်ရမယ်။ ဒါတွေဟာ စီးပွားရေးမူဝါဒတွေပါ။ ဝင်ငွေ ထွက်ငွေ မညီမျှတာတွေကို ပြေလည်အောင်ဆိုပြီးတော့ လစာတိုးပေးရုံနဲ့လည်း အဖြေမထွက်ပါဘူး။

**မဲဆန္ဒရှင်တွေကို ပေးတဲ့ ကတိတွေထဲက ပြည်သူတွေကိုအဓိကပေးတဲ့ အရေးကြီးဆုံး ကတိတစ်ခုက ဘာဖြစ်မလဲ။**

ပါတီရဲ့ အရေးကြီးဆုံးကတိက ပြည်သူတွေအတွက် အကျိုးရှိတဲ့ဟာကို ပြုလုပ်မယ်။ ပြည်သူတွေမှာ ဥပဒေအရရပိုင်ခွင့်အခွင့်အရေးတွေအပြည့်အဝရအောင် လုပ်မယ်။

**ပြည်တွင်း အမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

ပြည်တွင်းအမျိုးသား ရင်ကြားစေ့ရေးအတွက်ကျွန်တော်တို့ပါတီ အခုတစ်ခါ မှတ်ပုံတင်ပြီးကတည်းက တောက်လျှောက်လုပ်ပါတယ်။ ဒီမိုကရေစီအင်အားစု အခြားပါတီတွေနဲ့ တူညီတာတွေကိုတွေ့ဆုံတယ်။ တူညီတာတွေကို တွဲလုပ်ဖို့ ကြိုးစားတယ်။ ဒါတင်မကဘူး။ အမျိုးသားရင်ကြားစေ့ရေးဆိုတာ ပြည်မကြီးပဲ ရင်ကြားစေ့လို့မရပါဘူး။ တိုင်းရင်းသားရင်ကြားစေ့ဖို့ လိုပါတယ်။ တိုင်းရင်းသားတွေကို သူတို့ရထိုက်တဲ့ အခွင့်အရေး၊ သူတို့ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ရရှိရေးကို ကျွန်တော်တို့ ဦးတည်ပြီးဆောင်ရွက်ရမှာပါ။

# အမျိုးသားဒီမိုကရေစီပါတီသစ်

**ပါတီဥက္ကဋ္ဌ**
ဦးသိန်းညွန့်

**ပါတီဝင်အရေအတွက်**
၁,၀၀၀ကျော်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၃)နေရာ

**ပါတီနောက်ခံသမိုင်း-** ၂၀၁၀ ရွေးကောက်ပွဲကာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မှတ်ပုံမတင်ခဲ့၊ ရွေးကောက်ပွဲမဝင်ခဲ့သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးသိန်းညွန့်အပါအဝင်ဗဟိုအလုပ်အမှုဆောင်လေးဦးက အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ (NDF) ကို တည်ထောင်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲကာလတွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ယခုပါတီတည်ထောင်ထားသူ ဦးသိန်းညွန့်အား ထုတ်ပယ်ခဲ့သဖြင့် ဦးသိန်းညွန့်က ၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်တွင် အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီအမည်ဖြင့် ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင်မှတ်ပုံတင်ခွင့်ရရှိခဲ့သည်။

**ပါတီမူဝါဒ** အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေးနှင့် လူ့ အခွင့်အရေး။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ဒီမိုကရေစီစနစ်မှာ လုံးဝမဲပေးရတာဟာ အရေးကြီးဆုံးဖြစ်တယ်။ မဲရုံအခင်းအကျင်းဟာ လုံးဝ မဲပေးရေးကို အထောက်အကူပြုရမယ်။ နောက်ကချောင်းကြည့်ခဲ့တဲ့ မဲရုံအခင်းအကျင်းမျိုး မဖြစ်ရဘူး။ မဲပေးတဲ့အခါ မဲပေးသူတွေ လုံလုံခြုံခြုံနဲ့ မဲပေးနိုင်ဖို့ အလေးထားပါတယ်။ အခုဒီအချက်ကို ကော်မရှင်က လိုက်လျောတဲ့အတွက် ဒီတစ်ခေါက်ရွေးကောက်ပွဲဟာလွတ်လပ်ပြီး တရားမျှတတဲ့ ဒီဂရီအင်မတန်အားကောင်းပါလိမ့်မယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

၂၀၁၀ ရွေးကောက်ပွဲဝင်ကတည်းက ပြည်သူကို ကျွန်တော်တို့ပေးခဲ့တဲ့ကတိထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီစံနှုန်းနဲ့ ကိုက်ညီအောင်ပြင်မယ်လို့ ပြောခဲ့တယ်။ လွှတ်တော်တွင်းမှာတစ်နှစ်ကျော် အတွေ့အကြုံအရအမျိုးသားအင်အားစုဖြစ်တဲ့ တပ်မတော်ရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားပါတီလွှတ်တော်ကိုယ်စားလှယ်တွေမှာ ဒီနေ့အခြေခံဥပဒေကို ပြင်နိုင်ဖို့ အင်အားမရှိဘဲနဲ့ အခြေခံဥပဒေကိုပြင်မယ်ဆိုပြီး လူထုကို ကြွေးကြော်ကတိပေးပြီးတော့ တကယ်လုပ်ပေးနိုင်မလား။ ကျွန်တော်ကတော့ လက်တွေ့ကျကျပဲ လက်ရှိအခြေခံဥပဒေထဲက လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ တိုင်းပြည်နဲ့ လူထုအရေးအတွက် ဒီပြဋ္ဌာန်းချက်ကိုပဲ ကိုင်ပြီးတော့ အလုပ်ဖြစ်အောင်လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ အခြေခံဥပဒေကိုကိုင်ပြီးတော့ ဒီမိုကရေစီဘောင်ကိုချဲ့မယ်။

**မဲဆန္ဒရှင်တွေအတွက် လတ်တလောဖြေရှင်းပေးရမယ်လို့ ယူဆတဲ့ အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

ဝင်ရွေးခံတဲ့မြို့နယ်တွေမှာရှိတဲ့ လူထုရဲ့နေ့စဉ်ဘဝအခက်အခဲကတော့ ရေမလာ၊ မီးမလာ၊ လမ်းမကောင်းဘူးပေါ့။ တစ်ချိန်တည်းမှာပဲတစ်မျိုးသားလုံးနဲ့ဆိုင်တဲ့လာဘ်ပေးလာဘ်ယူကိစ္စတွေ ကိုထိထိရောက်လုပ်ဆောင်ပေးမယ်။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ကုန်ဈေးနှုန်းနဲ့ ဆင်းရဲမွဲတေမှုပြဿနာက ဆက်စပ်နေတယ်။ သူများကြောင့် ကုန်ဈေးနှုန်းတက်သလို ကိုယ့်ရဲ့ခေါင်းဆောင် အားနည်းမှုကြောင့် ဖြစ်တာတွေလည်းပါတယ်။ အမျိုးသားညီညွတ်မှုမရှိတာတွေ၊ ပြည်တွင်းစစ်ဒဏ်တွေအားလုံးကို ကျွန်တော်တို့ ပြန်စဉ်းစားပြီးတော့ ဒီနေ့ဆင်းရဲဒုက္ခရောက်နေတဲ့ပြည်သူအတွက်ကိုယ်ဘာလုပ်ရမလဲဆိုတာ စဉ်းစားဆောင်ရွက်သွားမယ်။

**မဲဆန္ဒရှင်တွေကိုပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့အရေးကြီးဆုံးကတိတစ်ခုက ဘာဖြစ်မလဲ။**

(၁) ဆင်းရဲမွဲတေမှုတိုက်မယ်။ (၂) အဂတိလိုက်စားမှုတိုက်မယ်။ (၃)ကောင်းမွန်တဲ့ အစိုးရ၊ သန့်ရှင်းတဲ့ အစိုးရတကယ်ဖြစ်ပေါ်လာအောင်လုပ်မယ်။ အရေးကြီးဆုံးကမြန်မာပြည်သူတွေ တရားဥပဒေနဲ့ အကာအကွယ်ကိုမရခဲ့ကြဘူး။ လူ့အခွင့်အရေး စံချိန်စံနှုန်းတွေမရခဲ့ဘူး။ အဲဒီအခြေအနေကို အစွမ်းကုန်ကုစားဖို့ လုပ်သွားမယ်။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

ပြည်တွင်းစစ်ဘောင်ကျဉ်းဖို့အတွက် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ရိုးရိုးသားသားကြိုးပမ်းမယ်။ နိုင်ငံရေး ပရိယာယ်တွေနဲ့ အမျိုးသားရင်ကြားစေ့ရေးကို မသုံးဘူး။ အမျိုးသားရင်ကြားစေ့ရေးဟာ ကျွန်တော်တို့အတွက် မရှိမဖြစ်မို့ စေတနာမှန်မှန်နဲ့ကြိုးပမ်းသွားမယ်။ အသေးစိတ်အစီအမံကတော့ တိုင်းပြည်ရဲ့ပေါ်ပေါက်လာတဲ့ အခြေအနေပေါ် မူတည်ပြီး လုပ်ဆောင်သွားမယ်။

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

**ပါတီဥက္ကဋ္ဌ**
ဒေါက်တာသန်းငြိမ်း

**ပါတီဝင်အရေအတွက်**
၈,၀၀၀ကျော်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၁၃)နေရာ

**ပါတီနောက်ခံသမိုင်း-** ပါတီခေါင်းဆောင်ပိုင်းအများစုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင်ပါဝင်ခဲ့ပြီး ပါတီအား ဥပဒေအရမရှိတော့သည့် ၂၀၁၀နှစ်လယ်ပိုင်းစ၍ အမျိုးသားဒီမိုကရေစီအင်အားစုပါတီအဖြစ် ဖွဲ့စည်းခဲ့သည်။

**ပါတီမူဝါဒ-**လူ့မှုအခြေပြုလွတ်လပ်ခွင့်ဝါဒ

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

ကြားဖြတ်ရွေးကောက်ပွဲလုပ်မယ်ဆိုကတည်းက နိုင်ငံရေး ပါတီတွေနဲ့ ဗဟိုကော်မရှင်နဲ့တွေ့ပြီး ဆွေးနွေးတယ်။ အဲဒီကတည်းက ၂၀၁၀တုန်းကကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေ၊ စည်းမျဉ်းစည်းကမ်းနဲ့ မညီတဲ့ ကိစ္စတွေ ဥပမာကြိုတင်မဲကိစ္စတွေပေါ့။ အဲဒါတွေကို စာနဲ့သေချာရေးပြီး မိတ်ဆွေ ၁၀ပါတီစုပေါင်းပြီးတင်ပြခဲ့တယ်။ သူတို့ဘက်ကလည်း လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ အတတ်နိုင်ဆုံး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် လုပ်ပါမယ်လို့ပြောတယ်။ အခုလည်း ကြားဖြတ်ရွေးကောက်ပွဲနီးလာတဲ့အခါအခုမဲစာရင်းနဲ့ပတ်သက်ပြီး လေ့လာတွေ့ရှိထားတဲ့ အသက်မပြည့်သေးတဲ့လူတွေပါနေတာ၊ သေပြီးသားလူတွေ ပါနေတဲ့ စာရင်းတွေကိုစုစည်းပြီး လွန်ခဲ့တဲ့တစ်ရက်၊ နှစ်ရက်လောက်ကတင်ပြထားတယ်။ မဲဆန္ဒရှင်တွေကလည်း ဒီရွေးကောက်ပွဲသည်ကိုယ်တိုင်ပါဝင်ပြီး တာဝန်ရှိတဲ့ လုပ်ငန်းတစ်ခုဆိုတာ သိဖို့လိုတယ်။ ရွေးကောက်ပွဲဆိုတာ ငါတို့အပေါ် မှာ အုပ်ချုပ်မယ့်သူ (သို့မဟုတ်) ငါတို့ရဲ့အခက်အခဲတွေကို ဖြေရှင်းပေးမယ့်သူ ဒီလူတွေကို ရွေးချယ်တာကိုး။ ကိုယ့်အတွက်ကိုယ်လုပ်တယ်လို့ပဲ နားလည်ပေးပါ။ မလုပ်ရင် ကိုယ့်အခွင့်အရေးဆုံးရှုံးမှာဖြစ်တဲ့အတွက် ပြည်သူမှာ အဓိကတာဝန်ရှိပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်ဖြည့်စွက်ချင်လဲ။**

အခြေခံဥပဒေကတော့နိုင်ငံရေးပါတီတွေ ရပ်တည်မှုနဲ့ ပတ်သက်ပြီး ဘာမှတော့ ပြဿနာမရှိပါဘူး။

**မဲဆန္ဒရှင်တွေအတွက် လတ်တလောဖြေရှင်းပေးရမယ်လို့ယူဆတဲ့အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

ပြဿနာတွေက အများကြီးဆိုတော့ အရေးကြီးတာတွေလည်း အများကြီးပါ။ နှစ်ပေါင်းများစွာစုနေတာဖြစ်တဲ့အတွက် ပြဿနာတွေလည်း အများကြီးပေါ့။ ဒါပေမဲ့ အဲဒီအထဲက စီးပွားရေးကိစ္စကိုရွေးချင်ပါတယ်။ စီးပွားရေးပြေလည်ရင် ကျန်တာတွေက ဖြေရှင်းဖို့လွယ်ပါတယ်။ စီးပွားရေးက အခက်အခဲဖြစ်တာ၊ နိမ့်ကျခဲ့တာ သိပ်ကြာသွားပြီ။ လူတိုင်းက စားဝတ်နေရေးက နေ့စဉ်နဲ့အမျှကြုံတွေ့နေရတဲ့အခါ အဲဒါကိုအဓိက ထားဖို့လိုပါတယ်။

**ပြည်သူတွေအဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်ဖို့ကတော့ ထွက်ကုန်ကိုလည်း ပေါများအောင်လုပ်ဖို့လိုတယ်။ ထိုနည်းတူ အလုပ်အကိုင်ရှိမှ ဝင်ငွေရှိမှာဖြစ်တဲ့အတွက် အလုပ်အကိုင်တွေပေါများအောင် လုပ်ရမယ်။ လုပ်ခနဲ့ အလုပ်နဲ့ မျှတအောင်ဝိုင်းဝန်းပြီး လုပ်ရပါမယ်။ အထူးသဖြင့် အခုလိုအချိန်အခါမျိုးမှာ ရင်းနှီးမြှုပ်နှံချင်တဲ့ ကုမ္ပဏီတွေ တာစူနေကြတဲ့အခါ အမြန်ဆုံးလာရောက်ရင်းနှီးမြှုပ်နှံနိုင်အောင် ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေ၊ ငွေကြေးဥပဒေတို့လုပ်ပေးမှသာ အလုပ်အကိုင်တွေဖွံ့ဖြိုးပြီးဝင်ငွေတိုးလာမှာပါ။

**မဲဆန္ဒရှင်တွေကို ပေးတဲ့ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံးကတိတစ်ခုက ဘာဖြစ်မလဲ။**

၂၀၁၀တုန်းကတော့လွှတ်တော်ထဲရောက်သွားရင်အကြီးဆုံးလုပ်မယ့်ကိစ္စက အထွေထွေလွတ်ငြိမ်း ချမ်းသာခွင့်ပေးဖို့ပေါ့။ ဒါပေမဲ့ လွှတ်တော်ပထမအကြိမ် ကျင်းပတဲ့အခါ အဲအဆိုကိုတင်ခိုင်းပေမယ့် ဒီအဆိုက မတင်ခင်ကတည်းက ပေါက်ကြားလို့ဆိုပြီး ပယ်ချခဲ့တယ်။ ဒီနှစ်တော့ အဲလိုပြောထားတဲ့ကတိမျိုး သီးသန့်တော့ မရှိပါဘူး။

**ပြည်တွင်းအမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လိုအစီအမံတွေ ရှိပါသလဲ။**

မပြည့်စုံသေးတဲ့ မပြီးပြတ်သေးတဲ့ အရာကနေပြီးအောင် လျှောက်ရမယ့်လမ်းက အရှည်ကြီးပဲ။ ဒါက သက်ဆိုင်ရာအားလုံး ပါဝင်ပြီး လုပ်မှရမယ်။ အရေးကြီးတာကတော့ ဒီလမ်းကြောင်း မပျောက်သွားဖို့ဘဲ ဖြစ်တဲ့အတွက် နဂိုအခြေအနေကို ပြန်မရောက်သွားအောင် အားလုံးက သတိရှိရှိနဲ့ စိတ်ရှည်လက်ရှည်နဲ့ ဝိုင်းဝန်းလုပ်ဖို့လိုပါတယ်။ ပါတီကတော့ ပါတီရဲ့ နေရာရမှာဆိုတာထက် ကိုယ့်နိုင်ငံကို ရင်ပေါင်တန်းနိုင်အောင် ပူးပေါင်းလုပ်ဖို့ကြိုးစားပါမယ်။

# အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်

**ပါတီဥက္ကဋ္ဌ**
ဦးတင်ထွန်းမောင်

**ပါတီဝင်အရေအတွက်**
၄၀၀၀ ကျော်

**ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အရေအတွက်**
(၂)နေရာ

**ပါတီနောက်ခံသမိုင်း-** အမျိုးသားညီလာခံတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်ခြောက်ဦးမှ အဓိကဦးဆောင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၀တွင် ပါတီများ မှတ်ပုံတင်ခွင့်ရရှိသဖြင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီကို ပူးပေါင်းဖွဲ့စည်းခဲ့ကြသည်။

**ပါတီမူဝါဒ** -ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေး။

**လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အစိုးရ၊ ကော်မရှင်နဲ့ မဲဆန္ဒရှင် ပြည်သူတွေဆီက တောင်းဆိုချင်တာ ဘာဖြစ်မလဲ။**

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကတော့ ဖြစ်မှာပါ။ အကုန်လုံးကလည်း ဝိုင်းပြီးတော့ စောင့်ကြည့်နေတဲ့အခြေအနေမျိုး ဖြစ်နေတယ်လေ။ ရွေးကောက်ပွဲကော်မရှင်ကလည်း ပြောင်းသွားပြီလေ။ အရင်လူတွေ မဟုတ်တော့ဘဲနဲ့ အသစ်ဖြစ်သွားတဲ့အတွက် သူတို့ကလည်း အကောင်းဆုံးလုပ်ပေးမယ်လို့ မျှော်လင့်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေက ပါတီရပ်တည်မှုနဲ့ အဆင်ပြေနေလား။ အဆင်မပြေရင် ဘာတွေပြင်ဆင်၊ ဖြည့်စွက်ချင်လဲ။**

ဘာပဲပြောပြောလေ။ ကျွန်တော်တို့ ပါတီငယ်တွေအတွက်ကတော့ နည်းနည်းအခက်အခဲရှိတယ်ဗျ။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရတော့ ပါတီအနေနဲ့ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ပါတီမှတ်ပုံတင်တဲ့၊ ဘာတို့ညာတို့ကိစ္စကျတော့လေ။ ငွေရေးကြေးရေးက ကျွန်တော်တို့ ပါတီငယ်တွေမှာ အခက်အခဲအများကြီး ရှိပါတယ်။ အဲဒါလေးတစ်ခုပါပဲ။ ကျန်တဲ့နိုင်ငံရေးအရတော့ပြဿနာမရှိဘူးဗျ။

**မဲဆန္ဒရှင်တွေအတွက် လတ်တလော ဖြေရှင်းပေးရမယ်လို့ယူဆတဲ့ အရေးကြီးဆုံး ပြည်တွင်းက ပြဿနာက ဘာဖြစ်မလဲ။**

အရေးကြီးဆုံး ပြဿနာကတော့ စားဝတ်နေရေးပေါ့ဗျာ။ လူနေမှုအဆင့်မြှင့်တင်ရေး။ အခုဆိုရင် အစိုးရဝန်ထမ်းတွေအတွက်ကို အပိုထပ်ဆောင်းငွေတွေ ထုတ်ပေးတဲ့အတွက် ဝန်ထမ်းတွေအပိုင်းကတော့ အတိုင်းအတာတစ်ခုလောက်အထိတော့ ပြေလည်သွားနိုင်တယ်လေ။ ဒါပေမဲ့ ကျန်တဲ့ပြည်သူတွေမှာက အဲဒီ ကိစ္စကြောင့် ဘာများဖြစ်လာမလဲဆိုတဲ့ စိုးရိမ်စိတ်တွေက ရှိနေကြတယ်။ ကုန်ဈေးနှုန်းပေါ့။ ကျွန်တော်တို့က ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကိစ္စကိုပြောမယ်ဆိုရင် ဘာပဲပြောပြော လူတွေအားလုံးစားဝတ်နေရေး ပြေပြေလည်လည်ရှိမှ ဒါတွေအားလုံး အကောင်အထည်ဖော်လို့ရမယ်လို့ ကျွန်တော်တို့မြင်တာပေါ့လေ။ ဒါကြောင့်မို့ပြည်သူလူထုရဲ့စားဝတ်နေရေးကိုပိုပြီးတော့အဆင်ပြေအောင်လုပ်ပေးဖို့က အရေးကြီးဆုံးပြဿနာဖြစ်မယ်လို့ မြင်ပါတယ်။

အထူးသဖြင့် ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေပေါ့။ ကျွန်တော်တို့သိရသလောက်တော့ အခုအချိန်မှာဆို တောင်သူလယ်သမားတွေက ရာသီဥတုကြောင့်ရော၊ ကုန်ဈေးနှုန်းတွေကြောင့်ရော တော်တော်လေး အခက်အခဲတွေ့နေတယ်လို့ သိရတယ်။

အဲဒီကိစ္စလေးတွေကို ပြေလည်အောင်လုပ်ပေးဖို့က အရေးကြီးဆုံးပဲလို့ ကျွန်တော်မြင်ပါတယ်။

**ပြည်သူတွေ အဓိကပြောနေတဲ့ ကုန်ဈေးနှုန်းကိစ္စ။ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်မယ့် ဘယ်လိုအစီအစဉ်မျိုးတွေကို စဉ်းစားထားလဲ။**

ကုန်ဈေးနှုန်းတွေက ကျအောင်လုပ်လို့တော့မရဘူး။ မတက်အောင်လုပ်လို့ပဲရမယ်။ အထူးသဖြင့်တော့ တောင်သူ လယ်သမားတွေ ဝင်ငွေတိုးဖို့ ကျွန်တော်တို့လည်း သက်ဆိုင်ရာတွေကို အကြံပြုထားတာရှိပါတယ်။ အဓိကအခက်အခဲက လူတွေကလုပ်ချင်တယ်။ ဒါပေမဲ့ဘာလုပ်ရမယ်ဆိုတာ မသိဘူးဖြစ်နေတယ်။ တချို့ကျတော့ လုပ်ငန်းအတွေ့အကြုံရှိပေမယ့် စီးပွားရေးအရ အတွေ့အကြုံမရှိတဲ့ လူတွေဖြစ်နေတယ်။ အဲဒါကြောင့် နိုင်ငံတော်အနေနဲ့ ဘယ်လိုလုပ်ငန်းတွေကို လုပ်ပါဆိုတဲ့ သူတို့ကိုယ်တိုင် သုတေသနပြုထားတာလေးတွေပါ ထုတ်ပေးနိုင်မယ်ဆိုရင်တော့ ပြည်သူလူထုအနေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလေးတွေကို ပိုပြီးတော့ ရဲရဲတင်းတင်း လုပ်နိုင်မယ်လို့ထင်တယ်။

**မဲဆန္ဒရှင်တွေကို ပေးတဲ့ ကတိတွေထဲက ပြည်သူတွေကို အဓိကပေးတဲ့ အရေးကြီးဆုံးကတိတစ်ခုက ဘာဖြစ်မလဲ။**

ပါတီရဲ့ဆောင်ပုဒ်အရငြိမ်းချမ်းရေးရယ်၊ ဒီမိုကရေစီရေးရယ်၊ ပြည်သူ့ဘဝမြှင့်တင်ရေးရယ်။ အဓိကအားဖြင့်တော့ နယ်မြေပြည်သူလူထုရဲ့ ဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေပါပဲ။

**ပြည်တွင်း အမျိုးသားရင်ကြားစေ့ရေးအတွက် ပါတီမှာ ဘယ်လို အစီအမံတွေ ရှိပါသလဲ။**

အမျိုးသား ရင်ကြားစေ့ရေးမှာ အဓိကအားဖြင့်ကတော့ တကယ့်စိတ်ရင်းစေတနာမှန်ဖို့တော့ လိုတယ်ဗျာ။ တစ်ယောက်နဲ့တစ်ယောက် ကိုယ်အဆင်ပြေရုံအတွက်ပဲကြည့်ပြီးတော့ အမျိုးသားရင်ကြားစေ့ရေးကို အောင်နေလို့ကတော့ အလကားပဲ။ တကယ်ပဲ စိတ်ထဲက တစ်ဖက်နဲ့ တစ်ဖက်ဖြစ်ခဲ့တာတွေအားလုံးကို ချေဖျက်ပြီးတော့ အတူပူးပေါင်းဆောင်ရွက်မှ နိုင်ငံတော်အတွက် အကျိုးရှိမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်မယ်ဆိုလို့ရှိရင်တော့ အောင်မြင်မှာပါ။

# မဲဆန္ဒရှင်များ သတိပြုရမည့် အချက်(၅) ချက်

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌ အမှန်အမှတ်အသားကိုသာ ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏အမည်၊ သင်္ကေတတို့ဘေးရှိလေးထောင့်ကွက်များတွင် အမှန်အမှတ်အသားကိုဖြစ်စေ၊ အမှားအမှတ်အသားကိုဖြစ်စေ ရေးခြစ်ထားပါက "ပယ်မဲ"အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်း မရှိလျှင်လည်း "ပယ်မဲ"အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန် (သို့မဟုတ်)အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း "ပယ်မဲ"အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင်ရေးခြစ်ထားသည့် အမှန်အမှတ်အသားမှာ အမှန်ခြစ်ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်းဝင်သည်ဖြစ်စေ၊ ညာဘက်ဘေးဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အလျားလိုက်ခြစ်သည်ဖြစ်စေ၊ ဒေါင်လိုက်ခြစ်သည်ဖြစ်စေ၊ အမှန်အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟုမှတ်ယူပြီး ခိုင်လုံသည့်ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။




၂၀၁၀ ရွေးကောက်ပွဲမကျင်းပမီ မဲပေးခြင်းကို သရုပ်ပြသနေစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရွေးကောက်ပွဲဝင်ပါတီများ၏ ရုပ်သံမဲဆွယ်ဟောပြောမှုကောက်နုတ်ချက်

**လာမည့်ဧပြီ ၁ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်သံလိုင်းများ၌ နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု ဟောပြောချက်များမှ မဲဆန္ဒရှင်များ ပါတီတို့၏ မူဝါဒ သဘောတရားများကို အကြမ်းဖျင်းသိရှိလေ့လာနိုင်ရန် ဂျာနယ်အဖွဲ့က ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။**

## ■ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

လူမျိုးစုပါတီဖြစ်တဲ့အတွက် အမျိုးသားရေးကို အဓိကဦးစားပေးပါတယ်။ အမျိုးသားရေးဆိုတာ ကျဉ်းမြောင်းတဲ့ အယူအဆမဟုတ်ပါဘူး။ ကိုးကန့် တိုင်းရင်းသားတွေကလည်း အခြားတိုင်းရင်းသားများနည်းတူ တန်းတူအခွင့်အရေးရရှိဖို့ ဒီမိုကရေစီအရအဖက်ဖက်မှာလည်း တန်းတူအခွင့်အရေးရဖို့လည်း ဦးတည်ကြိုးစားမှာပါ။

## ■ ခေတ်သစ်ပြည်သူ့ပါတီ

အခြားသော အလုပ်သမားလူတန်းစားများ၊ ဆင်းရဲသားအလုပ်သမားများ၊ လုပ်ငန်းရှင်ကြီးငယ်များပါဝင်သော ပြည်သူလူထုတစ်ရပ်လုံးရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး တိုးတက်ဖြစ်ပေါ်မှုကို အတားအဆီးဖြစ်စေသော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အမြန်ဆုံးပြုပြင်ပြောင်းလဲသွားနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်းက မပျက်မကွက်ကြိုးပမ်းသွားပါမယ်။

## ■ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးပါတီ

ပြည်သူအပေါင်းတို့ခင်ဗျား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းသာယာရေးဟာ ကျွန်တော်တို့ပါတီရဲ့ ဦးတည်ချက်ဖြစ်ပါတယ်။ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ပြောင်းလဲရေးနှင့် ဆက်စပ်၍လည်း ညီညီညွတ်ညွတ် ငြိမ်းငြိမ်းချမ်းချမ်းနှင့် တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့စွာ ကူးပြောင်းရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်အကြမ်းဖက်တဲ့ နည်းတွေဟာ ဒီမိုကရေစီ တိုးတက်ပြောင်းလဲရေးကို အထောက်အကူမပြုဘူးလို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒီမိုကရေစီတိုးတက်ပြောင်းလဲရေး ခြေလှမ်းအစသာရှိသေးတဲ့ကျွန်တော်တို့နိုင်ငံမှာ ပြည်သူရယ်၊ အစိုးရရယ်၊ နိုင်ငံရေးပါတီတွေရယ် ညီညီညွတ်ညွတ်နဲ့လက်တွဲပူးပေါင်းကြိုးပမ်းမှုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအောင်မြင်နိုင်မှာဖြစ်ပါတယ်။

## ■ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

တစ်မျိုးသားလုံး စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက 'လွတ်လပ်သောအမျိုးသားစီးပွားရေးမူဝါဒ'ကို ချမှတ်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ အဲဒီမူဝါဒအရ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ တစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ဖြစ်ထွန်းလာတဲ့ အကျိုးအမြတ်များကို လူသားအချင်းချင်းစာနာမှုစိတ်ဓာတ်အခြေခံနဲ့ သဟဇာတမျှတအောင် ခွဲဝေခံစားကြရမယ့် လူမှုဘဝ မျှတတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ခင်မင်ရင်းနှီးရာကောင်းစားရေးစနစ်မဖြစ်ပေါ်အောင် ကာကွယ်ဟန့်တားသွားမှာဖြစ်ပြီး နိုင်ငံတော်ရဲ့သယံဇာတအရင်းအမြစ်များကို နောင် သားစဉ်မြေးဆက်တိုင်အောင် အကျိုးရှိစွာ အသုံးပြုနိုင်မယ့် အစီအမံများနဲ့ ဆောင်ရွက်ပါမယ်။

## ■ ဒီမိုကရက်တစ်ပါတီ(မြန်မာ)

ဒီမိုကရေစီအရေးနဲ့ ပတ်သက်လို့ ဒီမိုကရေစီကို တမ်းမမျှော်လင့်နေရုံနဲ့ မရဘူးဆိုတာ အားလုံးသိပါတယ်။ လူထုအချုပ်အခြာအာဏာပိုင်တဲ့ ဝါဒဖြစ်တဲ့အတွက် လူထုကို အရည်အချင်းပြည့်ဖို့နဲ့ ပြည့်စုံအောင် ပညာရေးကိုအားပေးဖို့လိုပါတယ်။ ဒီတော့မှ ပြည်သူတွေကိုယ်တိုင် ဒီမိုကရေစီကို ကြိုးစားတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ပညာရေးကို ဦးစားပေးဆောင်ရွက်တဲ့ဝါဒ ထားရှိပါတယ်။ ပြည်သူတွေ ပညာရေးပြည့်စုံအောင် လေ့လာနိုင်ဖို့ ကျန်းမာရေးပြည့်စုံဖို့လည်း လိုပြန်ပါတယ်။ ဆေးဝါးလုံလုံလောက်လောက်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူတွေရရှိဖို့ အခမဲ့ ဆေးကုသခံရဖို့ အရေးကြီးပါတယ်။

## ■ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံတော်ရဲ့ ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံက ယုံကြည်ချက်တူသူများနဲ့ ပေါင်းစုဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။

ပါတီရဲ့ ရည်မှန်းချက်ဟာ ပြည်သူများရဲ့ဆန္ဒနဲ့ ထပ်တူထပ်မျှဖြစ်တဲ့ 'အေးချမ်းသာယာမှု ရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရှိသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးနှင့် အစွန့်ရှည်တည်တံ့ခိုင်မြဲရေး'ပဲဖြစ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနဲ့ သမိုင်းပေးလိုအပ်ချက်အရ 'ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး' ဆိုတဲ့ အမျိုးသားရေး မူဝါဒကို ထာဝစဉ်ဦးထိပ်ထားပြီး ခံယူကျင့်သုံးသွားမှာဖြစ်ပါတယ်။

## ■ ပြည်သူ့ဒီမိုကရေစီပါတီ

ပါတီရဲ့ မူဝါဒကတော့ ဒီမိုကရေစီစနစ်ရဲ့ လွတ်လပ်မှုနဲ့ ဖူလုံရေးတွေ ပြည့်စုံမှု တစ်နည်းအားဖြင့် Social Market Economy လို့ခေါ်တဲ့ လူမှုစီးပွားရေး သဟဇာတမျှတတဲ့ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ရေးပဲဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာမှာ အချမ်းသာဆုံး၊ လူနေမှုအမြင့်မားဆုံး နိုင်ငံတွေဖြစ်တဲ့ နော်ဝေ၊ ဆွီဒင်တို့လို စကင်ဒီနေးဗီးယားနိုင်ငံတွေဟာ ဒီမိုကရေစီစနစ်ရဲ့ လွတ်လပ်မှုနဲ့ လူမှုစီးပွားရေး သဟဇာတဖြစ်မှုတွေကို ဟန်ချက်ညီညီပေါင်းစပ်ကျင့်သုံးနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အနေအထားကိုကြည့်မယ်ဆိုရင်လည်း ယခင်က စီးပွားရေးမှာ လူတိုင်းနီးပါး မျှတစွာယှဉ်ပြိုင်ခွင့် မရှိခဲ့လို့ လက်ရှိအခြေအနေမှာ ဆင်းရဲချမ်းသာကွာဟမှုတွေ ကြီးမားလျက်ရှိနေပါတယ်။

## ■ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)

ယခု ၂၀၁၂ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအနေဖြင့်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီအရေးနှင့် ထာဝရငြိမ်းချမ်းရေးဆိုတဲ့ ဦးတည်ချက်နှင့် ရှမ်းပြည်နယ် ကလောမြို့နယ်ပြည်သူ့လွှတ်တော်အဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်မှုမှာဖြစ်ကြောင်း မဲဆန္ဒရှင်များကို အသိပေးလိုပါတယ်။

စစ်မှန်သော တရားမျှတသော ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်မြောက်အောင်မြင်စေရေးအတွက် အဓိက နိုင်ငံရေး ပြဿနာကို အကျေအလည် ဆွေးနွေးကြဖို့လိုအပ်မှာဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းကြမှသာ ပြည်သူအားလုံး ငြိမ်းချမ်းရေးရရှိကြမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနိုင်စွမ်းရှိတယ်။ ပညာရေးအဆင့်အတန်းမြှင့်တင်ပေးနိုင်မယ်။ ပြည်သူတို့ကို အမျိုးမျိုးသော အခွင့်အရေးကိုပေးနိုင်တယ်။ ငြိမ်းချမ်းရေးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့ အရင်းခံအကြောင်းရင်းဖြစ်ပါတယ်။

## ■ မြန်မာအမျိုးသားကွန်ဂရက်ပါတီ

ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်ကလည်း လက်ရှိနိုင်ငံရေးအခင်းအကျင်းရဲ့ လိုအပ်ချက် အနှစ်သာရများဖြစ်တဲ့ ပြည်တွင်းစစ် လုံးဝချုပ်ငြိမ်းရေး၊ အမျိုးသားရေးအကျိုးစီးပွားများဟာ တိုင်းတစ်ပါးနိုင်ငံများရဲ့ အမှီအခိုကင်းကင်းအောင်မြင်ဖြစ်ထွန်းရေးနဲ့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေး အခြေခံအဆောက်အအုံများ ဝံ့ထည်တောက်ပနိုင်စေရေးအတွက် ပြည်သူအကြားမှာ ရေနဲ့ ငါးပမာ တစ်သားတည်းနေထိုင်ပြီး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ■ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ

ဆရာဝန်တစ်ယောက် ဆေးထိုးမှားတာဟာလူနာတစ်ယောက်တည်းသာလျှင် သေနိုင်တယ်။ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ရဲ့အမှားဟာ လူအသက်ပေါင်း၊ ဘဝပေါင်းများစွာကို သေကျေပျက်စီးစေနိုင်တဲ့အတွက် အတ္တကြီးနေသူတွေကို မီးလောင်ရာလေပင့်မလုပ်ဖို့ တောကြောင်တွေ လက်ခမောင်းခတ်လို့မရအောင် အမြော်အမြင်ရှိရှိ မဲပေးကြဖို့လိုပါတယ်။

မကြာမီ ကျင်းပမယ့် ရွေးကောက်ပွဲဟာ အမတ်နေရာ(၄၈) နေရာအတွက် ကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်လို့ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးတယ်။ ဒါပေမဲ့ နိုင်ငံရေးအရကတော့ အလွန့်အလွန်ကို အရေးပါပါတယ်။ ဘာ့ကြောင့်လဲဆိုရင် အားလုံးပါဝင်လာတဲ့ နိုင်ငံရေးဖြစ်စဉ်ဖြစ်နေလို့ဖြစ်ပါတယ်။

## ■ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ နိုင်ငံရေးသဘောထားနှင့် လုပ်ငန်းစဉ်များမှာ - (၁) ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိစေရန်၊ (၂) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ရန်၊ (၃) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

***အချုပ်ပို(N) သို့***

မဲဆန္ဒရှင်လမ်းညွှန်
VOTERS GUIDE
7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# အချပ်ပို(M) ရွေးကောက်ပွဲဝင်ပါတီများ၏ မဲဆွယ်ဟောပြောမှုကောက်နုတ်ချက်များ မှ

(၄) စစ်မှန်သော ပြည်ထောင်စုပေါ်ထွန်း တည်တံ့ခိုင်မြဲရန်၊ (၅) အဂတိလိုက်စားမှုနှင့်အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သွားရန်၊ (၆) လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်၊ (၇) ငြိမ်းချမ်းသော ကမ္ဘာ့လူနေမှုစနစ် ထွန်းကားလာရေးအတွက် ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

**■ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ခေါ် ကျားဖြူပါတီရဲ့ ယုံကြည်ချက်ကတော့ လူလူချင်း ဖိနှိပ်ချုပ်ချယ်မှုကင်း၍ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူမှုအခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနှင့်ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်လုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုတည်ဆောက်နိုင်မည်လို့ အလေးအနက် ယုံကြည်ပါတယ်။

**■ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသားလူမျိုးများ၊ ခေတ်မီတိုးတက်သည့်နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် တည်ဆောက်ရာတွင် စစ်မှန်သောဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးမှသာ အောင်မြင်မှုရရှိမည်ဟု မိမိတို့ပါတီအနေဖြင့် ယုံကြည်ပါတယ်။ ယင်းကဲ့သို့ဒီမိုကရေစီနှင့်ကျင့်သုံးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ်တည်ဆောက်ရာတွင် လားဟူအမျိုးသားများနေထိုင်ရာဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှုအင်အားကိုရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန် 'လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ' ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

**■ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်**

မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ကို အခြေခံပြီး ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ဆောင်ပုဒ်ဟာ - ငြိမ်းချမ်းရေးသည်ပထမ၊ ဒီမိုကရေစီအရေးသည် အဓိက၊ ပြည်သူ့ဘဝပြောင်းလဲတိုးတက်ရေးသည် ပဓာနဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးမှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်ပါတယ်။ လွတ်လပ်ရေးနဲ့အတူ တစ်ပြိုင်တည်းလိုပါလာတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားဖို့လိုပါတယ်။ ဒီလို ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် ပြည်သူအားလုံး စိတ်ချမ်းမြေ့စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိမှသာလျှင် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များလည်း အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကိုအောင်မြင်စွာတည်ဆောက်နိုင်မှသာ ပြည်သူအများရဲ့ 'ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်' အပြည့်အဝရရှိမှာဖြစ်ပါတယ်။

**■ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ပြည်သူနဲ့ အုပ်စိုးသူတို့ အကြားမှာထားရှိတဲ့ ပဋိညာဉ်ဖြစ်တယ်ဆိုတဲ့ အတိုင်း လိုအပ်တဲ့ အခါတွေမှာပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းတို့ကိုပြုလုပ်ကြရမှာဖြစ်ပါတယ်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတာကို တွေ့မြင်နေရပါတယ်။

ထင်ရှားတဲ့ ဥပမာတစ်ခုပေးရမယ်ဆိုရင် ပြည်သူတွေကို ပြည်သူကတင်မြှောက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေက အုပ်စိုးခြင်းကသာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်ခံမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါဝင်နေတာကို ပြည်သူတွေအသိဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိ လွှတ်တော်အသီးသီးမှာ ပြည်သူတွေ ရွေးကောက်ထားခြင်းမဟုတ်တဲ့ လွှတ်တော်ကိုယ်စားတွေ ပါဝင်နေတဲ့အတွက် ဒီမိုကရေစီမူများနှင့် မကိုက်ညီပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့ ပုဒ်မများကို ပြည်သူတွေကို အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

**■ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ**

ပါတီဟာ မူကြီးငါးချက်ကို ကိုင်စွဲထားပါတယ်။ အဲဒါတွေက ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး၊ တစ်မျိုးသားလုံးတန်းတူညီမျှရေး၊ တစ်ပြည်လုံးတစ်ပြေးညီစီးပွားတိုးတက်ရေးနဲ့ ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးတည်ဆောက်ဖို့အတွက် အခြေခံမူကြီးတွေဖြစ်သလို နိုင်ငံသား ပြည်သူတစ်ယောက်ချင်းနဲ့လည်း သက်ဆိုင်တဲ့မူကြီးတွေဖြစ်ပါတယ်။ NDF ပါတီဟာ ဒီမူကြီးတွေ ကိုင်စွဲပြီး ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးဖို့ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပမှာ နိုင်ငံရေးသတိရှိရှိနဲ့ စောင့်ကြည့်ကြိုးပမ်းသွားမယ်ဆိုတာကို မိဘပြည်သူများကိုဒီနေရာကနေဦးစွာကတိစကားဆိုအပ်ပါတယ်။

**■ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ**

ကျွန်တော်တို့ပါတီရဲ့ မဟာဗျူဟာ(၃)ရပ်ဖြစ်တဲ့ (၁) အမျိုးသားပြန်လည်သင့်မြတ်ရေး၊ (၂) ဒီမိုကရေစီအရေး၊ (၃) လူ့အခွင့်အရေးကို နည်းဗျူဟာဖြစ်တဲ့ တရားဥပဒေဘောင်အတွင်းက ငြိမ်းချမ်းစွာဖြေရှင်းရေး၊ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းရေးလမ်းကြောင်းအတိုင်း လွှတ်တော်အတွင်းမှာရော ကျွန်တော်တို့ ကြိုးပမ်းခဲ့ပါတယ်။ ငါနှင့်မတူ ငါ့ရန်သူလို့ သဘောမထားဘဲ အမျိုးသားအင်အားစုများဖြစ်ကြတဲ့ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် နားလည်မှု၊ ယုံကြည်မှု ထူထောင်နိုင်ခဲ့တဲ့အတွက် အထွေထွေငြိမ်းချမ်းခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်ရေးအစီအစဉ်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

---

**■ မဲရုံဖွင့်မည့်အချိန်။**

၂၀၁၂ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္ဂနွေနေ့ နံနက် ၆ နာရီ။

**မဲရုံပိတ်မည့်အချိန်။**

၂၀၁၂ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္ဂနွေနေ့ ညနေ ၄ နာရီ။

**■ မဲပေးဖို့ ပထမဦးဆုံးဆောင်ရွက်ရမှာဘာလဲ။**

မဲမပေးခင်ဦးစွာပထမ မိမိတို့နေထိုင်ရာရပ်ကွက်/ကျေးရွာရှိမဲစာရင်းကပ်ထားသောနေရာသို့သွားပါ။ ထို့နောက် မိမိ၏အမည်ကို မဲစာရင်းတွင်ပါဝင်ခြင်းရှိ၊ မရှိဦးစွာစစ်ဆေးရမယ်။

**■ မိမိအမည်မဲစာရင်းမှာ မပါဝင်လျှင် ဘာလုပ်ရမလဲ။**

သက်ဆိုင်ရာရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ မိမိအမည်ကို ထည့်သွင်းပေးရန် တောင်းဆိုလွှာတင်သွင်းပါ။ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်က ထည့်သွင်းပေးခြင်းမပြုလျှင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့အယူခံတင်ရမယ်။

**■ မဲစာရွက်ဆိုတာဘာလဲ။**

ဆန္ဒမဲစာရွက်(သို့မဟုတ်)မဲဆန္ဒပြားဆိုတာ ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်၊ တံဆိပ်နဲ့ ဆန္ဒပြုရန်နေရာတွေဖော်ပြပါရှိတဲ့ စာရွက်ဖြစ်ပါတယ်။ ဆန္ဒမဲပြားပေါ်မှာ မဲရုံမှူးရဲ့လက်မှတ်ပါရှိမှာဖြစ်ပြီး ရောင်စုံပုံနှိပ်စာရွက်ဖြစ်ပါတယ်။

**■ လူတစ်ဦးလျှင် မဲဘယ်နှမဲပေးရမှာလဲ။**

သာမန်အားဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးလွှတ်တော်ဟူပြီး လွှတ်တော်သုံးရပ်အတွက် မဲ (၃) မဲပေးရပါမယ်။

**■ မဲဆန္ဒပြုပြီးသည့်အခါတွင် မဲရုံအတွင်းမှ တစ်စုံတစ်ဦးက မည်သည့်မဲကိုထည့်ခဲ့ပါသလဲဟူပြီး မေးလာခဲ့လျှင် ငြင်းဆိုခွင့်ရှိပါသလား။**

မဲရုံအတွင်း မိမိကြိုက်နှစ်သက်ရာ ပါတီကိုယ်စားလှယ်လောင်းကို မဲပေးပြီး မဲရုံအတွင်းမှပြန်ထွက်လာသည့်အချိန်တွင် မိမိမည်သည့်ပါတီအား မည်သို့မဲဆန္ဒပြုခဲ့သည်ကို အခြားမည်သူတစ်စုံတစ်ဦးမှ သိခွင့်မရှိပါ။

**■ မဲပေးဖို့သွားမယ်ဆိုရင် မဖြစ်မနေယူဆောင်သွားရမယ့်အရာတွေကဘာလဲ။**

နိုင်ငံသားမှတ်ပုံတင်(သို့မဟုတ်)ယာယီသက်သေခံလက်မှတ်ကိုမဖြစ်မနေယူဆောင်သွားဖို့လိုအပ်ပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**■ မဲဆန္ဒပြုမယ့်သူက တိုင်းရင်းသားလူမျိုးတစ်ဦးဖြစ်နေလျှင် ဘယ်လိုမဲပေးရမလဲ။**

ဆန္ဒမဲပေးမယ့်သူက တိုင်းရင်းသားလူမျိုးစုနွယ်တစ်ဦးဖြစ်လျှင် ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တစ်ဦးအတွက် မဲပေးရမယ်။ ဥပမာ- ရန်ကုန်တိုင်းဒေသကြီးမှာ ကရင်နှင့် ရခိုင်တိုင်းရင်းသားများအတွက် ကိုယ်စားလှယ်တစ်နေရာစီရရှိသဖြင့် မဲပေးသူသည် ရခိုင်(သို့မဟုတ်)ကရင်တိုင်းရင်းသားဖြစ်နေပါက နောက်ထပ်ကရင်(သို့မဟုတ်)ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်ရွေးချယ်တင်မြှောက်ရန်အတွက် မဲတစ်ကြိမ်ထပ်မံပေးရမည်ဖြစ်မယ်။ ထို့ကြောင့် စုစုပေါင်းမဲ (၅) မဲပေးရမယ်။

**■ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုတာ ဘာလဲ။**

ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်ဆန္ဒလက်မှတ်နဲ့ ဆန္ဒပြုတာကို ကြိုတင်မဲပေးတာလို့ခေါ်ပါတယ်။

**■ ဆန္ဒပြုခန်းအတွင်းတွင် လုံခြုံရေးစောင့်ကြည့်ကင်မရာများထားရှိထားပါသလား။**

လျှို့ဝှက်မဲပေးစနစ်ဖြစ်ပါတယ်။

**■ မဲရုံထဲကို ဘာတွေယူသွားလို့ရလဲ။**

မဲရုံအတွင်းကိုနိုင်ငံသားစိစစ်ရေးကတ်ပြားကလွဲလို့ ဘာပစ္စည်းမှယူသွားလို့မရပါဘူး။ မဲပေးမယ့်သူနဲ့အတူပါလာတဲ့ မည်သည့်ပစ္စည်းကိုမဆို မဲရုံအဝမှာထားခဲ့ရမှာပါ။ ဆန္ဒပြုခန်း(သို့မဟုတ်)ဆန္ဒပြုခန်းအတွင်းမှာ ဆန္ဒမဲပေးရန်အတွက် ဘောလ်ပင်ထားပေးမှာဖြစ်ပါတယ်။

င်လမ်းညွှန်

RS GUIDE

**၂၀၁၂ ဧပြီ (၁) တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ**

- လစ်လပ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေ စုစုပေါင်း ၄၀ နေရာ
- အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေ စုစုပေါင်း ၆ နေရာ
- တိုင်းဒေသကြီး- ပြည်နယ်လွှတ်တော် လစ်လပ်မဲဆန္ဒနယ် ၂ နေရာ
- ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းစုစုပေါင်း ၁၆၈ ဦး
- တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၈ ဦး
- နိုင်ငံရေးပါတီစုစုပေါင်း ၁၇ ပါတီ
- ကိုယ်စားလှယ်လောင်းအရည်အချင်းနှင့်မကိုက်ညီဟုဆိုကာ ပယ်ချခံရသူ ၂ ဦး (တစည‌ပါတီမှ ဒေါ်စန္ဒာမြင့်နှင့် ဒီချုပ်မှ ဦးစောလှိုင်)

| မြန်မာအမျိုးသားကွန်ဂရက်ပါတီ | မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အမျိုးသားဒီမိုကရေစီအင်အားစု ပါတီ | အမျိုးသားဒီမိုကရေစီပါတီသစ် ပါတီ |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | ဦးခင်မောင်သိန်း | | |
| | | | | | | ဒေါ်ခင်စန်းလှိုင် | | |
| | | | | | | ဒေါ်ခင်မွှေးလွင် | | |
| | | | | | | ဦးအောင်စိုး | | |
| | | | | | | ဒေါ်တင်တင်ရီ | | |
| | | | | | | ဦးအောင်စိုးမြင့် | ဦးဝင်းထွန်း | |
| | | | | | | ဦးစိန်ထွန်း | | |
| | | | | | | ဦးမြင့်ဦး | | |
| | | | | | | ဦးကျော်မင်း | ဒေါ်နန်းကြူကြူသင်း | |
| | | | | | | ဦးမြင့်သိန်း | ဦးကျော်စိန်ဟန် | |
| | | | | | | ဒေါက်တာတင်ဌေးအောင် | | |
| | | | | | | ဦးမြင့်အောင် | | |
| | | | | | | ဦးပိုက်ကို | | |
| | | | | | | ဒေါက်တာအောင်မိုးညို | | |
| | | | | | | ဒေါ်စန္ဒာမင်း | | |
| | | | | | | ဦးဖြိုးဇေယျာသော် | | |
| | | | | | | ဦးနိုင်ငံလင်း | | |
| | | | | | | ဦးမင်းသူ | | |
| | | | | | | ဒေါက်တာဇော်မြင့်မောင် | | |
| | | | | | | ဦးပေါခင် | | |
| | | | | | | ဦးအုန်းကြိုင် | ဦးလှကို | |
| | | | | | | ဒေါ်ခင်သန္တာ | ဦးနန်းထိုက်ဇော် | |
| | | | | | ဦးဝင်းဇော် | ဦးဝင်းထိန် | | |
| | | | | | | ဦးကျော်သီဟ | | |
| | | ဦးလှခိုင် | | | | ဒေါ်ခင်ဌေးကြွယ် | | |
| | | | | | | ဒေါ်အောင်ဆန်းစုကြည် | | |
| | ဦးအောင်ကြီး | | | | | ဒေါ်စုစုလွင် | ဦးကြည်သန်း | |
| ဦးတင်အောင် | ဦးမျိုးညွန့် | | | | | ဒေါက်တာမျိုးအောင် | ဦးကြည်မြင့် | ဦးဝင်းရွှေ |
| ဦးကောင်းမြင့်ထွင် | | | | | | ဒေါ်ဖြူဖြူသင်း | | ဦးဖုန်းမြင့် |
| | ဦးဇင်အောင် | | | | | ဖြိုးမင်းသိန်း | | |
| ဒေါ်ဟေမာထိန် | | | | | | ဒေါက်တာဒေါ်မေဝင်းမြင့် | ဒေါ်ခင်ဖြူဖြူငြိမ်း | ရသ(၁)ရဲမင်းသိမ်း |
| | | | ဦးစပ်သာဦး | | | ဒေါက်တာဒေါ်သန်းငွေ | | |
| | | | | | | ဦးဝင်းမြင့် | ဦးတင်ဝင်း | |
| | | | | | | ဦးစိန်ဝင်းဟန်(ခ)စိန်ဝင်း | ဒေါ်ခင်စုစုအောင် | |
| | | | | | | ဦးမန်းကျော်နီ | ဦးအောင်မျိုးလှိုင် | |
| | | | | | | ဒေါ်မြင့်မြင့်စန်း | | |
| | | | | | | ဦးကျော်မြင့် | | |
| | | | ဦးစိုင်းသန်းတင့်အောင် | | | ဒေါ်ခင်ကြည် | ဦးမြတ်မိုးမြင့် | |
| | | | | | | ဒါရှီလဆိုင်း | ဒေါ်ဘောက်ဂျာ | |
| | | | | | | ဦးဘမြင့် | | |
| | | | | | | | | |
| | | | | | | ဒေါက်တာမြင့်နိုင် | | |
| | | | ဦးမာကျင်း | | | | | |
| | | | | | | ဦးမင်းဦး | | |
| | | | | | ဦးသိန်းကြည် | ဦးအောင်ကြည်ညွန့် | | |
| | | | ဦးစိုင်းစံမင်း | ဦးယောသပ် | | ဦးစိုင်းမြင့်မောင် | | |
| | | | | | | ဦးသိန်းဆွေ | | |
| | | | | | | | | |
| | | | | | | ဦးမျိုးခိုင် | | |
| | | | | | | ဒေါက်တာလှမြတ်သွေး | | |

မဲဆန္ဒရှင်လမ်းညွှန်
VOTERS GUIDE

7 DAY NEWS JOURNAL
Vol.11, No.4 • MARCH 29 , 2012

# ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း (၈)ဦး

လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း(၈)ဦးရှိရာ ၎င်းတို့ကိုမဲဆန္ဒရှင်များသိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်။ ထိုကဲ့သို့ဖော်ပြရာတွင် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ကိုယ်ရေးအကျဉ်းကို (၆)ဦးသာ ရသည့်အတွက် ကျန်(၂)ဦးဖြစ်သော ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဦးမြင့်လွင်သန်းနှင့် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်ရှင်ဝင်းတို့၏ ကိုယ်ရေးအကျဉ်းကို ထည့်သွင်းဖော်ပြနိုင်ခဲ့ခြင်းမရှိပါ။ -အယ်ဒီတာ



■ ဦးခင်လှိုင်(ဇောတိက)

**မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်၊**
**တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း**

**အသက်** - ၄၆ နှစ်
**ပညာအရည်အချင်း** - ဥပဒေဘွဲ့
**စီးပွားရေး** - ဇောတိကကုမ္ပဏီလီမိတက်၊ ဇောတိကသက်န်းထုတ်လုပ်ဖြန့်ချိရေး၊ မြန်မာဘစ်ရှော့ဈေးဝယ်စင်တာ
**ယှဉ်ပြိုင်မည့်လွှတ်တော်** - ပြည်သူ့လွှတ်တော်
**မဲဆန္ဒနယ်** - မရမ်းကုန်းမြို့နယ်
**နိုင်ငံရေးဖြတ်သန်းမှု** - ၂၀၁၀ ရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၁၂) တွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် နဂါးနီအမှတ်တံဆိပ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။
**အမှတ်တံဆိပ်** - နဂါးနီ
**နိုင်ငံရေးမူဝါဒ** - ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်။



■ ဦးညွန့်ဦး

**မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်၊**
**တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း**

**အသက်** - ၅၄ နှစ်
**ပညာအရည်အချင်း** - အထက်တန်းပညာ
**နိုင်ငံရေးဖြတ်သန်းမှု** - ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်း၊ ၁၉၈၈ အရေးအခင်းတွင် မန္တလေးဂဠုန်နီဆရာတော်၏ ဂဠုန်နီသပိတ်တပ်ဖွဲ့တွင် ဟောပြောစည်း ရုံးရေးတာဝန်ခံအဖြစ် ပါဝင်ခဲ့ရာမှ ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်တွင် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ၌ပါဝင်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ တွင် ၈၈ပြည်သူ့အင်အားစုပါတီကိုပါတီခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ဖွဲ့စည်းခဲ့သည်။ ၂၀၁၂ဖေဖော်ဝါရီတွင် ၈၈ပြည်သူ့အင်အားစုပါတီကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဖျက်သိမ်းခဲ့သည်။
**အမှတ်တံဆိပ်** - ကြယ်ဖြူတစ်လုံးနှင့် ချိုးဖြူပျံနေပုံ
**နိုင်ငံရေးမူဝါဒ** - နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ တွင်ကျန်နေခဲ့သောဒေသန္တရအောက်ခြေအုပ်ချုပ်ရေးစနစ်ကိုပေါ်ပေါက်လာအောင် တိုက်ပွဲဝင်သွားမည်။



■ ဒေါက်တာမနမ်တူးဂျာ

**မိုးကောင်းမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်၊**
**တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း**

**အသက်** - ၆၆နှစ်
**ပညာအရည်အချင်း** - ၁၉၇၄ ခုနှစ်တွင် ဆရာဝန်ဘွဲ့ကို ရရှိခဲ့သည်။
**နိုင်ငံရေးဖြတ်သန်းမှု** - ၁၉၇၅ ခုနှစ်တွင် ကေအိုင်အိုသို့ ဝင်ရောက်၊ ဗဟိုကော်မတီဝင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး၊ ဒု-ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့၊ ၂၀၀၉ ခုနှစ်တွင် ကေအိုင်အိုမှ နုတ်ထွက်ခဲ့၊ ၂၀၁၀တွင်ကချင်ပြည်နယ်တိုးတက်ရေးပါတီကိုတည်ထောင်ရန် လျှောက်ထား၊ ပါတီတည်ထောင်ခွင့် မကျခဲ့သောကြောင့် ၂၀၁၀ ရွေးကောက်ပွဲတွင် မပါဝင်နိုင်ခဲ့။
**အမှတ်တံဆိပ်** -ချိုးဖြူငှက်တစ်ကောင်ကသပြေခက်ကိုကိုက်ချီ၍ ပျံသန်းနေသောပုံ။
**နိုင်ငံရေးမူဝါဒ** - စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို ကျင့်သုံးရန်၊ ဖော်ဆောင်ရန်။ နိုင်ငံရေးပါတီများအားလုံးပါဝင်သော ပါတီစုံစနစ်ကို အပြည့်အဝထောက်ခံသည်။ တိုင်းရင်းသားအားလုံးပါဝင်၍ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနိုင်ရန် ဖော်ဆောင်မည်။



■ ဦးကျော်ကျော်

**မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်၊**
**တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း**

**အသက်** - ၅၀ နှစ်
**ပညာအရည်အချင်း** - ဒုတိယနှစ်(ရုက္ခဗေဒ)
**နိုင်ငံရေးဖြတ်သန်းမှု** - ရှစ်လေးလုံးအရေးတော်ပုံတွင် မန္တလေးတက္ကသိုလ်(ပင်မ) ဒုတိယနှစ် ရုက္ခဗေဒကျောင်းသားအဖြစ် ကျောင်းသားသပိတ်ကော်မတီတွင်စတင်ဝင်ရောက်ခဲ့သည်။ ဒီမိုကရေစီအရေးအတွက် ထိန်းသိမ်းခြင်းကိုလည်း ခံခဲ့ရဖူးပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အဖွဲ့ဝင်ပြီးချိန်မှစကာ လူငယ်တာဝန်ခံအဖြစ် ပြန်ကြားရေးနှင့် ဝါဒဖြန့်ချိရေးကိစ္စများကိုဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် ဒီမိုကရက်တစ်မဟာမိတ်ပါတီ ဗဟိုလူငယ်တာဝန်ခံအတွင်းရေးမှူးအဖြစ်ဆောင်ရွက်နေသည်။
**အမှတ်တံဆိပ်** - အနက်ရောင်အဝိုင်းနှစ်ထပ်ထဲတွင် သုံးနားညီအနီရောင်တြိဂံ
**နိုင်ငံရေးမူဝါဒ** - ဒီမိုကရေစီရဖို့အတွက် အဟန့်အတားဖြစ်နေသည့် နည်းဥပဒေများနှင့် အမိန့်ကြေညာစာအမျိုးမျိုးတို့ကို တော်လှန်တိုက်ဖျက်သွားရန် ဆန္ဒရှိသည်။



■ ဦးစိန်လှ

**မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်၊**
**တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း**

**အသက်** - ၆၃ နှစ်
**ပညာအရည်အချင်း** - သိပ္ပံဘွဲ့(သင်္ချာ)
**နိုင်ငံရေးဖြတ်သန်းမှု** - ဦးသန့်အရေးအခင်း၊ ၁၉၈၂ခုနှစ်နိုင်ငံသားပြုမှုဥပဒေအတွက် အကြံပြုစာတင်သွင်းခဲ့သည်။ ၈၈ အရေးအခင်းတွင် ပါဝင်ခဲ့ပြီး ၁၉၈၉ တွင် ဒီမိုကရေစီတိုး တက်ရေးမဟာမိတ်ပါတီ၌ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၈၉ တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ကာကွယ်ရေးတပ်ပေါင်းစုနှင့် ကြယ်စိမ်းလူငယ်များ၏ စာရွက်စာတမ်းများကို လက်ဝယ်တွေ့ရှိမှုကြောင့် အက်ဥပဒေပုဒ်မ-၅(ည)ဖြင့် အင်းစိန်ထောင်တွင် သုံးနှစ်ကျခံခဲ့ရသည်။
**အမှတ်တံဆိပ်** - အဝါရောင်အောက်ခံတွင် မန္တလေးမြို့ရိုး၊ ရတနာပုံခေတ် ဒေါင်းဒင်္ဂါးတံဆိပ်နှင့်စာသား
**နိုင်ငံရေးမူဝါဒ** - ပြည်သူ့ထံမှအာဏာဆင်းသက်သောနိုင်ငံရေးဝါဒ ဒီမိုကရေစီ အစစ်အမှန်ပေါ်ပေါက်ရန် ကြားဖြတ်ရွေးကောက်ပွဲဝင်ရခြင်းဖြစ်သည်။



■ ဒေါ်မြင့်မြင့်အေး

**မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်၊**
**တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း**

**အသက်** - ၄၇ နှစ်
**နိုင်ငံရေးဖြတ်သန်းမှု** - ၁၉၈၈ ရှစ်လေးလုံးအရေးအခင်းတွင်ဘွဲ့ရကျောင်းသားဟောင်းများအဖွဲ့၏ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၈၉ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲ၌ အောင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၁၉၉၇ တွင် မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တာဝန်များကို နှစ်ပေါင်း ၂၀ ကျော် ဆောင်ရွက်ခဲ့သည်။

၂၀၁၁ တွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ရက်နှင့် ချိတ်ဆက်ပြီး လူ့အခွင့်အရေးသင်တန်းများ ဖွင့်လှစ်ခဲ့သည်။

တရားမဲ့ပြုကျင့်ခံရသူများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူများကလာရောက်အကူအညီတောင်းခံမှုများအား သက်ဆိုင်ရာအာဏာပိုင်အဆင့်ဆင့်နှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။